စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းဌာနစိတ်

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် – ၅ မှ ၈/၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၅/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်

| ၃-၂-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၁၀.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၁၃.၀ |
| စတာလင်ပေါင် | ၂၃၉၂.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၅၄၃.၇ |
| တရုတ်ယွမ် | ၂၇၈.၉၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၀၀ |
| အိန္ဒိယရူပီး | ၂၃.၉၀၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၅၈ |
| မလေးရှား ရင်းဂစ် | ၄၂၅.၇၇ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၈၃၅ |
| ထိုင်းဘတ် | ၅၃.၃၂၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၉၈၂ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ယခုနှစ် နွေသီးနှံရာသီ၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးရန် အိန္ဒိယ အစိုးရကလျာထား
  - ရာသီဥတုဖောက်ပြန်မှုများကြောင့် အာဂျင်တီးနားနိုင်ငံတွင် ပဲပုတ်စေ့ စိုက်ခင်းများ ထိခိုက်ပျက်ဆီးလျက်ရှိ
  - ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၈၅ သန်းကျော် တင်ပို့နိုင်ရန်ခန့်မှန်း
  - ဒေါ်လာငွေတန်ဖိုး ကျဆင်းလျက်ရှိသဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်များ တွင် အရောင်းအဝယ်များ အေးစက်လျက်ရှိ
  - စားအုန်းဆီဈေးကြီးမြင့်မှုကို ကိုင်တွယ်ဖြေရှင်းမည်ဟု ဝန်ကြီးကကတိပြု ခြင်း (ထိုင်းနိုင်ငံ)
  - ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အသားတင်ပို့မှုအခြေအနေများ
  - ဝက်ရိုင်းအရေအတွက် များပြားလာခြင်းကြောင့် နယူးဆောက်ဝေးလ်ပြည် နယ်တွင် လယ်သမားများ ကုန်ကျစရိတ်များပြားလျက်ရှိခြင်း
  - တရုတ်ကျေးလက်ဒေသများအတွက် အဓိက ပြဿနာများဖြစ်နေသည့် ကောက်ပဲသီးနှံ ဧကပမာဏ
- **အထွေထွေသတင်းများ**
  - ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

- အိန္ဒိယနိုင်ငံ၌ ခရိုင်တစ်ခုထုတ်ကုန်တစ်ခု အစီအစဉ်အား မြှင့်တင်ဆောင်ရွက်
- မတ်လတွင် နေအိမ်သုံးလျှပ်စစ်နှင့် ဓာတ်ငွေ့အသုံးပြုခနှုန်းထားများ မြင့်တက်လာမည်ဖြစ် (ဂျပန်နိုင်ငံ)
- ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါသည် ဂျပန်၏စီးပွားရေးကို ထိခိုက်နိုင်ဖွယ်မရှိဟု IMF သုံးသပ်
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ
- ထိုင်းနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

## ယခုနှစ် နွေသီးနှံရာသီ၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးရန် အိန္ဒိယအစိုးရက လျာထား

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ်၊ နွေသီးနှံရာသီ (မတ်လမှ မေလအတွင်း) ၌ စပါး ပါဝင်ခြင်းမရှိသော နွေသီးနှံမျိုးစုံကို ယခင်နှစ် စိုက်ပျိုးဧရိယာထက် ၂၉% ခန့်ပိုမိုလျက် ဟက်တာ ၅၂.၇၂ သိန်းအထိ တိုးချဲ့စိုက်ပျိုးရန် အစိုးရကလျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနသည် ယခုနှစ်အတွက် နွေသီးနှံစိုက်ပျိုးရေး သုံးသပ်မှုဆိုင်ရာ အမျိုးသားအဆင့် ညီလာခံဆွေးနွေးပွဲကို ၂၇-၁-၂၀၂၂ နေ့၌ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာတွင် စိုက်ပျိုးရေးဝန်ကြီး Mr. Narendra Kumar Tomar ပါဝင် တက်ရောက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများက နွေသီးနှံတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြခြင်းဖြစ်သည်။ ထိုသို့တိုးချဲ့စိုက်ပျိုးရန် လျာထားသည့်သီးနှံ များတွင် ပဲမျိုးစုံအား စိုက်ဧရိယာ ဟက်တာ ၂၁.၀၅ သိန်း၊ ဆီထွက်သီးနှံ ဟက်တာ ၁၃.၇၈ သိန်းနှင့် အခြားနှံစားသီးနှံ ဟက်တာ ၁၇.၈၉ သိန်းတို့ ပါဝင်မည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုမှာ ယခင်နှစ် ကဧရိယာဟက်တာ သိန်း ၄၀ ခန့်ရှိပြီး ယခုနှစ်တွင် ဟက်တာ သိန်း ၃၀ မှ ၄၀ အကြား စိုက်ပျိုးနိုင် ဖွယ်ရှိကြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအား စပါးစိုက်ပျိုးရန် ရည်မှန်းထားသည့် လုပ်မြေဧရိယာ နေရာများ၌ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၇-၁-၂၀၂၂ နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အိန္ဒိယ၏နွေသီးနှံ ပဲမျိုးစုံတွင် ပဲတီစိမ်းသည် အဓိကသီးနှံဖြစ်ပြီး ယခင်နှစ်၌ မဒ္ဒရာပရာဒေ့ရှ်၊ ဘီဟာ၊ ဩရိဿ၊ တမီနာဒူး၊ ဥတ္တာပရာဒေ့ရှ်နှင့် အန္တရာပရာဒေ့ရှ် ပြည်နယ်များတွင် စုစုပေါင်းဟက် တာ ၁၄.၄၅ သိန်းခန့် စိုက်ပျိုးခဲ့သည်။ မတ်ပဲမှာ ဒုတိယအများဆုံးဖြစ်ပြီး ၂၀၂၁ ခုနှစ် နွေရာသီတွင် ဧရိယာ ဟက်တာ ၂.၉၈ သိန်း စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် နွေသီးနှံရာသီ၌ ပဲတီစိမ်း ဟက်တာ ၁၇.၅၈ သိန်း၊ မတ်ပဲ ဧရိယာဟက်တာ ၃.၁၃ သိန်းနှင့် အခြားပဲများကို ဟက်တာ ၀.၃၄ သိန်း စိုက်ပျိုးရန် အိန္ဒိယအစိုးရက လျာထားလျက်ရှိသည်။ နွေရာသီ ဆီထွက်သီးနှံများအနက် မြေပဲ အားယခင်နှစ်၌ ဟက်တာ ၅.၉၅ သိန်း စိုက်ပျိုးရာမှ ယခုနှစ်တွင် ဟက်တာ ၇.၆၀ သိန်းသို့လည်း ကောင်း၊ နှမ်းကို ၂၀၂၁ ခုနှစ် နွေရာသီစိုက်ပျိုးမှု ဟက်တာ ၄.၂၇ သိန်းထက်ပိုမို၍ ယခုနှစ်၌ ဟက် တာ ၅.၂၅ သိန်းသို့လည်းကောင်း တိုးမြှင့်စိုက်ပျိုးရန် လျာထားသည်။

၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် မုတ်သုံကာလအလွန် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အိန္ဒိယနိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုမှာ ပုံမှန်မိုးရေချိန် ၁၇၇.၇ မီလီမီတာထက်

၄၄% ကျော် ပိုမိုရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ပထမရက်သတ္တ ၃ ပတ်အတွင်း မိုးရေချိန်သည်လည်း ပုံမှန်ပျမ်းမျှ ၃၁.၈ မီလီမီတာထက် ၃ ဆခန့် ပိုမိုခဲ့သည်။ ထိုသို့ စိုက်ပျိုးရေရရှိနိုင်မှုက နွေသီးနှံတိုးချဲ့စိုက်ပျိုးရန် ကောင်းမွန်သည့်အခြေအနေကို ဖြစ်ပေါ်စေပြီး ဓာတ်မြေဩဇာသွင်းအားစုလုံလောက်စွာရရှိစေရေး အိန္ဒိယအစိုးရက စီမံဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ နွေစပါးအပါအဝင် Zaid crop ခေါ် နွေသီးနှံမျိုးစုံ စိုက်ပျိုးမှုမှာ ၂၀၁၇-၁၈ ခုနှစ်၌ဧရိယာ ဟက်တာ ၂၉.၇၁ သိန်းရှိရာမှ ၃ နှစ်အတွင်း ၂.၇ ဆ ခန့် တိုးတက်လျက် ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် ဟက်တာ ၈၀.၄၆ သိန်းသို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။

Source: Union Agriculture Minister addresses 4th National Conference on Agriculture for Summer Campaign 2021–22, 27–1–2022, Press Information Bureau of India

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

.......................................................................................................

## ရာသီဥတုဖောက်ပြန်မှုများကြောင့် အာဂျင်တီးနားနိုင်ငံတွင် ပဲပုတ်စေ့စိုက်ခင်းများ ထိခိုက်ပျက်ဆီးလျက်ရှိ

ယခုအပတ်တွင်း အာဂျင်တီးနားနိုင်ငံ၏ပဲပုတ်စေ့စိုက်ပျိုးမှုသည် စုစုပေါင်းစိုက်ပျိုးဧရိယာ၏ ၉၉.၇ ရာခိုင်နှုန်းအထိပြီးစီးနိုင်ပြီး စုစုပေါင်းသီးနှံစိုက်ပျိုးမြေဟက်တာ ၁၆.၃ သန်းရှိနိုင်ကြောင်း Buenos Aires Cereal Exchange ၏ အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။

ဆီထွက်သီးနှံများစိုက်ပျိုးထားသည့် စိုက်ပျိုးမြေဧရိယာ၏ ၁၈.၁ ရာခိုင်နှုန်းသည် ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိသီးနှံစိုက်ခင်းများသည် ယခင်အပတ်က မိုးခေါင်သည့်ရာသီဥတုဒဏ်ကိုခံစားခဲ့ရပြီး ယခုအပတ် ဇန်နဝါရီလ ၂၈ ရက်နေ့မတိုင်မီအထိ မိုးများသည်းထန်စွာရွာသွန်းလျက်ရှိနေသဖြင့် မိုးများမှုများဖြစ်ပေါ်နေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံ၊ Córdoba တောင်ပိုင်းတွင် မိုးများလျက်ရှိနေပြီး Buenos Aires အနောက်ပိုင်းတွင် ဆီးနှင်းများကျရောက်လျက်ရှိနေသဖြင့် ပဲပုတ်စေ့စိုက်ခင်းဧရိယာ၏ ၆.၃ ရာခိုင်နှုန်းအား ထိခိုက်ပျက်ဆီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခင်ကခန့်မှန်းထားသည့်

ပဲပုတ်စေ့အထွက်ပမာဏအောက် လျှော့ကျနိုင်ရန်ခန့်မှန်းထားကြောင်း Argentine stock exchange ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ရာသီဥတုဖောက်ပြန်မှု အခြေအနေများကြောင့် ပဲပုတ်စေ့စိုက်ခင်းဧရိယာစုစုပေါင်း၏ ၃၅.၉ ရာခိုင်နှုန်းသည် ခြောက်သွေ့သည့်ရာသီဥတုဒဏ်ခံစားရလျက်ရှိနေပြီး ၅၂.၂ ရာခိုင်နှုန်းသည် မိုးများသည့်အခြေအနေနှင့် ကြုံတွေ့ရလျက်ရှိကြောင်း၊ ၁၉ ရာခိုင်နှုန်းသည် ပုံမှန်ရာသီဥတုရရှိသည့်အခြေအနေအောက်တွင်ရှိနေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၈၅ သန်းကျော် တင်ပို့နိုင်ရန် ခန့်မှန်း

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၈၅.၅ သန်း တင်ပို့သွားနိုင်ရန်မျှော်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၈၆.၁ သန်း တင်ပို့နိုင်ရန်ခန့်မှန်းထားကြောင်း ဘရာဇီးလ်နိုင်ငံရှိလယ်ယာထွက်ကုန်စီးပွားရေးနှင့်အကြံပေးကုမ္ပဏီ Safras & Mercado က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၉၀ သန်းအား တင်ပို့နိုင်ရန်မူလကခန့်မှန်းထားခဲ့သော်လည်း ပဲပုတ်စေ့အဓိကထွက်ရှိသည့် ဘရာဇီးလ်နိုင်ငံ၏တောင်ဘက်ခြမ်းဒေသများတွင် သီးနှံစိုက်ပျိုးရာသီကာလတစ်လျှောက်၌ မိုးခေါင်သည့်ရာသီဥတုဖြစ်ပေါ်ခဲ့သဖြင့် သီးနှံအထွက်နှုန်းများလျှော့ကျခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၄၇.၅ သန်းအား ကြိတ်ခွဲနိုင်ရန်မျှော်မှန်းထားပြီး ၂၀၂၁ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၄၆.၅ သန်းအား ကြိတ်ခွဲနိုင်ရန်ခန့်မှန်းထားကြောင်း၊ ၂၀၂၂ ခုနှစ်သီးနှံရာသီတွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့စိုက်ပျိုးမှုမှ တန်ချိန် ၁၃၉.၁၃ သန်းအထိ ထွက်ရှိနိုင်ကြောင်း၊ စားသုံးမှုနှင့်တင်ပို့မှုအတွက် ပဲပုတ်စေ့တန်ချိန် ၁၃၆.၆ သန်းအထိလိုအပ်ချက်ဖြစ်ပေါ်နိုင်ပြီး ပဲပုတ်စေ့တန်ချိန် ၂.၅၃ သန်းအား ပြည်တွင်းတွင်လက်ကျန် ကျန်ရှိနိုင်ကြောင်း အကြံပေးကုမ္ပဏီကပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့စားသောက်ကုန်ထုတ်လုပ်မှုသည် တန်ချိန် ၃၆.၅၅ သန်းအထိ ရောက်ရှိနိုင်ကြောင်း၊ တန်ချိန် ၁၈.၂ သန်းအား ပြည်ပတင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ပြည်တွင်းစားသုံးမှုသည် တန်ချိန် ၁၈.၃ သန်းရှိရန် မျှော်မှန်းထားကြောင်း၊ ပြည်တွင်းလက်ကျန်အဖြစ် တန်ချိန် ၁.၉၆ သန်းကျန်ရှိနိုင်ကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။

ပဲပုတ်စေ့ထွက်ကုန်ပစ္စည်းထုတ်လုပ်မှုတွင် ပဲပုတ်ဆီတန်ချိန် ၉.၆၅ သန်းအား ကြိတ်ခွဲထုတ်လုပ်နိုင်ရန်မျှော်မှန်းထားပြီး တန်ချိန် ၁.၇ သန်းအား ပြည်ပသို့တင်ပို့ရန်နှင့် တန်ချိန် ၈ သန်းအား ပြည်တွင်းစားသုံးရန်အတွက်မျှော်မှန်းထားကြောင်း၊ ထို့အပြင် တန်ချိန် ၄.၁ သန်းအားဇီဝလောင်စာ ထုတ်လုပ်ရန်နှင့် ပြည်တွင်းလက်ကျန် ၂၂၃,၀၀၀ တန် ကျန်ရှိရန်ခန့်မှန်းထားကြောင်း အကြံပေး ကုမ္ပဏီက ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………………………………………..

## ဒေါ်လာငွေတန်ဖိုးကျဆင်းလျက်ရှိသဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်များတွင် အရောင်းအဝယ်များ အေးစက်လျက်ရှိ

လတ်တလောရက်များတွင် အမေရိကန်ဒေါ်လာတန်ဖိုးများကျဆင်းလျက်ရှိရာ အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံများအရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိသော်လည်း ဒေသအလိုက်ပေါက်ဈေးများဖြင့် ရောင်းဝယ်လျက်ရှိသည့် ဘရာဇီးလ်သီးနှံဈေးကွက်များတွင် အရောင်းအဝယ်များအေးစက်လျက်ရှိနေသည်။ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သီးနှံစိုက်ခင်းများအပေါ်တွင်သာအာရုံစိုက်လုပ်ဆောင်လျက်ရှိပြီး သီနှံရောင်းဝယ်မှုတွင် ဈေးကောင်းရရှိရန်စောင့်ဆိုင်းလျက်ရှိသည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ချီကာဂိုစတော့ဈေးကွက်၌ သီးနှံဈေးနှုန်းများသိသိသာသာမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာတန်ဖိုးမှာ ကျဆင်းလျက်ရှိခဲ့သည်။ ထို့ကြောင့် ဈေးကွက်တွင် သီးနှံဈေးနှုန်းများသတ်မှတ်ရာ၌ အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

ပဲပုတ်စေ့အများအပြားစိုက်ပျိုးထုတ်လုပ်သည့် ဘရာဇီးလ်နိုင်ငံ၏ တောင်ပိုင်းတွင် မိုးခေါင်သည့်ရာသီဥတုဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံ၏အရှေ့တောင်ပိုင်းနှင့် အလယ်ပိုင်း၏

အနောက်ခြမ်းတို့တွင် မိုးရွာသွန်းမှုများဆက်တိုက်ဖြစ်ပေါ်လျက်ရှိနေသဖြင့် ပျက်ဆီးဆုံးရှုံးနိုင်မည့် သီးနှံပမာဏအား စိုက်ပျိုးထုတ်လုပ်သူများက ခန့်မှန်းတွက်ချက်လျက်ရှိသည်။

ပဲပုတ်စေ့ဈေးကွက်ပေါက်ဈေးများအနေဖြင့် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၁၉၁.၀၀ ဟဲရာမှ ၁၉၅.၀၀ ဟဲရာသို့လည်း ကောင်း၊ Missions region ဈေးကွက်တွင် ၁၈၉.၀၀ ဟဲရာမှ ၁၉၄.၀၀ ဟဲရာသို့လည်းကောင်း အသီး သီးဈေးနှုန်းမြင့်တက်ခဲ့ပြီး Rio Grande ဆိပ်ကမ်းဈေးကွက်တွင် ၁၉၂.၀၀ ဟဲရာဖြင့်ဈေးနှုန်းတည် ငြိမ်ခဲ့သည်။ ထို့အပြင် Paraná ပြည်နယ်၊ Cascavel ဈေးကွက်တွင် ပဲပုတ်စေ့ ၁ အိတ် တန်ဖိုးသည် ၁၈၂.၀၀ ဟဲရာမှ ၁၈၁.၀၀ ဟဲရာသို့လည်းကောင်း၊ Paranaguá (PR) ဆိပ်ကမ်း ဈေးကွက်တွင် ၁၈၇.၀၀ ဟဲရာမှ ၁၈၆.၀၀ ဟဲရာသို့လည်းကောင်း ဈေးနှုန်းများအနည်းငယ်ကျဆင်း ခဲ့ပြီး Dourados (MS) ဈေးကွက်တွင် ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် ၁၇၀.၀၀ ဟဲရာမှ ၁၇၂.၀၀ ဟဲရာသို့လည်း ကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၇၁.၀၀ ဟဲရာမှ ၁၇၂.၀၀ ဟဲရာသို့လည်းကောင်း အသီး သီးဈေးနှုန်းမြင့်တက်ခဲ့သည်။ Rondonópolis (MT) ဈေးကွက်တွင်မူ ၁၇၀.၀၀ ဟဲရာဖြင့်ဈေးနှုန်း တည်ငြိမ်ခဲ့သည်။

အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် မတ်လအတွက်သီးနှံကြိုပွဲငွေ့ဈေးနှုန်း သည် ၀.၁၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ပဲပုတ်စေ့ ၁ စည်လျင် အမေရိကန်ဒေါ်လာ ၁၄.၈၈ ဒေါ်လာဖြင့် အရောင်းအဝယ်များ ဖြစ်လျက်ရှိသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

..............................................................................................

## စားအုန်းဆီဈေးကြီးမြင့်မှုကို ကိုင်တွယ်ဖြေရှင်းမည်ဟု ဝန်ကြီးကကတိပြုခြင်း (ထိုင်းနိုင်ငံ)

ယမန်နှစ်က တစ်ပုလင်းလျှင်ဘတ်ငွေ(၅၆-၆၀)သာရှိခဲ့သည့်စားအုန်းဆီဈေးနှုန်းများ သည် ယခုအပတ်အတွင်း တစ်ပုလင်းလျှင်ဘတ်ငွေ(၇၀)အထိတက်သွားပြီးနောက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က အဆိုပါစားအုံးဆီဈေးနှုန်းမြင့်တက်သွားခြင်းကို ကိုင်တွယ်ဆောင်ရွက်မည်ဖြစ်ကြောင်းကတိပြုခဲ့ပါသည်။

စားအုန်းဆီဈေးနှုန်းအပါအဝင် မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများ၏ဈေးနှုန်းများ

မြင့်တက်နေခြင်းကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် (၂၅-၁-၂၀၂၂)ရက်နေ့တွင် ဥက္ကဌအဖြစ်ဆောင်ရွက်သည့် အစည်းအဝေးအပြီးတွင် မစ္စတာဂျူရင်က စားအုံးဆီဈေးနှုန်းမြင့်တက်ရခြင်းမှာ စားအုန်းဆီအစေ့နှင့် စားအုန်းဆီကြမ်းဈေးနှုန်းများမြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဆီအုန်းစေ့ ဈေးနှုန်းများသည် ၂၀၁၇ခုနှစ်တွင် တစ်ကီလိုလျှင် (၂)ဘတ်သာရှိခဲ့ရာမှယခုအခါတွင် (၁၀-၁၁)ဘတ်အထိ (၅)နှစ်တာကာလအတွင်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ မစ္စတာဂျူရင်က မြင့်မားသောဈေးနှုန်းများသည် တောင်သူများကိုအကျိုးရှိစေမည်ဖြစ်သော်လည်း စားသုံးသူများကိုထိခိုက်စေကြောင်း ပြောကြားခဲ့ပါသည်။

စိုက်ပျိုးသူလယ်သမားများ၊ ထုတ်လုပ်သူများနှင့် စားသုံးသူများ စသည့် သက်ဆိုင်သူအားလုံးတို့အတွက် ဟန်ချက်ညီ မျှတစွာအကျိုးရှိစေဖို့အတွက် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့ကို ညွှန်ကြားခဲ့ကြောင်း ဝန်ကြီးမစ္စတာဂျူရင်ကဆိုပါသည်။ မည်သို့ပင်ဆိုစေကာမူ အစိုးရက ဈေးကွက်တွင် ဝင်ရောက်စွက်ဖက်ပြီး စားအုန်းဆီကို ဈေးနှုန်းထိန်းချုပ်မှုစာရင်းတွင် ထည့်သွင်းရန်မှာမဖြစ်နိုင်ကြောင်းသိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam ၏အဆိုအရ ကုန်တိုက်များနှင့် လက်လီလက်ကားဆိုင်များတွင်ရောင်းချသော စားအုန်းဆီဗူးများ၏ဈေးနှုန်းများသည် ၎င်းတို့၏ဈေးနှုန်းများကို ထိန်းသိမ်းပေးရန်ဌာနမှ တောင်းဆိုညှိနှိုင်းထားသည့်ဈေးနှုန်းအတိုင်းအတာအတွင်းတွင် ထိန်းသိမ်းထားဆဲဖြစ်ကြောင်းသိရှိရပါသည်။

နောက်လ ဆီအုန်းအသစ်ထွက်ရှိချိန်တွင် ဈေးနှုန်းအခြေအနေ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ထိုင်းနိုင်ငံတွင် စားအုန်းဆီကြမ်း သိုလှောင်ထားရှိမှု အနေဖြင့် တန်ချိန်ပေါင်း(၁၇၀,၀၀၀)ရှိကြောင်း၎င်းမှာတိုင်းပြည်၏လိုအပ်ချက်ဖြစ်သည့်တန်ချိန်(၃၀၀,၀၀၀) နှင့်နှိုင်းယှဉ်ပါကသိသိသာသာနည်းပါးလွန်းသည်ဟုယူဆရကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက ယမန်နှစ်ဒီဇင်ဘာလတွင် အစီရင်ခံတင်ပြခဲ့ကြောင်းသိရှိရပါသည်။

စားအုန်းဆီကြမ်းဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ဘတ်ငွေ(၅၆)ရှိကြောင်း၊ ၎င်းမှာ ယမန်နှစ်ဇန်နဝါရီလက ရှိခဲ့သည့်(၃၅)ဘတ်ထက်ပိုမို မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ပြည်တွင်းစားအုန်းဆီကြမ်းဈေးနှုန်းမှာ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးနှုန်းဖြစ်သည့် (၄၄)ဘတ်ထက် တစ်ကီလိုဂရမ်လျှင်(၁၂-၁၃)ဘတ်ခန့်မြင့်တက်နေခြင်းဖြစ်ပါသည်။ ယခုနှစ်အတွက် ဆီအုန်းစေ့များ တန်ချိန်(၁၇)သန်းခန့် ထောက်ပံ့ ဖြည့်တင်းနိုင်လိမ့်မည်ဟု စိုက်ပျိုးရေးစီးပွားရေးရုံးမှ ခန့်မှန်းထားကြောင်း၊

၎င်းမှာ ယမန်နှစ်က ရှိခဲ့သည့်(၁၆)သန်းထက် ပိုမိုများပြားကြောင်း သိရှိရပါသည်။ ပြည်တွင်း ဝယ်လိုအား အနေဖြင့် ပြည်တွင်းထောက်ပံ့ဖြည့် ဆည်းမှုနှင့်အနီးစပ်ဆုံးကိုက်ညီမည်ဟု မျှော်လင့် ကြောင်း၊ စုစုပေါင်းထောက်ပံ့ဖြည်းဆည်းမှုတွင် တန်ချိန်(၁)သန်းမှာ စားအုန်းဆီထုတ်လုပ်ရန်နှင့် ကျန်ရှိသည်များမှာ ဇီဝဒီဇယ်(Bio Diesel)အတွက် နှင့် သိုလှောင်ထားရန်အတွက် ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………………………………

## ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အသားတင်ပို့မှုအခြေအနေများ

### တရုတ်နိုင်ငံ၏ ဘရာဇီးလ်အမဲသားတင်သွင်းမှု ၃၁ ရာခိုင်နှုန်း တိုးတက်

တရုတ်နိုင်ငံ၏အသားဝယ်ယူစားသုံးမှုသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ လာပြီး ဇန်နဝါရီလတွင် ဘရာဇီးလ်အမဲသားတင်သွင်းမှု သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ပြန်သည့် အချက်အလက်များအရ တရုတ်နိုင်ငံသည်ဘရာဇီးလ်နိုင်ငံမှ အမဲသား တန်ချိန် ၁၄၈,၅၈၈ တန်အားတင်သွင်းခဲ့သဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၁ ရာခိုင်နှုန်း ပိုမိုတိုးတက် တင်ပို့နိုင်ခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှု ဌာန(Secretariat of Foreign Trade – Secex)၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်လူနာနှစ်သစ်တွင် ဘရာဇီးလ်နိုင်ငံမှတင်သွင်းသည့်အသားများအပေါ် တရုတ် အစိုးရ၏ကန့်သတ်ချက်များကြောင့် အသားတင်ပို့မှုများကျဆင်းခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံအတွင်းတွင် အသားဝယ်လိုအားများမြင့်တက်လျက်ရှိနေသဖြင့် ဘရာဇီးလ်အမဲအသား များအား ဝယ်ယူတင်သွင်းမှုများ သိသိသာသာတိုးတက်လျက်ရှိကြောင်း လယ်ယာထွက်ကုန်ရောင်း ဝယ်ရေး အကြံပေးကုမ္ပဏီ Ag Resource Brasil မှ သုတေသနပညာရှင် João Pedro Thieme က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ဘရာဇီးလ်အမဲသားတင်သွင်းမှုသည် ဆက်လက်မြင့်တက်နိုင်မည့်အလား အလာများရှိနေကြောင်း၊ အာရှနိုင်ငံများသို့တင်ပို့နိုင်ရန် ယခင်နှစ်ကကြိုတင်ခန့်မှန်းခဲ့သော အမဲသား

တန်ချိန် ၁၈၇,၀၀၀ တန်အထိ ရောက်ရှိနိုင်ကြောင်း သုတေသနတွေ့ရှိချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………………

**ကြက်သားတင်ပို့သည့် ဘရာဇီးလ်ကုမ္ပဏီ ၂ ခုအား တရုတ်အစိုးရက ယာယီကန့်သတ်ပိတ်ပင်**

တရုတ်နိုင်ငံအစိုးရလက်အောက်ရှိ အကောက်ခွန်ဌာန(china's General Customs Administration – GACC)သည် တရုတ်နိုင်ငံသို့ကြက်သားတင်သွင်းနေသည့် ဘရာဇီးလ်ကုမ္ပဏီ ၂ ခုဖြစ်သည့် ဘရာဇီးလ်နိုင်ငံ၊ Goiás ပြည်နယ်တွင်အခြေစိုက်သည့် São Salvador Alimentos ကုမ္ပဏီနှင့် Mato Grosso do Sul ပြည်နယ်ရှိ Bello Alimentos ကုမ္ပဏီတို့အား ယာယီကန့်သတ်ပိတ်ပင်လိုက်ကြောင်း ဘရာဇီးလ်နိုင်ငံအသားထုတ်လုပ်များအသင်း (Brazilian Association of Animal Protein – ABPA) ၏ ဇန်နဝါရီလ ၃၁ ရက်နေ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံအစိုးရ၏ အသားတင်သွင်းမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီလိုက်နာတင်ပို့နိုင်ရန်အတွက် ဘရာဇီးလ်အသားထုတ်လုပ်သူများအသင်းနှင့် ဘရာဇီးလ်အစိုးရတို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တင်ပို့မည့်ကြက်သားများ၏ အရည်အသွေးပြည့်မီမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုအသိအမှတ်ပြုလက်မှတ်များကို အသားထုတ်လုပ်သူများအသင်းနှင့် သက်ဆိုင်ရာအစိုးရဌာနတို့မှ စိစစ်ထုတ်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အာရှနိုင်ငံများသို့တင်ပို့နိုင်ရန် ဘရာဇီးလ်နိုင်ငံရှိ ကြက်သားထုတ်လုပ်သည့်စက်ရုံပေါင်း ၄၃ ရုံအား အရည်အသွေးအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်သည့်အတွက် ဘရာဇီးလ်နိုင်ငံ၏ ကြက်သားတင်ပို့မှုအပေါ်ထိခိုက်မှုမရှိနိုင်ကြောင်း အသင်းကပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

………………………………………………………………………………………

## ဝက်ရိုင်းအရေအတွက် များပြားလာခြင်းကြောင့် နယူးဆောက်ဝေးလ်ပြည်နယ်တွင် လယ်သမားများ ကုန်ကျစရိတ်များပြားလျက်ရှိခြင်း

ဩစတြေးလျနိုင်ငံ၊နယူးဆောက်ဝေးလ်ပြည်နယ် အနောက်မြောက်ပိုင်းရှိ ဝက်ရိုင်းများသည် လယ်သမားများအတွက် တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀ နီးပါးကုန်ကျစေကြောင်း စိုက်ပျိုးရေး သုတေသီများက ခန့်မှန်းထားသည်။

လေ့လာမှုတစ်ခုအရ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ် အကြား (၁၂) လအတွင်း ထိုဒေသ တစ်ခုတည်းတွင် ဒေါ်လာ ၄၇ သန်း ဆုံးရှုံးခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ပြည်နယ်တစ်ဝှမ်းတွင် မွေးမြူရေးနှင့် ကောက်ပဲသီးနှံတို့အတွက် ပိုးမွှားတိရိစ္ဆာန်များ၏ စီးပွားရေး အကျိုးသက်ရောက်မှုမှာ ဒေါ်လာ ၁၄ သန်းနီးပါးရှိမည်ဟု ခန့်မှန်းထားသည်။ အနောက်မြောက်ဒေသတွင် ဂျုံစိုက်ပျိုးသူများမှာ စုစုပေါင်း ဒေါ်လာ သန်း ၂၀ ကျော် ဆုံးရှုံးခဲ့သည်။ ဝက်ရိုင်းများကြောင့် ကောက်ပဲသီးနှံ တန်ချိန် ၇၇,၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။ လေ့လာမှု၏ရလဒ်များအရ ဝါစိုက်ပျိုးသူများသည် သီးနှံတန်ဖိုးမြင့်မားမှုကြောင့် သိသိသာသာဆုံးရှုံးမှုများရှိကြောင်း သိရှိရသည်။

ကောင်းမွန်သောရာသီဥတုအခြေအနေများနှင့် သီးနှံအမြောက်အမြားကြောင့် ဝက်ရိုင်းကောင်အရေအတွက် တိုးပွားလာခဲ့ခြင်းဖြစ်သည်။ မိုးခေါင်ရေရှားကာလအတွင်း ဝက်ရိုင်းကောင်အရေအတွက်မှာ နည်းပါးသော်လည်း နှစ်နှစ်ခန့်မှာ ရာသီဥတုကောင်းမွန်၍ စိုစွတ်သောကြောင့် ပြီးခဲ့သည့် ဆောင်းသီးနှံများထဲတွင် ကောင်ရေတိုးပွားလာခြင်းဖြစ်သည်။ ယခုအခါ ဝက်ရိုင်းကောင်များသည် ဂျုံ၊ ဝါနှင့် မတ်ပဲ အပါအဝင် နွေသီးနှံများသို့ ရွှေ့ပြောင်းနေကြပြီဖြစ်ကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………………………………………

## တရုတ်ကျေးလက်ဒေသများအတွက် အဓိကပြဿနာများဖြစ်နေသည့် ကောက်ပဲသီးနှံ ကေပမာဏ

တရုတ်နိုင်ငံ၏ ကျေးလက်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများအတွက် ၂၀၂၂ ခုနှစ် ဖွံ့ဖြိုးမှုအသေးစိတ်စီမံချက်အရ ပဲပုပ်နှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမှုကို တည်ငြိမ် စေရန်နှင့် ထုတ်လုပ်မှုကို တိုးချဲ့ရန် အရေးတကြီးလိုအပ်နေကြောင်း တွေ့ရပါသည်။

၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင်ကျင်းပခဲ့သည့် ဆွေးနွေးပွဲ၌ ၂၀၂၂ ခုနှစ်အတွက် ကောက်ပဲသီးနှံထွက်ရှိမှုကို မက်ထရစ်တန်ချိန် သန်း (၆၅၀)ကျော် ရရှိရန်သတ်မှတ်ထားပါသည်။

၂၀၂၂ ခုနှစ်အတွက် အဓိကတာဝန်မှာ ပဲပုပ်နှင့် အခြားဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးဧကတိုးချဲ့ရန်နှင့် ထုတ်လုပ်မှုတိုးမြှင့်ရန်အလို့ငှာ ပြောင်းနှင့် ပဲပုပ်တို့အား ပိုမိုယှဉ်တွဲ၍ စိုက်ပျိုးရန်၊ အရည်အသွေးမြင့်မျိုးကွဲများကို စိုက်ပျိုးရန်၊ ဆီထွက်သီးနှံများကို ခိုင်မာစွာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်ကြောင်း တရုတ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီး Tang Renjian က မှတ်ချက်ပြုပြောကြားပါသည်။

ပဲပုပ်များကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ တိုးချဲ့စိုက်ပျိုး၍၊ နောက်ပိုင်းတွင် ပဲပုပ်နှင့်ပြောင်းကို တဖြည်းဖြည်း အတူစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဆီမုန်ညင်းနှင့် မြေပဲကဲ့သို့ ဆီထွက်သီးနှံများထုတ်လုပ်မှုကိုလည်း တိုးချဲ့သွားသင့်ကြောင်း ဝန်ကြီးက ပြောကြားပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထုတ်လုပ်မှုမှာ (၁၈)နှစ်ဆက် တိုက်အမြောက်အမြားထွက်ရှိခဲ့ပြီး၊ မက်ထရစ်တန်ချိန် (၆၈၃)သန်းထွက်ရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်ကထက် (၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

စီချွမ်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပဲပုပ်ကျွမ်းကျင်သူ Yang Wenyu ကမူ တရုတ်နိုင်ငံတွင်စားနပ်ရိက္ခာဖူလုံမှုရှိနေသော်ငြားလည်း ပဲပုပ်နှင့် ပြောင်းအတွက် ရောင်းလိုအားနှင့် ဝယ်လိုအားကြားတွင် လစ်ဟာမှုရှိနေသေးကြောင်း၊ ဆန်နှင့် ဂျုံတို့၏ ရောင်းလိုအားနှင့် ဝယ်လိုအားမျှခြေမှာတည်ငြိမ်နေသော်လည်း၊ ပဲပုပ်နှင့် ပြောင်းတို့၏ ရောင်းလိုအားနှင့် ဝယ်လိုအားတွင် တန်ချိန် သန်း (၁၃၀) ခန့် ရှိနေသေးကြောင်း၊ ပဲပုပ်နှင့် ပြောင်းမှာ တစ်မျိုးကို စိုက်ပျိုးရန် ရွေးချယ်လျှင် အခြားတစ်မျိုးကို မစိုက်ဖြစ်သဖြင့်၊ စိုက်ပျိုးမြေအကန့် အသတ်ရှိသည့်တရုတ်နိုင်ငံ၌ သီးနှံနှစ်မျိုးလုံး၏အထွက်နှုန်းကို တိုးမြှင့်ရန် အရေးကြီး ကြောင်း သုံးသပ်ထားပါသည်။

တရုတ်အကောက်ခွန်ဌာန၏ စာရင်းများအရ ယခင်နှစ်အတွင်း ပဲပုပ်တန်ချိန် (၁၉.၆)သန်းထုတ်လုပ်ခဲ့ပြီး၊ တန်ချိန် (၁၀၀.၃)သန်းကို တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။ တရုတ်ပြည်တွင်းတွင်အသုံးပြုသည့် ပဲပုပ်များ၏ (၈၀) ရာခိုင်နှုန်းကျော်မှာ ပြည်ပမှ တင်သွင်းသော ပဲပုပ်များ ဖြစ်ပါသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြောင်းအထွက်နှုန်းမှာ မက်ထရစ်တန်ချိန် (၁၁.၉) သန်းရှိပြီး၊ ယခင်နှစ်ကထက် (၄.၆) ရာခိုင်နှုန်း တိုးလာသော်လည်း၊ ပဲပုပ်အထွက်နှုန်းမှာမူ (၁၆.၄) ရာခိုင်နှုန်းကျဆင်းသွားသည်ဟု သိရပါသည်။

ပြောင်းစိုက်ပျိုးရာတွင် အစိုးရဘက်မှ အထောက်အပံ့များ ရရှိသဖြင့် လယ်သမားများကပဲပုပ်ထက် ပြောင်းကို ပိုမိုစိုက်ပျိုးလိုကြကြောင်း၊ ထို့ကြောင့် ပြောင်းနှင့် ပဲပုပ်ကို ယှဉ်တွဲစိုက်ပျိုးပါက

ပြောင်းအထွက်နှုန်းတည်ငြိမ်ကာ၊ ပဲပုပ်အထွက်နှုန်းလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း၊ စီချွမ်းပြည်နယ်နှင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ သရုပ်ပြနေရာများတွင် ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အပြုသဘောဆောင်သည့်ရလဒ်များကိုရခဲ့ကြောင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများတွင် စက်များအသုံးပြုခြင်းမှာ တရုတ်နိုင်ငံ၏ စုစုပေါင်း ကောက်ပဲသီးနှံထွက်ရှိမှု ပိုမိုမြင့်မားအောင် ဖြည့်ဆည်းပေးနိုင်ကြောင်း Yang က သုံးသပ်ထားပါသည်။

ထို့ပြင် တရုတ်နိုင်ငံ၌ အရည်အသွေးမြင့် ပဲပုပ်အမျိုးအစားများ ထုတ်လုပ်စိုက်ပျိုး စေရေးနှင့် စက်များကို ထိထိရောက်ရောက်အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ငွေများ ခွဲဝေပေးရန်နှင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်မှုများကို တိုးမြှင့်ရန်လိုကြောင်း၊ ဟင်းသီး ဟင်းရွက်ထုတ်လုပ်မှုနှင့် ရောင်းချမှုများ ယေဘုယျအားဖြင့် တည်ငြိမ်နေသည်ဆိုသော်လည်း အချို့ဒေသများတွင် ဈေးနှုန်း အတက်အကျ များစွာဖြစ်နေသေးကြောင်း သုံးသပ် ပြောကြားခဲ့ပါသည်။

ဗဟိုအဖွဲ့၏ ကျေးလက်ရေးရာလုပ်ငန်းများအပေါ် နှစ်စဉ်အစည်းအဝေး၌ ဟင်းသီး ဟင်းရွက်၊ ဝက်သား၊ ကြက်သား၊ မွေးမြူရေးနှင့် ရေထွက်ကုန်များ ရောင်းချမှုကို တည်ငြိမ် စေသင့်ကြောင်းနှင့် ဟင်းသီးဟင်းရွက်များကို ဝေးလံသောဒေသများသို့ ပို့ဆောင်ရာတွင် သယ်ယူပို့ဆောင်ရေး အဆောင်အယောင်များ အားကောင်းခိုင်မာစေရန် အလေးအနက် ဆွေးနွေးခဲ့ကြပါသည်။

အရေးပေါ်အခြေအနေများတွင် စားနပ်ရိက္ခာထုတ်လုပ်ပံ့ပိုးပေးနိုင်ရန်နှင့် ဝက်အရှင်နှင့် အခြားတိရစ္ဆာန်အရှင်များ၊ ကြက်သား၊ ဥအမျိုးမျိုး၊ နွားနို့နှင့် ရေထွက်ကုန်များ ထုတ်လုပ်မှု တည်ငြိမ်စေရန်လည်း တရုတ်နိုင်ငံက အားထုတ်ကြိုးပမ်းသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................................................

## ဩစတြေးလျနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

### ယူကရိန်းတင်းမာမှုများကြောင့် ဩစတြေးလျက ဥရောပသို့ သဘာဝဓာတ်ငွေ့ရည် ပိုမိုတင်ပို့ရန် ကမ်းလှမ်းလိုက်ခြင်း

ရုရှားမှ ဓာတ်ငွေ့အပေါ် အလွန်အမင်း မှီခိုနေရသော ဥရောပနိုင်ငံများသို့ စွမ်းအင် ထောက်ပံ့မှုကို ဖြတ်တောက်ရန် ဆုံးဖြတ်ပါက ဥရောပရှိမိတ်ဆွေများနှင့် မဟာမိတ်များထံ သဘာဝဓာတ်

ဓာတ်ငွေ့ရည် (LNG) ကိုထပ်တိုးထောက်ပံ့ပေးရန် ဩစတြေးလျက ကမ်းလှမ်းထားကြောင်း ABC သတင်းဌာန သတင်းဖော်ပြချက်အရ သိရှိရသည်။ ယူကရိန်းပဋိပက္ခကြောင့် အီးယူနှင့် ရုရှားတို့အကြား တင်းမာမှုများ ဆက်လက်မြင့်တက်နေချိန်တွင် ဒေသတွင်း စွမ်းအင်ထောက်ပံ့မှုအပေါ် သက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် စိုးရိမ်မှုများရှိနေသည်။

COVID–19 ကန့်သတ်ချက်များကို ရုတ်သိမ်းလိုက်သောအခါ သဘာဝဓါတ်ငွေ့သိုလှောင်မှုလျော့နည်းသွားပြီး၊ သုံးစွဲမှုအား မြင့်တက်လာခြင်းကြောင့် ဥရောပသည် လွန်ခဲ့သည့်နှစ်ကတည်းကစွမ်းအင်အကျပ်အတည်း၏ အချက်အချာတွင် ကျရောက်နေခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့မှု နည်းပါးခြင်းကြောင့် ဥရောပသမဂ္ဂ၏ လူပေါင်း ၄၄၇ သန်းအတွက် ဓာတ်ငွေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ယခင်နှစ်က ၇၃ % နှင့် နှိုင်းယှဉ်ပါက ဥရောပသည် ဓာတ်ငွေ့သိုလှောင်မှု ၅၆ % အပြည့်ဖြင့် ၂၀၂၂ ခုနှစ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

ဆောင်းရာသီနှင့်အတူ အာရှတိုက်၏ ဝယ်လိုအား အားကောင်းမှုသည် သဘာဝဓါတ်ငွေ့ရည်ပြတ်လပ်မှု၏ အဓိက အကြောင်းရင်းများဖြစ်သော်လည်း ဈေးကွက်များသို့ ရုရှားနိုင်ငံ၏ တင်ပို့ရောင်းချမှုများမှာ ပြတ်လပ်လျက်ရှိသည်။ အီးယူသည် ယင်း၏ဓာတ်ငွေ့ထောက်ပံ့မှု၏ သုံးပုံတစ်ပုံခန့်အတွက် ရုရှားအပေါ် မှီခိုရလျက်ရှိသည်။ အီးယူ ၂၇ နိုင်ငံနှင့် အိမ်နီးချင်း ဗြိတိန်နိုင်ငံ အပါအဝင် အိမ်အပူပေးခြင်းနှင့် လုပ်ငန်းများအတွက် စွမ်းအင်ပေးခြင်းတို့အတွက် သဘာဝဓာတ်ငွေ့ကို အဓိကအားဖြင့်ယူကရိန်း (သို့) အခြားအရှေ့ဥရောပနိုင်ငံများကို ဖြတ်သန်းကာ ပိုက်လိုင်းဖြင့် သွယ်တန်းရယူလျက်ရှိရာ ရုရှားနိုင်ငံမှ သွင်းကုန်များ ပြတ်တောက်သွားပါက လက်ရှိအကျပ်အတည်းကိုပြင်းထန်စွာ ဆိုးရွားသွားစေမည်ဖြစ်သည်။

ရုရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီ Gazprom သည် ရေတိုကာလအတွက် ဓာတ်ငွေ့ကိုလျှော့ရောင်းထားပြီး၊ ယင်း၏ ဥရောပသိုလှောင်မှုပမာဏကို ပုံမှန်အတိုင်း ဖြည့်ထားခြင်း မရှိကြောင်းသိရှိရသည်။ သို့သော် ကုမ္ပဏီသည် ရေရှည်စာချုပ်များအောက်တွင် ၎င်း၏ ထောက်ပံ့ရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ပြည့်မီအောင်ဆောင်ရွက်ထားကြောင်း ရုရှားအရာရှိများက ပြောကြားခဲ့သည်။

အကယ်၍ ရုရှားမှဂျာမနီသို့ သွယ်တန်းမည့် Nord Stream 2 ပိုက်လိုင်းကို ဥရောပက အတည်ပြုခဲ့ပါက ရုရှားသည်ယူကရိန်း (သို့) ပိုလန်ကဲ့သို့ အခြားနိုင်ငံများကိုဖြတ်၍ တိုက်ရိုက်ထောက်ပံ့ရန်မလိုအပ်ဘဲ အဓိကဝယ်လက်ထံသို့ ဓာတ်ငွေ့တိုက်ရိုက်ရောင်းချနိုင်မည် ဖြစ်သည်။ ယင်းကရုရှားသည်ကျန်ဥရောပနိုင်ငံများအတွက် သဘာဝဓါတ်ငွေ့ထောက်ပံ့မှုကို ဖြတ်တောက်

ခြင်းမပြုဘဲယူကရိန်းအားထောက်ပံ့မှုကို ဖြတ်တောက်ရန် အလားအလာရှိသည့် အခွင့်အာဏာကို ပေးနိုင်မည်ဟု လေ့လာသူများက ယုံကြည်ကြသည်။

Gazprom သည် ၁,၂၃၄ ကီလိုမီတာရှည်လျားသောပိုက်လိုင်း တည်ဆောက်ရန်အတွက် ဘီလီယံနှင့်ချီ၍ ရင်းနှီးမြှုပ်နှံထားသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က သဘာဝဓါတ်ငွေ့ရည်ကို နိုင်ငံရေးလက်နက်အဖြစ် မသုံးကြောင်း ယမန်နှစ် အောက်တိုဘာလက ငြင်းဆိုခဲ့သည်။ ၂၀၁၄ ခုနှစ် ရန်လိုမှုများမတိုင်မီကပင်ရုရှသည် ယူကရိန်း၏စနစ်မှာ ယိုယွင်းပျက်စီးနေကြောင်းနှင့် ဓာတ်ငွေ့များကို စုပ်ယူနေသည့်နိုင်ငံဖြစ်သည်ဟု စွပ်စွဲပြောဆိုကာ ဥရောပသမဂ္ဂသို့ ဓာတ်ငွေ့ထောက်ပံ့ရေး လမ်းကြောင်းများကို ကွဲပြားစေရန် ကြိုးပမ်းခဲ့သည်။

ဥရောပအတွက် ဓါတ်ငွေ့ထောက်ပံ့သူများအနက် နော်ဝေနိုင်ငံက ပိုက်လိုင်းဓါတ်ငွေ့ကို ပိုမိုထောက်ပံ့ပေးလျက်ရှိပြီး၊ အမေရိကန်က ၎င်း၏ဥရောပမဟာမိတ်များအား အစားထိုးထောက်ပံ့ ရေးပစ္စည်းများကိုရှာဖွေရာတွင် ကူညီပေးမည်ဖြစ်ကြောင်း အာမခံချက်ပေးထားသည်။

အီးယူဥပဒေအရ ဓာတ်ငွေ့ပြတ်တောက်မှုဖြစ်ပေါ်ပါက နိုင်ငံအချင်းချင်းကူညီရန် လိုအပ် ကြောင်းသိရှိရသည်။ အစိုးရများသည် ဓာတ်ငွေ့အရေးပေါ်အခြေအနေကြေညာနိုင်ပြီး၊ စီးပွားရေးကို ထိခိုက်စေသော်လည်း လူသားချင်းစာနာမှုနှင့် နိုင်ငံရေးကပ်ဆိုက်မှုကို ရှောင်ရှားနိုင်ရန် စက်မှုလုပ် ငန်းများကို ပိတ်ပစ်ခြင်းဖြင့် အိမ်ထောင်စုများအတွက် ပေးနိုင်ရန်ဆောင်ရွက်နိုင်သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Elizabeth Truss က လွန်ခဲ့သည့်အပတ်က ဆစ်ဒနီမြို့ရှိ Lowy Institute တွင် မိန့်ခွန်းပြောကြားရာ၌ ဥရောပသည် ရုရှားဓာတ်ငွေ့အပေါ် အားကိုးမှုနည်းပါးလာရန် လိုအပ်ကြောင်း၊ ဩစတြေးလျနှင့် ဗြိတိန်တို့သည် စီးပွားရေးလုံခြုံမှုရှိစေရေးအတွက် အတူတကွလုပ် ဆောင်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ စွမ်းအင်ထောက်ပံ့မှုတွင် အခြားရွေးချယ်စရာများကို တွန်းအား ပေးလျက်ရှိရာ နိုင်ငံများသည် ၎င်းတို့၏ဓာတ်ငွေ့အတွက် ရုရှားအပေါ် အားကိုးမှုနည်းပါးနိုင်ကြောင်း ပြောကြားခဲ့သည်။ လေ့လာသုံးသပ်သူများက လေ နှင့် နေရောင်ခြည်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်များတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုမှာ အဖြေဖြစ်ကြောင်း ပြောကြားထားသည်။

ဩစတြေးလျအစိုးရသည် ဥရောပ၏သဘာဝဓာတ်ငွေ့ရည် လိုအပ်ချက်အချို့ကိုဖြည့်ဆည်း ပေးရန် မျှော်လင့်ထားသည်။ ကုန်သွယ်ရေးဝန်ကြီး Dan Tehan က ကြေညာချက်တစ်စောင်တွင် ဩစတြေးလျ သဘာဝဓာတ်ငွေ့ရည် တင်ပို့သူများသည် လက်ရှိစိန်ခေါ်မှုများနှင့် ရှုပ်ထွေးသည့် ပထဝီဝင်မဟာဗျူဟာဝန်းကျင်တွင် ရောက်ရှိနေကြသည့် မိတ်ဆွေများနှင့် မဟာမိတ်များအား ပံ့ပိုး

ရန်အဆင်သင့်ဖြစ်နေသောကြောင့် ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပေါ်လာနိုင်သည့် မည်သည့်ဝယ်လိုအား ကိုမဆို ဖြည့်ဆည်းရန်ရှိနေကြောင်း ပြောကြားခဲ့သည်။ အရင်းအမြစ်ဝန်ကြီး (Resources Minister) Keith Pitt က သြစတြေးလျသည် ကပ်ရောဂါကာလအတွင်း သဘာဝဓါတ်ငွေ့ ထောက်ပံ့သူများ အနက် ယုံကြည်စိတ်ချရဆုံး နိုင်ငံတစ်ခုဖြစ်ပြီး၊ ဓာတ်ငွေ့ဈေးကွက်ရှိ မည်သည့်ကွက်လပ်ကိုမဆို ဖြည့်ဆည်းရန် ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့သည်။

သြစတြေးလျသည် ကမ္ဘာတစ်လွှားရှိ ကျောက်မီးသွေးအသုံးမပြုလိုသည့် စက်ရုံများအ တွက်သဘောဝဓါတ်ငွေ့ရည် ရောင်းချလျက်ရှိသည့် ကမ္ဘာ့အကြီးဆုံးထုတ်လုပ်သူနှင့် တင်ပို့သူနိုင်ငံ များအနက်မှ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ Adelaide အခြေစိုက်အတိုင်ပင်ခံ EnergyQuest ၏အဆိုအရ သြစတြေးလျမှ သဘောဝဓါတ်ငွေ့ရည် တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၈၀.၉ သန်းအထိ စံချိန်တင် မြင့်တက်ခဲ့သည်။

ပထဝီဝင်နိုင်ငံရေး ဖြစ်ရပ်များသည် သြစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များအတွက် ကောင်းကျိုးဖြစ်နိုင်ကြောင်း၊ သြစတြေးလျ ရင်ဆိုင်နေရသော လက်ရှိပထဝီဝင်မဟာဗျူဟာ ဝန်းကျင်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အရှုပ်ထွေးဆုံးဖြစ်ကြောင်းနှင့် ဤဝန်းကျင်သည် သြစ တြေးလျ ပို့ကုန်လုပ်ငန်းရှင်များအား ယခုရော အနာဂတ်တွင်ပါ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ကို ဖြစ်ပေါ်စေသည်ဟု ကုန်သွယ်ရေးဝန်ကြီး Dan Tehan က ပြောကြားခဲ့သည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………………………………

## သြစတြေးလျက တရုတ်-အီးယူ ကုန်သွယ်ရေး ပဋိပက္ခတွင်ပါဝင်မည်

တရုတ်နှင့် အနောက်နိုင်ငံတို့အကြား ဆက်ဆံရေးယိုယွင်းလာချိန်တွင် သြစတြေးလျသည် အီးယူနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးပဋိပက္ခစုံစမ်းရေးတွင် ပါဝင်ရန်ကြိုးပမ်းမည်ဖြစ် ကြောင်း သိရှိရသည်။ ဒေသတွင်းအုပ်စုတွင် အသေးငယ်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော လစ်သူယေးနီးယားနိုင်ငံ၏ မြို့တော် Vilnius တွင် ထိုင်ဝမ်မှ ကိုယ်စားလှယ်ရုံးတစ်ခု ဖွင့်လှစ်ခြင်း အတွက် တရုတ်က လစ်သူယေးနီးယားကို ပစ်မှတ်ထားနေကြောင်း အီးယူက ပြောကြားထားသည်။

အီးယူကုန်သွယ်ရေးကော်မရှင်နာ Valdis Dombrovskis က ထုတ်ပြန်ချက် တစ်စောင်တွင် “ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အမှုကိစ္စကိုစတင်ခြင်းသည် ပေါ့ပေါ့တန်တန်ဆောင်ရွက်ရမည့်အဆင့် မဟုတ်ကြောင်း၊ သို့သော်လည်း နှစ်နိုင်ငံအကြားပြဿနာကို ဖြေရှင်းရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ပြီး နောက်၊ တရုတ်နိုင်ငံနှင့် ဆွေးနွေးရန် WTO အငြင်းပွားမှုဖြေရှင်းရေး ဆွေးနွေးပွဲများကို တောင်းဆို ခြင်းမှလွဲ၍ အခြားနည်းလမ်းမတွေ့ကြောင်း” ဖော်ပြထားသည်။

ဩစတြေးလျ ကုန်သွယ်ရေးဝန်ကြီး Dan Tehan က ကြေညာချက်တစ်စောင်တွင် “ဩစ တြေးလျသည် အငြင်းပွားမှုတွင် သိသိသာသာစိတ်ဝင်စားမှုရှိပြီး၊ ညှိနှိုင်းမှုများတွင် ပါဝင်ရန်ကြိုးပမ်း သွားမည်ဖြစ်ကြောင်း၊ စည်းမျဉ်းအခြေခံသော နိုင်ငံတကာကုန်သွယ်မှုစနစ်ကို ပျက်ပြားစေပြီး၊ စီးပွားရေးကိုထိခိုက်စေသည့် ခွဲခြားဆက်ဆံမှုနှင့် တင်းကျပ်သော ကုန်သွယ်မှုအလေ့အကျင့်များကို ဩစတြေးလျက ဆန့်ကျင်ပါကြောင်း၊ ဩစတြေးလျသည် WTO နှင့် ဘက်စုံကုန်သွယ်မှုစနစ်အား ပံ့ပိုးကူညီရန် ကတိကဝတ်ပြုထားပါကြောင်း၊ WTO အငြင်းပွားမှု ဖြေရှင်းရေးစနစ်သည် အဖွဲ့ဝင်များ အားၚင်းတို့၏ ကွဲပြားမှုများကို လေးလေးစားစားဖြေရှင်းနိုင်စေရန် စီစဉ်ထားပါကြောင်း၊ ဩစတြေး လျသည် လစ်သူယေးနီးယားအပေါ် ခွဲခြားဆက်ဆံသည့် ကုန်သွယ်ရေးကျင့်ထုံးများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂမှ တင်သွင်းသည့် တရုတ်နိုင်ငံအပေါ် အငြင်းပွားမှုတွင် သိသိသာသာစိတ်ဝင်စားမှုရှိပြီး၊ အဆိုပါဆွေးနွေးပွဲများတွင် ပါဝင်ရန် တောင်းဆိုမည်ဖြစ်ကြောင်း" ဟု ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Zhao Lijian က လစ်သူယေးနီးယား ၏စွပ်စွဲပြောဆိုချက်သည် “အခြေအမြစ်မရှိဘဲ ကွဲလွဲနေကြောင်း၊ တရုတ်နှင့် လစ်သူယေးနီးယား နိုင်ငံတို့အကြား ပြဿနာများဖြစ်ပြီး တရုတ်နှင့် အီးယူတို့အကြား ပြဿနာများမဟုတ်ကြောင်း၊ လစ်သူယေးနီးယားဘက်မှ ၎င်း၏နည်းလမ်းများကို ချက်ခြင်းပြုပြင်ရန်၊ ထိုင်ဝမ်လွတ်လပ်ရေး' ခွဲ ထွက်ရေးတပ်များနှင့် တရုတ်ဆန့်ကျင်ရေးတပ်ဖွဲ့များအတွက် လက်ကိုင်တုတ်အဖြစ် လိုလိုလားလား ပြုမူနေခြင်းများကို ရှောင်ကြဉ်ရန်နှင့် တရုတ်တစ်နိုင်ငံတည်းမူကို လိုက်နာခြင်းလမ်းကြောင်းမှန်သို့ ပြန်သွားရန် တိုက်တွန်းလိုကြောင်း” ဟု ပြောဆိုခဲ့သည်။

ယခုလအစောပိုင်းတွင် Mr Tehan က သံမဏိကန်များ၊ မီးရထားဘီးများနှင့် Wind Towers များပေါ်တွင် တရုတ်နိုင်ငံ၏ တန်ပြန်စုပုံတင်သွင်းခွန်ကောက်ခံခြင်းဆိုင်ရာ အရေးယူဆောင်ရွက်မှု များကို ဆန့်ကျင်သည့်အနေဖြင့် ဩစတြေးလျအား အခိုင်အမာခုခံကာကွယ်သွားမည်ဟု ပြောကြား ခဲ့သည်။ ဩစတြေးလျ ဝိုင်၊ မုယော၊ ကျောက်ပုစွန်နှင့် ကျောက်မီးသွေး တင်ပို့မှုအပေါ် တန်ပြန်စုပုံ တင်သွင်းခွန်စည်းကြပ်မှု အများအပြားကြောင့် တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့အကြား ဆက်ဆံ

ရေးက ပိုမိုတင်းမာလာခဲ့သည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်မှု ကန့်သတ်ချက်များကြောင့် ဩစတြေးလျပို့ကုန်လုပ်ငန်းရှင်များသည် လွန်ခဲ့သည့်နှစ် အတွင်း ပို့ကုန်ဒေါ်လာ ၅.၄ ဘီလီတန်ဖိုး ဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။

Source: www.news.comau

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………..

## ၂၀၂၂ ခုနှစ်တွင် ဩစတြေးလျ အိမ်ရာဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း

ပြီးခဲ့သည့်နှစ်အတွင်း သာမန်ဩစတြေးလျ အိမ်ပိုင်ရှင်တစ်ဦးသည် စာရွက်ပေါ်တွင်ဩစတြေးလျဒေါ်လာ ၁၃၁,၂၃၆ တန်ဖိုး ပိုမိုချမ်းသာလာခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင်လည်း ကိုဗစ်ကပ်ရောဂါကြောင့် အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ထိုးတက်မှု အဆုံးသတ်ရန် လက္ခဏာအနည်းငယ်သာရှိကြောင်း ABC သတင်းဌာနက ၁–၂–၂၀၂၂ ရက်နေ့တွင် ရေးသားဖော်ပြထားသည်။

CoreLogic ၏ အိမ်တန်ဖိုးဆိုင်ရာ နောက်ဆုံးအချက်အလက်များအရ အိမ်ရာဈေးနှုန်းများသည်ပြီးခဲ့သောနှစ်ထက် ၂၂.၄ % ခုန်တက်သွားပြီး၊ ၁၉၈၉ ခုနှစ် ဇွန်လနောက်ပိုင်း အကြီးမားဆုံးတိုးမြင့်လာခြင်းဖြစ်သည်။ ထိုဈေးနှုန်းမြင့်တက်မှု၏ အကြီးမားဆုံးအစိတ်အပိုင်းသည် ၂၀၂၁ ခုနှစ်၊ ပထမပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစောပိုင်းညွှန်ပြချက်များအရ အိမ်ရာဈေးကွက်များသည် ပြီးခဲ့သည့်နှစ်နှောင်းပိုင်းရှိ အလားတူလမ်းကြောင်းအတိုင်း ၂၀၂၂ ခုနှစ်တွင် စတင်နေပြီဖြစ်ကြောင်း သိရှိရသည်။ တန်ဖိုးများသည်ကျယ်ပြန့်စွာမြင့်တက်နေသေးသော်လည်း ၎င်းတို့သည် ၂၀၂၁ ခုနှစ်အစောပိုင်းလောက်တွင် လျင်မြန်စွာနီးကပ်လာခြင်း မရှိသော်လည်း ဇန်နဝါရီလတွင် ၁.၁ % တိုးလာမှုကိုတစ်နှစ်ပတ်လုံး ထိန်းသိမ်းထားမည်ဆိုပါက နှစ်စဉ်ဈေးနှုန်းများ ၁၃ % တိုးလာမည်ဖြစ်သည်။ CoreLogic က ဈေးကွက်၏ အနာဂတ်ဦးတည်ချက်သည် လက်ရှိပိုင်ရှင်များ၏ ရောင်းလိုအားများပေါ်တွင် များစွာမူတည်နေမည်ဖြစ်ကြောင်း ပြောကြားထားသည်။

မဲလ်ဘုန်းမြို့ လက်ရှိတွင် အရောင်းစာရင်းများသည် ယင်းမြို့၏ ငါးနှစ်ပျမ်းမျှထက် (အနည်းငယ်) တွင်ရှိနေချိန်တွင် ဆင်ဒနီမြို့မှာ ၁၂ % အောက်တွင်ရှိနေသည်။ သို့သော် အခြားမြို့ကြီးများရှိရောင်းရန် အိမ်ခြံမြေအရေအတွက်သည် ပုံမှန်အဆင့်အောက်တွင်ရှိနေပြီး၊ ဘရစ္စဘိန်းနှင့် အဲဒလိတ်မြို့တို့တွင် ထက်ဝက်ခန့်သာ ရှိနေသည်။ ဘရစ္စဘိန်းနှင့် အဲဒလိတ်မြို့တို့ရှိအခြေအနေမှာ ကွဲပြားခြားနားလျက်ရှိရာ ရောင်းလိုအား တင်းကျပ်နေဆဲဖြစ်ပြီး၊ ဝယ်သူပြိုင်ဆိုင်မှုသည် ဈေးနှုန်းများအပေါ်

ဖိအားများ မြင့်တက်ခြင်းကို ပံ့ပိုးပေးသည့် အဓိကအချက်ဖြစ်သည်။ ဘရစ္စဘိန်းနှင့် အဲဒလိတ်တို့သည် ဇန်နဝါရီလတွင် (၂.၃ % နှင့် ၂.၂ % အသီးသီး) မြင့်တက်မှုအတွက် ထင်ရှားသောမြို့ကြီးများဖြစ်ကြပြီး ဘရစ္စဘိန်းသည် ပြီးခဲ့သောနှစ်တွင် အိမ်ရာဖောင်းပွမှု (၂၉.၂ %) ဖြင့် ဦးဆောင်ခဲ့သည်။

ဒေသဆိုင်ရာဧရိယာများသည် ပြီးခဲ့သောလတွင် ၁.၈ %နှင့် လွန်ခဲ့သည့် သုံးလပတ်တွင် ၆.၃ % အထိ ဈေးတက်ခဲ့ပြီး၊ မြို့ကြီးများတွင်တွေ့ရသည့် လွန်ခဲ့သည့်သုံးလပတ်ဈေးနှုန်းထက် နှစ်ဆပိုများသည့် ဒေသဆိုင်ရာဧရိယာများသည် ပျမ်းမျှမြို့တော်နေအိမ်များထက် သာလွန်နေကြောင်း သိရှိရသည်။

CoreLogic က ပြောကြားရာတွင် ပြီးခဲ့သောနှစ်များအတွင်း လူကြိုက်အများဆုံး ဒေသဆိုင်ရာဈေးကွက်များမှာ အဓိကမြို့ကြီးများနှင့် ရုံဖန်ရုံခါ သွားလာရေးအကွာအဝေးအတွင်း လူနေမှုပုံစံဆွဲဆောင်မှုရှိသည့် တောင်ပိုင်းကုန်းမြင့်နှင့် Shoalhaven (၃၇.၆ %အထိ) နှင့် ဆစ်ဒနီပြင်ပရှိ Hunter Valley (၃၄ %အထိ) နှင့် ကွင်းစလန်အရှေ့တောင်ပိုင်းရှိ Sunshine Coast (၃၄.၄ %) တို့ အသီးသီးမြင့်တက်ခဲ့ခြင်းဖြစ်သည်။ တိုက်ခန်းများထက် ကပ်ရောဂါကာလအတွင်း ပိုမိုကြိုက်နှစ်သက်သည့် သီးသန့်အိမ်များ၏ဈေးနှုန်းမှာ ယခင်လက ၁.၃ % မြင့်တက်ခဲ့ပြီး၊ တိုက်ခန်းများအတွက် ၀.၃ % မြင့်တက်ခဲ့သည်။ အလယ်အလတ်အိမ်နှင့် တိုက်ခန်းဈေးနှုန်းများအကြား ကွာဟချက်မှာ ၂၈.၃ % အထိ စံချိန်တင် မြင့်တက်ခဲ့ပြီး၊ အလတ်စားနှင့် သိပ်သည်းဆမြင့်သော လူနေမှုဘဝဆီသို့ ဝယ်လိုအား တဖြည်းဖြည်း ပြန်ပြောင်းသွားသည်ဟု CoreLogic ကပြောကြားခဲ့သည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………..

## ကုန်သွယ်ရေးစစ်ပွဲ ဒုတိယနှစ် ဆက်လက်ဖြစ်ပွားနေသဖြင့် တရုတ်နှင့် တွေ့ဆုံဆွေးနွေးရန် သြစတြေးလျ အသားထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍက တောင်းဆိုလိုက်ခြင်း

နောက်ထပ်တင်ပို့မှုများ ပိတ်ပင်ခံထားရပြီးနောက် တရုတ်နှင့် ၎င်း၏ ဆက်ဆံရေးကိုပြန်လည်ပြုပြင်ရန် ထိပ်တန်းအသားထုတ်လုပ်သည့်လုပ်ငန်းအဖွဲ့တစ်ခုက သြစတြေးလျအစိုးရကို တောင်းဆိုလိုက်ကြောင်း ABC သတင်းဌာနက ရေးသားဖော်ပြထားသည်။

အသားပြုပြင်ထုတ်လုပ်သည့်ကုမ္ပဏီကြီးဖြစ်သည့် Teys Australia သည်တောင်ပိုင်းသြစတြေးလျ၏ အရှေ့တောင်ပိုင်းရှိ ၎င်း၏ Naracoorte စက်ရုံအတွက် ပို့ကုန်လိုင်စင်ကို ယခုအပတ်အတွင်း ရုပ်သိမ်းခံလိုက်ပြီဖြစ်ရာ တရုတ်နိုင်ငံ၏တင်ပို့မှု ပိတ်ပင်ခံရသည့် ၁၀ ခုမြောက် သြစတြေးလျသားသတ်ရုံဖြစ်လာကြောင်း သိရှိရသည်။

ဩစတြေးလျအသားလုပ်ငန်းကဏ္ဍကောင်စီ၏ အမှုဆောင်အရာရှိချုပ်က အဆိုပါပြဿနာကိုဖြေရှင်းရန်လိုအပ်ကြောင်း၊ ယခုအချိန်သည် တရုတ်နိုင်ငံနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးရှိရန်အချိန်ဖြစ်ကြောင်း၊ ဆက်ဆံရေးပြတ်တောက်မှုက လုပ်ငန်းကဏ္ဍကို ထိခိုက်စေခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်ကတည်းက တရုတ်နှင့် ဆွေးနွေးမှုမရှိသေးသည့်အတွက် ယခုကဲ့သို့ပြဿနာများပေါ်ပေါက်လာသည့်အခါတရုတ်နိုင်ငံ၊ အထွေထွေအုပ်ချုပ်ရေး အကောက်ခွန် Website တွင် မလွှင့်တင်မချင်းမသိရှိရကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီး Dan Tehan က အစိုးရသည် ဈေးကွက်များ ပြန်လည်ထူထောင်နိုင်ရန်တတ်နိုင်သမျှ လုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် အသားစက်ရုံများတွင် ကိုဗစ်ဖြစ်ပွားမှုနှင့်ပတ်သက်၍ နိုင်ငံအများစုလိုက်နာရမည့် သင့်လျော်သောလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာရန် တရုတ်အာဏာပိုင်များကို တောင်းဆိုခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်ရေးစစ်ပွဲသည် ဒုတိယနှစ်သို့ရောက်ရှိနေပြီဖြစ်ရာ အစိုးရသည် တရုတ်ဈေးကွက်အတွက် နစ်နာမှုများကို အခြားဈေးကွက်များနှင့် အစားထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးက ဈေးကွက်အစားထိုးရှာဖွေနိုင်ရေးအတွက် ဩစတြေးလျ-ဗြိတိန် ကုန်သွယ်ရေးသဘောတူစာချုပ်က အရေးကြီးပြီး၊ ဗြိတိန်ဈေးကွက်တွင် ဩစတြေးလျအသားများ ဈေးကွက်ဝင်ခွင့်တိုးမြင့်လာမှုက အလွန်အရေးကြီးကြောင်းနှင့် ဩစတြေးလျ- အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အတွက် အိန္ဒိယနိုင်ငံနှင့် အပတ်စဉ်စေ့စပ်ညှိနှိုင်းမှုများပြုလုပ်နေစဉ်တွင် ဥရောပသမဂ္ဂလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကိုလည်း ဆက်လက်လုပ်ဆောင်နေပါကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအသားလုပ်ငန်းကဏ္ဍကောင်စီ၏ အမှုဆောင်အရာရှိချုပ်က ကပ်ရောဂါမစတင်မီဩစတြေးလျသည် အမဲသားတန်ချိန် ၃၀၀,၀၀၀ နှင့် သိုးအသားတန်ချိန် ၁၀၀,၀၀၀ ကို တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့နေကြောင်း၊ Red Meat ဈေးကွက်သည် နှစ်စဉ်ဒေါ်လာ ၃ ဘီလီယံတန်ကြေးရှိပြီး၊ ထပ်တိုးဈေးကွက်များသည်လည်း အသားထုတ်လုပ်မှုပြတ်လပ်ခြင်းကို မဖြစ်ပေါ်စေကြောင်း၊ ယခုပထမသုံးလပတ်တွင် ဗြိတိန်သို့ တင်ပို့မည့်ကုန်ပစ္စည်းပမာဏသည် တရုတ်နိုင်ငံတွင်ဆုံးရှုံးခဲ့ရသည့် ဈေးကွက်ဝေစုထက်နည်းပါးကြောင်း၊ ပိုမိုကောင်းမွန်သော ကုန်သွယ်မှုကိုပြန်လည်စတင်ခြင်းနှင့် ယာယီရပ်ဆိုင်းမှုများကို ရုတ်သိမ်းခြင်းသည် ပြုပြင်ထုတ်လုပ်သူများနှင့် ၎င်းတို့ကိုပံ့ပိုးပေးသော စိုက်ပျိုးမွေးမြူသူများအတွက် သတင်းကောင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## အိန္ဒိယနိုင်ငံ၌ ခရိုင်တစ်ခုထုတ်ကုန်တစ်ခု အစီအစဉ်အား မြှင့်တင်ဆောင်ရွက်

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်၍ ပြည်ပသို့တင်ပို့နိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ အိန္ဒိယစက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန (DPIIT) သည်ခရိုင်တစ်ခုထုတ်ကုန်တစ်ခုအစီအစဉ် (ODOP Initiative) အကောင်အထည်ဖော်ဆောင်မှုဆိုင် ရာညီလာခံဆွေးနွေးပွဲကို ၂၁-၁-၂၀၂၂ နေ့၌ ကျင်းပခဲ့ပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၄-၁-၂၀၂၂ နေ့၌ သတင်းထုတ်ပြန် ရာတွင် အဆိုပါညီလာခံ၌ DPIIT ဌာနမှ အရန်အတွင်းဝန် Ms. Sumita Dawra က သဘာပတိဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်လျက် ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များမှ အတွင်းဝန်များ၊ ပြည် နယ်များရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေးဌာနများမှ တာဝန်ရှိသူများ တက်ရောက်၍ ဆွေးနွေးခဲ့ကြ ကြောင်း၊ ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်သည် သစ်ကြားသီးနှင့် ပန်းသီးတို့ကို ခရိုင်တစ်ခု ထုတ်ကုန် တစ်ခု (ODOP) လုပ်ငန်းအဖြစ် Dubai Expo 2020 ၌ ပါဝင်ပြသလျက် ရောင်းသူ-ဝယ်သူ ချိတ်ဆက် တွေ့ဆုံပွဲများပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ ကြောင်း၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်သည်လည်း ၎င်း၏ခရိုင်များအားလုံးမှ လက်မှုအနုပညာရှင်များ နှင့် ကုန်ထုတ်လုပ်သူများအတွက် ODOP အကောင်အထည် ဖော်ဆောင်မှုကို စံနမူနာပြုလုပ်ဆောင် နိုင်ခဲ့ကြောင်း၊ အလားတူ တြိပူရပြည်နယ်သည်လည်း ပြည်နယ်အစိုးရနှင့် ODOP အဖွဲ့များအကြား ပူးပေါင်းလုပ်ကိုင်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် လမ်းပြမြေပုံအား ချမှတ်နိုင်ခဲ့ပြီး ခရိုင် ၈ ခု လုံးမှ ထုတ်ကုန် ၁ မျိုးစီအား ပြည်ပတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း DPIIT ဌာနရှိ အိန္ဒိယရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Invest India) သည် ODOP လုပ်ငန်းများအတွက် ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ကုန်သွယ်မှုလွယ်ကူစေရေး အစီအမံများကိုဆောင် ရွက်လျက်ရှိကြောင်း၊ ရာဂျပ်စတန်ပြည်နယ်မှ Molela လက်မှုအနုပညာသည်များသို့ ဒီဇိုင်းရေးဆွဲမှု သင်တန်းပို့ချခြင်း၊ အာသံပြည်နယ်ရှိ Muga ပိုးထည်လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ခြင်း၊ မီဂါလာရာပြည်နယ်ရှိ Lakadong နနွင်းတက် စိုက်ပျိုးထုတ်လုပ်သူ များအတွက် နှစ်စဉ် ကုန်သွယ်မှုလွယ်ကူရေး ကူညီပံ့ပိုးခြင်းတို့ကို အဆိုပါအေဂျင်စီက ဆောင်ရွက်ခဲ့ပြီး Dubai Expo 2020 ကဲ့သို့သော နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပို့ကုန်မြှင့်တင်ရေး ပါဝင်ပြသနိုင်ခဲ့ကြောင်းဖော် ပြပါသည်။

အဆိုပါ ခရိုင်တစ်ခု ထုတ်ကုန်တစ်ခု ညီလာခံဆွေးနွေးပွဲ၌ ODOP လုပ်ငန်း အစီအစဉ်အား ပြည်နယ်များမှ ချိတ်ဆက်ဆောင်ရွက်မည့် လမ်းပြမြေပုံကို ချမှတ်ခဲ့ကြောင်း၊ ပြည်နယ်များမှထုတ်ကုန်ရောင်းချလိုသူများ၏ အချက်အလက်များကို မျှဝေဖလှယ်၍ ဝယ်လက်များနှင့် ချိတ်ဆက်နိုင်ရေး ODOP လုပ်ငန်းအဖွဲ့များက ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ခရိုင်တစ်ခုထုတ်ကုန်တစ်ခု လုပ်ငန်းများအား အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်နယ်တစ်ခုစီတွင်တာဝန်ယူဆောင်ရွက်မည့် အရာရှိများကို ခန့်အပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ကျေးလက်ဒေသရှိ လက်မှုအနုပညာရှင်များ၏ ODOP လုပ်ငန်းအစီအစဉ်မှထုတ်ကုန်များကို အင်တာနက်ကွန်ယက်စနစ်၌ အခြေပြုရောင်းချနိုင်ရေးအတွက် e-commerce လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီကြီးများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ DPIIT ဌာနမှ ညွှန်ကြားရေးမှူး Mr. B. Ramanjaneyulu က အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ODOP Initiative အား ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်စွာအကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်နယ်များရှိ စက်မှုလုပ်ငန်းဌာနများအနေဖြင့် တက်ကြွစွာပါဝင်ပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

Source: 'One District One Product' (ODOP) initiative of Centre, 24-1-2022, Press Information Bureau of India
နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

........................................................................................................

## မတ်လတွင် နေအိမ်သုံး လျှပ်စစ်နှင့် ဓာတ်ငွေ့ အသုံးပြုခနှုန်းထားများ မြင့်တက်လာမည်ဖြစ် (ဂျပန်နိုင်ငံ)

Tokyo Electric Power Company (TEPCO)၊ Chubu Electric Power Co နှင့် Kansai Electric Power Co (KEPCO) တို့အပါအဝင် ဂျပန်နိုင်ငံရှိ လျှပ်စစ်စွမ်းအင်ကုမ္ပဏီ ၁၀ ခုသည် အိမ်သုံးလျှပ်စစ်ဓာတ်အားခဈေးနှုန်းများကို လာမည့် ၂၀၂၂ ခုနှစ်၊ မတ်လမှစတင်၍ နှုန်းထားများ တိုးမြှင့်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

TEPCO အနေဖြင့် အိမ်ထောင်စုတစ်ခုအတွက် ပျမ်းမျှလျှပ်စစ်ဓာတ်အားခနှုန်း ၂၈၃ ယန်းကိုလည်းကောင်း၊ Chubu Electric Power အနေဖြင့် ၂၉၂ ယန်းကိုလည်းကောင်း၊ KEPCO အနေဖြင့် ၅၅ ယန်းကိုလည်းကောင်း အသီးသီးတိုးမြှင့်သွားမည်ဟု သိရပါသည်။

အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများတွင် အသုံးပြုသည့် သဘာဝဓာတ်ငွေ့ရည် (LNG) အပါအဝင် အခြားလောင်စာများ တင်သွင်းရာတွင် ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားခဈေးနှုန်းများ တိုးမြှင့်ရခြင်းဖြစ်ကြောင်း Sankei Shimbun သတင်းစာတွင် ဖော်ပြထားပါသည်။ ထို့အပြင် လောင်စာဆီတင်သွင်းမှုဈေးနှုန်း အတက်အကျအရ အသုံးပြုရသည့် လောင်စာဆီအတွက် ကုန်ကျမှုစရိတ် အပေါ်မူတည်ကာ ချိန်ညှိပြီး ပြည်တွင်းလျှပ်စစ်ဓာတ်အားခ ဈေးနှုန်းများကို ကောက်ခံခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ လောင်စာဆီအတွက်ကုန်ကျစရိတ် ချိန်ညှိမှုစနစ်အောက်တွင် စားသုံးသူအိမ်ထောင်စုများမှ ပေးဆောင်သော စရိတ်စကများသည် သက်ဆိုင်ရာ ဓာတ်အားပေးကုမ္ပဏီများမှကြို တင်သတ်မှတ်ထားသည့် စံနှုန်းထက် ၁.၅ ဆသာရှိပါသည်။ လာမည့်မတ်လတွင် နှုန်းထားများတိုး မြှင့်လိုက်မည်ဆိုပါက KEPCO နှင့် Chugoku Electric Power Co တို့၏ ဈေးနှုန်းများပြန်လည်ပြင် ဆင်မှုသည် ၎င်းသတ်မှတ်ချက်စံနှုန်းထက် ကျော်လွန်ရောက်ရှိသွားမည်ဖြစ်ပါသည်။

ဖေဖော်ဝါရီလအတွင်းတွင် အဆိုပါဈေးနှုန်းကန့်သတ်ချက်စံနှုန်းသို့ ရောက်ရှိမည်ဖြစ်ပြီး ယင်း ဓာတ်အားပေးသည့်ကုမ္ပဏီ ၃ ခုအပြင် Hokuriku Electric Power Co ကိုပါ ဈေးနှုန်းတိုးမြှင့်မည့် ကုမ္ပဏီများစာရင်းတွင် ထည့်သွင်းပြီး စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (METI) သို့ ဓာတ်အားခနှုန်းတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားမည်ဟုသိရပါသည်။

ထို့အပြင် Tokyo Gas Co. အပါအဝင် ဓာတ်ငွေ့ကုမ္ပဏီ ၄ ခုသည် မတ်လမှစတင်ကာအိမ် ထောင်စုများအပေါ် ၎င်းတို့၏ ဓာတ်ငွေ့အသုံးပြုခနှုန်းထားကို ၁၆၈ ယန်းမှ ၂၂၉ ယန်းသို့ တိုးမြှင့် ကောက်ခံသွားမည်ဖြစ်ကြောင်းသိရပါသည်။

**ရင်းမြစ်။** https://japantoday.com/category/business/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

…………………………………………………………………………………………………

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါသည် ဂျပန်၏စီးပွားရေးကို ထိခိုက်နိုင်ဖွယ်မရှိဟု IMF သုံးသပ်

ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ကူးစက်ရောဂါ၏သက်ရောက်မှုဒဏ်ကို သိသိသာသာခံစားရနိုင်မည်မဟုတ်သော်လည်း ပြည်တွင်း

သက်ကြီးရွယ်အိုလူဦးရေများ တိုးပွားလာမှုနှင့် လူဦးရေတိုးတက်မှုနှုန်းကျဆင်းလာခြင်းတို့ကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသေချာမှုရှိသည့် ကူးစက်ရောဂါအလွန်ကာလဆိုင်ရာမူဝါဒများကို ဖော်ဆောင်ရန်လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က သုံးသပ်ပြောကြားခဲ့ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒများနှင့်ပတ်သက်၍ ဂျပန်အစိုးရနှင့် ဆွေးနွေးမှုများဆောင်ရွက်ပြီးနောက် ဂျပန်နိုင်ငံ၏ GDP ၏ ရာခိုင်နှုန်းတစ်ခုအဖြစ် ပါဝင်နေသည့် အခွန်ငွေရရှိမှုသည် စက်မှုထိပ်သီး ၇ နိုင်ငံအုပ်စုပါ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသည်ကိုတွေ့ရပြီးစားသုံးခွန်တိုးမြှင့်ခြင်းစသည့် စားသုံးမှုမှတစ်ဆင့် အခွန်ကောက်ခံခြင်းစသည့် အခွန်ငွေရရှိမှုနည်းလမ်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သည်ဟု IMF ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

IMF ၏ ပဏာမစိစစ်သုံးသပ်ချက်များအရ ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် အစိုးရ၏အားကောင်းသည့် ဘဏ္ဍာရေးပံ့ပိုးမှုများ၊ ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းနှင့်ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်အကျပ်အတည်းများကို လျော့ပါးစေရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ၂၀၂၂ ခုနှစ်တွင် ၁.၆ % မြင့်တက်မှုမှသည် ၃.၃ % ထိ ဆက်လက်မြင့်တက်လာနိုင်ကြောင်းသိရပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၄.၅ % ကျဆင်းခဲ့ပါသည်။

လက်ရှိ၌ ဂျပန်နိုင်ငံတွင် ကူးစက်နှုန်းမြန်ဆန်သည့် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်၏ ကူးစက်မှုများမြင့်တက်လာနေခြင်းသည် ၂၀၂၂ ခုနှစ်၏ ပထမသုံးလပတ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကိုနှေးကွေးစေနိုင်သော်လည်း ကူးစက်မှုလှိုင်း ပြန်လည်ကျဆင်းသွားပြီးနောက် ဒုတိယသုံးလပတ်ကာလတွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်မြင့်တက်လာသည့် အနေအထား ဖြစ်လာနိုင်ကြောင်း IMF ကသုံးသပ်ပါသည်။

သို့သော် လက်ရှိအိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ကူးစက်မှု၏ မြင့်တက်နေစဉ် ကျန်းမာရေးကဏ္ဍကိုယိမ်းယိုင်မှုမရှိစေရန် တင်းကျပ်သည့် ကန့်သတ်ထိန်းချုပ်မှုအစီအမံများဆောင်ရွက်ရန် နှောင့်နှေးမှုများရှိပါက ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် စီးပွားရေးအပေါ် မသေချာမရေရာမှုများဖြစ်ပေါ်စေနိုင်ပါသည်။

ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် စီးပွားရေးထိခိုက်မှု လျော့ပါးစေရန် ဘဏ္ဍာရေးမူဝါဒများချမှတ်ဆောင်ရွက်ခြင်းနှင့် ဂျပန်အစိုးရမှ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဝင်ငွေနည်းပါးသည့်

အိမ်ထောင်စုများအား ငွေကြေးပံ့ပိုးပေးခဲ့သည့် အစီအစဉ်များသည် ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်ဟု IMF က ပြောကြားခဲ့ပါသည်။

ကာလလတ်မှရေရှည်အတွက် ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အိုလူဦးရေတိုးပွားလာမှုနှင့် လူဦးရေကျဆင်းလာမှုသည် နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်နိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံသို့လာရောက်ခဲ့သည့် IMF Mission ကိုဦးဆောင်ခဲ့သော IMF အာရှနှင့်ပစိဖိတ်ရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Ranil Salgado က သုံးသပ်ပါသည်။ အနာဂတ်တွင် ဖြစ်နိုင်ချေရှိသည့် လုပ်သားအင်အားကျဆင်းခြင်းနှင့် ကုန်ထုတ်စွမ်းအားနိမ့်ကျလာမှုတို့သည် ရေရှည်တွင် ဂျပန်နိုင်ငံ၏စီးပွားရေးအတွက် အဓိကစိန်ခေါ်မှုအခက်အခဲများအနက် နှစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ကူးစက်ရောဂါပြန့်ပွားနေချိန်အတွင်း အထူးသီးသန့်ဘဏ္ဍာရေးပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် ကုန်ထုတ်လုပ်မှုသိသိသာသာကျဆင်းခဲ့ခြင်းများသည် ဂျပန်နိုင်ငံ၏ကြွေးမြီနှင့် GDP အချိုးနှုန်းတွင် ၂၀၁၉ ခုနှစ်အတွင်းမှ ရှိခဲ့သည့် ၂၃၆ % မှ ၂၀၂၁ ခုနှစ်အတွင်း ၂၅၉ % သို့ မြင့်တက်ရောက်ရှိလာစေပါသည်။

ချေးငွေများထုတ်ပေးခြင်းနှင့် ငွေချေးစာချုပ်များ ထုတ်ပေးခြင်းတို့သည့် ရေတိုကာလအတွက်အထောက်အပံ့ဖြစ်နိုင်သော်လည်း ကြွေးမြီများ ရေရှည်တည်တံ့စေနိုင်သည့် အလားအလာကိုမြင့်တက်လာနိုင်ကြောင်း IMF ကသုံးသပ်ပါသည်။

ဘဏ္ဍာအခွန်တိုးမြှင့်ရရှိရေးနှင့်ပတ်သက်၍ ပြည်တွင်း၌ လက်ရှိကောက်ခံနေသည့် စားသုံးသူအခွန် ၁၀ % ကောက်ခံခြင်းအပြင် အိမ်ခြံမြေအခွန်ကောက်ခံမှုကို ပိုမိုအားကောင်းစေခြင်းနှင့် လူနေအိမ်မြေယာများအပေါ်အထူးအခွင့်အရေးပေးထားမှုများကို ပယ်ဖျက်ခြင်းများ ဆောင်ရွက်သင့်ကြောင်း IMF က အကြံပြုထားပါသည်။

တစ်ချိန်တည်းမှာပင် ငွေကြေးဖောင်းပွမှုဖိအားသည် ပြည်တွင်းဝယ်လိုအားနှင့်အညီ တဖြည်းဖြည်းမြင့်တက်လာနိုင်သည်ဟု မျှော်မှန်းထားသော်လည်း ကာလလတ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ဂျပန်ဗဟိုဘဏ်၏ သတ်မှတ်ချက် ၂ % အောက်၌သာ တည်ငြိမ်ကောင်းမွန်နေမည်ဖြစ်ကြောင်း IMF က ခန့်မှန်းထားပါသည်။

အခြားသော စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများသည် မြင့်မားသည့်ငွေကြေးဖောင်းပွမှုနှင့် ငွေကြေးအကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်အတွေ့အကြုံရှိခဲ့ပြီး (သို့မဟုတ်) လတ်တလောရင်ဆိုင်နေရပါသည်။ သို့သော်ငွေကြေးမူဝါဒပိုင်းကွဲပြားခြားနားချက်သည် ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည်

နာလန်ထူမှုအပေါ် အကန့်အသတ်ဖြစ်လာစေနိုင်ကြောင်းနှင့် အတိုးနှုန်းကွဲပြားမှုများသည် ဂျပန်ယန်းငွေကို ပိုမိုအားနည်းစေကြောင်း IMF က သုံးသပ်ပါသည်။

ထို့အပြင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း သိသိသာသာမြင့်တက်လာသည့် အခြေအနေများသည် ဂျပန်ယန်းငွေအား စိတ်ချရသည့် ငွေကြေးတစ်ခုအဖြစ် တန်ဖိုးထားမှုကို မြင့်တက်လာစေနိုင်ကြောင်း IMF က ပြောကြားခဲ့ပါသည်။

**ရင်းမြစ်။** https://www.japantimes.co.jp/news/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

………………………………………………………………………………………………………

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

**၁။ တရုတ်နိုင်ငံ၏ စားသုံးသူများအခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ရေးအကြောင်း လေ့လာတင်ပြခြင်း**

**(က) တရုတ်နိုင်ငံစားသုံးသူများ အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး အကြောင်း လေ့လာတင်ပြရခြင်းအကြောင်းအရင်း**

၂၀၂၁ခုနှစ်၊နိုဝင်ဘာလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် တာဝန်ရှိသူများကစီးပွားရေးသံမှူးများအား တွေ့ဆုံဆွေးနွေး လမ်းညွှန်မှာကြားသည့် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအနက် တစ်ခုဖြစ်သော သက်ဆိုင်ရာနိုင်ငံအသီးသီး၏ စားသုံးသူများအခွင့်အရေးနှင့်အကျိုးစီးပွားကာကွယ်ရေး အကြောင်းလေ့လာတင်ပြရန် လမ်းညွှန်ချက်အရ လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

**၂။ ၁၉၉၄ ခုနှစ် တရုတ်နိုင်ငံစားသုံးသူများအခွင့်အရေးနှင့်အကျိုးစီးပွား ကာကွယ်ရေး ဥပဒေ**

**(က) အကျဉ်းချုပ်**

၁၉၉၄ ခုနှစ် တရုတ်နိုင်ငံစားသုံးသူများအခွင့်အရေးနှင့်အကျိုးစီးပွား ကာကွယ်ရေးဥပဒေကို အဋ္ဌမအကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ၁၉၉၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတ

နိုင်ငံသမ္မတ၏ အမိန့်အမှတ် ၁၁ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြချက်အား Law of the People's Republic of China on the Protection of Consumer Rights and Interests – China.org.cn တွင် ဖတ်ရှုနိုင်ပါသည်။ စားသုံးသူ ဥပဒေအဟောင်းတွင် အခန်းပေါင်း(၈) ခန်းပါဝင်ပြီး ယင်းတို့မှာ– အခန်း ၁ အထွေထွေ ပြဋ္ဌာန်းချက်များ၊ အခန်း ၂ စားသုံးသူများ၊ အခန်း ၃ စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်များ၊ အခန်း ၄ နိုင်ငံတော်က တရားဝင်ပေးအပ်ထားသော စားသုံးသူများ၏ အခွင့်အရေးများနှင့် အကျိုးကျေးဇူးများ၊ အခန်း ၅ စားသုံးသူအဖွဲ့အစည်းများ၊ အခန်း ၆ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ အခန်း ၇ ဥပဒေဆိုင်ရာတာဝန်နှင့် အခန်း ၈ ဖြည့်စွက် ပြဋ္ဌာန်းချက်များတို့ဖြစ်ပါသည်။ သို့ရာတွင် အနှစ် ၂၀ အကြာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စားသုံးသူများအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးဥပဒေကို ပထမဆုံးအကြိမ် ပြန်လည်ပြင်ဆင်ခဲ့ပြီး စားသုံးသူဆိုင်ရာ ဥပဒေအသစ်ကို ၂၀၁၄ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အသက်ဝင်စေခဲ့ပြီ ဖြစ်ပါသည်။

## ၃။ ၂၀၁၄ ခုနှစ်တရုတ်နိုင်ငံ၏ စားသုံးသူများအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးဥပဒေ

### (က) စားသုံးသူဥပဒေဆိုင်ရာတိုးတက်မှုနှင့်ကျင့်သုံးမှု (ပြန်လည်သုံးသပ်ခြင်း)

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စားသုံးသူများ၏အခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ရေးဥပဒေအား ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းနှင့်တစ်နှစ်တည်းတွင်ပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး ပထမဆုံးအကြိမ်အဖြစ် ဈေးကွက်တွင် အစိုးရ၏ဝင်ရောက်စွက်ဖက်မှုကို တဖြည်းဖြည်းလျှော့ချရန်ရည်ရွယ်ပြီး "နိုင်ငံတော်သည် ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် socialist market economy ကို ကျင့်သုံးသည်" ဟု အတိအလင်း ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် စားသုံးသူများ၏အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး ဥပဒေသည် စီးပွားရေးလုပ်ငန်းများကို ထိန်းညှိပေးသည့် ဥပဒေဖြစ်ပြီး စားသုံးသူများ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန်၊ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းစေရန်နှင့် ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

နှစ်ပေါင်း ၂၀ ကြာတည်ရှိခဲ့ပြီးနောက် စားသုံးသူ၏အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးဥပဒေကို ပြန်လည်သုံးသပ်ခြင်းအား အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဆုံး

ဖြတ်ချက်" ဖြင့် ပထမဆုံးအကြိမ် ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး၊ စားသုံးသူဥပဒေသည် (၁၅-၃-၂၀၁၅) ရက်နေ့တွင် အသက်ဝင်ခဲ့ပါသည်။

ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း အရှိန်အဟုန်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြုံတွေ့ခဲ့ရရာ စားသုံးမှု (စားသောက်မှုနှင့် သုံးစွဲမှု) ဆိုင်ရာပုံစံ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် ကြီးမားသောလိုက်ပါပြောင်းလဲမှုများ ကြုံခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ၊ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံသည် အသွင်ကူးပြောင်းနေသောနိုင်ငံများစွာ သမိုင်းကြောင်းအရ ကြုံတွေ့ရလေ့ရှိသည့် ဈေးကွက်ဖောက်ပြန်မှု market disorder ဖြစ်ပေါ်ကြောင်း သက်သေပြခဲ့သည်။စီးပွားရေးပညာရှင် Hu Angang ၏အဆိုအရ စီးပွားရေးမငြိမ်မသက် ဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ "သတင်းအချက်အလက်ကွာဟမှု" ဖြစ်သည်။ သတင်းအချက်အလက်မပြည့်စုံမှု၊ အချိုးမကျမှု၊ ရှင်းလင်းပြတ်သားမှုနှင့် ပွင့်လင်းမြင်သာမှုကင်းမဲ့မှုဟူ၍ ဘာသာပြန်ဆိုနိုင်ပြီး ယင်း၏ရလဒ်အနေဖြင့် ဘဝ၏ကဏ္ဍအသီးသီး (စားသုံးသူဆက်ဆံရေးအခြေအနေ အပါအဝင်)တွင် "ယုံကြည်မှု အကျပ်အတည်း" နှင့် "ယုံကြည်မှုကင်းမဲ့ခြင်း" များပေါ်ပေါက်လာစေသည်။

တစ်ချိန်တည်းမှာပင် တရုတ်ပြည်မကြီး၏ဈေးကွက်သည် အတုအပနှင့် အရည်အသွေးနိမ့်သောကုန်ပစ္စည်းအမြောက်အမြားဖြင့် ပြည့်လျှံနေပြီး အစားအသောက် ဘေးကင်းရေးပြဿနာများ ကြီးကြီးမားမားရှိနေခဲ့ပါသည်။ တစ်ဖက်တွင် ဒေတာစီမံ ဆောင်ရွက်ပေးမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်းတို့အတွက် အင်တာနက်အသုံးပြုမှုသည်ပိုမိုများပြားလာကာ ယင်းမှ ထွက်ပေါ်လာသည့် စားသုံးမှုဆိုင်ရာ ပဋိပက္ခများပေါ်ပေါက်လာခြင်းဖြစ်သည်။ ငွေကြေး ဈေးကွက်များသို့ အပြည့်အဝဝင်ရောက်ခွင့်ရှိသော အခြေအနေတွင် စားသုံးသူသည် ယေဘုယျအားဖြင့် အန္တရာယ်ကာကွယ်ရေးကို သတိမပြုမိဘဲ ၎င်း၏ တရားဝင်အခွင့်အရေးနှင့်အကျိုးစီးပွားများကို ဆက်လက်ပျက်စီးစေခဲ့ပါသည်။ ဤအခြေအနေမျိုးတွင် တရုတ်နိုင်ငံ၏စားသုံးသူဥပဒေအား ပြန်လည်သုံးသပ်ရန် အရေးကြီးလာပါသည်။

### (ခ) စားသုံးသူဥပဒေသစ်မှ ပေါ်ပေါက်လာသော အခွင့်အရေးများနှင့် တာဝန်များ

မူလစားသုံးသူဥပဒေတွင် ပုဒ်မ စုစုပေါင်း ၅၅ ခု ပါရှိပြီး အခန်း ၇ ခန်းဖြင့် ဖွဲ့စည်းထားရာ ယင်းတို့မှာ အထွေထွေပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ စားသုံးသူအခွင့်အရေးနှင့် တရားဝင်အကျိုးစီးပွားများ နိုင်ငံတော်မှကာကွယ်ပေးမှု၊

စားသုံးသူအဖွဲ့အစည်းများ၊ အငြင်းပွားမှုဖြေရှင်းရေး၊ ဥပဒေရေးရာတာဝန်ယူမှုနှင့် နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များဖြစ်ပါကြောင်း၊ စားသုံးသူဥပဒေအသစ်တွင် အခြေခံအားဖြင့် အဆင့် ၅ ဆင့် အပြောင်းအလဲများကို မိတ်ဆက်ခြင်းဖြင့် ပုဒ်မပေါင်း ၆၃ ခု ပေါင်းစပ်ထားပါသည်။

ပထမအချက်မှာ ရှင်းလင်းချက်ဖြစ်၍ စားသုံးသူအခွင့်အရေးများ ထူပြောလာစေရန် ရည်ရွယ် ကြောင်းငွေကြေးသုံးစွဲမှု နယ်ပယ်အတွင်း တရားဝင်လစ်ဟာမှုကို ထုတ်ဖော်ပြောဆိုခြင်းဖြင့် ဖယ်ရှား ပစ်၍ စားသုံးသူများ၏ရပိုင်ခွင့်နှင့် တရားဝင် အကျိုးစီးပွားများကို ဥပဒေနှင့်အညီခုခံကာကွယ်နိုင် ခွင့်ရှိရေးဖြစ်သည်။ ထို့အပြင် ပထမဆုံးအကြိမ်အဖြစ် စားသုံးသူများ၏ အရေးပါသော အခွင့်အရေး နှင့်အကျိုးစီးပွား အကာအကွယ်ပေးရေးအဖြစ် ပြစ်မှုကျူးလွန်သူများ၏ ကိုယ်ရေးကိုယ်တာ အချက် အလက်များကို အကာအကွယ်ပေးရေး သက်ဆိုင်ရာအရပ်ဘက်နှင့် စီမံခန့်ခွဲရေးဆိုင်ရာတာဝန် ဝတ္တရားများကို စီရင်ဆုံးဖြတ်ရန် ဥပဒေအရအတိအလင်း ထွက်ပေါ်လာခဲ့သည်။

အခြားတစ်ဖက်တွင် ဥပဒေသည် စားသုံးသူအတွက် “ညှိနှိုင်းရန်အချိန်ပေးထားသော ကာလ cooling off period” ပြဋ္ဌာန်းထားပြီး ၊ နိုင်ငံတော်၏အခြားပြဋ္ဌာန်းချက် သို့မဟုတ် ယင်းနှင့်ဆန့်ကျင် သောသဘောတူညီချက်မရှိခဲ့ပါက စားသုံးသူများက ကုန်ပစ္စည်းအား လက်ခံရရှိပြီးသည်မှ ၇ ရက် အတွင်း ပြန်လည်ပို့ဆောင်နိုင်ရန် ခွင့်ပြုပေးထားပါသည်။ (စားသုံးသူမှ ဝယ်ယူပြီး ၇ ရက်အတွင်း ပြန်ပို့နိုင်ပါသည်)။

ဒုတိယအချက်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်ဝတ္တရားများကို ပြန်လည် အားဖြည့်ပေးထားပါသည်။ ဥပဒေအနေဖြင့် တာရှည်ခံကုန်ပစ္စည်းများ သို့မဟုတ် အလှဆင်ခြင်း ဝန်ဆောင်မှုများ သို့မဟုတ် ပိုင်ဆိုင်မှုပြုပြင်ခြင်းတို့တွင် စားသုံးသူလက်ခံပြီးသည်မှ ၆ လအတွင်း ချို့ယွင်းချက်တွေ့ရှိမှုမှ ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများတွင် စားသုံးသူ၏ခုခံကာကွယ်မှုအတွက် အထောက်အထားစုဆောင်းရန် ခက်ခဲသောပြဿနာ ဖြေရှင်းရန်အတွက် (စားသုံးသူမှ စီးပွားရေး လုပ်ငန်းရှင်ထံ) အထောက်အထားပြ ရန် မလိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။ အခြားတစ်ဖက်တွင် စားသုံးသူ၏ ကိုယ်ရေးကိုယ်တာနှင့် ပိုင်ဆိုင်မှုလုံခြုံရေးကို ကာကွယ်ရန်အတွက် ပြန်လည်သိမ်း ဆည်းသည့်အစီအစဉ်ကို မော်တော်ကားနှင့်ဆိုင်သော နယ်ပယ်ရှိထုတ်ကုန်နှင့် ဝန်ဆောင်မှုများသာ ကနဦးတွင် အကျုံးဝင်သော်လည်း ချို့ယွင်းနေသော ထုတ်ကုန်များကိုပါဆောင်ရွက်ရန် နယ်ပယ်တိုး ချဲ့ပေးခဲ့သည်။ အရပ်ဘက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် လျော်ကြေးပေးသည့် ယန္တရားအများစုနှင့် မတူသည့် အခြားရှုထောင့်တစ်ခုမှာ ပြစ်ဒဏ်လျော်ကြေးပေးခြင်း အစီအစဉ်ကို နိဒါန်းပျိုးခြင်းဖြစ် သည်။

စားသုံးသူဥပဒေအသစ်သည် အတုအပထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုပေးသော စီးပွားရေး လုပ်ငန်းရှင်များ အတွက် အကျုံးဝင်သည့် ပြစ်ဒဏ်များကို ဥပဒေအဟောင်းရှိ "ရိုးရိုးပြန်အပ်ခြင်းနှင့် လျော်ကြေးပေးခြင်း"မှ ပိုမိုဆိုးရွားသော "ရိုးရိုးပြန်အပ်ခြင်းနှင့် သုံးဆလျော်ကြေးငွေ"ကန့်သတ် ချက်ပမာဏအထိ တိုးမြှင့်ပေးဆောင်စေပါသည်။ အဆိုပါ ကန့်သတ်ချက်ဆိုသည်မှာ သုံးစွဲသူ၏ လိုအပ်ချက်အရ လျော်ကြေးငွေမှာ အနည်းဆုံး ယွမ် ၅၀၀ နှင့် စားသုံးသူမှ ဝယ်ယူသည့်ကုန်ပစ္စည်း (သို့မဟုတ်)ဝန်ဆောင်မှု၏ ဈေးနှုန်းထက် ၃ ဆ ဖြစ်သင့်ကြောင်းဖေါ်ပြထားပါသည်။

တတိယအချက်မှာ စားသုံးသူဥပဒေအသစ်သည် e-commerce နှင့် ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းနှင့်အညီ ဆိုက်ဘာသုံးစွဲမှုအပါအဝင် သုံးစွဲမှုပုံစံအသစ်များကို ထိန်းညှိ ရန်၊ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် သတင်းအချက်အလက်နှင့် တရားမျှတသောဆွေးနွေးညှိနှိုင်းမှု အခွင့်အရေးများကို အကာအကွယ်ပေးရေးကိုလည်း အားကောင်းစေပါသည်။ အထူးသဖြင့်၊ စီးပွား ရေးလုပ်ငန်းရှင်မှ ၎င်း၏ ထုတ်ကုန်ရောင်းချမှုအတွက် အင်တာနက်၊ ထုတ်လွှင့်မှု၊ ဆက်သွယ်ရေး သို့မဟုတ် စာတိုက်ကို အသုံးပြုသည့်အခါတိုင်း စားသုံးသူသည် ၎င်းလက်ခံရရှိပြီးသောကုန်ပစ္စည်းကို ၇ရက် အတွင်း အကျိုးအကြောင်း ဆီလျှော်မျှတသော အကြောင်းပြချက်မရှိဘဲ ပြန်လည်ပေးအပ်ရန် အခွင့်အရေးရှိကြောင်း ပြဋ္ဌာန်းထားသည်။

ဥပဒေ၏ ထိရောက်မှု တိုးမြှင့်စေရေးအတွက် ကုန်ပစ္စည်းများပြန်ပို့ရာတွင် နှောင့်နှေးစေ သောအခြေအနေများရှိနိုင်ရာ “ပြန်လည်ပေးအပ်မည့် ကုန်ပစ္စည်းသည် အခြေအနေကောင်းမွန်ရ မည်ဖြစ်ပြီး သက်ဆိုင်ရာကုန်ကျစရိတ်များကို စားသုံးသူမှပေးဆောင် ရမည်ဖြစ်သည်”ကို လိုအပ် ချက်တစ်ခုအဖြစ် သတ်မှတ်ဖော်ပြရန် မူဝါဒချမှတ်သူများက မပျက်ကွက်ပြဋ္ဌာန်းခဲ့ပါသည်။ အခြား တစ်ဖက်တွင် ဆိုက်ဘာပလပ်ဖောင်း အော်ပရေတာများသည် ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှု ပေးသူများကို ဆက်သွယ်ရန် အမှန်တကယ် အမည်၊ နေထိုင်မှုတို့အား ထိရောက်သောနည်းလမ်း များဖြင့် မပေးနိုင်သည့်အခါ လျော်ကြေးငွေပေးချေမှုကို မျှော်မှန်းထားသော စားသုံးသူအား ဥပဒေ ကြောင်းအရ အကန့်အသတ်ဖြင့် တရားဝင်တာဝန်ယူရမည်ဖြစ်သည်။ ဆိုက်ဘာပလပ်ဖောင်းကို အသုံးပြုခြင်းဖြင့် စားသုံးသူ၏အခွင့်အရေး သို့မဟုတ် တရားဝင်အကျိုးစီးပွားများ ထိခိုက်နစ်နာမှု ရှိပါက ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသူသည် သက်ဆိုင်ရာ ပလပ်ဖောင်းအော်ပရေတာနှင့် လိုအပ်သည့်အစီအမံများကို ပူးတွဲ တုံ့ပြန်ရမည်ဖြစ်သည်။

စတုတ္ထအချက်အနေဖြင့် ဥပဒေသစ်သည် နိုင်ငံတော်နှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ် ကွပ်ကဲမှုအာဏာနှင့် အုပ်ချုပ်ရေးတာဝန်များကို အားကောင်းစေရန်အတွက် ထွက်ပေါ်လာခြင်းဖြစ်

သည်။ ဥပဒေအဟောင်းသည် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး စီမံခန့်ခွဲရေး ဝန်ဆောင်မှုများတွင် တရားမဝင်ရရှိသော ပမာဏထက် ၂ ဆမှ ၅ဆအထိ ဒဏ်ငွေများ ချမှတ်နိုင်သော်လည်း ဥပဒေ အသစ်တွင် ဒဏ်ကြေးပြင်းထန်မှုနှင့် တရားမဝင် ကုန်ကျစရိတ်များကိုတိုးမြှင့်၍ ဒဏ်ကြေးကို တရား မဝင်ရရှိသောပမာဏ၏ ၁၀ဆ ပေးဆောင်ရန်ပြင်ဆင်ချမှတ်ခဲ့သည်။ အလားတူ ကုန်ပစ္စည်းတရား မဝင်ရရှိပါက ဒဏ်ကြေး၏ အမြင့်ဆုံးကန့်သတ်ချက်ကို ဥပဒေ အဟောင်းအရ ယွမ် ၁၀,၀၀၀ ပေး ဆောင်ခြင်းမှ ဥပဒေအသစ်အရ ယွမ် ၅၀၀,၀၀၀သို့ တိုးမြှင့်ပေးဆောင်စေခဲ့သည်။ တစ်ဖက်တွင်မူ တရားဥပဒေစိုးမိုးရေးတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပူးပေါင်းပါဝင်မှု တိုးမြှင့်လာစေရန်နှင့် ပြည်သူများ၏ စိစစ်မှုကိုတိုးမြှင့်ကာ အေးဂျင့်များ သစ္စာရှိစွာဆက်ဆံနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန်အတွက် ဒဏ်ခတ်အရေးယူရေး အဖွဲ့များသည် ဥပဒေသစ်အရ စီးပွားရေးလုပ်ငန်းတစ်ခုစီ၊ လုပ်ငန်းရှင်တစ်ဦးချင်းစီ၏ တရားမျှတမှုမရှိသော လုပ်ရပ်များအားလုံးကို မှတ်တမ်းတင် ထုတ်ပြန် သင့်သည်။

ပဉ္စမအချက်အနေဖြင့် ၎င်းသည် စားသုံးသူအသင်းအဖွဲ့များ၏ အဆင့်အတန်းနှင့် သဘာဝကို အတိအလင်းဖော်ပြပြီး ၎င်းတို့၏လုပ်ပိုင်ခွင့်များကို တိုးချဲ့ပေးထားပါသည်။ စားသုံးသူအုပ်စုများ သည် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး စီမံခန့်ခွဲမှုဝန်ဆောင်မှုများ၏ သက်ဆိုင်ရာအဆင့်မှ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရမှ ဘဏ္ဍာငွေထောက်ပံ့ကာ အစိုးရများ၏ ကနဦးအစပြုမှုတွင် တရားဝင်ဖွဲ့စည်းထားသော တစ်စိတ်တစ်ပိုင်း တရားဝင် အဖွဲ့အစည်းဖြစ်သောကြောင့် အရပ်ဘက် အဖွဲ့အစည်းအများစုနှင့် ကွဲပြားပါသည်။ ဥပဒေအဟောင်းတွင် စားသုံးသူအုပ်စုတို့အား "လူမှုအသိုင်း အဝိုင်း" ၏ သဘောသဘာဝကို သတ်မှတ်ပေးထားပြီး အဆိုပါအသင်းအဖွဲ့များသည် "လူမှုရေး- အစိုးရ အသိုက်အဝန်းများ- social government communities" ဖြစ်သည်ဟုသော အယူဝါဒအရ သဘောတူ လက်ခံထားခဲ့သည်။ သို့ရာတွင် ဥပဒေအသစ်တွင် ပုဒ်မ ၂ မှပြဋ္ဌာန်းပေးထားသော "လူမှု အသိုင်းအဝိုင်း- social community" ၏ အဓိပ္ပါယ်အသစ်နှင့်အညီ "လူမှုရေး အဖွဲ့အစည်း- social organization" ဟူသော ဝေါဟာရကို အစားထိုးခဲ့ပါသည်။

**(ဂ)စားသုံးသူ တိုင်ကြားမှုစာရင်းအင်းများ**

(၁၅-၃-၂၀၁၄)ရက်နေ့တွင် စားသုံးသူဥပဒေသစ် စတင်ထုတ်ပြန်ပြီး တစ်နှစ်ခန့် အကြာတွင် တရုတ်စားသုံးသူအသင်းမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ် တတိယ သုံးလပတ်အတွင်း တရုတ်စားသုံးသူအသင်း အဖွဲ့များသည် စားသုံးသူတိုင်ကြားစာ စုစုပေါင်း ၁,၀၅၇,၉၆၅ ရရှိခဲ့ကြောင်း၊ စားသုံးသူ တိုင်ကြားစာ များအနက်မှ ၉၀၈,၉၈၇ကို ၈၅.၉၂ % နှုန်းဖြင့်

ဖြေရှင်းပြီး ယွမ် ၁ ဒသမ ၉၂၆၃ ဘီလီယံ တန်ဖိုးရှိသော စားသုံးသူများအတွက် စီးပွားရေးပျက်စီးမှုကို ပြန်လည်ရယူပေးနိုင်ခဲ့ပါသည်။

အလားတူကာလအတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ၏ လိမ်လည်မှုများအတွက် နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားစာပေါင်း ၁၂,၇၈၆ မှ လက်ခံရရှိခဲ့ပြီး ယင်းတို့အနက် ၁၉၁၇ မှုသည် အရေးယူဆောင်ရွက်မှုအတွက် အသင်းအဖွဲ့များ၏ ပံ့ပိုးကူညီမှုရရှိခဲ့ပါသည်။

တိုင်ကြားမှုများ၏အဓိကအကြောင်းရင်းများမှာ ကုန်ပစ္စည်းအရည်အသွေး၊ ရောင်းပြီးနောက်ဝန်ဆောင်မှုနှင့် စာချုပ်ဆိုင်ရာပြဿနာများဖြစ်ပြီး စုစုပေါင်းတိုင်ကြားမှုများ၏ ၄၅%, ၂၀% နှင့် ၁၃% အသီးသီးဖြစ်ကာ ကျန်ရှိသည့်အကြောင်းရင်းများမှာ စျေးနှုန်း၊ လွဲမှားစွာကြော်ငြာခြင်း၊ အတုအပပြုလုပ်ခြင်း၊ တိုင်းတာခြင်းနှင့် ရေတွက်ခြင်း လူ့ဂုဏ်သိက္ခာ နှင့်ပတ်သတ်သောအမှုများသည်အမှုများ၏၀.၃% ရှိခဲ့သည်။

ကုန်ပစ္စည်း အမျိုးအစားအလိုက် အမျိုးအစားခွဲခြားမှုအရ ၂၀၁၄ ခုနှစ်တွင် တိုင်ကြားစာများသည် ကြီးစဉ်ငယ်လိုက်စီထားရာ အသုံးအဆောင်များ၊ အဝတ်အထည်များ၊ နေ့စဉ်သုံးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးကိရိယာများနှင့် စားသောက်ကုန်များနှင့် သက်ဆိုင်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ရေးပစ္စည်းများသည် အစားအသောက် ထုတ်ကုန်များနေရာကို အစားထိုးခဲ့ပြီး အဆင့် ၅ နေရာတွင် ရှိပါသည်။

ဝန်ဆောင်မှုများအတွက်၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်ကြားကာလများအတွင်း တိုင်ကြားမှုများအများစုသည် နေ့စဉ်လူမှုရေးဝန်ဆောင်မှုများ၊ ဆိုက်ဘာဝန်ဆောင်မှုများ၊ အရောင်း၊ ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်သည်။

စားသုံးသူဥပဒေသစ် ပြဋ္ဌာန်းပြီး ပထမတစ်နှစ်အကြာတွင် ကျင်းပခဲ့သော ပထမအကြိမ်သတင်းစာရှင်းလင်းပွဲတွင် တရုတ်စားသုံးသူများအသင်းမှ ထုတ်ပြန်သည့် အချက်အလက်များအရ တရုတ်နိုင်ငံ၏ စားသုံးသူအသင်းများသည် ဥပဒေကို အကောင်အထည်ဖော်ရာတွင် အဓိကအတားအဆီး(၄) ခုနှင့် ရင်ဆိုင်နေကြရကြောင်းနှင့် ယင်းတို့မှာ–

(၁) စားသုံးသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အကာအကွယ်ပေးခြင်း ပြုလုပ်ရာတွင် တားဆီးကာကွယ်ရေး၊ သက်သေစံနှုန်းနှင့် လျော်ကြေးပေးချေမှု အဆင့်များတွင် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

(၂) အသင်းအဖွဲ့များ၏ ပဋိပက္ခကြားဝင်ဖျန်ဖြေမှုသည် ပြစ်ဒဏ်ပေးသည့် နစ်နာမှုယန္တရားကို အဟန့်အတားဖြစ်စေသည်။

(၃) ဆိုက်ဘာပလက်ဖောင်းအများအပြားသည် စားသုံးသူအခွင့်အရေးများအတွက် ပြဋ္ဌာန်းထားသော "ခုနစ်ရက်အတွင်း အကြောင်းမရှိဘဲ ပြန်လာခြင်း" ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျယ်ပြန့်စေခဲ့သည်။

(၄) သတင်းအချက်အလက်ဆိုင်ရာအခွင့်အရေးများ၊ လုံခြုံရေး၊ လွတ်လပ်စွာရွေးချယ်ခွင့်နှင့် မျှတသောငွေကြေးဆိုင်ရာသုံးစွဲမှုဥပဒေ (ပုဒ်မ ၁၄) ကို အကောင်အထည်ဖော်ရာတွင် အောက်ပါအကြောင်းအရာများဖြစ်သော– ဥပဒေစံနှုန်းများအောက် အရည်အသွေး (ပုဒ်မ ၅)၊ မှားယွင်းသောကြော်ငြာခြင်း (ပုဒ်မ ၆)၊ အမှတ်တံဆိပ်အတု (ပုဒ်မ ၅)၊ ဆိုက်ဘာပေါ်တွင်ဆောင်ရွက်သော အရောင်းအဝယ်များတွင် ခုနစ်ရက်အတွင်း အကြောင်းပြချက်မရှိဘဲ ပြန်လည်အပ်နှံခြင်း (ပုဒ်မ ၉)၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုများ (ပုဒ်မ၁၀)၊ ကြိုတင်ငွေပေး ချေမှုဖြင့် သုံးစွဲမှု (ပုဒ်မ ၁၀) စားသုံးသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များချိုး ဖောက်ခြင်း (ပုဒ်မ ၁၁)၊ တရားမျှတမှုမရှိသော စာချုပ်ပါအပိုဒ်များ (ပုဒ်မ၁၂) နှင့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၏ တရားမဝင်သောလုပ်ရပ်များ (ပုဒ်မ၁၃) များကို အုပ်ချုပ်ရေးအဖွဲ့များက စားသုံးသူဥပဒေအသစ်ကို ပြဋ္ဌာန်းရန်အတွက် အခြေခံအဖြစ် ဆောင်ရွက်ပေးပါသည်။

ဒဏ်ခတ်အရေးယူမှုအစီအမံများဖြင့် မြှင့်တင်ထားသည့်အင်္ဂါရပ်များကို အောက်ပါအတိုင်း အကျဉ်းချုံးဖော်ပြနိုင်ပါသည်–

အစပိုင်းတွင်၊ ၎င်း၏အဓိကအကြောင်းအရာသည် စားသုံးသူဥပဒေသစ် စတင်အသက်ဝင်ချိန်မှစ၍ စားသုံးသူထံမှရရှိသည့် တိုင်ကြားမှုများတွင် အထင်ရှားဆုံးဥပဒေ စိုးမိုးရေး ပြဿနာများကို ရောင်ပြန်ဟပ်နေပါသည်။ ထို့ကြောင့် အထွေထွေညွှန်ကြားမှုဦးစီးဌာနသည် ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာများကို အသုံးပြု၍ ဥပဒေဆိုင်ရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ပေးပါသည်။

ဒုတိယနေရာတွင် ဒဏ်ခတ်အရေးယူမှုဆိုင်ရာ အစီအမံအများအပြားတွင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားထိခိုက်မှုအဖြစ် အယုံကြည်ရဆုံးသော ဖြစ်ရပ်များကို စံနမူနာပြနည်းလမ်းအဖြစ် စားသုံးသူဥပဒေအသစ်၏ စီးပွားရေးလုပ်ငန်းရှင်မှကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများပေးဆောင်ခြင်းတွင်ပါရှိသော ပိတ်ဆို့အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ခိုင်ခိုင်လုံလုံကျင့်သုံးရန် ဖြည့်စွက်ခြင်းနှင့် တိုးမြှင့်ခြင်း ဆောင်ရွက်ထားခဲ့သည်။

ထို့ကြောင့် ဥပမာအားဖြင့် ပုဒ်မ ၆ တွင် ပွင့်လင်းစွာပြုစုထားသော အထင်အမြင် မှားစေသောကြော်ငြာများ သို့မဟုတ် မှားယွင်းစေရန် လှုံ့ဆော်ပေးသည့်လုပ်ရပ်များ အပါအဝင် အမှားများ ပုဒ်မ ၉ တွင် ဖော်ပြထားသော ဆိုက်ဘာငွေကြေးလွှဲပြောင်းမှုအတွင်း အကြောင်းပြချက်မရှိဘဲ စားသုံးသူ၏ ပြန်ပေးပိုင်ခွင့်ကို ကျင့်သုံးခြင်းအား ဆန့်ကျင်သည့် "နှောင့်နှေးစေသောနည်းပရိယာယ် (သို့မဟုတ်)

တရားမျှတမှုမရှိသော ငြင်းဆိုမှုပုံစံများ" အမျိုးအစားလေးမျိုး၊ စားသုံးသူဥပဒေအသစ်၏ စည်းကမ်း အပြင် ပုဒ်မ ၁၁ အရ ဖော်ပြထား သောစားသုံးသူများ၏အချက်အလက်များနှင့်ပတ်သတ်၍ ဥပဒေ ချိုးဖေါက်မှု ၃ မျိုး၊ ပုဒ်မ ၁၂ တွင် ပွင့်လင်းစွာပြုစုထားသော ဥပဒေနှင့်ဆန့်ကျင်သော ယေဘုယျ သဘောတူစာချုပ်ပါ အပိုဒ်များ၊ ပုဒ်မ ၁၆ တွင် စားသုံးသူဥပဒေအသစ်တွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ပေး လျော်ကြေးစနစ်၏ ရည်ရွယ်ချက်များအတွက် "လိမ်လည်မှု" အယူအဆကို ရှင်းလင်း ခြင်းတို့ဖြစ်ပါသည်။

တတိယအချက်အနေဖြင့် ဒဏ်ခတ်အရေးယူမှုအစီအမံများ၏ ပူးပေါင်း လုပ်ဆောင်နိုင်စွမ်း ကို အားကောင်းစေရာတွင် ဒဏ်ခတ်ပိတ်ဆို့မှုအားလုံးသည် ညှဉ်းပန်းနှိပ်စက်ခြင်း (တရားမနစ်နာမှု) ပြုလုပ်သည်ဖြစ်စေ မပြုလုပ်သည်ဖြစ်စေ ယင်းနှင့်ဆက်စပ်နေသည်။ အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်း ချက်များနှင့်အတူ တရားရုံးများသည် စားသုံးသူအခွင့်အရေး ကာကွယ်ရေးတွင် အလွန်အရေးကြီး သော အခန်းကဏ္ဍမှပါဝင်ပါသည်။ ၂၀၁၅ ခုနှစ် ဇွန်လ တွင် နိုင်ငံတွင်းတရားစွဲဆိုမှု စုစုပေါင်း (၁၉၉,၀၀၀) ရှိခဲ့ပြီး (၁၇၉,၀၀၀) မှာရုံးချိန်းကို ပြီးမြောက်စေကာ စားသုံးသူဘက်မှ အနိုင်ရနှုန်း သိသိသာသာ တိုးလာကြောင်း သတိပြုသင့်ပါသည်။

တရားရုံးချုပ်သည် (၂၃-၁၂-၂၀၁၃)ရက်နေ့နှင့် (၁၆-၆-၂၀၁၅) ရက်နေ့တို့တွင် အသီးသီး ထုတ်ပြန်ခဲ့သော “အစားအသောက် သို့မဟုတ် ဆေးဝါးနှင့် ပတ်သက်သည့် အမှုများတွင် တရား စွဲဆိုခြင်းဆိုင်ရာ ပြဿနာအချို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ အပေါ် တရားစီရင်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်” နှင့် စားသုံးသူအခွင့်အရေး ကာကွယ်ရေးဆိုင်ရာ လက်တွေ့ကျသော အမှုတွဲ (၁၀) စောင်တို့ကို ခွဲခြမ်း စိတ်ဖြာခြင်းဖြင့် စားသုံးသူဥပဒေအသစ် ကျင့်သုံးခြင်း၏ ရှုထောင့်အချို့ကို တရုတ်တရားရုံးများက ပိုမို နားလည်စေနိုင်ပါသည်။

ပထမအချက်အနေဖြင့် ပထဝီဝင်အနေအထားပျံ့နှံ့မှုအရ အမှုပေါင်း ၁၀ မှ စလုံး သည် ဗဟိုအစိုးရ၏ တိုက်ရိုက်မှီခိုနေရသော မြူနီစီပယ်များ သို့မဟုတ် ကမ်းရိုးတမ်း ပြည်နယ်များနှင့် မြို့ကြီးများတွင် ဖြစ်ပွားခဲ့ရာ တရုတ်ပြည်မကြီး ပိုင်နက်နယ်မြေအတွင်း စားသုံးသူဥပဒေ အသစ် အသုံးချမှုတွင် မညီမျှမှုကိုပြသခြင်းဖြစ်၍ မြို့ငယ်များနှင့် ကျေးလက်ဒေသများတွင် စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာ တုံ့ပြန်နိုင်စွမ်း ပိုမိုအားကောင်းလာစေရေး အားဖြည့်ပေးရန်လိုအပ်သော အဓိပ္ပါယ်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်ပေးရေးအမိန့်များ၏ အကြောင်း အရာသည် အုပ်ချုပ်ရေးဆိုင်ရာ တိုင်ကြားစာများနှင့် ကျယ်ပြန့်စွာတူညီနေပုံရပြီး အစားအသောက် များ (အာဟာရဖြည့်စွက်စာနှင့် ဝိုင်များအပါအဝင်)၊ ဆက်သွယ်ရေး ထုတ်ကုန်များ၊ အိမ်သုံးပစ္စည်း များ၊ ကားများ၊ လက်ဝတ်ရတနာများနှင့် ဝန်ဆောင်မှုများကို ဦးတည်ပစ်မှတ်ထားသည်။

တတိယအချက်အနေဖြင့် ကိစ္စရပ် cases များသည် စားသုံးသူဥပဒေအသစ်တွင် ပါဝင်သော သက်သေပြသည့်ဝန်ထုပ်ဝန်ပိုးကို ပြန်ပြောင်းလှန်ခြင်း၊ စီးပွားဖြစ် လိမ်လည်မှုများအတွက် ပြစ်ဒဏ်ပေးခြင်း၊ ကြိုတင်ငွေပေးချေသုံးစွဲမှု၊ ချွတ်ယွင်းနေသော ထုတ်ကုန်များကို ပြန်လည်သိမ်းဆည်းခြင်းနှင့် ဆိုက်ဘာဈေးဝယ်ခြင်းတို့နှင့်ပတ်သက်၍ အခြေခံအားဖြင့် ထင်ဟပ်ပါသည်။

စတုတ္ထအချက်တွင် အထူးသဖြင့် ဘေးကင်းရေး၊ ကျန်းမာရေး၊ တရားမျှတသော ကုန်သွယ်မှု၊ သတင်းအချက်အလက်နှင့် လျော်ကြေးဆိုင်ရာအခွင့်အရေးများကို ကိုယ်စားပြုသည့် အခြေခံ စားသုံးသူအခွင့်အရေးများကို ချိုးဖောက်မှုများကို ဖော်ညွှန်းသည့် ဖြစ်ရပ်များဖြစ်သည်။

ပဉ္စမအချက်တွင် စားသုံးသူဥပဒေအသစ်၏ အကန့်အသတ်ကျော်လွန်၍ ယင်းဥပဒေသာမက အခြားဥပဒေများနှင့် စည်းမျဉ်းများဖြစ်သည့် အစားအသောက် ဘေးကင်းရေး ဥပဒေနှင့် စာချုပ်များဆိုင်ရာဥပဒေတို့လည်း အပါအဝင် အခြားဥပဒေကို ကျင့်သုံးခဲ့ကြောင်း ရှုမြင်နိုင်သည်။ ၂၀၁၀ ခုနှစ်တွင် တရားရုံးချုပ်သည် ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ကျင့်သုံးမှုကို စံသတ်မှတ်နိုင်စေရန် အလို့ငှာ အမှုတွဲ (၁၀)တွဲနှင့် လမ်းညွှန်ချက်အမှုတွဲ စုစုပေါင်း (၅၂) ခုကို ထုတ်ပြန်ခဲ့ပြီး case guiding scheme လမ်းညွှန်ချက်တစ်ရပ်ကို စတင်ပြဋ္ဌာန်း ဆောင်ရွက်ခဲ့သည်။

စားသုံးသူဥပဒေသစ် စတင်အသက်ဝင်သည့်အချိန်မှစ၍ တရားရုံးချုပ်သည် လမ်းညွှန်ချက်အမှုကို ထုတ်ပြန်ခြင်းမပြုဘဲ၊ ဥဒါဟရဏ်(စံ-နမူနာ)အမှုများကို အသုံးပြုခြင်းသည် တရားရုံးအသီးသီး၏ တရားစီရင်မှုဘောင်များကို စံသတ်မှတ်ခြင်းအတွက် အကျိုးရှိသော အကျိုးဆက်များဖြစ်စေပြီး စားသုံးသူများ၏ တရားဝင်အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် တရားစီရင်ရေးဆိုင်ရာ ရပ်တည်ချက်လည်းဖြစ်သည်။

## ၄။ တရုတ်နိုင်ငံ၏ စားသုံးသူများအခွင့်အရေးနှင့်အကျိုးစီးပွား ကာကွယ်ရေးအသင်းများ စုပေါင်းဆောင်ရွက်မှုများ

(၃၀-၁၂-၂၀၁၄) ရက်နေ့တွင် ရှန်ဟိုင်းမီးရထားပို့ဆောင်ရေးဝန်ဆောင်မှုShanghai Railway Transport Services က မှားယွင်းစွာဝယ်ယူသူများ လက်မှတ်အသစ် ဝယ်ယူခြင်းအား တားမြစ်ပိတ်ပင်ခဲ့၍ ရှန်ဟိုင်းမီးရထားပို့ဆောင်ရေးအား အရေးယူရန် တရားရုံးရှေ့မှောက်တွင် Zhejiang Consumers' Association မှ တောင်းဆိုခဲ့သည်။ တရုတ်နိုင်ငံတွင် စားသုံးသူအခွင့်အရေးကာကွယ်ရေးအတွက် စားသုံးသူဥပဒေအသစ် စတင်အသက်ဝင်ချိန်မှစတင်၍ တရုတ်စားသုံးသူများအသင်းမှဦးဆောင်၍ ပထမဆုံး စုပေါင်း လုပ်ဆောင်သည့်အမှုမှာ အဆိုပါအမှုဖြစ်သည်။

တရုတ်စားသုံးသူများအသင်း၏ ပံ့ပိုးကူညီမှု ရရှိခဲ့သော်လည်း စုပေါင်းဆောင်ရွက်မှု အတွက် အရပ်ဘက်လုပ်ထုံးလုပ်နည်း ဥပဒေတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်း ဆိုင်ရာအခြေအနေများ ပြည့်စုံမှုမရှိခြင်းကြောင့် ပထမဆုံးသောဤဥပမာတွင် အမှုသည် ပယ်ချခံခဲ့ရသည်။

ဒုတိယဥပမာတွင်လည်း Zhejiang Consumer စားသုံးသူများအသင်း၏ အရေးယူဆောင်ရွက်မှု action အား စွန့်လွှတ်ရန်ခွင့်ပြုသည့်ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။ အဆိုပါအမှုကြောင့် တရားရုံးချုပ်မှမကြာမီထုတ်ဝေတော့မည့် စားသုံးသူများ၏ စုပေါင်း လုပ်ဆောင်မှုများ၏ တရားစီရင်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်(အထူးသဖြင့်၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ယူဆချက်များနှင့် သက်သေများ၏ ဝန်ထုပ်ဝန်ပိုးကို ထိန်းညှိရန်) အား ထုတ်ဝေရန် လူ့အဖွဲ့အစည်းမှ ဆွေးနွေးမှုများပြုလုပ်ကာ ဖိအားများ ဖြစ်ပေါ်စေ၍ အဆိုပါအမှုသည် တရားစီရင်ရေးကဏ္ဍအပေါ် အာရုံစိုက်မှုကို နှိုးဆွပေးခဲ့ပါသည်။

(၁-၇-၂၀၁၅)ရက်နေ့တွင် စားသုံးသူ ဥပဒေ အသစ် ၏ပုဒ်မ ၄၇ကိုအခြေခံ၍ ရှန်ဟိုင်းစားသုံးသူကောင်စီသည် ရှန်ဟိုင်းဥပစာပြည်သူ့တရားရုံး Intermediate People’s Court of Shanghai ၏ 1st ပထမအပိုင်းတွင် စုပေါင်းဆောင်ရွက်ချက်ဖြင့် Tianjin Samsung Telecom Technology Co. Ltd. နှင့် GuangDong OPPO Mobile Telecommunications Corp. Ltd. တို့၏မိုဘိုင်းလ်ဖုန်းများတွင် ယခင်ထည့်သွင်းထားသည့် အပလီကေးရှင်းများမှတစ်ဆင့် စားသုံးသူများ၏ လွတ်လပ်စွာရွေးချယ်ခွင့်နှင့် သတင်းအချက်အလက်ဆိုင်ရာ ထိခိုက်နစ်နာမှုများအပေါ် ထိခိုက်စေသည်ဟု စွပ်စွဲခဲ့သည်။

အဆိုပါအမှုသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တရုတ်တရားရုံးများမှ စီရင် ဆုံးဖြတ်သော စားသုံးမှုအပေါ် ပထမဆုံးစုပေါင်းအရေးယူမှု first collective action ဖြစ်လာပြီး လုပ်ထုံးလုပ်နည်း အမိန့်ကို အပြည့်အဝသဘောပေါက်လာကာ တရားခံကုမ္ပဏီနှစ်ခုသည် စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ဖောက်ဖျက်သည့် ဆောင်ရွက်မှုများကို ဖြေရှင်းပေးခဲ့ရုံသာမက အခြားသော၊ Apple၊ Sony နှင့် Huawei ကဲ့သို့သော ကုမ္ပဏီများကလည်း ၎င်းတို့သည် တိုးတက်မှု အစီအမံများကို လက်ခံကျင့်သုံးနေပြီဟု ကြေငြာခဲ့သည်။

ဤအခြေအနေတွင် ရှန်ဟိုင်းစားသုံးသူ ကောင်စီသည် နောက်ဆုံးတွင် အဆိုပါ လုပ်ငန်းစဉ်များကို ရပ်ဆိုင်းရန် သဘောတူခဲ့ပြီး နောက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနသို့ ဥပဒေပြုရေး အဆိုပြုချက်များစွာကို တင်ပြခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ တရုတ်စားသုံးသူဈေးကွက် အရွယ်အစားနှင့် စားသုံးသူ အခွင့်အရေး ကာကွယ်ရေးကို ရည်ရွယ်သည့် အမှုအခင်းအရေအတွက်အရ စားသုံးသူ ဥပဒေသစ်၏ ရှေ့မှောက်တွင် အောင်မြင်ခဲ့သော တစ်ခုတည်းသော စုပေါင်းဆောင်ရွက်မှုသည် စားသုံးသူအသင်းများ၏

အတွေ့အကြုံများ ဆန်းသစ်တီထွင်မှုနှင့် နောက်ထပ် သင်တန်းများ ပိုမိုစုဆောင်းရန်လိုအပ်ကြောင်း ထုတ်ဖော်ပြသလျှက်ရှိပါသည်။

၅။နိဂုံး

တရုတ်နိုင်ငံ၏ စားသုံးသူဥပဒေအသစ်သည် သုံးစွဲသူများအား အခွင့်အရေး အသစ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တာဝန်သစ်များပေးအပ်ထားပါသည်။ စီးပွားရေးတစ်ခု၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ကျန်းမာသောဖွံ့ဖြိုးတိုးတက်မှုသည် စားသုံးသူ ပတ်ဝန်းကျင်ကောင်းရှိခြင်းအပြင် စားသုံးသူများ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိထိရောက်ရောက် အကာအကွယ်ပေးခြင်းအပေါ် မူတည်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အတူ တရားရုံးများသည် စားသုံးသူအခွင့်အရေး ကာကွယ်ရေးတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ယေဘူယျအားဖြင့် ဥပဒေသစ်သည် တစ်နှစ်ကျော်ကြာ အပြုသဘောဆောင်သော ရလဒ်များရရှိခဲ့သည်ဟု ဆိုနိုင်သော်လည်း အမှန်တရားမှာ ရှေ့တွင် စိန်ခေါ်မှုအသစ်များ ရှိနေဆဲဖြစ်ပါသည်။

ကိုးကားချက်များ

(၁) Law of the People's Republic of China on the Protection of Consumer Rights and Interests – China.org.cn

(၂) Consumer Rights and Interests Protection Law of China(2014)

(၃) The new consumer protection law in China: Improvement and Enforcement written by Dan Wei , Professor of University of Macao

စီးပွားရေးသံမှူး

ဒေါက်တာဝေရီလင်း၊ ကူမင်း

………………………………………………………………………………………………………

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြင့်လာသည့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တရုတ်ပို့ကုန်တင်ပို့သူများက ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်ပြု ဆောင်ရွက်မှုသဘောတူညီချက်ကြောင့် အကောက်ခွန်နှုန်းထားများ သက်သာလာသဖြင့် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းပိုမိုအားကောင်းလာရာ ပေါ်ထွက်လာသည့် စီးပွားရေးအခွင့်အလမ်းများကို ရယူနိုင်ရန် စောင့်စားနေကြပါသည်။

၎င်း RCEP သဘောတူညီချက်မှာ အပြည့်ပြည့်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံ မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ၊ ကိုရိုနာကပ်ရောဂါမှ တစ်ကမ္ဘာလုံးပြန်လည်နာလန် ထူလာရာတွင်လည်း ပါဝင်ဖြည့်ဆည်းပေးနိုင်မည်ဟု အများက မျှော်လင့်ထားကြပါသည်။ ထို့ပြင် ရှိပြီးဖြစ်သည့် ကုန်သွယ်ရေးသဘောတူညီချက်များကိုလည်း ပိုမိုဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ထားကြပါသည်။

အာဆီယံနိုင်ငံများတွင် RCEP ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသဖြင့် စီးပွားရေးအခွင့်အလမ်းများ သိသာစွာဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပစ္စည်းများကို ရောင်းချပြီးပါက ဝန်ဆောင်မှုဆက်လက်ပေးရန်ကိုလည်း စဉ်းစား ထားကြောင်း လျိုကျိုးမြို့အခြေစိုက် Guangxi Liugong Machinery Co Ltd က မှတ်ချက်ပြုပြောကြားပါသည်။

နန်နင်းအခြေစိုက် Guangxi TWT Supply Chain Management Co Ltd ကလည်း ချင်းကျိုးဆိပ်ကမ်းမှတစ်ဆင့် ကမ္ဘောဒီးယားမှ လတ်ဆတ်သရက်သီးများကို ပိုမိုတင်သွင်း သွားမည်ဖြစ်ကြောင်း၊ ယခင်က သွင်းကုန်များအပေါ် အကောက်ခွန်(၁၅)ရာခိုင်နှုန်း ကောက်ခံခဲ့သည့် ဗီယက်နမ်နိုင်ငံက ယခုအခါ အကောက်ခွန်နှုန်းသုညသို့ လျှော့ချလိုက်သဖြင့် တရုတ်မှ ဗီယက်နမ်သို့ ပို့ကုန်အတော်များများမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိသွားကြောင်းဟ ုပြောကြားထားပါသည်။

စွမ်းအင်အသစ်သုံးမော်တော်ယာဉ်များအတွက် lithium batteries ထုတ်လုပ်ပေး နေသည့် CNGR Advanced Material Co Ltd က အင်ဒိုနီးရှားမှ နီကယ်သတ္တုရိုင်းများ တင်သွင်းရန် ဆွေးနွေးနေကြောင်း သိရပါသည်။

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ချင်းကျိုးဆိပ်ကမ်းမှာ အာဆီယံဈေးကွက် အတွက် ကုန်သေတ္တာတင်သင်္ဘောများ အများဆုံးထွက်ရှိရာဆိပ်ကမ်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ချင်းကျိုးဆိပ်ကမ်းကို ဖြတ်သန်း၍ ဝန်ဆောင်မှုပေးခဲ့သည့် ကုန်တန်ချိန်ပေါင်း သန်း (၁၆၀) ရှိခဲ့ပါသည်။ ယခင်နှစ်က ၎င်းဆိပ်ကမ်းသည် ကမ္ဘာပေါ်ရှိထိပ်တန်းဆိပ်ကမ်း (၁၀၀)စာရင်းသို့ပင် ဝင်ခဲ့ပါသည်။

တရုတ်-မလေးရှား ချင်းကျိုးစက်မှုဇုန်မှာ (၁၀)နှစ်တိုင်ရှိခဲ့ပြီဖြစ်ပြီး ကွမ်တုန်း-ဟောင်ကောင် - မကာအို မဟာပင်လယ်အော်ဒေသနှင့် ရန်စီမြစ်စီးပွားရေးရပ်ဝန်းတို့နှင့် တိုးချဲ့ချိတ်ဆက်သွားရန် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ တိုးချဲ့မှုများပြုလုပ်သွားရန် စီစဉ်လျက်ရှိပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)အတွင်း တရုတ်နှင့် အာဆီယံနိုင်ငံများ၏ ဆက်ဆံရေးမှာ တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီး၊ နှစ်ဖက်ကုန်သွယ်ရေးမှာ ၁၉၉၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၈) ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ (၆၈၄.၆) ဘီလီယံအထိ ရောက်ရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၊ နန်နင်းမြို့မှ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့သို့ ရထား အခေါက်ရေ (၃၄၆) ခေါက်ကို အပြန်အလှန်ပြေးဆွဲခဲ့ပြီး၊ တိုးတက်မှုနှုန်း (၁၀၈.၄) ရာခိုင်နှုန်း ရှိခဲ့ ပါသည်။ ၎င်းရထားများဖြင့် အာဆီယံနိုင်ငံများမှ တန်ချိန် (၁၉,၄၀၀)ရှိ ဒူးရင်း သီး၊ မင်းဂွတ်သီးနှင့် ရေငန်းသီးစသည့် သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ တင်သွင်းခဲ့ပြီး၊ ယခင်နှစ်ကထက် (၁၄.၇) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ တရုတ်နိုင်ငံဘက်မှ ဖန်ထည်များ၊ ဝါ၊ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများနှင့် ဒီဇယ်အင်ဂျင်များကို အာဆီယံနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။

ယခုနှစ် ဇန်နဝါရီလ (၆)ရက်နေ့တွင် တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းရှန်သို့ဆိုက်ရောက်လာသည့် ကုန်တင်ရထား၌ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ (၁.၇၄) သန်း တန်ဖိုးရှိ ဒူးရင်းသီးများကို ကုန်သေတ္တာ (၁၇)လုံးဖြင့် တင်သွင်းခဲ့ပါသည်။

ယခုနှစ်တွင် တရုတ်နှင့် ဗီယက်နမ်အကြား ကုန်တင်ရထားခရီးစဉ် (၄၀၀)ကို ပြေးဆွဲ သွားရန် လျာထားပြီး၊ RCEP သဘောတူညီချက်မှ ပေါ်ထွန်းလာသည့် စီးပွားရေးအခွင့် အလမ်းသစ်များကို ရယူရန်နှင့် တရုတ်နှင့် အာဆီယံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားရန် ကွမ်ရှီးအစိုးရပိုင်းက မျှော်လင့်ထားကြပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn/

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

………………………………………………………………………………………………

## ရပ်ဝန်းနှင့် ပိုးလမ်းမ ရင်းနှီးမြှုပ်နှံမှု အပတ်စဉ်သတင်း

မော်စကိုမှာ ၎င်း၏ကုန်စည်ပို့ပိုးမှုကွင်းဆက်တွင် ဥရောပသမဂ္ဂမှအဝေးသို့ ရွေ့လျား သွားပြီ ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ပြည်တွင်း app stores များတွင် iOS နှင့် Android ဖုန်းများ အတွက် ဒစ်ဂျစ်တယ်ယွမ်ငွေ app အသစ်ကို စတင်လိုက်ပြီဖြစ်ပါသည်။ ၎င်း app ကို တရုတ်နိုင်ငံတစ်ဝှမ်းရှိ မြို့ (၁၂)မြို့တွင် အသုံးပြုနိုင်ပြီး၊ ဆောင်းရာသီအိုလံပစ်ပွဲတော်၌ နိုင်ငံခြားသားများ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ Tencent မှပိုင်ဆိုင်သည့် WeChat ကလည်း e-CNY ကို ၎င်း၏ Platform ပေါ်တွင်

ငွေပေးချေမှုနည်းလမ်းတစ်ခုအဖြစ် အသုံး ပြုရန် စတင်တော့မည်ဖြစ်ပြီး၊ အသုံးပြုသူပေါင်း (၁.၂) ဘီလီယံကျော်ကို ဒစ်ဂျစ်တယ် ငွေကြေးအသုံးပြုရန် စတင်မိတ်ဆက်နိုင်ခြေရှိပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမ ရထားလမ်း အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် နည်းပညာအဆင့်မြင့် ငွေကြေးစီးဆင်းမှု၊ ဒစ်ဂျစ်တယ်ဆက်သွယ်မှုများကွန်ရက်စသည့် Smart နည်းပညာသုံး ရထားလမ်း ဖြေရှင်းမှုများကို ထည့်သွင်းလိုက်ကာ၊ ပိုမိုမြန်ဆန်ပြီး ခြေရာခံလိုက်နိုင်သည့် နည်းပညာများဖြစ်ပါသည်။

ရုရှားနှင့် အီရန်တို့၏ ဆက်ဆံရေးမှာ ပိုမိုတိုးပွားလာဖွယ်ရှိပြီး အိန္ဒိယနှင့် အဇာဘိုင်ဂျန်တို့ အပေါ် သိသာသည့် ဒေသတွင်းကုန်သွယ်ရေးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

ဖိလစ်ပိုင်နိုင်ငံက ၎င်း၏ မှတ်ပုံတင်ထားသည့်ပို့ကုန်တင်ပို့သူများအတွက် ပြည်တွင်း၌ ဝယ်ယူသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် တန်ဖိုးဖြည့်အခွန် (VAT) ကင်းလွတ် ခွင့်ပြုလိုက်ပါသည်။ ၎င်းကင်းလွတ်ခွင့်တွင် အကျုံးဝင်သည့်ကိစ္စရပ်များမှာ ကိရိယာတန် ဆာပလာများ ရောင်းချခြင်း၊ ကုန်စည်များ ပို့ပိုးပေးခြင်း၊ ထုပ်ပိုးခြင်းစသည်တို့ပါဝင်ပြီး အများဆုံးကင်းလွတ်ခွင့် ရရှိမည့်ကာလမှာ (၁၇)နှစ် ဖြစ်ပါသည်။

Cryptocurrency များ ရယူခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းများကို တားမြစ်ရန် ရုရှား ဗဟိုဘဏ်က ပြုလုပ်လျက်ရှိပါသည်။

ရင်းမြစ်၊ China Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

…………………………………………………………………………………………………..

**တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာစနစ် သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုလျော်ညီမှုရှိစေရေးနှင့် အမြဲမပြတ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်**

တရုတ်နိုင်ငံသည် ကျေးလက်ဒေသနေ ပြည်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေရန်နှင့် သဘာဝ ပတ်ဝန်းကျင်အရ ပိုမိုထိရောက်မှုရှိစေရန် ၎င်း၏ စားနပ်ရိက္ခာနှင့် လယ်ယာ စိုက်ပျိုးရေးစနစ်များကို တိုးတက်လာစေရေးအတွက် ပိုမိုခိုင်မာသည့်စီမံဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု လယ်ယာ စိုက်ပျိုးရေးအရာရှိတစ်ဦးက ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

စားနပ်ရိက္ခာစိတ်ချလုံခြုံမှုရှိစေရေး၊ လယ်ယာစိုက်ပျိုးရေးမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များထုတ်လွှတ်မှုကို ပိုမိုလျှော့ချရေးနှင့် ကျေးလက်ဒေသများကို အားကောင်းစေခြင်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်ဒေသ ကြွယ်ဝချမ်းသာစေရေးအတွက် စားနပ်ရိက္ခာစနစ်များကို သိသာစွာအသွင် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တရုတ်ပြည်သူတိုင်း အာဟာရပြည့်ဝသည့် အစားအစာများကို လက်လှမ်းမီ ရရှိနိုင်ရေးနှင့် လုံလောက်မှုရှိစေရေးအတွက် ကျေးလက်စားနပ် ရိက္ခာတန်ဖိုး ကွင်းဆက်များအပေါ် ရင်းနှီးမြှုပ်နှံမှုများနှင့် မူဝါဒပြောင်းလဲမှုများကို ပြုလုပ်သွားမည်ဟု သတင်း ရရှိပါသည်။

ရင်းမြစ်၊ Xinhua

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

……………………………………………………………………………………………

## နွေဦးရာသီပွဲတော်နီးကပ်လာပြီဖြစ်သဖြင့် တရုတ်အထည်အလိပ်ဈေးကွက်ပတ်ဝန်းကျင် အားပျော့နေသော်လည်း ဝါဈေးကွက် အမြင့်ပိုင်း၌ အတက်အကျ ဆက်လက်ဖြစ်ပေါ်နေ

ဇန်နဝါရီလ (၂၁)ရက်နေ့တွင် 3128B lint cotton ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၇၀၆) ရှိပြီး၊ ပြီးခဲ့သည့်ရက်သတ္တပတ်ကထက် (၂၃၇)ယွမ် မြင့်တက်လာကာ၊ ပြီးခဲ့သည့် လကထက် (၃.၀၁) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

Zhengzhou ဝါဈေးကွက်မှာ ဆက်လက်မြင့်တက်နေပြီး၊ လက်ငင်းအဝယ်ဈေးနှုန်းက မြင့်တက်နေခြင်းဖြစ်ပါသည်။ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် 3128B ပြည်တွင်းဝါဈေးနှုန်း အညွှန်းကိန်း၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၆၅၄) ဖြစ်ကာ၊ ပြီးခဲ့ သည့်ရက်သတ္တပတ်ကထက် (၁၉၄) ယွမ် မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းနေ့၌ Zhengzhou ရှိ အဓိက ဝါစာချုပ် ပေးချေသည့်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၁,၆၇၀) ဖြစ်ပြီး၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် ယွမ် (၄၀၀) မြင့်တက်ခဲ့ပါသည်။

ယခုအခါ တရုတ်နိုင်ငံတွင် နွေဦးရာသီပွဲတော်အားလပ်ရက်ရှည် အလွန်နီးကပ်လာပြီ ဖြစ်သဖြင့် ချည်ခင်ကုန်ချောထုတ်လုပ်သည့် လက်ငင်းအဝယ်ဈေးကွက်မှာ အားပျော့နေပြီး၊ အထည် ရက်လုပ်သည့် စက်ရုံများမှာလည်း တစ်ရုံပြီးတစ်ရုံ အားလပ်ရက်ရှည်အတွက် အလုပ်ပိတ်နေသဖြင့် ချည်ခင်များရက်လုပ်နိုင်သည့်နှုန်းမှာ တဖြည်းဖြည်းကျဆင်းနေပါသည်။

နိုင်ငံတကာတွင် အိန္ဒိယချည်အသင်း၏ ဒီဇင်ဘာလရှိ စာရင်းများအရ ၂၀၂၁-၂၂ ခုနှစ် ရောင်းလိုအားဘက်၌ ယခင်နှစ်ကထက် (၄၀) ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး၊ ထုတ်လုပ်မှုပိုင်း၌ (၁.၄) ရာခိုင်နှုန်းခန့် ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပါသည်။ အမေရိကန်ဝါဈေးကွက်ဘက် တွင် ICE ဝါကြိုရောင်းကြိုဝယ်ဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်ကထက် (၁၂၀)ဆင့် မြင့်တက်လာခဲ့ပြီး၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် မတ်လအရောင်းစာချုပ်၌ (၁၂၂.၈၇)ဆင့်နှင့် မေလအရောင်းစာချုပ်၌ (၁၁၉.၆၇)ဆင့် အသီးသီးဖြစ်ပေါ်ခဲ့ပါသည်။ ဇန်န ဝါရီလ (၂၁)ရက်နေ့ရှိ အပြည်ပြည်ဆိုင်ရာဝါအညွှန်းကိန်းမှာ တစ်ပေါင်လျှင် (၁၃၉.၁၅)ဆင့် ဖြစ်ပြီး၊ ယခင်ရက်သတ္တပတ်ကထက် (၆.၀၁) ဆင့် မြင့်တက်လာခဲ့ပါသည်။ ၎င်းအညွှန်းကိန်း မှာ တရုတ်နိုင်ငံ၏ အဓိကဆိပ်ကမ်းမှ CIF ဈေးနှုန်းဖြင့် တင်သွင်းလာသည့် ဝါပျမ်းမျှဈေးနှုန်းကို ကိုယ်စားပြုပါသည်။

ခြုံငုံ၍သုံးသပ်ရလျှင် ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်လိုအားနည်းနေသော်လည်း ဝါဈေးကွက်အားကောင်းနေသောကြောင့် ဝါချည်ခင်ဈေးနှုန်းမှာ အမြင့်ပိုင်း၌ ဆက်လက်တည်ရှိနေခြင်းဖြစ်ပါသည်။ နွေဦးရာသီပွဲတော်ပြီးလျှင် ဝါချည်ခင်ဈေးနှုန်းမြင့် တက်မှုကြောင့် အထည်ရက်လုပ်သည့် စက်ရုံများဘက်မှလည်း ဈေးနှုန်းမြင့်တက်လာနိုင်မည်ဟု သုံးသပ်ရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာဋ္ဌေးစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………………………………………………………………

## ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေးနီဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့

ပြီးခဲ့သည့်ရက်သတ္တပတ်အဆုံးတွင် ကြေးနီလက်ငင်းအဝယ်ဈေးနှုန်းမှာ တစ်တန် လျှင် ယွမ် (၇၁,၀၅၅) ဖြစ်ခဲ့ကာ ယခင်ရက်သတ္တပတ်အစောပိုင်းကဈေးနှုန်းထက် (၀.၈၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ၊ ပြီးခဲ့သည့်နှစ်ကထက် (၁၉.၇၆) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

**ရောင်းလိုအားနှင့် ဝယ်လိုအား**

ရောင်းလိုအား ကစဉ့်ကလျားဖြစ်မည်ကို စိုးရိမ်သဖြင့် ကမ္ဘာတစ်ဝှမ်းမှ ကြေးနီသတ္တုတွင်းများဘက်မှ တဖြည်းဖြည်းသာထုတ်ရောင်းသဖြင့် နွေဦးရာသီပွဲတော်ကာလအတွင်း သိုလှောင်ရုံများတွင် လက်ကျန်နည်းနေခြင်းနှင့် ပစ္စည်းထပ်ထည့်ခြင်းတို့အကြားတွင် မျှခြေရှိနေနိုင်ပြီး၊

ကုန်ချောအသုံးပြုမည့်ဘက်မှလည်း ဝယ်လိုအားနည်းနေရာ အလုံးစုံရောင်းလိုအားနှင့် ဝယ်လိုအားမှာ အားနည်းနေနိုင်ပါသည်။

ခြုံငုံ၍ သုံးသပ်ရလျှင် နွေဦးရာသီပွဲတော်မှာ နီးကပ်လာပြီဖြစ်သဖြင့် ဝယ်လိုအား အားနည်းနေပြီး၊ ကြေးနီရောင်းလိုအားမှာလည်း လျော့တိလျော့ရဲဖြစ်နေသဖြင့် ရေတိုကာလတွင် ကြေးနီဈေးနှုန်းအတက်အကျဖြစ်နေပြီး အားလျော့နေဖွယ်ရှိပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

………………………………………………………………………………………………

## ထိုင်းနိုင်ငံဆိုင်ရာ စီးပွားရေးသတင်းများ

**ယခုနှစ်တွင်စားသောက်ကုန်တင်ပို့မှု(၈.၄%)မြင့်တက်လာမည်ဟုခန့်မှန်းထားခြင်း (ထိုင်းနိုင်ငံ)**

ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှု၊ ကုန်ပစ္စည်းများ၊ စွမ်းအင်နှင့်ထောက်ပံ့ပို့ဆောင်ရေးဈေးနှုန်းများမြင့်တက်လာမှုတို့ကြောင့်ယခုနှစ်အတွင်းအစားအစာပြည်ပတင်ပို့မှု (၈.၄%)မြင့်တက်လာဖွယ်ရှိနေကြောင်း၊ ထိုင်းအစားအစာများ၏ ပြည်ပတင်ပို့နိုင်မှုအလားအလာမှာ ကောင်းမွန်လျှက်ရှိနေကြောင်းသိရှိရပါသည်။

အမျိုးသားအစားအစာ သိပ္ပံမှ ညွှန်ကြားရေးမှူး Anong Paijitprapaporn ၏ အဆို အရ အစားအစာတင်ပို့မှုသည် ယခုနှစ်တွင် ဘတ်ငွေ(၁.၂)ထရီလီယံရရှိနိုင်မည်ဟု မျှော်လင့်ရပြီး အစားအစာပြည်ပတင်ပို့မှုမှာ စံချိန်သစ်တင်နိုင်ဖွယ်ရှိကြောင်းသိရှိရပါသည်။

အဆိုပါခန့်မှန်းချက်အား အမေရိကန်တစ်ဒေါ်လာလျှင်(၃၄)ဘတ်နှုန်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှု (၄%)၊ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ(၁၀၀)နှင့် ကမ္ဘာ့အစားအစာဈေးနှုန်းမြင့်တက်မှု (၃.၅%)ခန့်မှန်းယူဆချက်များအပေါ်အခြေခံ၍ ခန့်မှန်းထားခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အစားအစာပို့ကုန်တိုးတက်မှုအတွက် အဓိကအထောက်အပံ့ပေးမည့် အချက်အလက်များမှာ ကမ္ဘာပေါ်ရှိလူသားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုပိုမိုရရှိပြီး ကမ္ဘာ့ဝယ်လို

အားမြင့်တက်လာမှုတို့ဖြစ်ကြောင်း ညွှန်ကြားရေးမှူး Anong Paijitprapaporn ၏အဆိုအရသိရှိရပါသည်။

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျှက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည့် စားသောက်ဆိုင်များနှင့် ဟိုတယ်လုပ်ငန်းများအနေဖြင့် ကိုဗစ်-၁၉နှင့်ပတ်သက်၍ အစိုးရ၏လုံခြုံရေးအစီအမံများကို ပိုမို၍ဖြေလျှော့မှုများကြောင့်စိုးရိမ်မှုများ လျှော့ပါးလာခြင်းနှင့် ဘတ်ငွေတန်ဖိုးအားနည်းမှုတို့ကြောင့် တဖြည်းဖြည်းပြန်လည် နာလန်ထူလာပြီဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းကုန်သည်ကြီးများအသင်းနှင့်အမျိုးသားအစားအစာသိပ္ပံနှင့်ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်တို့အနေဖြင့် ယမန်နှစ်က ထိုင်းအစားအစာပြည်ပတင်ပို့မှု (၁၁.၈%)မြင့်တက်ခဲ့ကြောင်း နှင့် ထိုင်းဘတ်ငွေ(၁.၁၀၇)ထရီလီယံ၊ အမေရိကန်ဒေါ်လာအားဖြင့်(၃၄.၈၉)ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းမှာယခင်နှစ်ကထက်(၁၁.၅%)မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့အစားအစာတင်ပို့မှုတွင်(၁၃)ခုမြောက်အကြီးမားဆုံး တင်ပို့သည့်နိုင်ငံအဖြစ်ဆက်လက်ရှိနေကြောင်း၊ ယမန်နှစ်ကကဲ့သို့မပြောင်းလဲဘဲ ဆက်လက်ရပ်တည်လျှက်ရှိနေကြောင်းသိရှိရပါသည်။ မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်သော ရလဒ်များရရှိခဲ့ခြင်းမှာ ကုန်သွယ်ဖက်နိုင်ငံများ၏တင်းကြပ်သော ဘေးကင်းရေးအစီအမံများအား ဖြေလျှော့ပေးခဲ့မှုကြောင့် ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများကိုဖြစ်ပေါ်စေခဲ့ပြီးစားသောက်ဆိုင်များနှင့် ဟိုတယ်များ ကဲ့သို့သောဝန်ဆောင်မှုလုပ်ငန်းများမှ အစားအစာများပိုမိုမှာယူမှုများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ဘတ်ငွေတန်ဖိုး ကျဆင်းခြင်းကလည်း ထိုင်းအစားအစာများအား ပြည်ပသို့တင်ပို့ရန်ပိုမိုကောင်းမွန်သောရလဒ်များကိုဖြစ်ပေါ်စေခဲ့ကြောင်း၊သို့ရာတွင်ကမ္ဘာ့ဈေးကွက်၌ထိုင်းအစားအစာဈေးကွက်ရရှိမှုမှာ ၂၀၂၀ခုနှစ်တွင်(၂.၃၂%)ရရှိနေရာမှ၂၀၂၁ခုနှစ်တွင်(၂.၃%)သို့ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ယမန်နှစ်က အမေရိကန်၊ အာဖရိက၊ သမုဒ္ဒရာပိုင်းနိုင်ငံများ၊ ဗြိတိန်တို့မှလွဲ၍အခြားသောဈေးကွက်များတွင် ထိုင်းအစားအစာပြည်ပတင်ပို့မှုများမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

လက်ရှိတွင်တရုတ်နိုင်ငံသည် ထိုင်းအစားအစာတင်သွင်းမှုဈေးကွက်ရှယ်ယာ(၂၄.၅%)၊ တန်ဖိုးအားဖြင့် ဘတ်ငွေ(၂၇၁.၆၇၄)ဘီလီယံဖြင့် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျှက်ရှိကြောင်း၊ ယမန်နှစ်ကထက် (၅၉%) မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၁ခုနှစ်တွင် လယ်ယာထွက်ကုန်များနှင့် အစားအစာ ကုန်ကြမ်းများ တင်ပို့မှုအနေဖြင့် ဘတ်ငွေ (၅၀၆.၉၇) ဘီလီယံရှိခဲ့

ကြောင်း၊ ၎င်းမှာ (၂၅.၅%)မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ စုစုပေါင်း အစားအစာ ပြည်ပတင်ပို့မှု၏ (၄၅.၈%)ရှိကြောင်း၊ ယမန်နှစ်ကထက်(၄၀.၈%) မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ပြုပြင်ထားသောအစားအစာပြည်ပတင်ပို့မှုမှာ ဘတ်ငွေ(၆၀၀.၄၈)ဘီလီယံရှိပြီး(၂.၄%) မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ စုစုပေါင်းအစားအစာပြည်ပတင်ပို့မှု၏(၅၄.၂%)ရှိကြောင်း၊ ယမန်နှစ်ကထက်(၅၉.၂%)ကျဆင်းသွားဖြင်းဖြစ်ကြောင်းသိရှိရပါသည်။

တိုးတက်တင်ပို့နိုင်ခဲ့သော အစားအစာများတွင် ပီလောပီနံမှုန့် (+၃၄.၃%)၊ ပုဇွန်(+၁၀.၈%) အုန်းသီးထုတ်ကုန်(+၇.၇%)၊ ဟင်းခတ်အမွှေးအကြိုင်(+၁၃.၃%)၊ အသင့်စားအစားအစာ (၇.၇%)၊ နာနတ်သီး(+၃၁.၅%)တို့ဖြင့်အသီးသီးတိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

…………………………………………………………………………………………………………

**ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့များဖွဲ့စည်းခြင်း (ထိုင်းနိုင်ငံ)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဗန်ကောက်မြို့နှင့်အနီး ပတ်ဝန်းကျင်ရှိပြည်နယ်များတွင် စားသောက်ကုန်များနှင့်ကုန်ပစ္စည်းများ၏ဈေးနှုန်းမြင့်တက်မှုကို စစ်ဆေးသွားရန်အတွက်စောင့်ကြည့်ရေးအဖွဲ့(၅၅)ကိုဖွဲ့စည်းလိုက်ကြောင်းသိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam ၏ အဆိုအရ စောင့်ကြည့်ရေးအဖွဲ့များအနေဖြင့် ဈေးနှုန်းကဒ်ပြားမချိတ်ထားသော ကုန်သည်များနှင့် ကျိုးကြောင်းဆီလျှော်မှုမရှိဘဲ၊ မျှတမှုမရှိဘဲ မတရားဈေးနှုန်းမြှင့်တင်ရောင်းချသူများအား တရားဥပဒေအရ ချက်ခြင်းအရေးယူဆောင်ရွက်သွားစီစဉ်ထားကြောင်းသိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် နည်းပါးသော ဈေးနှုန်းဖြင့်ရောင်းချပေးနေသည့် သောင်ဖာ (Thong Fah) Blue Flag ဆိုင်များအားလည်း စားသုံးသူများအပေါ် အခွင့်အရေးယူ၍ ဈေးနှုန်းမြင့်တင်ရောင်း ချနေကြောင်း တွေ့ရှိပါက လုပ်ငန်းပါဝင်ဆောင်ရွက်ခွင့်ကို ပြန်လည်ရုတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်နယ်အသီးသီးရှိ အုပ်ချုပ်ရေးမှူးများအနေဖြင့် ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့များအား ပြည်နယ်ရှိမွေးမြူရေးအရာရှိများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ထမ်း အရာရှိများ နှင့် ပူးပေါင်းဖွဲ့စည်း၍ ကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ထောက်ပံ့ရေးပစ္စည်းများ၏ ဈေးနှုန်းများအား အနီးကပ်စစ်ဆေး ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရ ပါသည်။

ဝန်ကြီးဌာနအနေဖြင့်ယခုလအစောပိုင်းက မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဈေးနှုန်းမြင့်တက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြီးကြပ် ဆောင်ရွက်သွားရန် အဖွဲ့များဖွဲ့စည်းခဲ့ကြောင်းသိရှိရပါသည်။ ဝန်ကြီးဌာန၏အမြဲတမ်း အတွင်းဝန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အဆိုပါအဖွဲ့များအနေဖြင့် ဈေးနှုန်းကြီးမြင့်မှုအတွက် တိုင်ကြားမှု များကိုကိုင်တွယ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အား စားသုံးသူများ အပေါ်အခွင့် အရေးယူပြီး ဈေးနှုန်းမြှင့်တင်ရောင်းချသည့် ကုန်သည်များအား ဥပဒေအရ အရေးယူ ဆောင်ရွက် သွားရန် လုပ်ပိုင်ခွင့်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာဂျူရင်ကနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ၁၉၉၉ခုနှစ် ကုန်စည်နှင့်ဝန်ဆောင်မှုများ အက်ဥပဒေအရ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သွားရန်လုပ်ပိုင်ခွင့်များပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

Mr. Wattanasak Sur–iam ၏အဆိုအရ တရုတ်နှစ်သစ်ကူးပွဲတော် ကာလအတွင်း အချို့သောကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ၊သို့ရာတွင် ယခုလအစောပိုင်းတွင် မွေးမြူ ရေးခြံများ၏ ခြံထွက်ဝက်သားဈေးနှုန်းအနေဖြင့် တစ်ကီလိုဂရမ်လျှင်(၁၁၀)ဘတ်မှ (၁၀၄)ဘတ်သို့ ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ပွဲတော်ကာလအတွင်း စားသုံးသူများအနေဖြင့် ဘုရားကိုပူဇော်ရန် အတွက် လတ်ဆပ်သည့်စားသောက်ကုန်များကို ပိုမိုသုံးစွဲကြမည်ဖြစ်ပါသည်။ ဝယ်လိုအားတိုးတက် လာသော်လည်း များစွာသောကုန်စည်များ၏ ဈေးနှုန်းကို ထိန်းသိမ်းထားခဲ့ကြောင်းနှင့် ဈေးနှုန်း အနည်းငယ်သာ မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝက်မွေးမြူသူများအသင်း၊ ဝက် သတ်ရုံများနှင့်တွေ့ဆုံ၍ မွေးမြူရေးခြံထွက်ဝက်သားဈေးနှုန်းကိုတစ်ကီလိုဂရမ်လျှင် (၁၀၀–၁၁၀) ဘတ်ဖြင့်ထိန်းသိမ်းထားရန် ဆွေးနွေးခဲ့ပြီးနောက် ဝက်သားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရှိ ရပါသည်။

ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာနအနေဖြင့် လူအများ၏ လူနေမှုကုန်ကျစရိတ်ကို သင့် တော်သောအဆင့်တွင် ထိန်းသိမ်းထားပေးရန် ခေတ်မီကုန်တိုက်ကြီးများကိုလည်း ဝက်သားနီ (red pork) လက်လီဈေးနှုန်းကိုတစ်ကီလိုဂရမ်လျှင်(၂၀၅–၂၁၀)ဘတ်ဈေးနှုန်းဖြင့်ထိန်းသိမ်းထား ပေးရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.........................................................................................................

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၆ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀) ရက်

| ၁၀-၂-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၃၁.၉ |
| စင်္ကာပူဒေါ်လာ | ၁၃၂၅.၁ |
| စတာလင်ပေါင် | ၂၄၀၉.၉ |
| ဂျပန်ယန်း (၁၀၀) | ၁၅၃၇.၅ |
| တရုတ်ယွမ် | ၂၇၉.၅၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၁၃ |
| အိန္ဒိယရူပီး | ၂၃.၇၁၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၈.၇၂ |
| မလေးရှား ရင်းဂစ် | ၄၂၄.၉၀ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၆၉၃ |
| ထိုင်းဘတ် | ၅၄.၄၁၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၃၄၇ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဇန်နဝါရီလအတွင်း တရုတ်ဈေးကွက်၌ ပဲပုပ်ဆီနှင့် စားအုန်းဆီ ဈေးနှုန်းများမြင့်တက်ခဲ့

➢ ခရိုအေးရှားနိုင်ငံမှ အမဲသားအား ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့ခြင်း

➢ အီးယူနှင့် အမေရိကန်နိုင်ငံတို့အကြား ယောက်သွားနှင့် ခရုကမာများ ကုန်သွယ်မှု ပြန်လည်စတင်မည်

➢ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁)လအတွင်း စင်ကာပူနိုင်ငံ၏ ငါးနှင့် ပင်လယ်စာတင်သွင်းမှုတန်ချိန် ကျဆင်းခဲ့

➢ မလေးရှားနိုင်ငံတွင် မိုးများခဲ့သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းသည် ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှုအပေါ် သက်ရောက်လာနိုင်

➢ ကမ္ဘောဒီးယားနိုင်ငံ၏ ရေထွက်ပစ္စည်းနှင့် ရေချိုငါးလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁.၇ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ခြင်း

➢ တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးပို့ကုန်များ ပိုမိုတင်ပို့ရန် စီမံဆောင်ရွက်မှုများ ပြုလုပ်သွားမည့် ဗီယက်နမ်နိုင်ငံ

➢ တရုတ်နှစ်ကူးပြီးနောက် ပဲပုပ်ဆီနှင့် ပဲပုတ်အစာ ကြိုရောင်းကြိုဝယ်ဈေး သိသိသာသာ မြင့်တက်လာ

➢ ဘရာဇီးလ်နိုင်ငံ၏ သီးနှံစတော့ဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ ဟဲရာ ၂၀၀ အထက်သို့ မြင့်တက်လျက်ရှိ

- **အထွေထွေသတင်းများ**

- ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းရန် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်
- ဩစတြေးလျနှင့် လစ်သူအေးနီးယား နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မည်
- ရွှေ့ပြောင်းလုပ်သား(၈၀၀,၀၀၀)အရေးပေါ်လိုအပ်လျှက်ရှိခြင်း
- ရွှေ့ပြောင်းလုပ်သား(၈၀၀,၀၀၀)အရေးပေါ်လိုအပ်လျှက်ရှိခြင်း
- စက်မှုထုတ်ကုန် အညွှန်းကိန်းအနေဖြင့်(၄-၅%)တိုးတက်လာနိုင်ခြင်း
- ထိုင်းနိုင်ငံရှိ သဘော်ာနှင့်ကုန်တင်သူများအနေဖြင့် ယခုနှစ်ပထမ(၃)လပတ်တွက် ပြည်ပပို့ကုန်တိုးတက်မှု(၅%) ရရှိမည်မျှော်မှန်းခြင်း
- ဘရာဇီးလ်နိုင်ငံနှင့် အာရပ်နိုင်ငံများအကြား စီးပွားရေးတိုးချဲ့နိုင်မည့် အခွင့်အလမ်းကောင်းများ ရှာဖွေရန် Gulfood 2022 ပြပွဲသို့ အာရပ်-ဘရာဇီးလ် ကုန်သည်အသင်းဥက္ကဌ တက်ရောက်
- ဖွံ့ဖြိုးလာနေသည့် အာရှပစိဖိတ်ဒေသဈေးကွက်သည် အီးယူစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းသဖွယ်ဖြစ်လာနိုင်ခြင်း
- စွမ်းအင်ဈေးနှုန်းမြင့်တက်နေမှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက လျှပ်စစ်ဓါတ်အားအပေါ် Value-added Tax နှုန်းထားအား လျှော့ချကောက်ခံသွားမည်
- ပိုမိုနီးကပ်သည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွား ရန် တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ သဘောတူညီခဲ့
- ၂၀၂၁ ခုနှစ် တရုတ်လူဦးရေစာရင်းက ဖော်ပြနေသည့် တရုတ်နိုင်ငံ၏ လူဦးရေနှင့်ပတ်သက်သော အကြောင်းအရာများ
- ၂၀၂၁ ခုနှစ်အတွင်း ဗဟိုဘဏ်များ၏ ရွှေအရန်ထားရှိမှု တန် (၄၆၃) ပိုမိုလာ
- ဟောင်ကောင်စီးပွားရေးသတင်းများ
- ၂၀၂၁ ခုနှစ် ကိန်းဂဏန်းများပေါ်အခြေခံသည့် တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် အတွက် စီးပွားရေးမျှော်မှန်းချက်

- ဇန်နဝါရီလကုန်ပိုင်းတွင် တရုတ်စျေးကွက်၌ အဖိုးတန်သတ္တုစျေးနှုန်းများ အတက်အကျ ဆက်လက်ဖြစ်ပေါ်ခဲ့
- ဇန်နဝါရီလ ရက်နေ့တွင် တရုတ်နိုင်ငံ၌ အလူမီနီယံစျေးနှုန်းများ(၂၆) သိသိသာသာ မြင့်တက်ခဲ့
- ITB Berlin ကို Digital Business Day အဖြစ် ကျင်းပမည့်အစီအစဉ်

## ဇန်နဝါရီလအတွင်း တရုတ်ဈေးကွက်၌ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးနှုန်းများ မြင့်တက်ခဲ့

၂၀၂၂ ခုနှစ်သို့ ကူးပြောင်းပြီးနောက် နိုင်ငံပြင်ပမှ အကြောင်းခြင်းရာများကြောင့် တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်း ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးနှုန်းများမှာ တစ်လကြာသည့်တိုင်ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ပဲပုပ်ဆီ၏ ပျမ်းမျှဈေးကွက်ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၁၂၀) ဖြစ်ပြီး၊ ဇန်နဝါရီလ အစောပိုင်းကထက် (၅.၃၁) ရာခိုင်နှုန်းမြင့်တက်လာသည်ကို တွေ့ရပါသည်။ အလားတူပင် စားအုန်းဆီ၏ ပျမ်းမျှဈေးကွက်ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၁၀,၇၉၂) ဖြစ်ပြီး၊ ဇန်နဝါရီလ အစောပိုင်းကထက် (၁၂.၈၈၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

နှစ်သစ်သို့ကူးပြောင်းပြီးနောက် တောင်အမေရိကတွင် ပဲပုပ်စိုက်ပျိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သော်လည်း ရာသီဥတုအလွန်အမင်း ခြောက်သွေ့နေပါသည်။ မလေးရှားနိုင်ငံ၌မူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေကာ ဆီအုန်းရောင်းလိုအားကျဆင်းနေပါသည်။ အဆိုပါအချက်အလက်များအရ ပဲပုပ်ဆီနှင့် စားအုန်းဆီတို့၏ ဈေးနှုန်းများ သိသာစွာမြင့်တက်နေခြင်းဖြစ်ပါသည်။ သို့ရာတွင် ဈေးနှုန်းများမြင့်တက်နေသော်လည်း အမြတ်ပြန်ရချက်မှာ သာမန်မျှသာ ဖြစ်နေပါသည်။

ယခု တရုတ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကာလတွင် ပဲပုပ်ဆီနှင့် စားအုန်းဆီ လက်ငင်းရောင်းဝယ်သူများမှာ အားလပ်ရက်ကိုခံစားနေကြပြီး၊ ပဲပုပ်ဆီစက်များကိုလည်း ရပ်နား၍ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နေသဖြင့် လက်ငင်းအဝယ်ဈေးနှုန်းမှာ ယေဘုယျအားဖြင့်ဈေးအမြင့်ပိုင်း၌ တည်ငြိမ်ဆဲဖြစ်ပါသည်။

ရင်းမြစ်၊ SunSirs (၂၈-၁-၂၀၂၂)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

…………………………………………………………………………………………………

## ခရိုအေးရှားနိုင်ငံမှအမဲသားအား ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့ခြင်း

ခရိုအေးရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ခရိုအေးရှားအမဲသားထုတ်လုပ်သူများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ခရိုအေးရှားနိုင်ငံမှ နွားကလေးသားများကို ဂျပန်နိုင်ငံဈေးကွက်သို့

တင်ပို့ခွင့်ရရှိခဲ့သည်ဟု ယင်းဝန်ကြီးဌာနက ၂၄-၁-၂၀၂၂ ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်းသိရပါသည်။

တိရစ္ဆာန်များတွင် အဓိကကူးစက်တတ်သောရောဂါများကို ဖယ်ရှားထိန်းချုပ်နိုင်ရေး ခရိုအေးရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာအဖွဲ့ (World Organization for Animal Health – OIE) ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့ပြီး၊ ခရိုအေးရှားနိုင်ငံ၏ တိရိစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ကုန်များဆိုင်ရာ ကျန်းမာရေးထိန်းချုပ်မှုစနစ်သည် ဂျပန်နိုင်ငံ၏စနစ်များ နှင့်ကိုက်ညီမှုရှိကြောင်း ပြသနိုင်ခဲ့သဖြင့် ထိုသို့အမဲသား တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဂျပန်နိုင်ငံကဲ့သို့ ဝယ်လိုအားကောင်းမွန်သည့် ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိခြင်းသည် ခရိုအေးရှားထုတ်ကုန်များအား အခြားပြည်ပဈေးကွက်များသို့ ဝင်ရောက်ခွင့်ရရှိရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ခရိုအေးရှားနိုင်ငံ၏ ကိုယ်ပိုင်အစီအစဉ်ဖြင့်ဖြစ်စေ၊ ဥရောပကော်မရှင်နှင့် ပူးပေါင်း၍ဖြစ်စေ ခရိုအေးရှားထုတ်ကုန်များ အခြားပြည်ပနိုင်ငံများ၌ ဈေးကွက်ရရှိရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ခရိုအေးရှားစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြပါသည်။

ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကြောင့် ခရိုအေးရှားနိုင်ငံ၏ အမဲသားထုတ်လုပ်ရေးကဏ္ဍ ထုတ်လုပ်မှုကျဆင်းခြင်း၊ ပြည်ပမှ အမဲသားများတင်သွင်းမှုကြောင့် ဈေးကွက်ထိခိုက်ခြင်းတို့ဖြစ်ပေါ်ခဲ့သဖြင့် ခရိုအေးရှားစိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အမဲသားထုတ် လုပ်ရေးကဏ္ဍအတွက် ပံ့ပိုးမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.total-croatia-news.com/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

………………………………………………………………………………………………

## အီးယူနှင့် အမေရိကန်နိုင်ငံတို့အကြား ယောက်သွားနှင့် ခရုကမာများ ကုန်သွယ်မှု ပြန်လည်စတင်မည်

အီးယူနှင့် အမေရိကန်နိုင်ငံတို့အကြား အခွံမာရေနေသတ္တဝါအမျိုးအစားများဖြစ်သော ယောက်သွား၊ ခုံးကောင်၊ ခရုနှင့် ကမာကောင်များ ကုန်သွယ်မှုကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အီးယူအဖွဲ့ဝင် စပိန်နှင့်

နယ်သာလန်နိုင်ငံတို့သည် အဆိုပါထုတ်ကုန်များကို အမေရိကန်နိုင်ငံသို့ တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး၊ အပြန်အလှန်အားဖြင့် အမေရိကန်နိုင်ငံ၊ မက်ဆာချူးဆက်နှင့် ဝါရှင်တန်ပြည်နယ်တို့မှ အလားတူထုတ်ကုန်များကို အီးယူသို့တင်ပို့ခွင့် ရရှိမည်ဖြစ်ကြောင်း သိရပါသည်။

အီးယူနှင့် အမေရိကန်နိုင်ငံတို့အကြား အဆိုပါထုတ်ကုန်များ ကုန်သွယ်မှုပြုနိုင်ရေးအတွက် ထုတ်လုပ်မှုစနစ်များအား နှစ်ဘက်အပြန်အလှန်အသိအမှတ်ပြုရေးကို ဥရောပကော်မရှင်နှင့် အမေရိကန်နိုင်ငံ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) တို့အကြား ကာလရှည်ကြာ ဆွေးနွေးလာခဲ့ကြခြင်းဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများမတူကွဲပြားမှုကြောင့် အီးယူနှင့် အမေရိကန်တို့အကြား အခွံမာရေသတ္တဝါကုန်သွယ်မှုကို ဆောင်ရွက် နိုင်ခြင်းမရှိခဲ့သည်မှာ ၂၀၁၁ ခုနှစ် ကတည်းကဖြစ်ကြောင်း သိရပါသည်။

နှစ်ဘက်အကြား အခွံမာရေသတ္တဝါထုတ်လုပ်သည့်နေရာများအား အပြန်အလှန်စစ်ဆေးခြင်း (on-the-spot audits) ကို ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် ဆွေးနွေးမှု များကို နှစ်ပေါင်းအတန်ကြာပြုလုပ်ခဲ့ပြီးနောက် အီးယူအဖွဲ့ဝင် (၂) နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်(၂) ခုတို့အကြား ထုတ်လုပ်မှုစနစ်များအား တူညီစွာအသိအမှတ်ပြုနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် အီးယူသို့ အခွံမာရေသတ္တဝါများ တင်ပို့ခွင့်ရရှိသည့် တတိယနိုင်ငံများ စာရင်းတွင် အမေရိကန်နိုင်ငံ၊ မက်ဆာချူးဆက် နှင့် ဝါရှင်တန်ပြည်နယ်တို့အား အီးယူက ထည့်သွင်းခဲ့ပါသည်။

အီးယူအဖွဲ့ဝင် နယ်သာလန်နှင့် စပိန်နိုင်ငံတို့မှ အခွံမာရေသတ္တဝါများအား အမေရိကန်သို့ တင်သွင်းနိုင်ရေး ဈေးကွက်ဖွင့်လှစ်ပေးခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) က အများပြည်သူနှင့် stakeholders များအား အသိပေးထုတ်ပြန်ထားကြောင်း၊ ထို့ပြင် အီးယူနှင့် အမေရိကန်နိုင်ငံတို့အကြား နှစ်ဘက်သဘောတူထားသည့် ခွင့်ပြုခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးပါက အခြားသော အီးယူအဖွဲ့ဝင်နိုင်ငံများမှ အခွံမာရေသတ္တဝါများကိုလည်း အမေရိကန်နိုင်ငံသို့ တင်ပို့ခွင့်ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://trade.ec.europa.eu/doclib/press/index.cfm?id=2359

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

…………………………………………………………………………………………

## ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁)လအတွင်း စင်ကာပူနိုင်ငံ၏ ငါးနှင့် ပင်လယ်စာတင်သွင်းမှုတန်ချိန် ကျဆင်းခဲ့

ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းအရ စင်ကာပူနိုင်ငံသည် ငါးနှင့်ပင်လယ်စာများကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ (၁၁)လ အတွင်း တန်ချိန် (၁၁၁,၄၉၀) တင်သွင်းခဲ့သဖြင့် ၂၀၂၀ ပြည်နှစ် အလားတူကာလတွင် တင်သွင်းခဲ့သော တန်ချိန် (၁၁၅,၁၃၉) ထက် တန်ချိန် (၃,၆၄၉) လျော့နည်းခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါ ငါးနှင့်ပင်လယ်စာတင်သွင်းမှုစာရင်းတွင် ငါးခြောက်နှင့် ငါးဆားနယ်များ မပါဝင်ကြောင်းဖော်ပြထားပါသည်။ စင်ကာပူသည် ငါးနှင့်ပင်လယ်စာများကို ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် (၁၂၈,၅၀၈)၊ ၂၀၁၉ ခုနှစ်တွင် တန်ချိန် (၁၂၅,၄၀၃)၊ ၂၀၁၈ ခုနှစ်တွင် တန်ချိန် (၁၂၁,၂၀၆) တင်သွင်းခဲ့ပါသည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ နော်ဝေနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

သတင်းအရင်းအမြစ်။ ။ Department of Statistic, Singapore Food Agency

..................................................

## မလေးရှားနိုင်ငံတွင် မိုးများခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုအပေါ် သက်ရောက်လာနိုင်

မလေးရှားနိုင်ငံရှိ ပြည်နယ်အချို့တွင် ဒီဇင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများသည် ဆီအုန်းအထွက်နှုန်းကိုထိခိုက်နိုင်ပြီး၊ ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်းနှင့် မလေးရှားနိုင်ငံ၏ လက်ရှိမိုးရာသီကာလသည် မတ်လထိ ကြာမြင့်နိုင်သဖြင့် ၎င်း၏စားအုန်းဆီထုတ်လုပ်မှုအပေါ် ပိုမိုဆိုးရွားသောအခြေအနေလည်း ဖြစ်ပေါ်လာနိုင်ကြောင်း သိရှိရပါသည်။

မလေးရှားစားအုန်းဆီကောင်စီ၏ စာရင်းအရ မလေးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု၏ ၂၅.၈ ရာခိုင်နှုန်းနှင့် ကမ္ဘာ့စားအုန်းဆီပို့ကုန်ပမာဏ၏ ၃၄.၄ ရာခိုင်နှုန်းတို့ကို ကိုယ်စားပြုခဲ့ပါသည်။ မလေးရှား၏ စားအုန်းဆီထုတ်လုပ်မှုအခြေအနေ

ထိခိုက်မှုသည် ကမ္ဘာ့စားအုန်းဆီဈေးကွက်အပေါ်လည်း သက်ရောက်လာမည်ဖြစ်ကြောင်း ထုတ်လုပ်သူများမှ ပြောကြားကြပါသည်။

စားအုန်းဆီထုတ်လုပ်သော လုပ်ငန်းများမှာ ဈေးနှုန်းမြင့်တက်နေသည့် အခြေအနေကြောင့် ထုတ်လုပ်မှုကျဆင်းခြင်းမှ ဖြစ်ပေါ်လာသောဆုံးရှုံးမှုများကို ကာမိလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စားအုန်းဆီအကြမ်း၏ ပျမ်းမျှဈေးနှုန်းသည် တစ်တန်လျှင် စင်ကာပူဒေါ်လာ ၁၄၃၁ ဖြင့်အမြင့်ဆုံးရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်ထက် ၅၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုကဏ္ဍသည် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် လုပ်သားမလုံလောက်မှုအခက်အခဲ ဖြစ်ပေါ်လျက်ရှိပြီး၊ မိုးရာသီအတွင်း ဆိုးရွားသော အခြေအနေများကိုလည်း ကြုံတွေ့ရနိုင်ကြောင်း သိရှိရပါသည်။

သတင်းအရင်းအမြစ်။ The Business Times

မြတ်နိုး၊ စီးပွားရေးသံမှူး

စင်ကာပူ

……………………………………………………………………………………………

## ကမ္ဘောဒီးယားနိုင်ငံ၏ ရေထွက်ပစ္စည်းနှင့် ရေချိုငါးလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁.၇ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ခြင်း

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ရေထွက်ပစ္စည်းနှင့် ရေချိုငါးလုပ်ငန်းကဏ္ဍမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ (၁.၇) ဘီလီယံကျော် ဝင်ငွေရရှိခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင် ရေထွက်ပစ္စည်းနှင့် ငါးလုပ်ငန်းကဏ္ဍ၏ စုစုပေါင်းအထွက်နှုန်း ၈၅၆,၄၀၀ တန်ရှိပြီး ရေချိုမှ ၃၈၃,၀၅၀ တန်ချိန်၊ ပင်လယ်ရေကြောင်းမှ ၁၂၅,၀၀၀ တန်နှင့် ငါးပုဇွန်မွေးမြူရေးမှ ၃၄၈,၃၅၀ တန်ချိန် ရရှိခဲ့ကြောင်း၊ နိုင်ငံခြားတင်ပို့မှုစုစုပေါင်း ၃၄၆၉ တန်ရှိပြီး၊ ရေထွက်လုပ်ငန်း တစ်ရပ်လုံးမှ အကျိုးအမြတ်အနေဖြင့် USD ၁.၇၁၃ ဘီလီယံကျော်ရှိကြောင်း၊ နိုင်ငံအတွင်း စုစုပေါင်း ငါးဖမ်းလုပ်ငန်းပေါင်း ၅၁၆ ခု (ရေချိုအင်းပေါင်း ၄၇၅ ခု နှင့် ပင်လယ်အဏ္ဏဝါဆိုင်ရာ ငါးဖမ်းအင်း ၄၁ ခု ရှိကြောင်း) ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသည့်အင်း များသည် လူဦးရေ ၃၃၂,၁၆၈ နှင့် ညီမျှကြောင်းဖော်ပြပါရှိပါသည်။

ကိုးကား၊ ဖနောင်းပင်မြို့ရှိ မြန်မာသံရုံးမှသတင်းပေးပို့ချက်

…………………………………………………………………

# တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးပို့ကုန်များ ပိုမိုတင်ပို့ရန် စီမံဆောင်ရွက်မှုများ ပြုလုပ်သွားမည့် ဗီယက်နမ်နိုင်ငံ

တရုတ်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံမှ တင်ပို့သည့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များအတွက် ကြီးမားသောဈေးကွက်ဖြစ်သဖြင့် ယခုကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားရန် စီမံဆောင်ရွက်မှုအသစ်များကို အဆိုပြုသွားမည်ဟု ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Le Minh Hoan က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

မကြာသေးမီက တရုတ်-ဗီယက်နမ်နယ်စပ်တွင် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကိုတင်ဆောင်ထားသည့် ကုန်တင်ယာဉ်များ ပိတ်မိနေခဲ့ခြင်းကြောင့် နယ်စပ်ဂိတ်များ၌ အကောက်ခွန်ရှင်းလင်းမှုများ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးရန် တရုတ်ဘက်သို့ ညှိနှိုင်းတောင်းဆိုခဲ့ပါသည်။

ဒေသအာဏာပိုင်များအနေဖြင့် ကုန်စည်များကို မြန်မြန်စစ်ဆေးပေး၍ တရုတ်သို့တင်ပို့လာသည့် ကုန်စည်များကို ခေတ္တထားရှိရန် ကြားခံဇုန်တည်ဆောက်ပေးသင့်ကြောင်း၊ ၎င်းဇုန်များ၌ ရောဂါပိုးသယ်ဆောင်လာသည့် လူများနှင့် ကုန်စည်များကို သီးခြားထားရှိ လိုက်ပါက နယ်စပ်ဂိတ်များကို ပိတ်ရန်မလိုတော့ကြောင်း၊ နယ်စပ်မှ တင်သွင်းလာသည့် ကုန်စည်များအတွက် ကုန်လက်ခံရန်၊ ထိန်းသိမ်းရန်၊ တစ်စိတ်တစ်ပိုင်း ပြုပြင်ထုတ်လုပ်ရန် တို့အတွက် လုပ်ငန်းဆောင်တာမျိုးစုံ ဆောင်ရွက်နိုင်သည့် နေရာတစ်ခုကို တည်ထောင်ပေးရန်၊ ၎င်းနေရာမှာ Mong Cai မြို့တွင်ဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသများမှ လယ်ယာစိုက်ပျိုးရေး၊ သစ်တောထွက်နှင့် ရေထွက်ကုန် ကုန်သွယ်ရေးစင်တာတစ်ခု လျင်လျင်မြန်မြန်တည်ထောင်ရန် အဆိုပြုညှိနှိုင်းထားကြောင်း၊ အကယ်၍ ၎င်းစင်တာမှာ ထိရောက်မှုရှိပါက Lang Son ၊ Lao Cai နှင့် အခြားနယ်စပ်မြို့များတွင် အလားတူစင်တာများ တည်ထောင်သွားမည် ဖြစ်ကြောင်းသိရပါသည်။

ဆက်လက်ပြီး ဗီယက်နမ်ဘက်မှ ပို့ကုန်များကို တရုတ်ဘက်သို့ တင်ပို့ရာတွင် လက်ရှိအရေအတွက်ခွဲဝေကန့်သတ်ထားခြင်း မရှိသော်လည်း ကြီးမားသည့်ဆုံးရှုံးနိုင်ခြေများနှင့် ကြုံတွေ့နေရခြင်းကို အစားထိုးရန် တရားဝင်အရေအတွက် ခွဲဝေကန့်သတ်မှုများကို အသုံးပြုရန် ညှိနှိုင်းသွားမည်ဟု သိရပါသည်။ ထိုသို့ ပြုလုပ်လိုက်ပါက တစ်စိုက်မတ်မတ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ယခုကဲ့သို့ ကစဉ့်ကလျား မဖြစ်နိုင်တော့ဟု ဆိုပါသည်။

ဗီယက်နမ်နိုင်ငံမှ လယ်ယာထွက်ကုန်များကို အမေရိကန်၊ တရုတ်နှင့် ဥရောပနိုင်ငံများသို့ ကုန်ကြမ်းအတိုင်း တင်ပို့နေပြီး၊ တင်ပို့သည့်ကုန်စည်များ၏ (၉၀)ရာခိုင်နှုန်းကိုကုန်အမှတ်တံဆိပ်မရှိဘဲ တင်ပို့နေရသည်က အများစုဖြစ်ကြောင်း၊ ဗီယက်နမ်မှ ကုန်ကြမ်းများကိုတင်သွင်းသည့်နိုင်ငံများက ပြုပြင်ထုတ်လုပ်ပြီး မိမိတို့၏ အမှတ်တံဆိပ်များ တပ်ဆင်ကြသည့်အတွက် ဗီယက်နမ်၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် တင်ပို့စေလိုကြောင်း၊ ဗီယက်နမ်၏ ကုန်းမြင့်ဒေသတွင် စိုက်ပျိုးသည့်ကော်ဖီ၊ Can Tho ဆန်၊ Dong Giao နာနတ်သီး၊ Cat Chu သရက်သီး၊ Phu Quoc ငရုတ်ကောင်း၊ Lao Cai ၄က်ပျောသီး၊ Shan Tuyet၊ O Long နှင့် Tan Cuong လက်ဖက် ရည်စသည်တို့မှာ လူသိများကြောင်း ဝန်ကြီးကပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီ၊ ဆန်၊ သီဟိုစေ့၊ ပင်လယ်စာ၊ ရာဘာ၊ ဟင်းသီးဟင်းရွက် နှင့် သစ်သားစသည့် အဓိကလယ်ယာစိုက်ပျိုးရေးအမျိုးအမယ် (၁၀) ခုကျော်ကို နိုင်ငံပေါင်း (၁၆၀) သို့ တင်ပို့လျက်ရှိပြီး၊ အမယ်တစ်မျိုးချင်းစီမှ အမေရိကန်ဒေါ်လာ (၁)ဘီလီယံကျော် ရရှိလျက်ရှိပါသည်။

တရုတ်နိုင်ငံ၏ ဈေးကွက်သည် ဗီယက်နမ်ပို့ကုန်ဈေးကွက်၏ ဒုတိယအကြီးဆုံးဈေးကွက်ကြီးဖြစ်ပြီး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောထွက်နှင့် ရေထွက်ကုန်ပစ္စည်းများကိုတင်ပို့လျက်ရှိပါသည်။ ၎င်းကုန်စည်များ ကုန်သွယ်မှုပမာဏမှာ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၈) ဘီလီယံသာရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ (၁၁) ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြီးခဲ့သည့်နှစ် ပထမ (၁၁)လအတွင်း တရုတ်ဈေးကွက်သို့ အမေရိကန်ဒေါ်လာ (၈.၄) ဘီလီယံဖိုး တင်ပို့နိုင်ခဲ့ပြီး၊ ဗီယက်နမ်တစ်နိုင်ငံလုံးမှစုစုပေါင်း လယ်ယာစိုက်ပျိုးရေးပို့ကုန်တင်ပို့မှု၏ (၁၉.၂) ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းကြောင်းသတင်းရရှိပါသည်။

ရင်းမြစ်၊ vnexpress (၄-၂-၂၀၂၂)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………………………………………………….

## တရုတ်နှစ်ကူးပြီးနောက် ပဲပုပ်ဆီနှင့် ပဲပုတ်အစာ ကြိုရောင်းကြိုဝယ်ဈေး သိသိသာသာ မြင့်တက်လာ

တရုတ်နှစ်ကူးကာလပြီးနောက် ပဲပုပ်ဆီနှင့် ပဲပုပ်အစာ ကြိုရောင်းကြိုဝယ် ဈေးနှုန်းများ သိသာစွာ မြင့်တက်လာကြောင်း သိရပါသည်။ ပဲပုတ်အစာ လက်ငင်းအရောင်းအဝယ် ဈေးနှုန်းမှာ တစ်တန်လျှင် (၄,၀၀၈) ယွမ်ဖြစ်ပြီး၊ ဈေးကွက်ပြန်လည်ဖွင့်လှစ်သည့် တစ်ရက် တည်းမှာပင် (၁၁.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

၎င်းနေ့တွင် ပဲပုပ်ဆီ ကြိုရောင်းကြိုဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် (၁၀,၀၄၂) ယွမ် ဖြစ်ပြီး၊ တစ်တန်လျှင် (၃၅၀) ယွမ် မြင့်တက်လာပါသည်။ စားအုန်းဆီ ကြိုရောင်းကြိုဝယ် ဈေးနှုန်းမှာ တစ်တန်လျှင် (၁၀,၁၆၂)ယွမ်ဖြစ်ပြီး တစ်တန်လျှင် (၃၀၄)ယွမ် မြင့်တက်လာပါ သည်။

တရုတ်နှစ်ကူးကာလအတွင်း မလေးရှားစားအုန်းဆီဈေးနှုန်းမှာ အားကောင်းနေဆဲ ဖြစ်ပြီး (၂) ရာခိုင်နှုန်းခန့် ဈေးနှုန်းတက်လာပါသည်။ ပဲပုပ်အစာမှာ (၉) ရာခိုင်နှုန်းခန့် မြင့်တက်လာပါသည်။ လက်ရှိအချိန်တွင် ဈေးနှုန်းများ အလွန်လျင်မြန်စွာ မြင့်တက်နေရာ၊ နောက်ပိုင်း၌ ပြန်လည်ကျဆင်းနိုင်မည်ဟုလည်း ခန့်မှန်းနေကြပါသည်။

ရင်းမြစ်၊ vnexpress (၄-၂-၂၀၂၂)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.................................................................................................................

## ဘရာဇီးလ်နိုင်ငံ၏ သီးနှံစတော့ဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ ဟဲရာ ၂၀၀ အထက်သို့ မြင့်တက်လျက်ရှိ

အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုတ်စေ့ကြိုပွိုင့်ဈေးနှုန်းများ မြင့်တက်မှုနှင့်အတူ ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်အချို့တွင် ပဲပုတ်စေ့ဈေးနှုန်းများ လိုက်ပါမြင့်တက်လျက်ရှိသည်။ လတ်တလောရက်များတွင် ဖြစ်ပေါ်နေသည့် ဒေါ်လာငွေတန်ဖိုး ကျဆင်းနေမှုကြောင့် သီးနှံဝယ်လက်များ ဈေးကွက်အခြေအနေကို လေ့လာစောင့်ကြည့်လျက်ရှိသဖြင့် အရောင်းအဝယ်များ အေးစက်လျက်ရှိခဲ့သည်။

ဘရာဇီးလ်နိုင်ငံရှိ ပဲပုတ်စေ့အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်များတွင် မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် သီးနှံရိတ်သိမ်းမှုများ ရပ်ဆိုင်းထားရသဖြင့် ဈေးကွက်သို့ သီးနှံဝင်ရောက်မှုများ သိသိသာသာ ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ပဲပုတ်စေ့ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိရာ သီးနှံစိုက်ပျိုးထုတ်လုပ်သူများသည် ဈေးကောင်းရရှိရေးအတွက် ဈေးကွက်အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။

အလေးချိန် ၆၀ ကီလိုဂရမ်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၂၀၂.၀၀ ဟဲရာမှ ၂၀၄.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၂၀၀ ဟဲရာမှ ၂၀၃.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၉၈.၀၀ ဟဲရာမှ ၂၀၀.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel(PR) ဈေးကွက်တွင် ၁၉၁.၀၀ ဟဲရာမှ ၁၉၃.၅၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá(PR) ဈေးကွက်တွင် ၁၉၆.၀၀ ဟဲရာမှ ၁၉၈.၅၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis(MT) ဈေးကွက်တွင် ၁၈၁.၀၀ ဟဲရာမှ ၁၈၅.၀၀ ဟဲရာသို့လည်းကောင်း၊ Dourados(MS) ဈေးကွက်တွင် ၁၈၂.၀၀ ဟဲရာမှ ၁၉၀.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde(GO) ဈေးကွက်တွင် ၁၈၀.၀၀ ဟဲရာမှ ၁၈၃.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး Port of Santos (SP) ဈေးကွက်တွင် ၁၉၇.၀၀ ဟဲရာဖြင့် ဈေးနှုန်းတည်ငြိမ်ခဲ့သည်။

သီးနှံစိုက်ပျိုးချိန်ကာလတွင် ပဲပုတ်စေ့အများအပြား စိုက်ပျိုးထွက်ရှိသည့် တောင်အမေရိကတိုက်ရှိ ဘရာဇီးလ်နိုင်ငံတောင်ပိုင်း၊ ပါရာဂွေး၊ အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့၌ ခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်ရန် ခန့်မှန်းထားပြီး သီးနှံအထွက်နှုန်းများ ကျဆင်းနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထားသဖြင့် အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange –CBOT) ၏ ဖေဖော်ဝါရီလ ၇ ရက်နေ့ သီးနှံကြိုပွဲဝင့် ရောင်းဝယ်မှုတွင် ပဲပုတ်စေ့ဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဌာန (U.S. Department of Agriculture – USDA) ၏ ဖေဖော်ဝါရီလ လယ်ယာထွက်ကုန် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုတ်စေ့တန်ချိန် ၅၀၇,၀၀၀ တန်အား ရောင်းချထားပြီး တန်ချိန် ၂၄၉,၀၀၀ တန်အား ၂၀၂၁-၂၀၂၂ သီးနှံကာလအတွင်း တင်ပို့သွားရန်နှင့် တန်ချိန် ၂၅၈,၀၀၀ တန်အား ၂၀၂၂-၂၀၂၃ သီးနှံကာလတွင်တင်ပို့သွားမည်ဖြစ်ကြောင်း အမေရိကန် ပို့ကုန်လုပ်ငန်းရှင်များက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုတ်စေ့လက်ကျန်သည် ပဲပုတ်စေ့စည်ပေါင်း ၃၁၄ သန်းခန့် ကျန်ရှိနိုင်ပြီး ယခင်နှစ်က စည်ပေါင်း ၂၅၇ သန်း ကျန်ရှိခဲ့ကြောင်း ဈေးကွက် သုတေသန

ပညာရှင်များက ပြောကြားခဲ့သည်။ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလ ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်မှုတွင် ဘရာဇီးလ်နိုင်ငံမှ တန်ချိန် ၁၃၃ သန်းခန့်နှင့် အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၄၄.၂ သန်း ခန့် ထွက်ရှိနိုင်ကြောင်း၊ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ အမေရိကန်ပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၁.၂၁၈ သန်းရှိခဲ့ကြောင်း USDA ၏ ဇန်နဝါရီလအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ကြိုပွိုင့်ရောင်းဝယ်မှုတွင် ၂၀၂၂ ခုနှစ်၊ မတ်လအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅.၈၁ ဒေါ်လာဈေးပေါက်ခဲ့သဖြင့် ယခင်ကထက် ၂၈.၈၅ ဆင့် မြင့်တက်ခဲ့ကြောင်း၊ မေလအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် ၁၅.၈၆ ဒေါ်လာဈေးပေါက်ခဲ့သဖြင့် ယခင်ကထက် ၂၈.၇၅ ဆင့် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ပဲပုတ်ထွက်ကုန်ရောင်းဝယ်မှုတွင် မတ်လအတွက် ပဲပုတ်ခွံကြိုပွိုင့်ဈေးနှုန်းသည် ၈.၉၀ ဒေါ်လာဈေးနှုန်းမြင့်တက်ခဲ့ပြီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂.၈၀ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက် ပဲပုတ်ဆီကြိုပွိုင့်ရောင်းဝယ်မှုတွင် ဝ.ဝ၂ ဆင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ၁ ပေါင် လျှင် ၆၅.၃၄ ဆင့်ဖြင့် လည်းကောင်း ဈေးနှုန်းများ အသီးသီးဖြစ်ပေါ်ခဲ့ကြောင်းနှင့် နိုင်ငံခြားငွေရောင်းဝယ်မှု ဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၅.၂၅၂၀ ဟဲရာဖြင့် ဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် - canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.................................................................................................................

## ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ် စေ့စပ်ညှိနှိုင်းရန် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်

ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan သည် ဩစတြေးလျနှင့် အိန္ဒိယနှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ၉-၂-၂၀၂၂ ရက်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ဝန်ကြီး Tehan သည် အိန္ဒိယ-ဩစတြေးလျ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီစာချုပ် (The India-Australia Comprehensive Economic Cooperation

Agreement – CECA) အတွက်နောက်ထပ် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် အိန္ဒိယနိုင်ငံ၊ Commerce & Industry, Consumer Affairs & Food & Public Distribution and Textiles ဝန်ကြီး Piyush Goyal နှင့် အစည်းအဝေးများစွာ ပြုလုပ်ကာ တွေ့ဆုံဆွေးနွေး သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီး Tehan က နှစ်နိုင်ငံကြားဖြတ် သဘောတူစာချုပ် ချုပ်ဆိုရန် ကတိကဝတ်ပြုထားသည့်အတွက် အိန္ဒိယဝန်ကြီး Piyush Goyal နှင့် ခရစ်စမတ်နှင့် နှစ်သစ်ကူးကာလ ကတည်းက ပုံမှန်အဆက်အသွယ် ရှိပါကြောင်း၊ နှစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက် လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်နိုင်ရန် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဩစတြေးလျနှင့် အိန္ဒိယတို့သည် အရေးကြီးသော ကုန်သွယ်ဖက်နိုင်ငံများ ဖြစ်ကြပြီး၊ နှစ်နိုင်ငံ ကုန်သွယ်မှုဆက်ဆံရေးကို ပိုမိုမြှင့်တင် ဆောင်ရွက်လိုပါကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် ချုပ်ဆိုမည့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်သည် ဩစတြေးလျစီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူသူများနှင့် အလုပ်သမားများအတွက် ကမ္ဘာ့အကြီးဆုံးနှင့် အလျင်အမြန်ဆုံး ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အလုပ်အကိုင်အသစ်များနှင့် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းနှင့် သဘောတူစာချုပ်သည် ဩစတြေးလျနှင့် အိန္ဒိယနှစ်နိုင်ငံအတွက် အခွင့်အလမ်းများဖွင့်ပေးရာတွင် အလားအလာရှိသည့်အပြင် ကိုဗစ်ကာလအလွန်စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီး Tehan သည် နှစ်နိုင်ငံအကြား ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်း ပိုမိုမြှင့်တင်နိုင်ရန် ဩစတြေးလျ အစိုးရကိုယ်စားပြုကာ အိန္ဒိယအစိုးရနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………

# ဩစတြေးလျနှင့် လစ်သူအေးနီးယား နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မည်

လစ်သူအေးနီးယားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး Gabrielius Landsbergis ၏ ဩစတြေးလျနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း ဩစတြေးလျနှင့် လစ်သူအေးနီးယားနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားပေးရန်နှင့် မဟာဗျူဟာအကျိုးစီးပွားများ မျှဝေမှုကို တိုးတက်လာစေရန် သဘောတူညီခဲ့ကြကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၉-၂-၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဩစတြေးလျနိုင်ငံသို့ ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ခရီးစဉ်အတွင်း သမိုင်းဝင်အခိုက်အတန့်တွင် ဝန်ကြီး Landsbergis သည် ပိုမိုကျယ်ပြန့်ပြီး၊ ပိုမိုနက်ရှိုင်းသည့် နှစ်နိုင်ငံဆက်ဆံရေးအတွက် လစ်သူအေးနီးယားနိုင်ငံ၏ ပထမဆုံးသံရုံးကို ကင်ဘာရာမြို့တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျနှင့် လစ်သူအေးနီးယားနိုင်ငံတို့အကြား တစ်ဦးနှင့်တစ်ဦးခိုင်မာသော ချိတ်ဆကမှု၊ မျှဝေတန်ဖိုးများဖြစ်သည့် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျား-မ တန်းတူညီမျှမှုနှင့် ပွင့်လင်းသော ဈေးကွက်များဖြင့် နွေးထွေးသော ဆက်ဆံရေးရှိပြီး၊ နှစ်နိုင်ငံသည် နိုင်ငံစုံကုန်သွယ်မှုစနစ်နှင့် လွတ်လပ်သောကုန်သွယ်မှုကို အခိုင်အမာထောက်ခံ သူများဖြစ်ပါကြောင်း၊ ဩစတြေးလျနှင့် လစ်သူအေးနီးယားတို့သည် ဩစတြေးလျ-အီးယူ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ကို အပြီးသတ်ချုပ်ဆိုနိုင်ရန် အတူတကွ ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတကာအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့်စနစ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ရန် ကုလသမဂ္ဂနှင့် အခြားသောနိုင်ငံပေါင်းစုံ အဖွဲ့အစည်းများမှတဆင့် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ဩစတြေးလျနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် လစ်သူအေးနီးယားနိုင်ငံ၊ မြို့တော် Vilnius တွင် Austrade ရုံးခွဲတစ်ခုတည်ထောင်မည်ဖြစ်ကြောင်း သိရှိရသည်။

Source: [www.trademinister.gov.au](http://www.trademinister.gov.au)

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

## မြန်မာသံရုံး၊ ဗန်ကောက်မြို့ (စီးပွားရေးသတင်းများ)
## ရွှေ့ပြောင်းလုပ်သား(၈၀၀,၀၀၀)အရေးပေါ်လိုအပ်လျှက်ရှိခြင်း

ထိုင်းနိုင်ငံအနေဖြင့် ထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် တာဝန်ထမ်းဆောင်ရန် ရွှေ့ပြောင်းလုပ်သား (၈၀၀,၀၀၀) အား အရေးပေါ်လိုအပ်လျှက်ရှိကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် Federation of Thai Industries(FTI) ၏ ပြောကြားချက်အရ သိရှိရပါသည်။ များစွာသော ကုမ္ပဏီများအနေဖြင့် စီးပွားရေးပြန်လည်နာလန်ထူလာမှုကြောင့် လုပ်သားလိုအပ်ချက်တိုးမြင့်လာပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား နှင့် မြန်မာနိုင်ငံတို့မှ အလုပ်သမားများအား တင်သွင်းရန်အစိုးရထံတွင် မှတ်ပုံတင်နေကြသည့် ကုမ္ပဏီများစွာရှိနေကြောင်း သိရှိရပါသည်။

စက်မှုကဏ္ဍတွင် ရွှေ့ပြောင်းလုပ်သားအများဆုံး လိုအပ်လျှက်ရှိနေကြောင်း၊ ယခုအခါတွင် လုပ်သားလိုအပ်ချက်အနေဖြင့် (၅၀၀,၀၀၀) အထိ တိုးတက်လာနေကြောင်း FTI၏ ဒုဥက္ကဋ္ဌ Kriengkrai Thiennukul ၏ပြောကြားချက်အရသိရှိရပါသည်။ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျှက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် လုပ်သား(၃၀၀,၀၀၀)ခန့် လိုအပ်လျှက်ရှိနေကြောင်းသိရှိရပါသည်။

စီးပွားရေးကဏ္ဍအနေဖြင့် အစိုးရအား ရွှေ့ပြောင်းလုပ်သား တင်သွင်းရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင် ဆောင်ရွက်စေလိုကြောင်း Mr. Kriengkrai ကပြောကြားခဲ့ပါသည်။ မကြာသေးမီကအစိုးရအနေဖြင့် လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ(MOU) များ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာပြီးနောက် ယမန်နှစ်က လျှင်မြန်စွာ တိုးတင်လာခဲ့သောပို့ကုန်များအတွက် လုပ်သားလိုအပ်ချက် မြင့်တက်လာခဲ့ခြင်း ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း(၄၅) ခု အထူးသဖြင့် စားသောက်ကုန်လုပ်ငန်းအနေဖြင့် အလုပ်သမားများအား ပိုမိုခန့်ထားလိုကြကြောင်း၊ အလားတူ ဟိုတယ်လုပ်ငန်းများတွင်လည်း လုပ်သားပိုမိုလိုအပ်လာကြောင်း FTI ၏ အဆိုအရ သိရှိရပါသည်။

၂၀၂၀ခုနှစ် အစောပိုင်းတွင် ထိုင်းနိုင်ငံ၌ ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် ယခင်ချမှတ်ခဲ့သည့် ပိတ်ဆို့အရေးယူ ဆောင်ရွက်ချက်များကြောင့် လုပ်ငန်းအများအပြား ရပ်ဆိုင်းခဲ့ရပြီး ရွှေ့ပြောင်းလုပ်သားအများအပြား အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉မတိုင်မီဖြစ်ပွားခဲ့သော အလုပ်သမားရှားပါးမှုပြဿနာမှာ ပိုမိုကြီးထွားခဲ့

ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံခြားအလုပ်သမားများ ပိုမိုလိုအပ်လျက် ရှိနေသော်လည်း တရားမဝင်ရောက်လာသည့် ရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် ၎င်းတို့နိုင်ငံတွင် နိုင်ငံရေးမငြိမ်မသက်မှုကြောင့် ရောက်ရှိလာသည့် မြန်မာအလုပ်သမားများမှနေ၍ ကိုဗစ်-၁၉ ကပ်ရောဂါအသစ် ဖြစ်ပွားနိုင်ခြေအပေါ် စိုးရိမ်မှုအချို့ ရှိနေကြောင်း သိရှိရပါသည်။

FTI အနေဖြင့် အစိုးရအား တခ်ခရိုင်နှင့် မဲဆောက်ခရိုင်တို့တွင် Factory Sand Box အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ယခင်ကအကြံပြုခဲ့ကြောင်း Mr. Kriengkraiက ဆိုပါသည်။ Factory Sand Box အစီအစဉ်တွင် အလုပ်သမားများအား Quarantine သီးသန့်ခွဲထားရန်၊ ကာကွယ်ဆေးထိုးရန်နှင့် နယ်စပ်မှနေ၍ စက်ရုံများဆီသို့ တိုက်ရိုက်ပို့ဆောင်ပေးရန် အစီအစဉ်များပါဝင်ကြောင်း သိရှိရပါသည်။

FTI အနေဖြင့် Factory Sand Box အစီအစဉ်သည် အာဏာပိုင်များအတွက် ကူးစက်မှုအစုအဝေးသစ်များကို တားဆီးနိုင်မည်ဖြစ်သည့်အပြင် ရွှေ့ပြောင်းလုပ်သားများ တရားမဝင်ဝင်ရောက်မှုနှင့် လူကုန်ကူးမှုတို့ကို လျှော့ချနိုင်မည်ဟု ယုံကြည်ကြောင်း၎င်းက ပြောကြားခဲ့ပါသည်။

လွှင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

..................................................................................................

## မြန်မာသံရုံး၊ ဗန်ကောက်မြို့ (စီးပွားရေးသတင်းများ)
## စက်မှုထုတ်ကုန်အညွှန်းကိန်းအနေဖြင့်(၄-၅%)တိုးတက်လာနိုင်ခြင်း

စက်မှုဝန်ကြီး Suriya Jungrungreangkit က ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍထုတ်လုပ်မှု အညွှန်းကိန်း(MPI) သည် (၄-၅%)တိုးတက်လာမည်ဟုယုံကြည်ပြီး ယခုနှစ်အတွင်း စက်မှုကဏ္ဍအနေဖြင့် တောက်ပသော အလားအလာများရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ပြည်ပပို့ကုန်နှင့် စီးပွားရေးဆိုင်ရာ နှိုးဆွမှုအစီအမံများက ထုတ်လုပ်သူများအတွက် ဆက်လက်၍ အကျိုးရှိစေလိမ့်မည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၏ GDP အနေဖြင့်(၂.၅-၃.၅%) အထိ တိုးတက်လာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း Mr.Suriya က ပြောကြားခဲ့ပါသည်။ စားသောက ကုန်ပြုပြင်ထုတ်လုပ်ခြင်း၊ မော်တော်ကားနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ် ပစ္စည်းများ၊

ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆေးဘက်ဆိုင်ရာ ကရိယာများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှုနှင့်အတူ အကျိုးအမြတ်ရရှိမည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

တိုင်းပြည်အားပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်း(reopening) က စီးပွားရေးလုပ်ငန်းရှင်များအတွက် အပြုသဘောဆောင်သော အချက်ဖြစ်လိမ့်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားပါသည်။ စက်မှုဆိုင်ရာစီးပွားရေးရုံး၏ အကြီးအကဲ Thongchai Chawalitpichaetက MPI သည် ယမန်နှစ်ကထက်(၆.၈၃%) တိုးတက်ခဲ့ပြီး နှစ်အလိုက်တွင်(၁၀၂.၅၉) မှတ် အထိတိုးတက်ခဲ့ကြောင်းဆိုပါသည်။

ထိုကဲ့သို့တိုးတက်လာမှုမှာ lockdown အစီအမံများအား ပြန်လည်ဖြေလျှော့ပေးခဲ့မှု၏ရလဒ်ဖြစ်ကြောင်း၊ ၎င်းက စီးပွားရေးလုပ်ငန်းများကို ပုံမှန်ပြန်လည် စတင်စေနိုင်သည့်အပြင် စီးပွားရေးဆိုင်ရာ လှုံ့ဆော်မှုများကြောင့်လည်း ထိုသို့တိုးတက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၁ခုနှစ် တစ်နှစ်လုံးအတွက် ထိုင်းနိုင်ငံ၏ စက်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (MPI) သည် (၅.၉၃%) တိုးတက်ခဲ့ပြီး စွမ်းဆောင်နိုင်ရည်မှာ (၆၃.၇၃%) ဖြင့် တိုးတက်လာခဲ့ကြောင်း Mr. Thingchai ၏ ပြောကြားချက်အရ သိရှိရပါသည်။

စက်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (MPI)အား တိုးတက်စေခဲ့သည့် လုပ်ငန်းများတွင် ဓါတုဗေဒပစ္စည်းထုတ်လုပ်ရေး၊ မော်တော်ကားများ၊ အီလက်ထရောနစ်ပစ္စည်းများနှင့် ဆားကစ်ပြားများ၊ ချည်ထည်များနှင့် အထည်အလိပ်များ၊ အစားအစာများ၊ တာယာများနှင့် ရာဘာလုပ်ငန်းများ ပါဝင်ကြောင်း သိရှိရပါသည်။ ၎င်းလုပ်ငန်းများအနေဖြင့် ကပ်ရောဂါဖြစ်ပွားနေသော်လည်း စွမ်းဆောင်မှု ကောင်းမွန်ခဲ့ကြောင်း သိရှိရပါသည်။

ဒီဇင်ဘာလတွင် မော်တော်ကားကဏ္ဍအနေဖြင့်(၉.၁၅%) တိုးတက်ခဲ့ကြောင်း၊ အကြောင်းမှာ ကမ္ဘာ့ဈေးကွက်တွင် မော်တော်ကားဝယ်လိုအား တိုးတက်လာခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ၎င်းက ထိုင်းနိုင်ငံ၏ မော်တော်ကား ပြည်ပတင်ပို့မှုကို တိုးတက်စေခဲ့ကြောင်း သိရှိရပါသည်။

ဒီဇယ်နှင့် ဓါတ်ဆီဝယ်လိုအား တိုးလာခြင်းကြောင့် ရေနံလုပ်ငန်းသည်လည်း(၇.၅၄%) တိုးတက်ခဲ့ကြောင်း၊ တိုင်းပြည်အား ပြန်လည်ဖွင့်လှစ်ပေးလိုက်ခြင်းက စက်သုံးဆီဝယ်လိုအားကို တိုးမြှင့်စေကြောင်း သိရှိရပါသည်။

သကြားထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ လုပ်ငန်းအပေါ်အားရလျှက်ရှိနေကြောင်း၊ ကြံစိုက်ပျိုးမှုအတွက် ရာသီဥတုကောင်းမွန်ခဲ့ခြင်းကြောင့် အထွက်နှုန်းမြင့်မားခဲ့ပြီး သကြားထုတ်လုပ်မှုသည်လည်း (၃၁.၅၂%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

အီလက်ထရောနစ်များနှင့် ဆားကစ်ပြားများ ထုတ်လုပ်မှုသည် ဝယ်လိုအားတိုးတက်လာမှုကြောင့် (၁၄.၂၄%)တိုးတက်ခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားမှ မှာယူသော အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်မော်တော်ကားများ ဖြစ်ကြောင်းသိရှိရပါသည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှုး
ဗန်ကောက်

........................................................................................................................

## ထိုင်းနိုင်ငံရှိ သဘော်နှင့်ကုန်တင်သူများအနေဖြင့် ယခုနှစ်ပထမ(၃) လပတ်တွက် ပြည်ပပို့ကုန်တိုးတက်မှု(၅%) ရရှိမည်မျှော်မှန်းခြင်း

ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် ယခုနှစ်ပထမသုံးလပတ်တွင် ထိုင်းနိုင်ငံ၏ ပို့ကုန်များအနေဖြင့် နှစ်အလိုက်တွင် တိုးတက်မှု(၅%)ရရှိနိုင်မည်ဟု ထိုင်းနိုင်ငံရှိ သဘော်နှင့်ကုန်တင်သူများ အုပ်စုအနေဖြင့် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ထိုင်းအမျိုးသားသဘော်ဖြင့် ကုန်တင်သူများကောင်စီ၏ ဥက္ကဋ္ဌ Chaichan Chareonsuk က ယခုနှစ်ဇန်နဝါရီလတွင် ပို့ကုန်တင်ပို့မှု အားကောင်းဖွယ်ရှိပြီး အမေရိကန်ဒေါ်လာ (၂၂) ဘီလီယံခန့် ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။

သို့ရာတွင် စက်သုံးဆီဈေးကြီးမြင့်မှု၊ လုပ်သားရှားပါးမှုနှင့် ကုန်ကြမ်းမလုံလောက်မှု စသည့် အန္တရာယ်ရှိသည့် အချက်များရှိနေသေးကြောင်း ၎င်းက ဝန်ခံပြောကြားခဲ့ပါသည်။ အုပ်စုအနေဖြင့် ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေး ပြန်လည်ဦးမော့လာမှုကြောင့် ပြည်ပပို့ကုန်တိုးတက်မှုကို (၅-၈%)၊ တန်ဖိုးအားဖြင့်ဆိုပါက အမေရိကန်ဒေါ်လာ(၂၈၅-၂၉၃) ခန့်တွင် ဆက်လက်ထိန်းထားနိုင်ရေး ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဇန်နဝါရီလ(၂၁) ရက်နေ့တွင် တင်ပြခဲ့သော အစီရင်ခံစာအရ ၂၀၂၁ခုနှစ်တွင် ထိုင်းနိုင်ငံ၏ အကောက်ခွန်ရှင်းလင်းပြီး ပြည်ပပို့ကုန်တင်ပို့မှုမှာ (၂၁%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၇၁) ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၂၉.၈%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၆၈) ဘီလီယံ ရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၃.၅၇) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် ပြည်ပပို့ကုန်တိုးတက်မှု (၃-၄%) ရရှိနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၇၀-၂၈၂)ဘီလီယံခန့် ဘတ်ငွေအားဖြင့်ဆိုပါက ဘတ်ငွေ(၉.၀၈-၉.၁၆)ထရီလီယံ ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ပို့ကုန်တိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည့် အချက်များတွင် ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးတိုးတက်လာမှု၊ သွင်းကုန်ပိုမိုတင်သွင်းမှု၊ ယခုနှစ် ပထမနှစ်ဝက်တွင် ဘတ်ငွေ တန်ဖိုးကျဆင်းမှု၊ ဝယ်လိုအားမြင့်တက်လာမှုကြောင့် စားသောက်ကုန်များနှင့် ကုန်ကြမ်းများ၏တန်ဖိုးများ တိုးတက်လာမှု၊ ၂၀၂၂ခုနှစ် နှစ်လည်တွင် ကွန်တိန်နာများနှင့် သင်္ဘောခများ အနည်းငယ် မြင့်တက်လာနိုင်မှု၊ ကိုဗစ်-၁၉ ရောဂါလက္ခဏာများနှင့် အစုလိုက်အပြုံလိုက် ရောဂါကူးစက်ခြင်း နည်းပါးလာနိုင်မှုတို့ ပါဝင်ကြောင်း သိရှိရပါသည်။

ဇန်နဝါရီလ(၁) ရက်နေ့တွင် စတင်၍ အသက်ဝင်လာသည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး (RCEP) ကုန်သွယ်မှု သဘောတူညီချက်နှင့် ကုန်သွယ်မှုအခွင့်အလမ်းများ တိုးပွားလာစေမည့် ဒီဂျစ်တယ်စီးပွားရေး တိုးတက်လာမှု၊ အွန်လိုင်းပလက်ဖေါင်းများမှနေ၍ ပြည်ပစျေးကွက်များ ချဲ့ထွင်နိုင်မှုတို့က ထိုင်းပြည်ပပို့ကုန်တိုးတက်စေမည့် အချက်များဖြစ်ကြကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရှိရပါသည်။

Mr.Chaichan ၏ အဆိုအရ ပို့ကုန်တိုးတက်မှုအတွက် မျှော်မှန်းချက်များ ထားရှိနေသော်လည်း ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍအနေဖြင့် ဈေးကွက်ရရှိရေးလှုပ်ရှားမှုများ လိုအပ်နေသေးကြောင်းသိရှိရပါသည်။ အစိုးရဌာနဆိုင်ရာများအနေဖြင့် ပြည်ပပို့ကုန်တိုးတက်ရေးအတွက် ကုန်စည်ပြပွဲများ၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲများကဲ့သို့သော ကုန်သွယ်မှုဆိုင်ရာ လှုပ်ရှားမှုများကိုဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း၊ အထူးသဖြင့် နှစ်ပေါင်း(၃၀)ကျော်ခန့်ကြာမြင့်ခဲ့ပြီး မကြာသေးမီကမှ ထိုင်းနိုင်ငံနှင့် အပြည့်အဝ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခဲ့သည့် ဆော်ဒီအာရေဗျ ကဲ့သို့သော အလားအလာရှိသည့် ဈေးကွက်များတွင် ဖြစ်ကြောင်းသိရှိရပါသည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

................................................................................................................

## ဘရာဇီးလ်နိုင်ငံနှင့်အာရပ်နိုင်ငံများအကြား စီးပွားရေးတိုးချဲ့နိုင်မည့် အခွင့်အလမ်းကောင်းများ ရှာဖွေရန် Gulfood 2022 ပြပွဲသို့ အာရပ်-ဘရာဇီးလ်ကုန်သည်အသင်းဥက္ကဋ္ဌ တက်ရောက်

ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးဟာလာစနစ်ဖြင့် ထုတ်လုပ်သည့် အသားတင်ပို့သည့်နိုင်ငံဖြစ်သည့်အပြင် ဘရာဇီးလ်နိုင်ငံ၏ အခြားပို့ကုန်များဖြစ်သည့် တန်ဖိုးမြှင့်ထုတ်ကုန်

များအပေါ်တွင်လည်း အာရပ်နိုင်ငံဈေးကွက်များက စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည့်အတွက် ဘရာဇီးလ်စီးပွားရေးလုပ်ငန်းရှင်များအတွက် တိုးချဲ့နိုင်မည့် အလားအလာကောင်းများဖြစ်ပေါ်လျက်ရှိသည်။၂၀၂၁ ခုနှစ်တွင်ထုတ်ပြန်သည့် ဘရာဇီးလ်အစိုးရ၏ စာရင်းများအရ ကမ္ဘာ့ဟာလာအဖွဲ့ကြီးထံမှ အသိအမှတ်ပြုလက်မှတ် ရရှိထားသော အေးခဲအသား တင်ပို့သည့် ဘရာဇီးလ်ကုမ္ပဏီအရေအတွက်သည် ၅၃ ရာခိုင်နှုန်းအထိတိုးတက်ခဲ့ပြီး အသားထုတ်လုပ်သည့် စက်ရုံအရေအတွက်သည် ၈၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

ကမ္ဘာ့လူဦးရေတိုးတက်နှုန်းအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဟာလာထုတ်ကုန် ဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅.၇၄ ထရီလီယံအထိ တိုးတက်လာနိုင်ကြောင်း Global Islamic Economy အဖွဲ့၏ အချက်အလက်များတွင် ဖော်ပြထားသည်။ အာရပ်အဖွဲ့ဝင်နိုင်ငံ ၂၂ နိုင်ငံသို့ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ စားသောက်ကုန်ကဏ္ဍ တင်ပို့မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၈.၉၂ ဘီလီယံရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ထက် ၉.၅၂ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင်ရေး အတွက်အခွင့်အလမ်းကောင်းများ ရှာဖွေနိုင်ရန် Gulfood ဆွေးနွေးပွဲ အစီအစဉ်သို့ ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် ဟာလာကြက်သားဈေးကွက်တွင် ကမ္ဘာ့အကြီးဆုံးတင်ပို့သူဖြစ်ပြီး ဟာလာအမဲသား၊ ဆေးဝါးပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အခြားဘရာဇီးလ်ထုတ်ကုန်များဈေးကွက် တိုးတက်ရရှိရေးအတွက် အလေးထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဟာလာအသားတင်ပို့သူများအသင်း၏ အမှုဆောင်ချုပ် Ali Saifi က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ထုတ်လုပ်မှုနှင့် အရည်အသွေးအပေါ် ဟာလာဈေးကွက်နိုင်ငံများ၏ယုံကြည်မှုကို ရရှိထားပြီးဖြစ်သဖြင့် ဟာလာအသိအမှတ်ပြုလက်မှတ် လျှောက်ထားသည့်ဘရာဇီးလ်ကုမ္ပဏီများ ပိုမိုများပြားလာကြောင်း၊ ထို့ကြောင့် တရားမဝင်အသားများ(ဝက်သား)ရောနှောပါဝင်မှု မရှိစေရေးအတွက် အသားထုတ်လုပ်မှု၊ ထုတ်ပိုးမှု၊ သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်မှုစနစ်များအား တိကျစွာစစ်ဆေးလျက်ရှိကြောင်း ဟာလာအသားတင်ပို့သူများအသင်း (Cdial Halal)၏ ပြည်ပဆက်ဆံရေးမန်နေဂျာ Omar Chahine က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ တန်ဖိုးမြင့်ထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိရေးနှင့်အာရပ်စားသုံးသူများ အကြိုက်တွေ့စေမည့် အရသာနှင့် အရည်အသွေးရှိသည့် ထုတ်ကုန်များ

ပိုမိုတိုးတက် ထုတ်လုပ်တင်ပို့သွားရန် ဘရာဇီးလ်ကုမ္ပဏီများအား တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာရပ်-ဘရာဇီးလ်ကုန်သည်အသင်း ဥက္ကဋ္ဌ Osmar Chohfi ကပြောကြားခဲ့သည်။

လတ်တလောအခြေအနေတွင် အသားထုတ်လုပ်တင်ပို့မှုများအတွက်သာ ဟာလာအသိအမှတ်ပြု လက်မှတ်များ ရယူထားကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်များဖြစ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ ဆေးဝါးအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများတိုးချဲ့တင်ပို့နိုင်ရန်အတွက် အခွင့်အလမ်းကောင်းများ ရှိနေကြောင်း၊ ထို့အပြင် ဟာလာအသား ထုတ်လုပ်မှုသည် မူစလင်လူ့အဖွဲ့အစည်း အတွက်သာမက လူသားတစ်ရပ်လုံး အတွက်အစားအစာ ဘေးကင်းလုံခြုံမှုနှင့် ကုန်ပစ္စည်းအာမခံချက်ရှိမှုတို့အတွက် အထူးအရေးပါကြောင်း Osmar Chohfi က ပြောကြားခဲ့သည်။

၂၇ ကြိမ်မြောက် ကမ္ဘာ့အကြီးဆုံး အစားအစာနှင့်ဖျော်ရည်ပြပွဲ Gulfood ကို ဒူဘိုင်းနိုင်ငံရှိ ဒူဘိုင်းကမ္ဘာ့ကုန်သွယ်မှုစင်တာ(Dubai World Trade Center – DWTC) တွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများမှ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရနှင့်အရပ်ဘက်အဖွဲ့ အစည်းများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

........................................................................................................

## ဖွံ့ဖြိုးလာနေသည့် အာရှပစိဖိတ်ဒေသ ဈေးကွက်သည် အီးယူစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းသဖွယ် ဖြစ်လာနိုင်ခြင်း

ဖွံ့ဖြိုးတိုးတက်လာနေသည့် အာရှပစိဖိတ်ဒေသဈေးကွက်၌ ရင်းနှီးမြှုပ်နှံမှုပြုရန် အီးယူရှိအသေးစားအလတ်စားလုပ်ငန်းများ (SMEs) အတွက် အခွင့်အလမ်းကောင်း တစ်ခုသဖွယ်ဖြစ်လာနိုင်ကြောင်း Euractiv ၏ ဝက်ဘ်ဆိုဒ်၌ Karen Reddington က “It’s time for EU firms to capitalize on the growing Asia-Pacific market” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အာရှပစိဖိတ်ဒေသသည် ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်း အလွန်ကာလတွင်

ပြန်လည်ရှန်းထလာနိုင်ပြီး၊ ၎င်းဒေသ၏ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်အလားအလာများကြောင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးမှုအမြန်ဆုံး ဒေသဆိုင်ရာစီးပွားရေးတစ်ခုအဖြစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု သိရပါသည်။

အီးယူ၏ စီးပွားရေးသည်လည်း ကပ်ရောဂါ၏ ကနဦးထိုးနှက်ချက်များမှ ပြန်လည်နိုးထလာနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ကုန်စည်ထုတ်လုပ်စီးဆင်းမှု ထောက်ပံ့ရေးလုပ်ငန်းကွင်းဆက်တွင် အဟန့်အတားများ ရှိနေခြင်းနှင့် အိုမီခရွန်နှင့် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲများ ကူးစက်ပျံ့နှံ့နေခြင်း စသည့်အချက်များနှင့်အတူ အီးယူနှင့် အာရှပစိဖိတ်ဒေသ နှစ်ခုစလုံး၏ စီးပွားရေးပြန်လည်နိုးထနိုင်မည့် အလားအလာအပေါ် သတိပြုရမည့် အခြေအနေလည်း ရှိကြောင်း ဖော်ပြထားပါသည်။

ယင်းသို့ စိန်ခေါ်မှုများရှိနေစေကာမူ အီးယူနှင့် အာရှပစိဖိတ်ဒေသနှစ်ခုအကြား ကုန်သွယ်မှုဆက်ဆံရေးအပေါ် အပြန်အလှန်မှီခိုမှုနှင့် စီးပွားရေးအရ အပြန်အလှန် အမှီသဟဲပြုနေမှုတို့သည် ခိုင်မာပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းတွင်ပင် အီးယူနှင့် အာဆီယံ တို့အကြား ကုန်စည်ကုန်သွယ်မှုသည် ခန့်မှန်းတန်ဖိုးအားဖြင့် ယူရို (၂၀၀) ဘီလျံရှိခဲ့ပြီး၊ အီးယူသည် အာဆီယံ၌ အများဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ဖော်ပြထားပါသည်။

စူးအက်တူးမြောင်း၌ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ခြင်း၊ လေကြောင်းကုန်စည်ပို့ဆောင်မှု ကျဆင်းခြင်းကဲ့သို့သော ကုန်စည်ထုတ်လုပ်စီးဆင်းမှု ထောက်ပံ့ရေးလုပ်ငန်း ကွင်းဆက်အပေါ် ရိုက်ခတ်မှုများသည် အချို့စီးပွားရေးလုပ်ငန်းများအား ကုန်သွယ်မှုစွန့်စားရနိုင်ခြေကို ပြန်လည်ဆန်းစစ်ရန်တွန်းပို့နိုင်ကြောင်း၊ သို့သော် ယင်းအချက်များကြောင့် အီးယူနှင့် အာရှပစိဖိတ်ဒေသတို့ရှိ စီးပွားရေး ဈေးကွက်များအကြား ပေါင်းစည်းယှက်နွယ်နေမှုကို အားပျော့စေနိုင်လိမ့်မည် မဟုတ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် အာရှပစိဖိတ်ဒေသည် ကမ္ဘာ့အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး (E-commerce) မှ ဝင်ငွေ၏ (၆၂.၆) ရာခိုင်နှုန်းကို ကိုယ်စားပြုထားပြီး၊ လာမည့်ဆယ်စုနှစ်တွင်လည်း ဆက်လက်ဦးဆောင်သွားဖွယ် ရှိနေကြောင်း၊ ထို့ကြောင့် အီးယူ၏ ပို့ကုန်လုပ်ငန်းများ အနေဖြင့် အရှေ့ကိုမျှော်၍ အာရှပစိဖိတ်ဒေသ၌ နိုင်ငံတကာဈေးကွက်ရှာဖွေခြင်းကို ဦးစား ပေးဆောင်ရွက်ရန် အခွင့်အလမ်းရှိ နေကြောင်းလည်း ဖော်ပြထားပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် အီးယူစီးပွားရေးလုပ်ငန်းများအနေဖြင့် အာရှပစိဖိတ်ဒေသ၌ စားသုံးသူအသစ် သန်းပေါင်းများစွာကို ဈေးကွက်ရရှိနိုင်မည့်အပြင် ကိုဗစ်အလွန် စီးပွားရေးပြန်လည် နာလန်ထူမှုကို လွယ်ကူချောမွေ့စေပြီး၊ နိုင်ငံတကာကုန်သွယ်မှုကို ပြန်လည်ရှင်သန်

စေနိုင်မည် ဖြစ်ပါကြောင်း၊ SMEs လုပ်ငန်းများသည် အီးယူစီးပွားရေးတွင် ကျောရိုးသဖွယ် ဖြစ်ကာ စီးပွားရေးလုပ်ငန်း ကဏ္ဍအားလုံး၌ တန်ဖိုးထပ်ဖြည့်ပေးသည့် အင်ဂျင်များလည်းဖြစ်ကြောင်း၊ SMEs လုပ်ငန်းများသည် အလုပ်အကိုင်သန်းပေါင်းများစွာကို ဖန်တီးပေးထားပြီး၊ အီးယူဂျီဒီပီ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုကြောင်း သိရပါသည်။

သို့ရာတွင် အီးယူရှိ SMEs လုပ်ငန်းအရေအတွက် (၆၀၀,၀၀၀) ခန့်သာ အီးယူပြင်ပသို့ ပို့ကုန် တင်ပို့နိုင်သေးသဖြင့် နိုင်ငံတကာကုန်သွယ်မှုတွင် ပါဝင်နိုင်မှုသည် နည်းနေကြောင်း၊ SMEs များအတွက် အီးယူပြင်ပနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ ရှာဖွေရာတွင် ယေဘုယျ အခက်အခဲများမှာ အကောက်ခွန်နှုန်းထားများ၊ အခွန်အခများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့် စိတ်ချယုံကြည်ရသော စီးပွားရေးလုပ်ငန်းကွန်ရက်များ ရှာဖွေရခြင်းတို့ဖြစ်ကြောင်း၊ အချို့သော SMEs များအတွက် ပြည်ပဈေးကွက်နှင့် ထိတွေ့ဆောင်ရွက်ရန် ယဉ်ကျေးမှုဆိုင်ရာများကို နားမလည်ခြင်းမျိုးလည်း ရှိနိုင်ကြောင်း၊ ယင်းကန့်သတ်ချက်များနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်ဆိုင်ရာ အခက်အခဲများကြောင့် အီးယူရှိ SMEs များအား နိုင်ငံတကာဈေးကွက် ရှာဖွေရန်ချီတုံချတုံ ဖြစ်စေနိုင်ကြောင်း သိရပါသည်။

သို့ရာတွင် အာရှပစိဖိတ်ဒေသနိုင်ငံ ဈေးကွက်များစွာ၌ SMEs ပို့ကုန်လုပ်ငန်းရှင်များအား အထောက်အကူပေးနိုင်သည့် ကုန်သွယ်မှုအခြေခံ အဆောက်အအုံများ ရှိထားပြီးဖြစ်ကြောင်း၊ ဥပမာ အားဖြင့် အီးယူ-ဂျပန် စီးပွားရေးမိတ်ဖက် သဘောတူညီချက်ကို မကြာသေးမီက လက်မှတ်ရေးထိုး ခဲ့ပြီးနောက်တွင် နှစ်စဉ်တင်ပို့သည့် ပို့ကုန်များအပေါ် အခွန်ဖယ်ရှားပေးခြင်းကြောင့် ပို့ကုန် (၆.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံတွင် Business Plan Drafting Support Service လည်း ရှိသဖြင့် ဂျပန်ဈေးကွက်ကို နားလည်စေရန်အတွက် အီးယူSMEs များကို ကူညီပေးနိုင်ကြောင်း ဖော်ပြထားပါသည်။

အလားတူ အီးယူသည် တောင်ကိုရီးယား၊ စင်ကာပူနိုင်ငံတို့နှင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များကို ဆောင်ရွက်ထားကြောင်း၊ အင်ဒိုနီးရှား၊ သြစတြေးလျ၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် ကုန်သွယ်ရေးသဘောတူညီချက် အသစ်များကို ညှိနှိုင်းဆွေးနွေးနေကြောင်း၊ အာရှပစိဖိတ်ဒေသသို့ ပို့ကုန်တင်ပို့လိုသည့် အီးယူ SMEs များအတွက် မြန်ဆန်၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး အားထားယုံကြည်ရသော ဈေးကွက်ဝင်အခွင့်အလမ်းများ လိုအပ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရန် နေရာအခက်အခဲများ ဖြေရှင်းရေးသည်လည်း ကုန်စည်ဝယ်လိုအားတိုးလာသည်နှင့်အမျှ အရေးပါမည်ဖြစ်ကြောင်း သိရပါသည်။

ဆက်သွယ်ရေး တိုးတက်လာခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူမှုများ မြင့်တက်လာခြင်းတို့နှင့်အတူ အာရှပစိဖိတ်ဒေသ၏ E-commerce လုပ်ငန်းမှ ရောင်းချမှုသည် ၂၀၂၅ ခုနှစ်တွင် (၂) ဆ တိုးတက်လာမည်ဟု ခန့်မှန်းထားရာ အာရှပစိဖိတ်ဒေသသည် အီးယူရှိ SMEs လုပ်ငန်းများအတွက် နိုင်ငံတကာဈေးကွက် ရှာဖွေရာတွင် အခွင့်အလမ်းများ ပိုမိုရှိလာမည် ဖြစ်ကြောင်း ရေးသားဖော်ပြ ထားပါသည်။

ရင်းမြစ် - https://www.euractiv.com/
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ် (ဘယ်လ်ဂျီယံနိုင်ငံ)

.......................................................................................................

## စွမ်းအင်ဈေးနှုန်းမြင့်တက်နေမှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက လျှပ်စစ်ဓါတ်အားအပေါ် Value-added Tax နှုန်းထားအား လျှော့ချကောက်ခံသွားမည်

စွမ်းအင်ဈေးနှုန်း မြင့်တက်နေမှုကြောင့် စားသုံးသူများအပေါ် ထိခိုက်မှုအကာအကွယ်ပေးနိုင်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက လျှပ်စစ်ဓါတ်အားအပေါ် တန်ဖိုးဖြည့်အခွန် (Value-added Tax - VAT) နှုန်းထားအား ၁-၃-၂၀၂၂ ရက်မှ ၁-၇-၂၀၂၂ အထိ ကာလအတွက် (၂၁) ရာခိုင်နှုန်းမှ (၆) ရာခိုင်နှုန်းသို့ လျှော့ချကောက်ခံသွားမည်ဟု ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် Alexander De Croo က ပြောကြားကြောင်း သိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုမှ စီးပွားရေးပြန်လည် ကောင်းမွန်စေရေးဆောင်ရွက်လာမှုနှင့်အတူ ဥရောပ၌ ဓါတ်ငွေ့နှင့် စွမ်းအင်ဈေးများ မြင့်တက်ခဲ့ပြီး၊ အိမ်ထောင်စုများအတွက် လျှပ်စစ်ဓါတ်အားခများ ပိုမိုမြင့်မားလာခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် ကုန်စည်များဈေးနှုန်းမြင့်တက်ခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ စွမ်းအင်ဈေးမြင့်တက်မှုသည် ခက်ခဲသောအခြေအနေတစ်ရပ်ဖြစ်ပြီး၊ အစိုးရအနေဖြင့် မြေပြင်တွင် အမှန်တယ်ဖြစ်ပေါ်နေသော အခြေအနေများကို တုံ့ပြန်နိုင်မည့် အစီအမံများအား ဟန်ချက်ညီအောင် ဆောင်ရွက်နေကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ်က ပြောကြားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ အစိုးရ၏ ထိုသို့ အခွန်လျှော့ချကောက်ခံမည့် အစီအမံကြောင့် အိမ်ထောင်စုတစ်ခုချင်းစီအား စွမ်းအင်သုံးစွဲမှု ကုန်ကျစရိတ်အတွက် အထောက်အကူပေးနိုင် မည်ဖြစ်ကြောင်း၊ ဝင်ငွေနိမ့်ပါးသည့် မိသားစုများအတွက် ထပ်ဆောင်းအစီအမံများ လည်းရှိကြောင်း သိရပါသည်။ ဓါတ်ငွေ့သုံးစွဲမှုအပေါ် အလားတူ အခွန်လျှော့ချရန် ရှိ/မရှိနှင့် စပ်လျဉ်း၍ လျှော့ချ

ကောက်ခံသွားမည် မဟုတ်ကြောင်း၊ အကြမ်းဖျဉ်းအားဖြင့် ဘယ်လ်ဂျီယံအိမ်ထောင်စု များ၏ ထက်ဝက်ခန့်သည် အနွေးပေးရန်အတွက် ဓါတ်ငွေ့ကို အသုံးပြုကြပြီး၊ ကျန်ထက်ဝက် ခန့်က အနွေးပေးဆီ (fuel oil) ကို အသုံးပြုကြောင်း၊ fuel oil အပေါ် VAT လျှော့ချ ကောက်ခံခြင်းကို ဥရောပ၌ ခွင့်ပြုထားခြင်းမရှိကြောင်း ၎င်းကပြောကြားပါသည်။

စွမ်းအင်ဈေးနှုန်း မြင့်တက်မှုဆိုင်ရာ အထောက်အကူပြု အစီအစဉ်အတွက် ယူရို (၁.၁) ဘီလျံခန့် ကုန်ကျမည်ဖြစ်ပြီး၊ အိမ်ထောင်စုများအတွက် ပျမ်းမျှ ယူရို (၁၆၅) ခန့်အခွန်လျှော့ ချပေးနိုင်မည်ဟု ဘယ်လ်ဂျီယံနိုင်ငံ၏ စွမ်းအင်ဝန်ကြီးဖြစ်သူ Tinne Van der Straeten က ပြောကြားပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံအများစုသည် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကို ခုသာခံသာရှိစေရေး အစီအမံများကို ဆောင်ရွက်ထားကြကြောင်း၊ ဘူလ်ဂေရီးယားနိုင်ငံက စွမ်းအင်ဈေးနှုန်းများ သတ်မှတ် ပြဋ္ဌာန်းရန်ကိစ္စအား ၂၀၂၂ ခုနှစ်၊ မတ်လကုန်အထိ ဆိုင်းငံ့ထားကြောင်း၊ စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် စွမ်းအင်သုံးစွဲခများ မြင့်တက်မှုကို ထိန်းချုပ်ဆောင်ရွက်ထားကြောင်း၊ ဆွီဒင်နိုင်ငံအပါအဝင် အခြားနိုင်ငံများက ထိခိုက်မှုအရှိဆုံး အိမ်ထောင်စုများအတွက် ပံ့ပိုးပေး ခြင်းများကို ဆောင်ရွက်ထားကြောင်း သိရပါသည်။

ရင်းမြစ် – https://www.euractiv.com/
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ် (ဘယ်လ်ဂျီယံနိုင်ငံ)

………………………………………………………………………………………………

## ပိုမိုနီးကပ်သည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန် တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ သဘောတူညီခဲ့

တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့သည် ပေကျင်း ၂၀၂၂ ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမတိုင်မီ တွေ့ဆုံ၍ ချစ်ကြည်ရင်းနှီးမှုဖြင့် မဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြ ပါသည်။

၂၀၁၄ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ဆိုချီဆောင်းရာသီအိုလံပစ် အားကစား ပြိုင်ပွဲ၌ နောက်(၈)နှစ်ကြာမြင့်လျှင် ပေကျင်း၌ ဆုံတွေ့ရန် သဘောတူညီခဲ့ကြပြီး၊ ယခုကဲ့သို့

ပြန်လည်ဆုံတွေ့သည့်အခါ တရုတ်နှင့် ရုရှားဆက်ဆံရေး ပိုမိုအစွန့်ရှည်စေရန် ဆွေးနွေးခဲ့ကြသည်ဟု သိရပါသည်။

ယနေ့ကမ္ဘာပေါ်တွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးမှာ တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ နိုင်ငံကိုယ်စီ၏ အဓိက အကျိုးစီးပွားများကို ထိန်းသိမ်းလျက် အချင်းချင်း အပြန်အလှန် ခိုင်ခိုင်မာမာ ပံ့ပိုးကူညီပေးနေကာ နိုင်ငံရေးနှင့် မဟာဗျူဟာမြောက် အပြန်အလှန်ယုံကြည်မှုကို တိုးမြှင့်နေရာ နှစ်နိုင်ငံဆက်ဆံရေးတွင် မြင့်မားသော အနေအထားသစ်တစ်ရပ်ကို ဆောင်ကြဉ်းလာကြောင်း တရုတ်သမ္မတက ပြောကြားခဲ့ပါသည်။

ထို့ပြင် နှစ်နိုင်ငံမှာ ကမ္ဘာလုံးဆိုင်ရာ အစိုးရစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပြီး၊ စစ်မှန်သည့် နိုင်ငံစုံစနစ်ကို ကျင့်သုံးလျက်၊ စစ်မှန်သည့် ဒီမိုကရေစီစိတ်ဓာတ်များကို လက်ကိုင်ပြု၍ လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားရန်နှင့် အပြည်ပြည်ဆိုင်ရာ တရားမျှတမှု အခန်းကဏ္ဍကို အရေးပါလာစေရန် ဆောင်ရွက်နေကြောင်း၊ သမိုင်းတွင်မည့် အခြေအနေအသစ်များအောက်တွင် နှစ်နိုင်ငံဆက်ဆံရေးအတွက် လမ်းညွှန်ပေး၍ အနာဂတ်ပုံဖော်မှုကို ရုရှားသမ္မတနှင့်အတူ ဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း၊ နှစ်နိုင်ငံမှ ပြည်သူများထံသို့ အကျိုးစီးပွားအစစ်အမှန်များ သယ်ဆောင်လာရန် နယ်ပယ်အားလုံးတို့တွင် ပူးပေါင်းဆောင်ရွက်မှုရလဒ်များ ရရှိနိုင်ရေးအတွက် တရုတ်နှင့် ရုရှားတို့အကြား အဆင့်မြင့်သည့် အပြန်အလှန်ယုံကြည်မှု အသွင်ကူးပြောင်းဆောင်ရွက်မှုကို ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် ရုရှားသမ္မတနှင့်အတူ လက်တွဲဆောင်ရွက်သွားလိုသည့် စိတ်ဆန္ဒထက်သန်ကြောင်း တရုတ်သမ္မတက ပြောကြားခဲ့ပါသည်။

အဆင့်မြင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းရန်၊ အချုပ်အခြာအာဏာတည်တံ့ရေး၊ လုံခြုံရေးနှင့်အကျိုးစီးပွားများဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အချင်းချင်း အပြန်အလှန် ခိုင်မာစွာပံ့ပိုးကူညီရန်၊ ပြင်ပမှ စွက်ဖက်မှုများနှင့် ဒေသတွင်းလုံခြုံ ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ထိရောက်စွာတုံ့ပြန်ရန်နှင့် အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာမြောက် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်တို့ကိုလည်း တရုတ်သမ္မတက တောင်းဆိုခဲ့ပါသည်။

တရုတ်နှင့် ရုရှားနှစ်နိုင်ငံတို့သည် COVID-19 ကပ်ရောဂါ ခုခံကာကွယ်တိုက်ဖျက် ရေး၊ စီးပွားရေးမြှင့်တင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုများကို ကိုင်တွယ်ဖြေရှင်းရေးကဲ့သို့ ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ခံဖြေရှင်းသည့်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှု

များဖြင့် အရှိန်မြှင့်တင်သင့်ကြောင်း၊ တရုတ်-ရုရှား ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး အရည်အသွေးမြင့်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းပြမြေပုံကို အကောင်အထည် ဖော်ဆောင်ရွက်သင့်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီသည့် ကုန်သွယ်ရေး၊ ဆေးဝါးနှင့် ကျန်းမာရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးကဲ့သို့နယ်ပယ်များတွင် နက်ရှိုင်း စွာပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဆက်သွယ် မှုများမြှင့်တင်ရေး၊ ဥရောပတိုက်မှ ကုန်စည်သယ်ယူ ပို့ဆောင်ရေး အဆင်ပြေချောမွေ့မှုကို ဆက်လက်ထိန်းသိမ်းထားရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စက်မှုကုန်ထုတ်လုပ်မှုနှင့် ကုန်စည်ပံ့ပိုးမှု ကွင်းဆက်များ တည်ငြိမ်စေရေးတို့ကို တောင်းဆိုလိုကြောင်း တရုတ်သမ္မတက ပြောကြားခဲ့ ပါသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍတွင် မဟာဗျူဟာမြောက်မိတ်ဖက်ပြု ဆောင်ရွက်မှုကို အားကောင်းခိုင်မာစေလျက်၊ အဓိက ရေနံနှင့် သဘာဝဓာတ်ငွေ့ပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်းများကို တည်ငြိမ်စွာ ရှေ့ဆက်ဆောင်ရွက်ရေး၊ အဓိကစွမ်းအင် နည်း ပညာများတွင် ပူးတွဲတီထွင်ဆန်းသစ်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ စွမ်းအင်အသစ် ပူးပေါင်း ဆောင်ရွက်မှုများချဲ့ထွင်ရေး၊ စွမ်းအင်စိတ်ချလုံခြုံရေးအတွက် အချင်းချင်းပံ့ပိုးကူ ညီဆောင်ရွက် ရေး၊ ကမ္ဘာလုံးဆိုင်ရာစွမ်းအင် စီမံခန့်ခွဲမှုစနစ် တိုးတက်စေရေး၊ ဉာဏ်ရည်တု (artificial intelligence)၊ Internet of Things နှင့် အပြည်ပြည်ဆိုင်ရာ လကမ္ဘာသုတေသန စင်တာ စီမံကိန်းကဲ့သို့ရှေ့တန်းရောက်သည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက် သင့်ကြောင်း တရုတ်သမ္မတက တောင်းဆိုထားပါသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ဘဏ္ဍာရေးမူဝါဒများအပေါ် ပိုမိုနက်ရှိုင်းစွာ ဆက်သွယ် သင့်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအပေါ် နှစ်နိုင်ငံ၏ စွမ်းဆောင်ရည်များကို အားကောင်းခိုင်မာစေသင့်ကြောင်းနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ ဥရောပနှင့် အာရှ စီးပွား ရေးသမဂ္ဂ (Eurasian Economic Union)တို့အကြား ပိုမိုဟန်ချက်ညီစေရန် ရှာဖွေသင့်ကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား မိရိုးဖလာချစ်ကြည် ရင်းနှီးမှုများကို နက်ရှိုင်းစေရန် အားကစားဖလှယ်ပွဲများ တရားဝင်စတင်ကျင်းပမည်ကို ရုရှား သမ္မတနှင့် ပူးတွဲကြေညာရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း တရုတ်သမ္မတက အကြံပြုပြောကြား ထားပါသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (Shanghai Cooperation Organization – SCO)၏ ဖွံ့ဖြိုးတိုးတက်မှုများကို ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ ပိုမို

ကောင်းမွန်သည့် လုံခြုံရေးနှင့် ဘုံအကျိုးစီပွားများနှင့်  မှန်ကန်သည့်လမ်းကြောင်းတွင် ဆက်လက်သွားနိုင်ရန် ဆောင်ရွက်နေသည်ဟူသည့် မဟာဗျူဟာမြောက် ရေရှည်ရှုထောင့်မှ ရှုမြင်သင့်ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)အတွင်း SCO ၏ ထူးခြား သည့် ဖွံ့ဖြိုးတိုးတက်မှုများမှာ နိုင်ငံတကာအသိုက်အဝန်းတွင် အရေးပါသော အပြုသဘောဆောင်သည့် အင်အားတစ်ရပ်ဖြစ်လာကြောင်း၊ BRICS ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အထောက်အကူဖြစ်စေရန် တရုတ်နိုင်ငံက ရုရှားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် BRICS (၅) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်လျက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို၍ ပါဝင်ဖြည့်ဆည်း နိုင်မည်ဖြစ်ကြောင်း တရုတ်သမ္မတက ပြောကြားထားပါသည်။

ရုရှားသမ္မတက ဆွေးနွေးရာတွင် ယခုကဲ့သို့ ပေကျင်းဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခြင်းခံရသည်မှာ နှစ်နိုင်ငံခေါင်းဆောင်များအကြား နီးကပ်သည့် ချစ်ကြည်ရင်းနှီးမှုအစဉ်အလာကို ကောင်းမွန်စွာထိန်းသိမ်းထားနိုင်သည့် လက္ခဏာရပ်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါဖြစ်ပွားနေသော်လည်း နှစ်နိုင်ငံကုန်သွယ်ရေးမှာ တည်ငြိမ်စွာတိုးတက်လျက်ရှိပြီး၊ နိုင်ငံတကာရေးရာများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်-ရုရှားဆက်ဆံရေးမှာ (၂၁)ရာစု နိုင်ငံတကာဆက်ဆံရေး၏ စံနမူနာတစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာဆောင်ရွက်ရန် ရုရှားနိုင်ငံက ဆန္ဒရှိကြောင်း၊ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ကို စိတ်ချလုံခြုံစေရေး အချင်းချင်းခိုင်မာစွာပံ့ပိုးပေး သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အဓိကပူးပေါင်းဆောင်ရွက်သည့်အခန်းကဏ္ဍ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ တရားမျှတမှုများကိုလည်း ခိုင်မာစွာ ထောက်ခံအားပေးကြောင်း၊ ပိုမို၍ တရားမျှတပြီး ကျိုးကြောင်းဆီလျော်သည့် အပြည်ပြည် ဆိုင်ရာပြဋ္ဌာန်းချက် တည်ဆောက်ရေး မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာ၊ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေးအပါအဝင် ကဏ္ဍအမျိုးမျိုးတွင် တရုတ်နိုင်ငံနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန်နှင့် အားကစားဖလှယ်ရေးနှစ်များကိုလည်း ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့ပါသည်။

၎င်းနောက် တရုတ်နှင့် ရုရှားတို့က နိုင်ငံအားလုံးတို့အပေါ် ဆွေးနွေးမှုများ အားကောင်းခိုင်မာစေရန်၊ အပြန်အလှန်ယုံကြည်မှု တိုးမြှင့်ရန်၊ ဘုံသဘောတူညီချက် တည်ဆောက်ရန်၊

လူသားမျိုးနွယ်အားလုံးတို့အတွက် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှု၊ မျှတရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့် ဘုံတန်ဖိုးများ ရရှိစေရေးတို့အတွက် တောင်းဆိုထားသည့် ပူးတွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ကြေညာစာတမ်းတွင် ပြည်သူများက ၎င်းတို့၏ ဖွံ့ဖြိုးမှုလမ်းကြောင်းများကို လွတ်လပ်စွာရွေးချယ်ခွင့်၊ နိုင်ငံအားလုံးတို့၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် အကျိုးစီးပွား ဖွံ့ဖြိုးမှုများအတွက် လေးစားမှုများကိုလည်း ထည့်သွင်းတောင်းဆိုထားပါသည်။

နိုင်ငံတကာဥပဒေအပေါ် အခြေခံသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ စနစ်ကို ကာကွယ်ရန်၊ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့က အဓိကပူးပေါင်း ဆောင်ရွက်ပေးသော စစ်မှန်သည့်နိုင်ငံစုံစနစ်ကို လက်တွေ့ကျင့်သုံးရန်၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွင် ဒီမိုကရေစီစနစ်ကျင့်သုံးရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရန်၊ တည်ငြိမ်မှုရှိစေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်တို့ကိုလည်း နှစ်နိုင်ငံက တောင်းဆိုခဲ့ကြပါသည်။

အဓိကနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များကိုလည်း နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua (၅-၂-၂၀၂၂)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.................................................................................................................

## ၂၀၂၁ ခုနှစ် တရုတ်လူဦးရေစာရင်းက ဖော်ပြနေသည့် တရုတ်နိုင်ငံ၏ လူဦးရေနှင့်ပတ်သက်သောအကြောင်းအရာများ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ခဲ့သည့် စာရင်းများအရ ၂၀၂၁ ခုနှစ် တရုတ်လူဦးရေစာရင်းတွင် မွေးဖွားမှုနှုန်းမှာ အနိမ့်ဆုံးနှုန်းသို့ ကျဆင်းလာပြီး၊ တရုတ် လူ့အသိုင်းအဝိုင်းတွင် အသက်ကြီးသူများ လျင်မြန်စွာတိုးပွားလာနေသည်ကို တွေ့ရှိရပါသည်။ ၎င်းအချက်ကို တရုတ်အစိုးရကသိရှိပြီး တရုတ်နိုင်ငံ၏ လူဦးရေ မွေးဖွားနှုန်း တိုးတက်လာစေရန် စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိရာ၊ ၎င်းနိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုတွင် မည်သည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်မည်ကို ဤဆောင်းပါးက သုံးသပ်ထားပါသည်။

## လူဦးရေမွေးဖွားမှုနှုန်းကျဆင်းလာခြင်း

၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ (၁.၄၁၂) ဘီလီယံရှိခဲ့ပြီး၊ အသားတင်လူဦးရေ (၄၈၀,၀၀၀) မွေးဖွားခဲ့ရာ၊ လူဦးရေတစ်ထောင်လျှင် (၀.၃၄) ဦးနှုန်းသာ တိုးတက်ခဲ့သည်ကို တွေ့ရပါသည်။ ၎င်းနှုန်းမှာ ၂၀၂၀ ပြည့်နှစ်တွင်ရှိခဲ့သည့် (၁.၁၁) ဦးနှုန်းမှ သိသာစွာကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ အနိမ့်ဆုံးအဖြစ် စံချိန်တင်ခဲ့သည့်နှစ်လည်း ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း မွေးဖွားနှုန်းမှာ လူတစ်ထောင်လျှင် (၇.၅၂)ဦးဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် လူတစ်ထောင်လျှင် (၁)ဦးနှုန်း လျော့နည်းခဲ့ပါသည်။ ၎င်းအချိန်တွင် လူသေဆုံးမှုနှုန်းမှာ လူတစ်ထောင်လျှင် (၇.၁၈) ဦးဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၀.၁၁)ဦး အနည်းငယ် ပိုမိုသေဆုံးခဲ့ပါသည်။ ထိုအချက်များက တရုတ်နိုင်ငံ၏ သေဆုံးမှုနှုန်းမှာ မွေးဖွားမှုနှုန်းထက်ကျော်လွန်တော့မည်ဖြစ်ပြီး၊ လူဦးရေစတင်ကျဆင်းတော့မည်ဟု ညွှန်းဆိုပြသနေပါသည်။

## အသက်ကြီးလာသည့် လူဦးရေနှင့် တိုးပွားလာသည့် မြို့ပြသူအချိုး

၂၀၁၁ ခုနှစ်တွင် တရုတ်နိုင်ငံ၌ အသက်(၆၅)နှစ်နှင့် အထက်လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ (၉.၁) ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ်တွင် (၁၄.၂) ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပါသည်။ ၎င်းအချက်က အလုပ်လုပ်ကိုင်သည့်အသက်အရွယ်ရှိသူ လူဦးရေ ကျုံ့လာသည်ဟု ညွှန်ပြနေပါသည်။ တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် အသက် (၀ မှ ၁၅ နှစ်ကြား)အုပ် စု၊ အသက် (၁၆ နှစ်မှ ၅၉ နှစ်ကြား)အုပ်စုနှင့် အသက်(၆၀)နှင့်အထက်အုပ်စုများကို ဖော်ပြထားပါသည်။

အသက်အရွယ်ကြီးသည့်လူဦးရေများပြားလာခြင်းက နိုင်ငံအတွင်း မြို့ပြသူဦးရေအချိုးပြောင်းလဲလာခြင်းကို ပြသနေပါသည်။ အလုံးစုံမြို့ပြသူအချိုးမှာ ၂၀၁၁ ခုနှစ်တွင် (၃၄.၄) ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် (၄၅.၉) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။ ၎င်းအချိုးအစားမှာ ဂျာမနီနှင့် ဂျပန်နိုင်ငံများရှိ မြို့ပြသူအချိုးများဖြစ်သည့် (၅၅) ရာခိုင်နှုန်းနှင့် (၆၅) ရာခိုင်နှုန်းတို့နှင့်နှိုင်းယှဉ်ပါက နိမ့်ကျနေသေးသည်ဟု ဆိုနိုင်သော်လည်း၊ အချိုးအစားလျင်မြန်စွာပြောင်းလဲလာခြင်းမှာ အဓိကစိုးရိမ်ဖွယ်ရာ ဖြစ်လာပါသည်။

တရုတ်အမျိုးသားစာရင်းအင်းဌာနမှ အချက်အလက်များအရ ကလေးမွေးဖွားမှုနှုန်းကျဆင်းလာခြင်းမှာ ကိုယ်ဝန်ဆောင်နိုင်သည့်အသက်အရွယ်ပိုင်း အမျိုးသမီးဦးရေ ကျဆင်းလာသောကြောင့်ဖြစ်ကြောင်း သိရပါသည်။ ၂၀၂၁ ခုနှစ်တွင် အသက် (၁၅)နှစ်နှင့် (၄၉)နှစ်ကြား အမျိုးသမီးဦးရေ (၅)သန်းနီးပါး လျော့နည်းလာပြီး၊ ၎င်းတို့အနက် အထူးသဖြင့် အသက် (၂၁)နှစ်မှ (၃၅)နှစ်ကြား အမျိုးသမီးဦးရေ (၃)သန်း ပါဝင်ကြောင်း သိရပါသည်။ ထို့ပြင်

အမျိုးသမီးများက လက်ထပ်ကြသော်လည်း သက်ကြီးပိုင်းမှ သားသမီးယူကြသည် လည်းရှိရာ၊ ပျမ်းမျှကိုယ်ဝန်ဆောင်သည့်အသက်အရွယ်မှာ လွန်ခဲ့သည့် (၁၀)နှစ်ကထက် (၂)နှစ် ပိုကြီးလာကြောင်းသိရပါသည်။

ထို့ပြင် ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးမှုတွင် အတားအဆီးများဖြစ်ခြင်း၊ အိမ်ထောင်စုများ၏ ဝင်ငွေကျဆင်းလာခြင်းတို့ကလည်း လူဦးရေကျဆင်းမှုကို ပိုမိုဖြစ်ပွားစေလာနိုင်ပါသည်။

ယခင်က တရုတ်နိုင်ငံ၏ မူဝါဒအရ တစ်အိမ်ထောင်လျှင် ကလေးတစ်ယောက်သာ မွေးနိုင်သည့်မူဝါဒကို ၂၀၁၅ ခုနှစ်တိုင်အောင် ကျင့်သုံးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ကလေး (၂) ဦးအထိ မွေးနိုင်ကြောင်း မူဝါဒဖြေလျှော့ပေးခဲ့ပြီး၊ ၂၀၂၁ ခုနှစ်တွင်မူ (၃)ဦးအထိ မွေးနိုင်ကြောင်း ထပ်မံဖြေလျှော့ပေးလာပါသည်။

ထိုသို့မူဝါဒကို ဖြေလျှော့ပေးခဲ့သော်လည်း အခြားစက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ တရုတ်နိုင်ငံတွင် အမျိုးသမီးများက ပြင်ပ၌ အလုပ်လုပ်ကိုင်နေကြခြင်း၊ နေထိုင်မှုစရိတ်စကများ ကြီးမြင့်လာခြင်းနှင့် ကလေး၏ဝန်ထုပ်ဝန်ပိုးကို တာဝန်ယူခြင်းထက် ဘဝတွင် အရည်အသွေးမြင့်မြင့်နေထိုင်လိုကြခြင်းတို့ကြောင့် လူဦးရေတိုးပွားမှု လျော့ကျလာခြင်းဖြစ်ပါသည်။

**လူဦးရေတိုးပွားမှုမြှင့်တင်ခြင်း – မူဝါဒနှင့် ကလေးသူငယ်စောင့်ရှောက်ရေး အကျိုးခံစားခွင့်များ**

အိမ်ထောင်တစ်စုလျှင် ကလေး(၃)ယောက်မွေးနိုင်သည့် မူဝါဒနှင့်အတူ ကလေးများ ၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည့် မူဝါဒများကိုလည်း စတင်အကောင်အထည်ဖော်ဆောင်လာခဲ့ပါသည်။ တရုတ်နိုင်ငံတစ်ဝှမ်းရှိ မြို့အချို့တွင် ပိုမိုကောင်းမွန်သည့် မိခင်စောင့်ရှောက်မှုစနစ်၊ မိဘစောင့်ရှောက်မှုနှင့် ကလေးသူငယ်အကျိုးခံစားခွင့်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းခံစားခွင့်များတွင် မီးဖွားခွင့်နှင့် ကလေးသူငယ်စောင့်ရှောက်ခွင့်များ တိုးမြှင့်ပေးခြင်း၊ ပညာရေးကုန်ကျစရိတ်များ လျှော့ချရန် အဓိကဘာသာများတွင် သီးသန့်ကျူရှင်ယူခြင်းကို ထိရောက်စွာတားမြစ်ခြင်းတို့လည်း ပါဝင်ပါသည်။

ငယ်ရွယ်သည့် အိမ်ထောင်စုများအတွက် လူနေမှုစရိတ်ကို လျှော့ချပေးရန် ရှန်းကျန့်ကဲ့သို့ အဓိကမြို့များရှိ အိမ်ဈေးနှုန်းများအား သတ်မှတ်ပေးခဲ့ပါသည်။ ရှန်းကျန့်နှင့် ရှန်ဟိုင်းကဲ့သို့မြို့ကြီးများတွင် ယေဘုယျအားဖြင့် အိမ်ဈေးနှုန်းမှာ တစ်စတုရန်းမီတာလျှင် ယွမ်(၆)သောင်းကျော်ခန့်အထိ ဈေးပေါက်လေ့ရှိပါသည်။

သို့ရာတွင် တရုတ်လူမျိုးများ၏ တစ်ကိုယ်ရေချမ်းသာကြွယ်ဝမှုများဖြင့် ဝယ်ယူထားလေ့ရှိသည့် အိမ်ခြံမြေဈေးကွက် ကျဆင်းစေရန် ဆောင်ရွက်ပေးမှုကြောင့် မသေချာ မရေရာမှုများ ပိုမိုဖြစ်ပွားလာပါသည်။

တရုတ်လူမျိုးများ အလုပ်မှအနားယူရန် တရားဝင်သတ်မှတ်ထားသည့်အသက် အပိုင်းအခြားမှာ အမျိုးသားဖြစ်လျှင် အသက် (၆၀)နှင့် အမျိုးသမီးဖြစ်လျှင် အသက် (၅၀) မှ (၅၅) နှစ်ကြား ဖြစ်ပါသည်။ ဂျပန်နှင့် ဂျာမနီနိုင်ငံများတွင် အလုပ်မှအနားယူသည့် အသက်အရွယ်ကို (၆၅)နှစ်သတ်မှတ်ထားပြီး၊ နောက်ထပ်(၁၀)နှစ် တိုးမြှင့်ရန်လည်း စီစဉ်နေပါသည်။

၂၀၂၁ ခုနှစ် အစောပိုင်းတွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မည့် (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းကို တရုတ်အစိုးရက ထုတ်ပြန်ခဲ့ ရာ၊ ၎င်း၌ အလုပ်မှ အနားယူရမည့်အသက်အရွယ်ကို တဖြည်းဖြည်းတိုးမြှင့်သွားမည်ဟု ဖော်ပြပါရှိပါသည်။ သို့ရာတွင် မည်သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဟူသည်ကို သေသေချာချာ သိရှိခြင်းမရှိသေးပါ။

အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိသည့် နိုင်ငံသားဦးရေ ကျဆင်းလာသဖြင့် နိုင်ငံခြားသားများကို ပြည်ဝင်ခွင့်ပေးရန်ဟူသောကိစ္စရပ်ပေါ်တွင်လည်း တရုတ်နိုင်ငံက တင်းကြပ်စွာထိန်းချုပ်ထားဆဲ ဖြစ်ပါသည်။

## လူဦးရေကျဆင်းမှုက တရုတ်ကုမ္ပဏီများအတွက် မည်သည့်သက်ရောက်မှုများ ဖြစ်စေသနည်း

တရုတ်နိုင်ငံ၏ လူဦးရေပုံစံပြောင်းလဲလာခြင်းကြောင့် တရုတ်လုပ်ငန်းများဘက်က အလုပ်ခန့်ထားသည့် စံပုံစံအသစ်များနှင့် လူ့စွမ်းအားရင်းမြစ်ဗျူဟာအသစ်များကို ပြောင်းလဲအသုံးပြုပြီး၊ အရည်အချင်းရှိသူများကို ဆွဲဆောင်ခန့်ထားလာကြပါသည်။ ဝန်ထမ်းများကို ကြာကြာထိန်းထားနိုင်ခြင်းမှာ အရည်အသွေးမြင့် တိုးတက်မှုကို ရေရှည်ထိန်းထားနိုင်သဖြင့် ကုမ္ပဏီများအတွက် အဓိကဆောင်ရွက်ရမည့်ကိစ္စရပ် ဖြစ်လာပါသည်။ ထိုသို့ ဆွဲဆောင်ရန်အတွက် ဝန်ထမ်းအကျိုးခံစားခွင့်များ၊ အခွင့်အရေးများ၊ အရည်အချင်း မြှင့်တင်ပေးခြင်း၊ သင်တန်းပို့ချပေးခြင်းများကို ပြုလုပ်ပေးရပါသည်။

အသက်ကြီးသူလူဦးရေပိုများလာခြင်းက သက်ကြီးများအတွက် "ငွေရောင်စီးပွားရေး" ဟု လူသိများသည့် ဈေးကွက်အခွင့်အလမ်းများ တိုးပွားလာခြင်း ဖြစ်ပါသည်။ ၎င်းစီးပွားရေးတွင် တရုတ်နိုင်ငံ၌ ဖွံ့ဖြိုးမှုနည်းနေသေးသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍလည်း ပါဝင်ပါသည်။ တရုတ်အစိုးရ၏ ရေ့ပြေးစီမံကိန်းများတွင်လည်း သက်ကြီးစောင့်ရှောက်ရေးဝန်ဆောင်မှုများကို တိုးမြှင့်ရန်ပါဝင်ပြီး၊ ပြည်နယ်အစိုးရများအား သက်ကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆောင်အယောင် အရေအတွက်များနှင့် ဝန်ဆောင်မှုများ တိုးပွားလာစေရန် တိုက်တွန်းထားပါသည်။

စက်ရုပ်များ၊ precision machineries ၊ မောင်းသူမဲ့ယာဉ်များနှင့် IT နှင့် ဆော့ဖ်ဝဲလ်များကဲ့သို့ နည်းပညာအဆင့်မြင့်လုပ်ငန်းများမှာ ထုတ်လုပ်မှုမြင့်မားသည့် လူမှုအသိုက်အဝန်းဆီသို့ တရုတ်နိုင်ငံက အသွင်ပြောင်းလဲရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး၊

နည်းပညာများ ဖွံ့ဖြိုးရေးနှင့် လည်ပတ်ရေးတွင် လိုအပ်သည့် အရည်အသွေးနှင့် သင်တန်းများကို ရယူလိုအား တိုးမြင့်လာမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံက ဝန်ဆောင်မှု ဦးစားပေးသည့်စီးပွားရေးအသွင်ပြောင်းလဲရန် ကြိုးစားနေသည့်အတွက် ပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများကဲ့သို့ကဏ္ဍများအပေါ် မျက်နှာသာပေးလာဖွယ်ရှိပါသည်။ အဆိုပါဝန်ဆောင်မှုကုမ္ပဏီများ ရေရှည်တည်တံ့ရေးအတွက် စွမ်းဆောင်ရည်သင်ကြားပေးခြင်းနှင့် တတ်ကျွမ်းမှုအဆင့်မြှင့်ပေးခြင်းတို့မှာ အဓိကဖြစ်ပါသည်။

ရင်းမြစ်၊ China Briefing (၂-၂-၂၀၂၂)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………………………………………………

## ၂၀၂၁ ခုနှစ်အတွင်း ဗဟိုဘဏ်များ၏ ရွှေအရန်ထားရှိမှု (၄၆၃)တန် ပိုမိုလာ

ကမ္ဘာ့ရွှေကောင်စီမှ စာရင်းများအရ ၂၀၂၁ ခုနှစ်တွင် ဗဟိုဘဏ်များက ၎င်းတို့၏ ရွှေအရန်သိုလှောင်ထားရှိမှုအား စုစုပေါင်း(၄၆၃)တန် တိုးမြှင့်လိုက်ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၈၂) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ၎င်းပမာဏသည် ကမ္ဘာတစ်ဝှမ်းမှ ဗဟိုဘဏ်များက ရွှေအရန်ထားရှိမှုကို နှစ်ပေါင်း (၃၀)အတွင်း အမြင့်ဆုံးအဆင့်သို့ တိုးမြှင့်လိုက်သည့်ပမာဏလည်း ဖြစ်ပါသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက်အတွင်း ဗဟိုဘဏ်များ၏ ရွှေဝယ်ယူ မှုများမှာ နှေးကွေးလာခဲ့ပြီး၊ စတုတ္ထမြောက် သုံးလပတ်တွင် ရွှေအသားတင်ဝယ်ယူမှုမှာ ယခင်နှစ်ကထက် (၂၂) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးမှ gold Exchange Traded Fund (ETF) ကိုင်ဆောင်မှုမှာ (၈၇၄) တန် ရှိခဲ့သော်လည်း၊ ၂၀၂၁ ခုနှစ်အတွင်း (၁၇၃)တန် ကျဆင်းခဲ့သည်ဟုလည်း သိရပါသည်။

ရင်းမြစ်၊ World Gold Council (၇-၂-၂၀၂၂)
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………………………………………………

## ဟောင်ကောင်စီးပွားရေးသတင်းများ

### (က) ဟောင်ကောင်ဒေသ၌ တရုတ်နှစ်သစ်ကူးတွင် ရွှေနှင့် ကျောက်မျက်ရတနာများ ရောင်းချရမှုမြင့်တက်နိုင်ခြင်း

ရွှေနှင့်ကျောက်မျက်ရတနာပစ္စည်းများ ရောင်းချရမှုတွင် တရုတ်နိုင်ငံ၏ (၁၂) ရာသီခွင်တွင် ပါဝင်သော နဂါးသတ္တဝါပြီးလျှင် ကြောင်အကြီးစားဖြစ်သည့် ကျားသတ္တဝါမှာ ဒုတိယမြောက် ကျော်ကြားသောကြောင့် ယခုနှစ် တရုတ်နှစ်သစ်ကူး ကျားနှစ်တွင် ယခင် နှစ်ဝက်နှစ်ထက် ရွှေနှင့် ကျောက်မျက်ရတနာ လက်လီရောင်းချမှုများ ပိုမိုမြင့်တက်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ ၌ Enoch Yiu က "Sales booom seen for gold jewelers in new lunar year" ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ကျားသတ္တဝါရုပ်ပုံများဖြင့် ပြုလုပ်ထားသော ရွှေဒင်္ဂါးများ၊ လက်ကောက်များ၊ လည်ဆွဲများ၊ ဆွဲသီးများ အစရှိသည့် ပစ္စည်းများမှာ ဟောင်ကောင်ရှိ ကျောက်မျက် လက်ဝတ်ရတနာဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း၊ ဟောင်ကောင်ဒေသနှင့် တရုတ်ပြည်မကြီးတွင် ရွှေနှင့်ကျောက်မျက်လက်ဝတ်ရတနာများ ရောင်းချသော အရောင်းဆိုင်ပေါင်း (၂၇၉၀) ဆိုင်ရှိသည့် ဟောင်ကောင်ဒေ၏ အကြီးမားဆုံး ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာဆိုင် Lukfook Group သည် ကျားပုံနှင့် ပြုလုပ်ထားသော ရွှေထည်လက်ဝတ်ရတနာများအား တစ်ခုလျှင် ဟောင်ကောင်ဒေါ်လာ (၁,၀၀၀) မှ စတင်၍ ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှုန်း မြင့်တက်လာသောကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက် ပျံ့နှံ့မှုပိုမိုတည်ငြိမ်လာနိုင်သောကြောင့် ယခင်နွားနှစ်နှင့် ကြွက်နှစ်ထက် ယခုနှစ်ကျားနှစ်တွင် ရောင်းချမှုမြင့်တက်နိုင်ရန် မျှော်လင့်ထားသောကြောင့် ကျားပုံနှင့် ပြုလုပ်ထားသော ရွှေထည်ပစ္စည်းများ ပိုမိုပြုလုပ်ထားကြောင်း၊ တရုတ်လူမျိုးများမှာ (၁၂) ရာသီခွင်တွင်ပါဝင်သော သတ္တဝါများအား မွေးနေ့လက်ဆောင်၊ မင်္ဂလာပွဲလက်ဆောင်များ (သို့မဟုတ်) ကိုယ်တိုင်ဝတ်ဆင်ရန်အတွက် ဝယ်ယူရန် စိတ်အားထက်သန်ကြသောကြောင့် ယခုနှစ်ကျားနှစ်တွင် ရောင်းချမှု မြင့်တက်ရန် မျှော်လင့်ထားကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်နိုင်ငံ (၁၂) ရာသီခွင် သတ္တဝါများတွင် ကျား၊ နဂါး၊ မြင်းနှင့် နွားတို့မှာ ကံကောင်းခြင်းများ ယူဆောင်လာနိုင်သည့် အတိတ်နိမိတ်ရှိသောကြောင့် အကျော်ကြားဆုံးသတ္တဝါများဖြစ်ကြောင်း၊ နဂါးမှာ ကျန်းမာရေးကောင်းမွန်ခြင်း၊ ကျားမှာစွမ်းအားများနှင့် ခွန်အားများ

တိုးတက်ခြင်း၊ နွားမှာဈေးကွက်လည်ပတ်မှု ကောင်းမွန်ခြင်းနှင့် မြင်းမှာ အောင်မြင်ကျော်ကြား ခြင်း အစရှိသည့်ယူဆမှုများကြောင့် ပိုမိုကျော်ကြားခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိအစိုးရများ မှာလည်း ကျားနှစ်တွင် ရွှေဒင်္ဂါးများ စုဆောင်းလာနိုင်ကြောင်း၊ ဗြိတိန်နိုင်ငံမှ တော်ဝင်ဒင်္ဂါး ထုတ်လုပ်သူများသည် အချင်း (၁၈.၅) စင်တီမီတာရှိသော (၈) ကီလိုဂရမ်ရွှေဒင်္ဂါးများပြုလုပ်ရန် နာရီပေါင်း (၂၀၀)နာရီကျော်အချိန် ယူကြာမြင့်ကြောင်း၊ ရွှေဒင်္ဂါးများ၏ ဈေးနှုန်းမှာ (၇) ဂရမ် အတွက် ပေါင် ၆၇၀ (ဟောင်ကောင်ဒေါ်လာအားဖြင့် ၆,၉၉၅ ဒေါ်လာ) ၊ (၂၈) ဂရမ် အတွက် ပေါင် ၂,၅၀၅ နှင့် (၁၄၀) ဂရမ် အတွက် ပေါင် ၁၁,၄၃၀ အသီးသီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ People Bank မှလည်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ ကျားနှစ်အတွက် ရွှေနှင့် ငွေဒင်္ဂါး များ ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါဒင်္ဂါးများတွင် ပြန်လည်သန့်စင်ထားသော (၁၀) ကီလို ဂရမ် ရွှေဒင်္ဂါးတစ်ခုလျှင် ယွမ် (၁၀၀,၀၀၀)(ဟောင်ကောင်ဒေါ်လာအားဖြင့် ၁၂၃,၀၀၀) ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသရွှေဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဝက်နှစ်တွင် (၁၈) ရာခိုင်နှုန်း ၂၀၂၀ ပြည့်နှစ်၊ ကြွက်နှစ်တွင် ၂၀ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပြီး ယခင်နှစ် နွားနှစ်တွင် (၁)ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အကျပ် အတည်းဆက်လက် ဖြစ်ပွားနေမှုနှင့် ငွေကြေးဈေးကွက် မတည်ငြိမ်မှုများကြောင့် ယခုနှစ် ကျားနှစ်တွင်လည်း ရွှေနှင့် ကျောက်မျက်လက်ဝတ်ရတနာရှယ်ယာများ မြင့်တက်နိုင်ရန် ခန့်မှန်းထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**(ခ) ဟောင်ကောင်ဒေသ၏ ၂၀၂၁ ခုနှစ်တွင် စီးပွားရေး ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့မှုအား ခြိမ်းခြောက်လျက်ရှိခြင်း**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၏ စီးပွားရေးမှာ၂၀၂၁ခုနှစ်က ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဉ္စမလှိုင်း ကူးစက်ပျံ့နှံ့မှု ကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေး ပြန်လည်နာလန်ထူမှုအပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက် ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ထုတ်South China Morning Post သတင်းစာ၌ Cannix Yau က “Threats Ahead as Growth Hits 6.4 pc” ခေါင်းစဉ် ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၏ စီးပွားရေး တိုးတက်မှုမှာ ၂၀၂၂ ခုနှစ်တွင် (၅.၅) ရာခိုင်နှုန်းမှ (၆.၅) ရာခိုင်နှုန်းအကြားရှိရန် ကြိုတင်ခန့်မှန်းထားခဲ့ကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ကာလတူနှင့် နှိုင်းယှဉ်လျှင် ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်အတွင်း (၄.၈) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် တွင် ဒေသခံ

တစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာ ၅,၀၀၀ တန်ဖိုးရှိ e-voucher များအား ဒေသအစိုးရမှ Consumption Voucher Scheme ဖြင့် ဟောင်ကောင်ဒေါ်လာ (၃၆) ဘီလီယံပံ့ပိုးခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်ကိုလည်း စီးပွားရေးတိုးတက်ရန် မျှော်လင့်ထားသော်လည်း ဟောင်ကောင်ဒေသတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် စီးပွားရေးတိုးတက်မှုနှင့် ပတ်သက်၍ မသေချာမှုများရှိနေကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နောက်ဆုံး အခြေအနေများကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ဖိအားများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ တရုတ်-အမေရိကန် ဆက်ဆံရေးနှင့်ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများကြောင့်လည်း ကမ္ဘာ့စီးပွားရေးပြန်လည် နာလန်ထူမှုကို နှေးကွေးစေနိုင်ပြီး နိုင်ငံအများအပြားတွင် ကုန်ဈေးနှုန်းများ မြင့်တက်မှုများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ဆက်လက်ကူးစက်ဖြစ်ပွားနေမှုနှင့် ကုန်ပစ္စည်း ထုတ်လုပ်သယ်ယူပို့ဆောင်မှုများတွင် အခက်အခဲများရှိသောကြောင့် အချို့သော အဓိကကျသည့် စီးပွားရေးဒေသများတွင် ကုန်ဈေးနှုန်းမြင့်တက်မှုများ ကြာရှည်နေမည်ဖြစ်ကြောင်း၊ ဗဟိုဘဏ်များမှလည်း ငွေကြေးမူဝါဒများနှင့် ပတ်သက်၍ တင်းကျပ်မှုများကို လျင်မြန်စွာ လုပ်ဆောင်နိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှုမှာ ၂၀၂၁ ခုနှစ်က (၂၆.၃) ရာခိုင်နှုန်းနှင့် သွင်းကုန်တင်သွင်းမှုတွင်(၂၄.၃)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်းမှာ (၃.၉) ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၁၉ ဒီဇင်ဘာလမှ စတင်၍ အလုပ်လက်မဲ့နှုန်းနှင့် နှိုင်းယှဉ်လျှင် အနည်းဆုံး ဖြစ်ခဲ့ကြောင်း၊ အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်မှုဆိုင်ရာ တင်းကျပ်မှုများ ချမှတ်ခဲ့ရသောကြောင့် ၂၀၂၂ ခုနှစ်၊ ပထမ သုံးလပတ်တွင် ဟောင်ကောင်ဒေသ၏ စီးပွားရေးတိုးတက်မှု(၁) ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ဒေသအစိုးရမှ စီးပွားရေးလုပ်ငန်း (၁၅) မျိုးအား ယာယီပိတ်ထားရန်နှင့် စားသောက်ဆိုင်များအား(၁၈:၀၀)နာရီနောက်ပိုင်း ရောင်းချခွင့်များအား ၁၇-၂-၂၀၂၂ ရက်နေ့အထိရက်တိုးမြှင့် သတ်မှတ်ခဲ့မှုများကြောင့် စီးပွားရေးကျဆင်းနိုင်ကြောင်း၊ အဆိုပါ တင်းကျပ်မှုများ၏ ရိုက်ခတ်မှုမှာ (၂) လ ကြာမြင့်လာပြီ ဖြစ်သောကြောင့် စားသောက်ကုန်လုပ်ငန်းများအတွက် ဝင်ငွေမြင့်မားစွာရရှိသည့် ကာလအား ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိကြောင်း၊ ဒုတိယသုံးလပတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု ဆိုင်ရာ တင်းကျပ်မှုများအား ဖြေလျှော့နိုင်ပါက စီးပွားရေးတိုးတက်မှု (၂) ရာခိုင်နှုန်းမှ (၃) ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ် တစ်နှစ်လုံးစာအတွက် ခန့်မှန်းမှုတွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ (၄) ရာခိုင်နှုန်းမှ (၃) ရာခိုင်နှုန်း အတွင်းလျော့ကျနိုင်ကြောင်း၊ အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကိုဗစ်-၁၉ ကူးစက်မှု ပဉ္စမလှိုင်းဖြစ်ပွားမှုမှာ

ကာလကြာ ရှည်နေမည်ဖြစ်ပြီး အနီးကပ်ဆုံးကာလ စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်မှာ ပိုမိုဆိုးရွားနိုင်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**(ဂ) ဟောင်ကောင်ဒေသ၌ ဈေးဆိုင်များရှိ အရောင်းစင်များတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်လျက်ရှိပြီး ကုန်ဈေးနှုန်းမြင့်တက်မှုများနှင့် ဆိုင်ရှင်များ ရင်ဆိုင်ကြုံတွေ့လျက် ရှိခြင်း**

ဟောင်ကောင်ဒေသရှိအချို့သော အဓိကကျသည့်စူပါမားကတ်များရှိ အရောင်းစင်တာများတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်လျက်ရှိပြီး ကုန်ဈေးနှုန်း မြင့်တက်လျက်ရှိသဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းအပေါ် လက်လီရောင်းချသူများမှ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖြတ်တောက်မှုအပေါ်အပြစ် တင်ပြောကြားလျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Rachel Yeo ၊ Ng Kang-chung နှင့် Gary Cheung တို့က “Shoppers met with soaring vegetable prices and empty shelves” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များ တင်သွင်းမည့် သယ်ဆောင်မည့် ကုန်တင်ကားများ မောင်းနှင်သည့် ဒါဇင်ပေါင်းများစွာသော ယာဉ်မောင်းများအနက် ယာဉ်မောင်း (၂) ဦးတွင် ဟောင်ကောင်-ရှန်းကျန့် နယ်စပ် ဖြတ်သန်းစဉ်၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိသောကြောင့် ယာဉ်မောင်းများအားလုံးမှာ ရှန်းကျန့်မြို့၌ ပိတ်မိလျက်ရှိကြောင်း၊ ၆-၂-၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်မြို့ တစ်ဝန်းရှိ အဓိက စူပါမားကတ်များတွင် ဟင်းသီးဟင်းရွက်များ ရောင်းကုန်သွားသည်ကို နေရာအများအပြား၌ တွေ့ရှိရပြီး အချို့သော အရောင်းဆိုင်များတွင် ဈေးနှုန်းများ (၂) ဆ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ Causeway Bay ရှိ ဈေးဆိုင်အချို့တွင် ဈေးနှုန်းများ မြင့်တင်ရောင်းချလျက်ရှိကြောင်း၊ တရုတ်ဂေါ်ဖီထုပ်များအား ယခင်ရက်များ က (၀.၆) ကီလိုဂရမ်လျှင် ဟောင်ကောင်ဒေါ်လာ (၁၄) ဒေါ်လာ ရောင်းချပြီး ယခုအခါ ဟောင်ကောင်ဒေါ်လာ (၂၄) ဒေါ်လာဖြင့် ရောင်းချလျက်ရှိကြောင်း၊ ဝယ်ယူသူများမှ လည်း ဈေးနှုန်းများ ပိုမိုကြီးမြင့်လျက်ရှိသည်ဟု ပြောကြားလျက်ရှိပြီး ပစ္စည်းများ ဝယ်ယူ မှုလျှော့ချခဲ့ကြကြောင်း၊ ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များ တင်သွင်းနိုင်ခြင်းမရှိသောကြောင့် ဟင်းသီးဟင်းရွက်ရောင်းချသည့် လက်လီရောင်းချသူအများအပြားမရှိကြောင်း၊ Causeway Bay ရှိ Wellcome Supermarket ဆိုင်ခွဲရှိ အရောင်းစင်များနှင့် အခြားသောနေရာများရှိ စူပါမားကတ်များစွာတွင်လည်း ညနေပိုင်းတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်ခဲ့ကြောင်း၊ လွန်ခဲ့သော(၂) ရက်အတွင်း ဟင်းသီးဟင်းရွက်များ တင်သွင်းမှု လျော့နည်းလာသောကြောင့် ပန်းဂေါ်ဖီများအား (၀.၆) ကီလိုဂရမ်လျှင် ဟောင်ကောင် ဒေါ်လာ (၃၈)

ဒေါ်လာ အထိ ရောင်းချလျက်ရှိသောကြောင့် ယခင်က ပုံမှန်ရောင်းချသည့် ဈေးနှုန်းထက် (၂) ဆ မြင့်တက်လျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်နှင့် ရှန်းကျန့် နယ်စပ်ဂိတ်များမှ တစ်ခုဖြစ်သည့် Wenjindu ( Man Kam) control point ၌ ၄-၂-၂၀၂၂ ရက်နေ့ (သောကြာနေ့) မှ စတင်၍ ဟောင်ကောင်မှ ရှန်းကျန့်သို့ ဝင်ရောက်မည့် ကုန်တင်ကားမောင်းနှင်သည့် ယာဉ်မောင်း၌ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့ပြီးနောက် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ပြတ်တောက်မှုဖြစ်ပွားခဲ့သည်ဟု Container Transportation Employees General Union မှ သိရှိရကြောင်း၊ ကျန်းမာရေးဆိုင်ရာ အရာရှိများမှ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်သည့်လုပ်ငန်း စဉ်များဆောင်ရွက်ရန် အတွက် ရှန်းကျန့်ဂိတ်အား နာရီပေါင်းများစွာ ပိတ်ထားခဲ့ကြောင်း၊ ထပ်မံ၍ ၅-၂-၂၀၂၂ ရက်နေ့ (စနေနေ့) တွင် သတ်မှတ်ထားသော ဟိုတယ်၌ နေထိုင်လျက်ရှိသော ယာဉ်မောင်း (၁) ဦးတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ကြောင်း၊ ကျန်းမာရေး ဆိုင်ရာထိန်းချုပ်ရန် တင်းကျပ်မှုများ ပြုလုပ်ခဲ့ပြီး ကားများအား ပိုးသတ်ရန် စောင့်ဆိုင်းရခြင်းကြောင့် ဟင်းသီးဟင်းရွက် ကုန်တင်ကား (၁၀၀) ကျော် ပိတ်မိလျက်ရှိကြောင်း၊ ၅-၂-၂၀၂၂ ရက်နေ့ (စနေနေ့) ညပိုင်းတွင် နယ်စပ်ဂိတ်၌ လုပ်ငန်းများ ပြန်လည်လည်ပတ် ဆောင်ရွက်ခဲ့သော်လည်း ကုန်တင်ကားများ ပိတ်ဆို့မှုအား ရှင်းလင်းနိုင်ခဲ့ခြင်းမရှိဘဲ အချို့သော ကုန်တင်ကားများမှာ အချိန်မီ နယ်စပ်ဖြတ်ကျော်နိုင်ခဲ့ခြင်း မရှိကြောင်း၊ အချို့သော လက်လီရောင်းချသူများနှင့် ဈေးဆိုင်များမှာ ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှု အပေါ် ဈေးနှုန်းများ မြှင့်တင်ရောင်းချနိုင်ကြကြောင်း၊ Man Kam control point သည် လတ်ဆတ်သော အစားအစာများဖြစ်သည့် ဟင်းသီးဟင်းရွက်များ၊ အသားနှင့် ငါးများအား တရုတ်ပြည်မကြီးမှ အဓိကဝင်ရောက်သည့် နယ်စပ်ဂိတ်ဖြစ်ကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့သည့် ယာဉ်မောင်းများနှင့် နီးကပ်စွာထိတွေ့ခဲ့သူများမှအပ ကျန်ရှိသည့် ယာဉ်မောင်းများမှာ လုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ကိုင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စာရင်းသွင်း မှတ်ပုံတင်ထားသော ယာဉ်မောင်းများ ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များ ပို့ဆောင်နိုင်ရန် တရုတ်ပြည်မကြီးဘက်မှ စီစဉ်လျက်ရှိပြီး အချို့သော ကုန်တင်ကား (၂၀) ကျော်မှာ ၆-၂-၂၀၂၂ ရက်နေ့ မနက်ပိုင်းက ဟောင်ကောင်ဒေသသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ သို့သော် Vegetable Marketing Organization နှင့် Cheun Sha Wan Wholesale Food Market တို့၌ ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှု၏ သက်ရောက်မှုမရှိခဲ့ကြောင်း၊ Weatern Wholesale Food Market ၌ဟင်းသီးဟင်းရွက်များ တင်သွင်းမှု လျော့ကျခဲ့မှုများရှိခဲ့သော်လည်း ဈေးကွက် အခြေအနေမှာ တည်ငြိမ်ဆဲဖြစ်ကြောင်း၊ ထို့ပြင် အေးခဲဝက်သား၊ ကြက်နှင့် လတ်ဆတ်သော ကြက်ဥများအပေါ် ရိုက်ခတ်မှုမရှိသေးကြောင်း၊ ဟောင်ကောင်ဒေသအတွက် အစားအသောက်

များမှာ တရုတ်ပြည်မကြီးမှ အဓိကတင်သွင်းခြင်းဖြစ်ပြီး ဒေသသို့တင်သွင်းလာသည့် ဟင်းသီး ဟင်းရွက် (၉၂) ရာခိုင်နှုန်းမှာ တရုတ်ပြည်မကြီးမှ တင်သွင်းခြင်းဖြစ်ကြောင်း စသည်ဖြင့် ရေးသား ဖော်ပြထားပါသည်။

**(ဃ) ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဟောင်ကောင်ဒေသ၌ ကျင်းပပြုလုပ်မည့် Art Basel အနုပညာနှင့် လက်မှုပညာပြပွဲ ရွှေ့ဆိုင်းခဲ့ခြင်း**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့်ဟောင်ကောင် ဒေသ၌ ၂၀၂၂ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည့် Art Basel အနုပညာနှင့် လက်မှုပညာ ပြပွဲအား ၂၀၂၂ ခုနှစ်၊မေလသို့ ရွှေ့ဆိုင်းကျင်းပပြုလုပ်မည်ဟု Art Basel မှကြေညာခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ထုတ် South China Morning Post သတင်း စာ၌ “Hong Kong Art Basel fair delayed due to Covid” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါသတင်းဆောင်းပါးတွင် Art Basel အနုပညာနှင့် လက်မှုပညာပြပွဲ၌ ပါဝင်ပြသ မည့် နိုင်ငံနှင့် ဒေသပေါင်း (၂၈) ခုမှ ပြခန်း(၁၃၇) ခု၌ ပါဝင်ပြသမည့်သူစာရင်း ထုတ်ပြန် ပြီးနောက် ကုန်စည်ပြပွဲ ရွှေ့ဆိုင်းမည်ဟု ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ Art Basel သည် လာမည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံ၌ ကုန်စည်ပြပွဲအသစ် ကျင်းပမည့် အစီ အစဉ်အား MCH Group AG က ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ အစိုးရ၏ လက်ရှိလမ်းညွှန်ခဲ့သည့် Art Basel အနုပညာနှင့် လက်မှုပညာပြပွဲအား ၂၀၂၂ ခုနှစ်၊ မေလသို့ ပြောင်းရွှေ့ခြင်းမှာ မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ယခုအကြိမ် Hong Kong Convention and Exhibition Centre ၌ကျင်းပပြု လုပ်မည့် အနုပညာနှင့် လက်မှုပညာပြပွဲ ပြသမည့်သူများ၊ ဝယ်ယူစုဆောင်းမည့်သူများနှင့် အနုပညာ ချစ်မြတ်နိုးသူများအား လက်ခံ ကျင်းပနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း၊ အဆိုပါပြပွဲကို ၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပြီး မေလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့ အထိအား အများပြည်သူများ လာရောက်နိုင်ရန် ပြပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်၌ ကျင်းပပြုလုပ်မည့်ကာလမှာ ဆွစ်ဇာလန်နိုင်ငံ၊ Basel မြို့၌ ဇွန်လ ၁၃ ရက် နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့်ပြပွဲထက် ရက်သတ္တပတ်(၂) ပတ်သာစောသော ကြောင့် ပြသသူများအနေဖြင့် ပြပွဲ (၂) ခု လုံးတွင်ပါဝင်ပြသရန် ပြပွဲပစ္စည်းများသယ်ယူ ပို့ဆောင်ရန်အတွက် အခက်အခဲများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ပြပွဲကျင်းပမည့် အချိန်ကာလ ရွှေ့ဆိုင်းခြင်း အတွက် ရက်များပြောင်းလဲလျှင် ပြသသူများအနေဖြင့် ပါဝင်ပြသခြင်း (သို့မဟုတ်) ပြသမှုရုပ်သိမ်းနိုင်ရန် လိုက်လျောပေးထားကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

## (င) ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှု ကာလကြာရှည်နေ လျှင် ဈေးဆိုင်ခန်းများ၏ ဈေးနှုန်းများ လျော့ကျသွားနိုင်ကြောင်း

ဟောင်ကောင်ဒေသ၌၏ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုတစ်နှစ်ပတ်လုံး ဖြစ်ပွားနေပါက ဒေသ၏လမ်းသွယ်များရှိ ဆိုင်ခန်းများ၏ ဈေးနှုန်းများမှာ (၂၀) ရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း၊ စားသောက်ဆိုင် လုပ်ငန်းလုပ်ကိုင်သူများနှင့် လက်လီရောင်းချမှုများ တွင် အဆုံးရှုံးမှုများနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် နေ့ထုတ် South China Morning Post သတင်းစာ၌ “Hong Kong Art Basel fair delayed due to Covid” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌ အိုမီခရွန်ဗိုင်းရပ်စ် စတင်ဖြစ်ပွား ခဲ့ပြီးနောက် ဆိုင်ခန်းပိုင်ရှင်များသည် ဆိုင်ခန်းဈေးနှုန်းအား (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်း သို့ လျှော့ချခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ဒေသ၌တစ်နှစ်ပတ်လုံး ဆက်လက် ဖြစ်ပွားနေပါက ဆိုင်ခန်းဈေးနှုန်းမှာ (၁၅)ရာခိုင်နှုန်းမှ(၂၀) ရာခိုင်နှုန်း သို့ လျော့ကျနိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၌ လက်လီရောင်းချမှုမှာ ၂၀၂၁ ခုနှစ်တွင် (၈.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ ကြောင်း၊ ယခုနှစ်တွင် ၇-၁-၂၀၂၂ ရက်နေ့မှ စတင်၍ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာ နေထိုင်ရန် တင်းကျပ်ခဲ့မှုများကြောင့် ယခင်ရက် သတ္တပတ်မှရောင်းအားနှင့်နှိုင်းယှဉ်လျှင် ထက်ဝက်ခန့်လျော့နည်းခဲ့သည်ဟု ဟောင်ကောင်ဒေသ လက်လီရောင်းချမှု စီမံခန့်ခွဲရေး အသင်းထံမှ သိရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့နည်းပြီး နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်လျှင် လူနေအိမ်ခန်းများ ဈေးနှုန်းမှာ (၁၀) ရာခိုင်နှုန်းမှ (၁၅)ရာခိုင်နှုန်း အထိ လည်းကောင်း၊ အချက်အချာကျသည့် ဈေးအရောင်းအဝယ်နေရာများတွင် ဆိုင်ခန်းများ၏ ဈေးနှုန်းမှာ (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိလည်းကောင်း အသီးသီးမြင့်တက်နိုင် ကြောင်း၊ ၂၀၂၂ ခုနှစ်၊ မတ်လအထိ အိုမီခရွန်ကူးစက်မှု ဆက်လက်ပြင်းထန်နေမည်ဆိုပါက စားသောက်ကုန်လုပ်ငန်းများမှာ ပထမဦးစွာကြီးမားသည့် အခက်အခဲများနှင့် ကြုံတွေ့နိုင် ကြောင်း၊ စားသောက်ဆိုင်အများစုမှာ လုပ်ငန်းများရပ်ဆိုင်းပြီး ဆိုင်ခန်းများရွှေ့ပြောင်းသွား နိုင်ကြောင်း၊ ထို့ပြင် လက်လီလုပ်ငန်းများနှင့် ဖက်ရှင်လုပ်ငန်းများလည်း ပိတ်သိမ်းသွားနိုင် ကြောင်း၊ အိမ်ခန်း များမှာ ဈေးဆိုင်ခန်းများထက် အလားအလာပိုမို ကောင်းမွန်ကြောင်း၊ Wet Market Shop များ ရှိသည့် Shau Kei Wan ၊ Sham Shiu Po နှင့် Cheung Shan Wan တို့၌ စီးပွားရေး လုပ်ငန်းများဆောင်ရွက်မှုမှာ အလားအလာကောင်းမွန်နိုင်ကြောင်း၊ သို့သော် အချက်အချာကျသည့် Causeway Bay နှင့် Central တို့၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု လျော့ကျနိုင်ကြောင်း၊ Midland’s ICI Property unit မှ Chief Executive ဖြစ်သူ Mr Tony Lon

အနေဖြင့် တရုတ်ပြည်မကြီးမှ ခရီးသွားများ လာရောက်မှု မရှိဘဲအွန်လိုင်းဖြင့်သာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းတွင် ဟောင်ကောင်ဒေသ၌ အမြဲတမ်းမနေထိုင်သူများ၏ ဝယ်ယူမှုအပေါ် တံဆိပ်ခေါင်းခွန် နှစ်ကြိမ်ပေးဆောင်မှုအား ဒေသအစိုးရမှ ဖယ်ရှားပေးခဲ့ခြင်းကြောင့် ဟောင်ကောင်ရှိ စျေးဆိုင်ခန်းများ၏ စျေးကွက် ဆက်လက် ကောင်းမွန်နိုင်သည်ဟု ယူဆထားကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.....................................................................................................................

## ၂၀၂၁ ခုနှစ် ကိန်းဂဏန်းများပေါ်အခြေခံသည့် တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးမျှော်မှန်းချက်

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏စီးပွားရေးမှာ (၈.၁) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ တစ်နှစ် ပတ်လုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ယွမ်ငွေ (၁၁၄.၄) ထရီလီယံ (အမေရိ ကန်ဒေါ်လာ ၁၇.၇ ထရီလီယံ) ရှိခဲ့ကာ၊ ၂၀၂၀ ပြည့်နှစ်ကထက် ယွမ်ငွေ (၁၃) ထရီလီယံခန့် ပိုမို တိုးပွားလာခဲ့ပါသည်။

ကမ္ဘာပေါ်တွင် ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် (၁၈) ရာခိုင်နှုန်းကျော်ပါဝင်ခဲ့ပြီး၊ ကမ္ဘာ့စီးပွား ရေးဖွံ့ဖြိုးမှု၏ (၂၅) ရာခိုင်နှုန်းကျော် ပါဝင်ဖြည့်ဆည်းဖွယ်ရှိကြောင်း တရုတ်အမျိုးသား စာရင်းအင်းဗျူရိုက သုံးသပ်ထားပါသည်။

GDP ဖွံ့ဖြိုးမှုနှုန်းမှာ မျှော်မှန်းထားသည့်အတိုင်း (၆) ရာခိုင်နှုန်းအထက် ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံ GDP မှာ ၂၀၂၁ ခုနှစ်၊ ပထမမြောက် သုံးလပတ်တွင် (၁၈.၃) ရာခိုင်နှုန်း၊ ဒုတိယ မြောက် သုံးလပတ်တွင် (၇.၉) ရာခိုင်နှုန်း၊ တတိယမြောက် သုံးလပတ်တွင် (၄.၉) ရာခိုင်နှုန်း အသီးသီးရှိခဲ့သော်လည်း စတုတ္ထမြောက် သုံးလပတ်တွင်မူ (၄) ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ စတုတ္ထမြောက် သုံးလပတ်တွင် ဤကဲ့သို့ကျဆင်းခဲ့ရခြင်းမှာ အိမ်ခြံမြေကဏ္ဍအား အရှိန်လျှော့ချ ရန် အစိုးရက ဆက်လက်အားထုတ်လာခြင်း၊ ကပ်ရောဂါကြောင့် ကြန့်ကြာမှုများ ဖြစ်ပေါ်ခြင်း၊ ပြည်တွင်းသုံးစွဲအား အားပျော့ခဲ့ခြင်းနှင့် ပို့ကုန်ပိုင်းမှ ကျားကန်ပေးမှုလျော့ကျလာခြင်း တို့ကြောင့်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင်မူ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် လေနီကြမ်းများဖြင့် ကြုံတွေ့ရနိုင်ဖွယ်ရှိပြီး၊ ကျုံ့လာသော (ကျဆင်းလာသော) ဝယ်လိုအား၊ ရောင်းလိုအားဘက်မှ လှုပ်ခပ်မှုများနှင့် အားနည်းလာသည့် မျှော်လင့်ချက်များမှ ဖိအား(၃)မျိုးဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း အမျိုးသားစာရင်းအင်းဗျူရိုမှ အကြီးအကဲ Ning Jizhe က သုံးသပ်ပြောကြားထားပါသည်။ တရုတ်နိုင်ငံ လူဦးရေမွေးဖွားနှုန်းမှာလည်း ၂၀၂၀ ပြည့်နှစ်တွင် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ပြီး မျှော်မှန်းထားသည်ထက်ပင် မြန်ဆန်နေသည်ဟုသိရပါသည်။ ထိုသို့ စီးပွားရေးအရှိန်အဟုန် လျော့ကျလာမှုများကို တန်ပြန်ကိုင်တွယ်ရန်အတွက် ယခုနှစ်တွင် ပေကျင်းက ငွေကြေးမူဝါဒများကို လွယ်ကူချောမွေ့စေ၍၊ ဘဏ္ဍာရေးပံ့ပိုးပေးမည့် မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်မည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းထားပါသည်။

စီးပွားရေးအချက်အလက်များအရ တရုတ်နိုင်ငံ၏စီးပွားရေးကို စက်မှုကုန်ထုတ်လုပ်မှုများနှင့် ပို့ကုန်များက အဓိကအထောက်အကူ ပြုပေးထားကြပါသည်။ ၂၀၂၁ ခုနှစ်တွင် စက်မှုကုန်ထုတ်လုပ်မှု၏ နှစ်နှစ်ပျမ်းမျှဖွံ့ဖြိုးမှုနှုန်းမှာ ၂၀၁၉ ခုနှစ်တွင် ကပ်ရောဂါမဖြစ်ပွားမီအဆင့်ထက် ကျော်လွန်နေပါသည်။ ပို့ကုန်ဖွံ့ဖြိုးမှုနှုန်းမှာလည်း ၂၀၁၁ ခုနှစ်မှစတင် နှိုင်းယှဉ်ကြည့်ပါက အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ သို့ရာတွင် ဝန်ဆောင်မှု၊ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့၏ နှစ်နှစ်ပျမ်းမျှဖွံ့ဖြိုးမှုမှာမူ ကပ်ရောဂါမဖြစ်ပွားမီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိ၍ စီးပွားရေးဆောင်ရွက်ချက်များကို ဆွဲချနေသည့်ပုံပေါ်နေပါသည်။

စတုတ္ထမြောက် သုံးလပတ်တွင် တရုတ်နိုင်ငံ၏ GDP ဖွံ့ဖြိုးမှု နှေးကွေးခဲ့သော်လည်း တစ်နှစ်ပတ်လုံးအတွက် (၈.၁) ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၎င်းကာလတွင် မရွေ့ပြောင်းနိုင်သည့် ပစ္စည်းများတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ (၄.၉)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ပထမ (၉)လ တွင် ဖွံ့ဖြိုးခဲ့သည့် (၇.၃) ရာခိုင်နှုန်းမှ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ၎င်းကာလ၌ စုစုပေါင်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမှာ (၄.၄) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ပထမ (၉)လရှိ (၈.၈) ရာခိုင်နှုန်းမှ သိသိသာသာကျဆင်းခဲ့ပါသည်။ စက်မှုကုန်ထုတ်လုပ်ငန်းပိုင်းမှ တန်ဖိုးမြှင့်ထုတ်လုပ်မှုများ တိုးတက်မှုနှုန်းမှာ စတုတ္ထမြောက်သုံးလပတ်တွင် (၉.၆) ရာခိုင် နှုန်းဖြစ်ပြီး၊ ပထမ (၉)လရှိ တိုးတက်မှုနှုန်း (၁၁.၈) ရာခိုင်နှုန်းမှ ကျဆင်းခဲ့ပါသည်။

လူသုံးကုန်ပစ္စည်းများအား လက်လီရောင်းချမှုစုစုပေါင်းသည် စတုတ္ထမြောက် သုံးလပတ်တွင် (၁၂.၅) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ရှေ့(၉)လ၏ တိုးတက်မှုစုစုပေါင်း (၁၆.၄) ရာခိုင်နှုန်းမှကျဆင်းခဲ့ပါသည်။ စတုတ္ထမြောက်သုံးလပတ်ကာလတွင် ပို့ကုန်သွင်းကုန်တန်ဖိုးမှာ (၂၁.၄) ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး၊ ရှေ့(၉)လရှိ တိုးတက်မှုနှုန်း (၂၂.၇) ရာခိုင်နှုန်းထက် ပိုမိုနှေးကွေးခဲ့

ပါသည်။ ဒီဇင်ဘာလအတွင်း PMI အညွှန်းကိန်းမှာ (၅၀.၃) ရာခိုင်နှုန်း၌ ရပ်တည်ခဲ့ပြီး၊ နိုဝင်ဘာလကထက် (၀.၂) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။

ဝယ်လိုအားဘက်တွင် စတုတ္ထမြောက်လေးလပတ်၌ GDP တိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုဘက်မှ ပါဝင်ဖြည့်ဆည်းမှုမှာ အနုတ်လက္ခဏာပြလျက် (-၁၁.၆) ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းအဓိကအကြောင်းရင်းမှာ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုများတွင် အရှိန်လျော့ကျလာစေရန် အစိုးရ၏ဆောင်ရွက်ချက်များကြောင့် တစ်ဆင့်ခံ ကဏ္ဍထုတ်လုပ်မှုတွင်ပါ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း စက်မှုကုန် ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဆက်လက်နာလန်ထူနေပြီး၊ ၎င်းတို့အနက် နည်းပညာအဆင့်မြင့် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ (၂၂.၂) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သို့ရာတွင် အလုံးစုံဆုံးရှုံးမှုကိုကာမိရန် လုံလောက်မှုမရှိခဲ့ပါ။

၂၀၂၁ ခုနှစ်၊ စတုတ္ထမြောက်သုံးလပတ်တွင် တရုတ်နိုင်ငံ၏ အသားတင်ပို့ကုန်များမှ (၂၆.၄) ရာခိုင်နှုန်းပါဝင်ဖြည့်ဆည်းခဲ့ပြီး၊ ၎င်းရာခိုင်နှုန်းမှာ ၂၀၂၁ ခုနှစ်ကုန်ပိုင်းတွင် ဆိုးရွား လာသည့် စီးပွားရေးနှေးကွေးမှုတစ်ရပ်ကို ထိန်းထားနိုင်ဆဲဖြစ်သည့်ပို့ကုန်ဖွံ့ဖြိုးမှုက ကာကွယ်ထားနိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ စီးပွားရေးလှုံ့ဆော်ပေးသည့် ဆောင်ရွက်ချက်များကို ရုပ်သိမ်းလာသဖြင့် ပြည်ပဝယ်လိုအားကျဆင်းလာခြင်းဆီသို့ ဦးတည်နေသောကြောင့် ၂၀၂၁ ခုနှစ်၊ နောက်ဆုံးလများတွင် တရုတ်နိုင်ငံ ပို့ကုန်ဖွံ့ဖြိုးမှု နှေးကွေးလာသည့် လက္ခဏာများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။

အိမ်ခြံမြေနှင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခဲ့သော်လည်း၊ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ အတော်အသင့် အားကောင်းခဲ့ပါသည်။

တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံ၊ စက်ပစ္စည်းနှင့် အိမ်ခြံမြေစသည့် မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဒီဇင်ဘာလအတွင်း ကျဆင်းခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်တစ်နှစ်လုံး၌ (၄.၉) ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဆောင်ရွက်ချက်များမှာ အားကောင်းခဲ့ပြီး၊ ကုန်သွယ်ရေးပိုငွေပြမှုမှု ယခင်နှစ်ကထက် (၂၆) ရာခိုင်နှုန်း မြင့်တက်လာကာ အမေရိကန်ဒေါ်လာ (၆၇၆) ဘီလီယံ ရရှိခဲ့ပါသည်။

ပို့ကုန်သွင်းကုန်ပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၆.၀၅) ထရီလီယံရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၃၀) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၎င်းအနက် -

- ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၃.၃၆) ထရီလီယံဖြစ်ကာ။ ယခင်နှစ်က ထက် (၂၉.၉) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊
- သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂.၆၉) ထရီလီယံဖြစ်ကာ။ ယခင်နှစ်ကထက် (၃၀.၁) ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုမှာ လစဉ် ကိန်းဂဏန်းနှစ် လုံး (double–digit) ရရှိခဲ့ပါသည်။ ရလဒ်အနေဖြင့် တစ်ကမ္ဘာလုံး၏ ပို့ကုန်ဈေးကွက်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုမှာ ကပ်ရောဂါမဖြစ်ပွားမီကာလတွင် (၁၃.၁) ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် (၁၄.၇) ရာခိုင်နှုန်း အသီးသီးရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် ပထမ (၉)လတွင် (၁၄.၉) ရာခိုင်နှုန်းအထိ ပါဝင်လာခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်းမှ နိုင်ငံများက COVID ရောဂါနှင့် ယှဉ်တွဲနေထိုင်ခြင်း "living with COVID" ဗျူဟာဆီသို့ ပြောင်းလဲရန်နှင့် အစိုးရက လှုံ့ဆော်ပေးသည့် သုံးစွဲမှုများ ပြုလုပ်ရန် ကြိုးပမ်းလာခြင်းနှင့်အတူ တရုတ်ထွက်ကုန်များအတွက် ပြည်ပမှဝယ်လိုအား ကျဆင်းလာခြင်းလည်းဖြစ်လာရာ တရုတ်နိုင်ငံ၏ ပို့ကုန်ပိုင်းတွင် ကျဆင်းနိုင်မည့် အလား အလာရှိလာပါသည်။ ထို့ကြောင့် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ရန် ပြည်တွင်းလှုံ့ဆော်မှု များကို ပိုမိုပြုလုပ်ရေးအတွက် တရုတ်တာဝန်ရှိသူများက စဉ်းစားရန် ဖိအားများ ဖြစ်ပေါ်နေ ပါသည်။

အခြားတစ်ဖက်တွင် သွင်းကုန်ပိုင်း၌ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း (၁၉.၅) ရာခိုင် နှုန်းသာ တိုးတက်ခဲ့ပြီး၊ နိုဝင်ဘာလကထက် များစွာကျဆင်းခဲ့ပါသည်။ ၎င်းအချက်က တရုတ် ပြည်တွင်းဝယ်လိုအား ကျုံ့လာခြင်းကို ထင်ဟပ်ပြသနေပါသည်။

**အမေရိကန်နှင့် ဩစတြေးလျတို့နှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမြင့်တက်လာ**

၂၀၂၁ ခုနှစ်အကုန်၌ အမေရိကန်နှင့် တရုတ်တို့၏ အဆင့်(၁)ကုန်သွယ်ရေး သဘော တူညီချက်ကုန်ဆုံးသွားပြီဖြစ်ချိန်၌ အမေရိကန်မှာ တရုတ်၏အကြီးဆုံးကုန်သွယ်မှုမိတ်ဖက် နိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန်တင်ပို့မှုတွင် ယခင်နှစ်ကထက် (၂၇.၅) ရာခိုင်နှုန်း ပိုမိုခဲ့ကာ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၅၇၆.၁၁) ဘီလီယံရှိခဲ့ပါသည်။ တရုတ်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ တင်သွင်းမှု၌ ယခင်နှစ်ကထက် (၃၂.၇) ရာခိုင်နှုန်း ပိုမိုခဲ့ပြီး၊ အမေရိကန်ဒေါ်လာ (၁၇၉.၅၃) ဘီလီယံ ရှိခဲ့ပါသည်။ နှစ်နိုင်ငံ ကုန်သွယ်ရေး၌ တရုတ်နိုင်ငံဘက်မှ ကုန်သွယ်ရေးပိုငွေပြပြီး တန်ဖိုးအားဖြင့် အမေရိကန်

ဒေါ်လာ (၃၉၆.၅၈) ဘီလီယံရှိခဲ့ရာ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား ကာလများတွင် ကုန်သွယ်ရေးပိုငွေကျဆင်းခဲ့ပြီးနောက်၊ ဒုတိယမြောက် ပြန်လည်မြင့်တက်လာသောနှစ် ဖြစ်ခဲ့ပါသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံနှင့် နှစ်နိုင်ငံကြားတင်းမာမှုများရှိသော်ငြားလည်း ပို့ကုန်ပိုင်းတွင် (၂၄.၂) ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် (၄၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

**စက်မှုကုန်ထုတ်လုပ်မှု အရှိန်မြင့်ခဲ့**

၂၀၂၁ ခုနှစ်အတွင်း စက်မှုကုန်ထုတ်လုပ်မှုပိုင်း၌ စက်ရုံများ၊ သတ္တုတွင်းများနှင့် အသုံးအဆောင်များထုတ်လုပ်မှုများ၌ ၂၀၂၀ ပြည့်နှစ်ကထက် (၉.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၂၀၂၀ နှင့် ၂၀၂၁ နှစ်နှစ် ပေါင်းပျမ်းမျှဖွံ့ဖြိုးမှုနှုန်းမှာ (၆.၁) ရာခိုင်နှုန်းရှိခဲ့ကာ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်၏ အဆင့်ကို ကျော်လွန်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စက်မှုကုန်ထုတ်လုပ်မှုပိုင်း၌ (၄.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ၊ နိုဝင်ဘာလရှိ (၃.) ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ပါသည်။ ဤအချက်က တရုတ်နိုင်ငံတွင် စွမ်းအင်နှင့် chip လိုအပ်ချက်များကြောင့် ကုန်ထုတ်လုပ်ရန်အခက်အခဲများရှိခဲ့သော်လည်း စီမံခန့်ခွဲ၍ရနိုင်သည့်အနေအထားကို ပြသနေပါသည်။

ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုမှာ (၃.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ဧပြီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ပထမဆုံးအကြိမ် မြင့်တက်လာခြင်း ဖြစ်ပါသည်။ စွမ်းအင်အသစ်သုံးယာဉ်များ ရောင်းချမှုမှာ အရောင်းမြှင့်တင်မှုများကြောင့် ၂၀၁၇ ခုနှစ်မှစတင်၍ ရေတွက်ပါက ပထမဆုံးအကြိမ်အဖြစ် မြင့်တက်ခဲ့ပါသည်။

**စားသုံးမှုနှေးကွေးခဲ့**

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံအတွင်း၌ လူသုံးကုန်များ လက်လီရောင်းချရမှု (အိမ်ထောင်စုများ၊ အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများသို့ ရောင်းချခြင်းအပါအဝင်)မှာ (၁၂.၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

ဒီဇင်ဘာလအတွင်း စုစုပေါင်းလက်လီရောင်းချရမှုမှာ ယခင်နှစ်အလားတူကာလကထက် (၁.၇) ရာခိုင်နှုန်း ပိုမိုခဲ့သော်လည်း၊ တိုးတက်မှုနှုန်း (၃.၉) ရာခိုင်နှုန်းရှိခဲ့သည့် နိုဝင်ဘာလ၏ ဖွံ့ဖြိုးမှုထက် အားနည်းခဲ့ပါသည်။ စီးပွားရေးပညာရှင်များခန့်မှန်းခဲ့သည့် (၃.၄) ရာခိုင်နှုန်းမှ (၄.၆) ရာခိုင်နှုန်းကြားရှိမည်ဟူသော မျှော်မှန်းချက်ထက် များစွာနည်းပါးခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊

ဩဂုတ်လမှစ၍ အနေးဆုံးရာခိုင်နှုန်းဖြစ်ခဲ့ရာ၊ စားသုံးမှုပိုင်းတွင် အားနည်းလာသည်ဟု သုံးသပ်ရပါသည်။

အထူးသဖြင့် ဒီဇင်ဘာလအတွင်း အစားအစာများ ပြုပြင်ထုတ်လုပ်ပေးသည့်လုပ်ငန်းဘက်၌ (၂.၂) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တစ်နှစ်လုံးတွင် အစားအစာများ ပြုပြင်ထုတ်လုပ်ပေးသည့်လုပ်ငန်းနှင့် လက်လီရောင်းချမှုတို့၏ တိုးတက်မှုနှုန်းမှာ (၁၈.၆) ရာခိုင်နှုန်းနှင့် (၁၁.၈) ရာခိုင်နှုန်း အသီးသီးရှိခဲ့ပြီး၊ နှစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်းမှာ (-၀.၅) ရာခိုင်နှုန်းနှင့် (၄.၅) ရာခိုင်နှုန်းသာရှိခဲ့ရာ၊ ကပ်ရောဂါမဖြစ်ပွားမီအခြေအနေထက် ပိုမိုနည်းပါးခဲ့ပါသည်။

ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၏ လူတစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ (၁၂,၅၅၁) ရှိခဲ့ပြီး၊ ကမ္ဘာ့ဘဏ်၏ ဝင်ငွေမြင့်မားသောနိုင်ငံအတွက် သတ်မှတ်ချက်နား နီးကပ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ်၊ စတုတ္ထမြောက်သုံးလပတ်၌ ဝင်ငွေတိုးတက်မှုနှုန်းမှာ (၅.၄) ရာခိုင်နှုန်းသာရှိခဲ့ပြီး၊ (၆.၃) ရာခိုင်နှုန်းရှိခဲ့သည့် တတိယမြောက်သုံးလပတ်ထက် ကျဆင်းခဲ့ပါသည်။

**တရုတ်မူဝါဒချမှတ်သူများအတွက် ရွေးချယ်ရမည့် စဉ်းစားစရာများ**

စီးပွားရေးကျဆင်းမှုများကို တန်ပြန်ကိုင်တွယ်ရန် တရုတ်အစိုးရအနေဖြင့် ငွေကြေးမူဝါဒကို ပိုမိုလွယ်ကူအဆင်ပြေစေခြင်း၊ ဘဏ္ဍာရေးပံ့ပိုးပေးသည့် စီမံဆောင်ရွက်မှုများကို ပြုလုပ်ပေးခြင်း၊ အိမ်ခြံမြေဈေးကွက်တွင် ငွေဖြစ်လွယ်မှုကို ကူညီပေးခြင်း၊ ပြည်တွင်းနှင့် နိုင်ငံခြားကုန်သွယ်ရေးကို ပေါင်းစပ်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုကွင်းဆက်များကို စိတ်ချလုံခြုံစေခြင်းနှင့် စားသုံးမှုမြှင့်တင်ပေးခြင်းတို့ကို ပြုလုပ်ပေးရန် စဉ်းစားရတော့မည် ဖြစ်ပါသည်။

ငွေကြေးမူဝါဒကို ပိုမိုလွယ်ကူအဆင်ပြေစေခြင်းနှင့် ဘဏ္ဍာရေးပံ့ပိုးပေးသည့် စီမံဆောင်ရွက်မှုများမှာ အသေးစားလုပ်ငန်းများနှင့် နည်းပညာအဆင့်မြင့် ကဏ္ဍများကဲ့သို့ အစိုးရ၏ ဦးစားပေးကဏ္ဍများကို ရည်မှန်းချက်ထား၍ ငွေချေးပေးနိုင်သည့် ဆောင်ရွက်မှုများဖြစ်ပါသည်။ ပြီးခဲ့သည့်လအနည်းငယ်အတွင်း တရုတ်ဗဟိုဘဏ်ကလည်း ငွေကြေးလွယ်ကူအဆင်ပြေစေသည့် စီမံဆောင်ရွက်မှုများကို စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အောက်ဖော်ပြပါတို့ ပါဝင်ပါသည်-

- ၂၀၂၂ ခုနှစ်၊ ဇူလိုင်လနှင့် ဒီဇင်ဘာလများတွင် ဘဏ်၏ အရန်ထားရှိရန်လိုအပ်ချက်အချိုး (RRRs) ကို (၀.၅) ရာခိုင်နှုန်းစီဖြင့် နှစ်ခါဖြတ်ချပေးခဲ့ခြင်း၊

- အိမ်ခြံမြေဈေးကွက်တွင် ငွေဖြစ်လွယ်စေရန် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း စံသတ်မှတ်ထားသည့် အပေါင်ပစ္စည်းဖြင့် ငွေချေးသည့်နှုန်းထားကို ဖြတ်ချပေးခဲ့ခြင်း၊
- ငါးနှစ်ချေးငွေအခြေခံနှုန်း (LPR)ကို (၄.၆၅) ရာခိုင်နှုန်းမှ (၄.၆) ရာခိုင်နှုန်းသို့ ဖြတ်ချပေးခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစ၍ ပထမဆုံးအကြိမ် ဖြတ်ချပေးခဲ့ခြင်း၊
- အခြားနည်းလမ်းများဖြင့် ငွေချေးရာတွင် အသုံးများသည့် တစ်နှစ်ချေးငွေအခြေခံနှုန်းကို ဇန်နဝါရီလအတွင်း (၃.၈) ရာခိုင်နှုန်းမှ (၃.၇) ရာခိုင်နှုန်းသို့ ဖြတ်ချပေးခဲ့ခြင်းနှင့်
- ကာလလတ်ချေးငွေ (MLF)ကို အခြေခံ (၁၀)မှတ်မှ (၂.၈၅) ရာခိုင်နှုန်း ဖြတ်ချပေးခဲ့ကာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစ၍ ပထမဆုံးအကြိမ်ဖြတ်ချပေးမှုဖြစ်ခြင်း။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံတော်ကောင်စီက အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အထူးပံ့ပိုးကူညီပေးရန် ဘဏ္ဍာရေးပံ့ပိုးပေးမည့် စီမံ ဆောင်ရွက်ချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၎င်းစီမံဆောင်ရွက်မှုများမှာ စီးပွားရေးကို ကျဆင်းစေသည့် ဖိအားများကို လျော့ပါးသက်သာစေရန် ရည်ရွယ်ပြီး အောက်ဖော်ပြပါတို့ ပါဝင်ပါသည် -

- အသေးစားနှင့် အငယ်စားလုပ်ငန်းများအတွက် ချေးငွေကို ၂၀၂၃ ခုနှစ်၊ ဇွန်လတိုင်အောင် တိုးမြှင့်ပေးခြင်း၊
- လယ်ယာစိုက်ပျိုးရေးနှင့် အသေးစားလုပ်ငန်းများအတွက် ပြန်လည်ထုတ်ချေးပေးသည့်စီမံကိန်းတွင် အသေးစားချေးငွေများကိုပါ ထည့်သွင်းပေးခြင်းနှင့်
- အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ အသေးစားချေးငွေများထုတ်ချေးနိုင်ရန် နိုင်ငံအဆင့်ပေါင်းစည်းထားသည့် ဘဏ္ဍာရေးချေးငွေ ဝန်ဆောင်မှု platform တစ်ခုကို တည်ထောင်ခြင်း။

ဘဏ္ဍာရေးအဖွဲ့အစည်းများက ထုတ်ချေးသည့် အသေးစားချေးငွေများ၏ အကဲဖြတ်ချက်စည်းမျဉ်းများကို တိုးတက်စေခြင်း၊ MSME များအတွက် အထူးဘဏ္ဍာရေးငွေတိုက်စာချုပ်များထုတ်ချေးရန် ဘဏ္ဍာရေးအဖွဲ့အစည်းများကို ပံ့ပိုးကူညီပေးခြင်းနှင့် MSME များအတွက် ဘဏ္ဍာရေးအာမခံလုပ်ငန်းအရွယ်အစားကို တိုးချဲ့ပေးခြင်းနှင့် အာမခံကုန်ကျစရိတ်များကို လျှော့ချပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးထားပါသည်။

အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများလည်း ကျဆင်းလာသောကြောင့် တရုတ်အစိုးရက အထူးငွေတိုက်စာချုပ်များကို မြန်ဆန်စွာထုတ်ပေးရန် ဆောင်ရွက်ပေးခဲ့သည်။ ၎င်းငွေတိုက်စာချုပ်များကို အခြေခံအဆောက်အအုံနှင့် အများပြည်သူသက်သာချောင်ချိရေး ရင်းနှီးမြှုပ်နှံမှုများတွင် စီးပွားရေးအရ ရန်ပုံငွေရရှိစေရန် ရည်ရွယ်၍ ထုတ်ပေးထားခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်နယ်အစိုးရများအား ၂၀၂၂ ခုနှစ် အထူးငွေတိုက်စာချုပ်များအတွက် ယွမ်ငွေ (၁.၄၆) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၃၀ ဘီလီယံ)ကို စောစီးစွာ ခွဲဝေပေးခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် အထူးငွေတိုက်စာချုပ်များကို ပိုမိုနှေးကွေးစွာ ထုတ်ပေးခဲ့မှုကြောင့် ၎င်းနှစ်အတွင်း အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခဲ့ကာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကျဆင်းခဲ့ရခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်စဉ်းစားကြပါသည်။

ပို့ကုန်ပိုင်းတွင် နှေးကွေးလာမည့် လက္ခဏာများ ပြသနေခြင်းကြောင့် တရုတ်အစိုးရက နိုင်ငံဖြတ်ကျော် e-commerce နှင့် ဈေးကွက်အမျိုးမျိုးကို တိုးမြှင့်ဆောင်ရွက်ရန် နည်းလမ်းများကိုလည်း ရှာဖွေနေပြီး၊ ပို့ကုန်တင်ပို့သူများအတွက် တရုတ်နိုင်ငံ၌ ဖောက်သည်များပိုမိုရရှိစေရန်နှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်တွင် အတားအဆီးများ မရှိစေရန်ဆောင်ရွက်လာကြပါသည်။

ဥပမာ ယခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့တွင် ပြည်တွင်းပြည်ပကုန်သွယ်ရေး ပေါင်းစည်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် သဘောအယူအဆများကို နိုင်ငံတော်ကောင်စီက ထုတ်ပြန်ခဲ့ပါသည်။ ၎င်းထုတ်ပြန်ချက်တွင် "နှစ်ဘက်အပြန်အလှန်အသိအမှတ်ပြုသည့် စီမံခန့်ခွဲမှုများနှင့် ကုန်သွယ်ရေးအတွက် ပြည်တွင်းပြည်ပစည်းမျဉ်းများ ပေါင်းစည်းရေး" ကို မြှင့်တင်ရန်၊ "ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ " ကိုက်ညီမှုရှိစေရေး ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် "တူညီသော ထုတ်လုပ်မှုလိုင်းများ၊ တူညီသော စံချိန်စံညွှန်း နှင့် အရည်အသွေးများဖြင့် ပြည်တွင်းပြည်ပကုန်ပစ္စည်းများကို ထုတ်လုပ်ရေး" ကုမ္ပဏီများကို အားပေးသွားရန်တို့ကို အဆိုပြုထားပါသည်။

သို့ရာတွင် ၎င်းဗျူဟာ အလုပ်ဖြစ်၊ မဖြစ်ဆိုသည်နှင့် COVID-19 ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေမှုများကြားဝယ် ပြည်တွင်းဝယ်လိုအား အလှည့်အပြောင်း ဖြစ်၊မဖြစ်ဟူသည်ကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်နေပါသေးသည်။

ခြုံငုံ၍သုံးသပ်ရလျှင် ယခုနှစ်တွင် တရုတ်မူဝါဒချမှတ်သူများအနေဖြင့် တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဝယ်လိုအားကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သည့် မဟာဗျူဟာ၏

အဓိကအစိတ်အပိုင်းဖြစ်သော ပြည်တွင်းစားသုံးမှုအပေါ် ပိုမိုအလေးပေး ဆောင်ရွက်ရန်လိုအပ် နေပါသည်။ စီးပွားရေးနှင့် အိမ်ထောင်စုများ၏ဝင်ငွေ အမြဲတိုးတက်စေရေးအပေါ် အစိုးရကပိုမို အလေးပေးလျက်၊ တရုတ်နိုင်ငံ၏ ဘုံကြွယ်ဝချမ်းသာရေး လှုပ်ရှားမှုကို ထပ်ဆောင်းတွန်းအား ပေးသွားနိုင်ဖွယ် ရှိပါသည်။

ရင်းမြစ်၊ China Briefing (၂၇-၁-၂၀၂၂)

........................................................................................................................

## ဇန်နဝါရီလကုန်ပိုင်းတွင် တရုတ်စျေးကွက်၌ အဖိုးတန်သတ္တုစျေးနှုန်းများ အတက်အကျ ဆက်လက်ဖြစ်ပေါ်ခဲ့

ဇန်နဝါရီလ (၂၆)ရက်နေ့တွင် ငွေသတ္တု၏ ပျမ်းမျှစျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၄,၈၇၈.၃၃) ဖြစ်ပြီး၊ ဇန်နဝါရီ (၂၅) ရက်နေ့ကထက် (၀.၁၅) ရာခိုင်နှုန်း၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ လက်ငင်းစျေးကွက်ပေါက်စျေးထက် (၂.၂၇) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

၎င်းနေ့ရက်ရှိ ရွှေသတ္တု လက်ငင်းစျေကွက်ပေါက်စျေးမှာ တစ်ဂရမ်လျှင် (၃၇၆.၆၃) ယွမ် ဖြစ်ပြီး၊ ဇန်နဝါရီ (၂၅) ရက်နေ့ကထက် (၀.၁၆) ရာခိုင်နှုန်း၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ လက်ငင်း စျေးကွက်ပေါက်စျေးထက် (၁.၁၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

လွန်ခဲ့သောတစ်နှစ်အတွင်း အဖိုးတန်သတ္တုများ စျေးနှုန်းဦးတည်ရာလမ်းကြောင်းမှာ အတူတူနီးပါးဖြစ်နေပြီး၊ ငွေသတ္တု၏စျေးနှုန်းပြောင်းလဲမှုက ပိုမိုသိသာခဲ့ပါသည်။

ဇန်နဝါရီလ (၂၆)ရက်နေ့တွင် တရုတ်ဗဟိုဘဏ်က ထုတ်ရောင်းခဲ့သည့် အရန်ထားရှိ သော အဖိုးတန်သတ္တုများကို ထုတ်ရောင်းစဉ်က သဘောတူခဲ့သည့်နှုန်းဖြင့် (၁၄)ရက် အတွင်း ပြန်လည်ဝယ်ယူသည့်လုပ်ငန်း (14-day reverse repurchase operation)ကို ဆောင်ရွက်ခဲ့ပြီး တန်ဖိုးအားဖြင့် ယွမ်ငွေဘီလီယံ (၂၀၀)ဖိုး ဖြစ်ပါသည်။ လေလံအောင်မြင် သည့်နှုန်းမှာ (၂.၂၅) ရာခိုင်နှုန်းဖြစ်ပြီး၊ ယခင်အခေါက်ကနှင့် အတူတူပင်ဖြစ်ပါသည်။ နောက်ထပ် ယွမ်ငွေဘီလီယံ (၁၀၀)တန်ဖိုးရှိ အဖိုးတန်သတ္တုများကို (၇)ရက်အတွင်း ပြန်လည်ဝယ်ယူမှုမှာလည်း ဇန်နဝါရီလ (၂၆)ရက်နေ့တွင် သက်တမ်းပြည့်သွားပြီဖြစ်ပါ သည်။

မကြာသေးမီက အတိုးနှုန်းမြင့်မားလာသည့် သတင်းများက အတိုးနှုန်းကင်းမဲ့သည့် ပိုင်ဆိုင်ပစ္စည်းများကို ကျော်တက်သွားပြီး၊ အဖိုးတန်သတ္တုများ၏ စျေးနှုန်းများအပေါ် ဖိအား များဖြစ်လာပါသည်။ သို့ရာတွင် ပထဝီဝင်နိုင်ငံရေးသတင်းများကြောင့် ဆုံးရှုံးနိုင်ခြေအချို့ပေါ်

တွင်လည်း သတိကြီးစွာထားနေကြပါသည်။ ထို့ကြောင့် ရေတိုကာလတွင် အဖိုးတန်သတ္တုများ၏ဈေးနှုန်းများမှာ အနည်းငယ်သာတက်နေနိုင်ဦးမည်ဟု ခန့်မှန်းရပါသည်။

ရင်းမြစ်၊ SunSirs (၂၆-၁-၂၀၂၂)

………………………………………………………………

## ဇန်နဝါရီလ (၂၆)ရက်နေ့တွင် တရုတ်နိုင်ငံ၌ အလူမီနီယံဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့

တရုတ်နိုင်ငံအရှေ့ပိုင်း၌ ဇန်နဝါရီလ (၂၆)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အလူမီနီယံ အချောင်း ပျမ်းမျှဈေးကွက်ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၂၁,၆၀၆.၆၇)ဖြစ်ပြီး၊ ဇန်နဝါရီလ (၂၅)ရက်နေ့ကထက် (၂) ရာခိုင်နှုန်း၊ ဇန်နဝါရီလ (၁)ရက်နေ့ကထက် (၆.၀၇) ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်ပါသည်။

အလူမီနီယံဈေးကွက်တွင် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်းမှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်နေ့ရှိ ပျမ်းမျှဈေးကွက်ပေါက်ဈေး တစ်တန်လျှင် ယွမ်ငွေ (၂၄,၂၄၀) ဖြစ်ပါသည်။ ၎င်းပေါက်ဈေးမှ (၁၀.၈၆) ရာခိုင်နှုန်းခန့် ကျဆင်းလာခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့မှစ၍ တစ်တန်လျှင် ယွမ်ငွေ (၁၈,၆၉၃.၃၃) ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။

တရုတ်နှစ်သစ်ကူး အားလပ်ရက်ရှည်များကြောင့် ကုန်ချောထုတ်လုပ်သည့်ဘက်များမှ ဝယ်လိုအား ကျဆင်းနေသော်လည်း အနာဂတ်ဈေးကွက်တွင် ပိုမိုဈေးရရှိနိုင်သည်ဟူသော မျှော်လင့်ချက်များပေါ် အခြေခံ၍ ယခုကဲ့သို့ ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ SunSirs (၂၇-၁-၂၀၂၂)

…………………………………………………………………………………

## ITB Berlin ကို Digital Business Day အဖြစ် ကျင်းပမည့်အစီအစဉ်

**ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် နှစ်စဉ် မတ်လတိုင်း** Messe Berlin **၌ကျင်းပလေ့ရှိသော** ITB Berlin **နိုင်ငံတစ်ကာ ခရီးသွားလုပ်ငန်းပြပွဲကို ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှု ကာကွယ်ရန်အတွက် ၁၇.၃.၂၀၂၂ ရက်နေ့တွင်** Digital Business Day **အဖြစ် ကျင်းပမည် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ် ကွန်ယက်ပလက်ဖောင်းတစ်ခုတွင်** Business Networks **ရရှိစေရန် လုပ်ငန်း**

အလိုက် အတွေးအမြင်ယူဆချက်များဖလှယ်၍ တွေ့ဆုံဆွေးနွေးပွဲတစ်ခုအနေဖြင့် ကျင်းပမည်ဖြစ်သည်။ Digital Business Day သည် ITB Berlin တွင် မူလပါဝင်ခဲ့သူများအပြင် ယခင်က ပါဝင်ခဲ့ခြင်း မရှိသူများအတွက်လည်း ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ခရီးသွားလုပ်ငန်း စတင်လုပ်ကိုင်ရန် အခွင့်အလမ်းတစ်ခုရရှိစေရေး ရည်ရွယ်ပါသည်။ ITB Congress specialist sessions ကို စီစဉ်ထားရှိပြီး လာရောက်ပါဝင်သူများ အနေဖြင့် မိမိတို့လုပ်ငန်းများကို တင်ပြဆွေးနွေးပြီး အခြားတက်ရောက်သူများနှင့် ဗီဒီယိုကွန်ဖရင့်ပုံစံ ဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် speed networking sessions နှစ်ခုကို စီစဉ်ထားရှိပြီး ပါဝင်သူများအတွက် ၎င်းတို့၏ စိတ်ဝင်စားမှုပေါ်မူတည်၍ မိနစ်(၆၀)အတွင်း အလိုအလျောက် တစ်ဖက်မှတွေ့ဆုံဆွေးနွေးမည့်သူကို ပြောင်းလဲစီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Digital Business Day တွင် ပါဝင်ဆွေးနွေးခြင်းဖြင့် ခရီးသွားလုပ်ငန်းများအနေဖြင့် ကမ္ဘာတစ်ဝှန်းမှ အဆင့်မြင့်ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ၊ အရည်အသွေးပြည့်ဝသော ခရီးသွားဝန်ဆောင်မှုစနစ်များ၊ လာရောက်လေ့လာသူများကို တစ်ချိန်တည်း တစ်နေရာတည်းတွင် တွေ့ဆုံဆွေးနွေးနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းပိုင်း တီထွင်ဆန်းသစ်မှုများ၊ ကမ္ဘာ့၏ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု သတင်းအချက်အလက်များကို လေ့လာနိုင်ခြင်း၊ မိမိတို့၏လုပ်ငန်းများအကောင်းဆုံး ပြောင်းလဲတိုးတက်နိုင်မည့် နည်းလမ်းကောင်းများကို လေ့လာရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ Digital Business Day မတိုင်မီ မတ်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့ထိ ITB Berlin Convention ကို ITB website မှတဆင့် တိုက်ရိုက်လွှင့်၍ ကျင်းပမည်ဖြစ်ပြီး digitization, sustainability နှင့် resilience ပိုင်းတို့ကို ဦးတည်ဆွေးနွေးကြမည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများက ကမ္ဘာတစ်ဝှန်း ခရီးသွားလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုများ၊ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ အတွေးအမြင် လေ့လာမှုများ၊ အနာဂတ်တွင် ဆောင်ရွက်ရန်လိုအပ်သည့် အစီအစဉ်များစသည်တို့ကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ Convention တွင် Digital press conferences နှင့် exhibitor presentations အစီအစဉ် များလည်းပါဝင်ပြီး exhibitor များအနေဖြင့် ၎င်းတို့၏ကုမ္ပဏီအကြောင်းကိုတင်ပြပြီး တက်ရောက်လာသူများနှင့် Q&A session တွင် ဆွေးနွေးမှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

ITB Berlin Convention အတွက် အွန်လိုင်း Registration နှင့် Digital Business Day အတွက် အွန်လိုင်းလက်မှတ်ဝယ်ယူမှုများကို ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလလယ်ပိုင်းတွင် စတင်ရရှိနိုင်မည် ဖြစ်ပါသည်။ နှစ်စဉ်ပုံမှန် ITB ပြပွဲသို့ လာရောက်ပြသသူပေါင်း (၁၀၀၀၀) ကျော်နှင့် လေ့လာသူပေါင်း(၁၈၀၀၀၀) ကျော် လာရောက်ကြလေ့ရှိပြီး ၂၀၂၃ ခုနှစ် အတွက်

ITB Berlin ပြပွဲကို ၈.၃.၂၀၂၃ မှ ၁၂.၃.၂၀၂၃ရက်နေ့အထိ ကျင်းပရန်စီစဉ်ထားရှိကြောင်း သိရှိရပါသည်။

Sources:
https://www.itb.com/de/itb-kongress/
https://www.itb.com/de/messe-marke/events/digitalbusinessday/
သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

……………………………………………………………………………………………….

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၇ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇) ရက်

| ၁၇-၂-၂၀၂၂ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၂၁.၉ |
| စင်္ကာပူဒေါ်လာ | ၁၃၂၂.၆ |
| စတာလင်ပေါင် | ၂၄၁၇.၀ |
| ဂျပန်ယန်း (၁၀၀) | ၁၅၄၄.၇ |
| တရုတ်ယွမ် | ၂၈၀.၆၃ |
| ဟောင်ကောင်ဒေါ်လာ | ၂၂၇.၈၉ |
| အိန္ဒိယရူပီး | ၂၃.၆၈၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၈.၄၄ |
| မလေးရှားရင်းဂစ် | ၄၂၄.၆၀ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၆၄၅ |
| ထိုင်းဘတ် | ၅၅.၂၂၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၈၀၁၇ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - အိန္ဒိယက ပဲနီလေး အကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်းသို့ လျှော့ချလိုက် ခြင်းကြောင့် ဩစတြေးလျ စိုက်ပျိုးရေးသမားများအတွက် အခွင့်အလမ်းများ ရရှိခြင်း
  - ဩစတြေးလျ ဂျုံစိုက်ပျိုးသူများက ယူကရိန်းတင်းမာမှုကို စောင့်ကြည့် လျက်ရှိခြင်း
  - ၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၁၃၁.၈ သန်းအထိထွက်ရှိနိုင်ရန် ဘရာဇီးလ်နိုင်ငံ မျှော်မှန်းထား
  - ဘရာဇီးလ်နိုင်ငံသို့ ဓာတ်မြေဩဇာရောင်းချပေးနိုင်ရေးအတွက် သမ္မတ Bolsonaro သည် ရုရှနိုင်ငံသို့ သွားရောက်တွေ့ဆုံဆွေးနွေး
  - ဘရာဇီးလ်နိုင်ငံ၏ ဇန်နဝါရီလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈.၈ ဘီလီယံ ရှိခဲ့
  - နိုင်ငံတွင် အရေးပေါ်လိုအပ်နေသော ယူရီးယားဓာတ်မြေဩဇာများဝယ်ယူ ရရှိနိုင်ရေးအတွက် အီရန်နိုင်ငံသို့ ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး ရောက်ရှိ
  - အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းအား ကန့်သတ်တင်သွင်းကုန်စည်အဖြစ် မူဝါဒပြောင်း လဲချမှတ်ခြင်း
  - ဂျာမနီနိုင်ငံ၏ ထောပတ်သီးဈေးကွက်အား လေ့လာတင်ပြခြင်း
- **အထွေထွေသတင်းများ**
  - ဂျပန်နိုင်ငံမှ အဖျော်ယမကာကုမ္ပဏီ **Kirin Holdings** သည် မြန်မာနိုင်ငံမှ ထွက်ခွာရန် ပြင်ဆင်နေ

- ဂျပန်နိုင်ငံရှိ အသက် ၂၅ နှစ်မှ ၃၄ နှစ်အရွယ်လူများအကြား ဝင်ငွေကွာဟချက်မြင့်မားလာကြောင်းသိရ
- ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ စီးပွားရေးအခြေအနေ
- မိုက်ခရိုချစ်ပ်အတွက် အာရှဒေသအပေါ်မှီခိုနေရမှုကို လျှော့ချနိုင်ရေး အီးယူ က **"Chips Act"** အစီ အစဉ်ကို ကြေညာခဲ့ခြင်း
- စွမ်းအင်စျေးနှုန်းမြင့်တက်မှုကြောင့် အီးယူ၏ စီးပွားရေးတိုးတက်မှုကို ဥရောပကော်မရှင်က လျှော့ချခန့်မှန်းခဲ့ခြင်း
- ဘယ်လ်ဂျီယံနိုင်ငံသည် အီးယူ၌ စီးပွားရေးတိုးတက်မှု အနှေးကွေးဆုံးဖြစ်မည်ဟု ဥရောပကော်မရှင်က ခန့်မှန်းထားခြင်း
- နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ဆယ်စုနှစ် (၂) ခုအတွင်းအားအကောင်းဆုံးနှုန်းဖြင့် တိုးတက်ခဲ့ခြင်း
- တရုတ်နိုင်ငံ၏ ကပ်ရောဂါမူဝါဒကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအား ပိုမို ခြိမ်းခြောက်လျက်ရှိ (အမေရိကန်)
- ဇန်နဝါရီလတွင် လက်လီရောင်းချမှုသည် ၃.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ထုတ်လုပ်သူ စျေးဆနှုန်းကိန်း ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ (အမေရိကန်)
- ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ
- ဆော်ဒီအာရေဗျနှင့်ကုန်သွယ်မှု(၂၀%) တိုးလာနိုင်ခြင်း (ထိုင်းနိုင်ငံ)
- ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ခြင်း (ထိုင်းနိုင်ငံ)
- ဩစတြေးလျနှင့် အိန္ဒိယနှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုမြှင့်တင်ဆောင်ရွက်ခြင်း

## အိန္ဒိယက ပဲနီလေးအကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်းသို့ လျှော့ချလိုက်ခြင်းကြောင့် ဩစတြေးလျ စိုက်ပျိုးရေးသမားများအတွက် အခွင့်အလမ်းများရရှိခြင်း

အိန္ဒိယနိုင်ငံက ပဲနီလေးတင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထား လျှော့ချလိုက်ခြင်းက ရိတ်သိမ်းမှုပြီးစီးသွားသည့် ဩစတြေးလျ စိုက်ပျိုးရေးသမားများအတွက် ငွေလမ်းခင်းပေးလိုက်သကဲ့သို့ ဖြစ်သွားကြောင်း ABC သတင်းဌာနကရေးသားဖော်ပြထားသည်။ အိန္ဒိယအစိုးရသည်သီတင်းပတ်ကုန်တွင် ပဲနီလေးအတွက် အကောက်ခွန်နှုန်းကို သုညအထိ လျှော့ချမည်ဟု ကြေညာခဲ့ပြီးနောက် ချက်ချင်းအကျိုးသက်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကုလားပဲအတွက် အကောက်ခွန်နှုန်းထားကို ၆၆ % ဖြင့် စည်းကြပ်ကောက်ခံဆဲဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ပဲနီလေးနှင့် ကုလားပဲအတွက် အကောက်ခွန်နှုန်း ထားကို ၃၃ % သတ်မှတ်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ပဲနီလေး၏ အကောက်ခွန်နှုန်းထားကို ၁၁ % သို့လျှော့ချကောက်ခံခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဌာနအရ ယခုကဲ့သို့ အကောက်ခွန်နှုန်း သုညရာခိုင်နှုန်းသို့မလျှော့ချမီ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ အကြီးဆုံး ပဲနီလေးဝယ်ယူသည့်နိုင်ငံဖြစ်ပြီး၊ ကုန်သွယ်မှုတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၁ ဘီလီယံအထိ ရှိခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျ ကောက်ပဲသီးနှံထုတ်လုပ်သူများအသင်း ပြောခွင့်ရပုဂ္ဂိုလ်က ပဲနီလေး၏ အကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်း သတ်မှတ်လိုက်ခြင်းက လယ်သမားများအတွက် သတင်းကောင်းဖြစ်ပါကြောင်း၊ သို့သော် အိန္ဒိယသည် စက်တင်ဘာလကုန်တွင် စည်းကြပ်ခွန် ဖယ်ရှားမှုကို ပြန်လည်သုံးသပ်ရန် ကြိုးပမ်းမည်ဖြစ်ပြီး၊ အကောက်ခွန်ပြန်လည် ကောက်ခံနိုင် ကြောင်း သတိပေးခဲ့သည်။

ဩစတြေးလျ လယ်သမားများသည် ယခုနှစ်တွင် သီးနှံရိတ်သိမ်းမှု စံချိန်တင်ခဲ့ပြီး၊ ကုန်သွယ်မှုအခြေအနေသစ်မှ အကျိုးအမြတ်ရရှိရန် ပဲနီလေးကို အိန္ဒိယသို့ တင်ပို့ရောင်းချရန် အဆင်သင့်ဖြစ်နေကြောင်း သိရှိရသည်။ ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး Dan Tehan သည် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှု တစ်စိတ်တစ်ပိုင်းအနေ ဖြင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး ရက်ပိုင်းအကြာတွင် ယခုကဲ့သို့ ပဲနီလေးကို အိန္ဒိယကအခွန် စည်းကြပ်မှုကို လျှော့ချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကောက်ပဲသီးနှံစိုက်ပျိုးသူများအသင်း၏ အမှုဆောင်အရာရှိချုပ် Dave McKeon က စေ့စပ်ညှိနှိုင်းမှုသည် ဩစတြေးလျလယ်သမားများအတွက် ပိုမိုကောင်းမွန်သော အခြေအနေ

Agribusiness & Trade

များရရှိရန် အခွင့်အလမ်းတစ်ခု ဖန်တီးပေးမည်ဟု မျှော်လင့်ပါကြောင်း၊ အနာဂတ်တွင် မလိုလားအပ်သော ကုန်သွယ်မှုအတားအဆီးများကိုရှောင်ရှားနိုင်ရန် ဆန်းသစ်ပြီး ရှေ့ကိုဦးတည်သော ချဉ်းကပ်မှုရှိရန် လိုပါကြောင်း ပြောကြားခဲ့သည်။

သြစတြေးလျ ကောက်ပဲသီးနှံစိုက်ပျိုးသူများက အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက်တွင် အိန္ဒိယနှင့် ကောက်ပဲသီးနှံကုန်သွယ်မှုအတွက် ကုန်သွယ်မှုအစီအစဉ်များကို အလေးပေးဖော်ပြသည့် ကောက်ပဲသီးနှံဆိုင်ရာ နောက်ဆက်တွဲတစ်ခုပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

စိုက်ပျိုးထုတ်လုပ်သူအုပ်စု၏ ပြောကြားချက်အရ အိန္ဒိယသည် ကမ္ဘာ့ဒုတိယအကြီးဆုံး လူဦးရေစာရင်းဝင်နေသော်လည်း လက်ရှိတွင် သြစတြေးလျနိုင်ငံ ကောက်ပဲသီးနှံ ရိတ်သိမ်းမှု၏ ၂ % အောက်သာ တင်သွင်းကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………

## သြစတြေးလျ ဂျုံစိုက်ပျိုးသူများက ယူကရိန်းတင်းမာမှုကို စောင့်ကြည့်လျက်ရှိခြင်း

ယူကရိန်းကို ရုရှားကျူးကျော်ဝင်ရောက်ပါက ကမ္ဘာ့လုံးဆိုင်ရာတင်ပို့မှုအပေါ် အနှောင့်အယှက်များဖြစ်ပွားနိုင်မည့် စိုးရိမ်ပူပန်မှုများကြောင့် ကမ္ဘာ့ဂျုံဈေးသည် ဆယ်စုနှစ်တစ်ခုနီးပါးတွင် အမြင့်ဆုံးသို့ရောက်ရှိလာချိန်တွင် သြစတြေးလျ စိုက်ပျိုးသူများက ဂျုံစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိသည်။

ရုရှားနှင့်ယူကရိန်းနှစ်နိုင်ငံတို့၏ ကောက်ပဲသီးနှံနှင့် ဆီထွက်သီးနှံရောင်းဝယ်ဖောက်ကားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်သုံးပုံတစ်ပုံခန့်ရှိပြီး၊ ပဋိပက္ခနှင့် ပိတ်ဆို့အရေးယူမှုများကြောင့် ဖြစ်ပေါ်လာသော ပို့ဆောင်မှုဆိုင်ရာ အနှောင့်အယှက်မှန်သမျှသည် ဈေးကွက်အတွင်း သို့ဂယက်ရိုက်စေနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။ သြစတြေးလျ ကောက်ပဲသီးနှံစိုက်ပျိုးသူ တစ်ဦးက တင်းမာမှုသည်မသေချာမရေရာမှုများ ဖြစ်ပေါ်နေသော်လည်း တောင်သူများစိုက်ပျိုး ထားမှုအပေါ် ထိခိုက်နိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျသည် နှစ်ပေါင်းများစွာ မိုးခေါင်ပြီးနောက် ကောက်ပဲသီးနှံစိုက်ပျိုးသူတောင်သူအများအပြားသည် မကြာသေးမီက ကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီး၊ ကမ္ဘာ့အကြီးဆုံးဂျုံတင်ပို့ရောင်းချသူများထဲမှ တစ်ဦးဖြစ်လာခဲ့သည်။ လာမည့် ဂျုံရာသီအတွက် စိုက်ပျိုးချိန်သည် ဧပြီလတွင် စတင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဩစတြေးလျ ကောက်ပဲသီးနှံစိုက်ပျိုးသူများသင်း ဥက္ကဋ္ဌ Mr Hosking က ဩစတြေးလျအတွက် ဂျုံဈေးမှာ ရေတိုအတက်အကျရှိနိုင်သော်လည်း ယခုအချိန်ကာလ နှင့်သီးနှံများစိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်ကြားတွင် ဈေးနှုန်းသည်သိသိသာသာပြောင်းလဲနိုင်ကြောင်းခန့်မှန်းပြောကြားခဲ့သည်။

ရုရှား-ယူကရိန်းနယ်စပ်တွင် တပ်ဖွဲ့များတပ်စွဲထားသည့် တင်းမာမှုအခြေအနေကြောင့် ကမ္ဘာလုံးဆိုင်ရာငွေကြေး၊ ကုန်စည်နှင့် ရှယ်ယာဈေးကွက်များကို သက်ရောက်မှုရှိခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံသူများသည် လုံခြုံစိတ်ချရသော ပိုင်ဆိုင်မှုများကို ရှာဖွေလျက်ရှိနေကြသည်။ အမေရိကန် တာဝန်ရှိသူများက ကျူးကျော်ဝင်ရောက်မှုမှာ အချိန်မရွေး ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေး ထားသည်။

စိုက်ပျိုးရေးလေ့လာသုံးသပ်သူတစ်ဦးက ပဋိပက္ခဖြစ်ပွားပါကကမ္ဘာ့ဂျုံဈေးသည် ၅၀ % (သို့) ထို့ထက်ပို၍ တက်လာနိုင်ကြောင်းနှင့် ပင်လယ်နက်ဒေသမှ ကောက်ပဲသီးနှံတင်ပို့ မှုသည်နဂိုကမ္ဘာ့ဈေးကွက်အကျပ်အတည်းမှ ဆုတ်ခွာသွားမည်ဖြစ်ကြောင်း ခန့်မှန်းထားပြီး၊ ဝယ်သူများဂျုံကိုအလွယ်တကူ အစားထိုး၍မရသောကြောင့် ဈေးနှုန်းအလွန်ထိခိုက်လွယ် ကြောင်းပြောကြားခဲ့သည်။

ကောက်ပဲသီးနှံစိုက်ပျိုးသည့် နိုင်ငံအချို့ရှိ ရာသီဥတုညံ့ဖျင်းမှုကြောင့် ကောက်ပဲသီးနှံကမ္ဘာ့ဝယ်လိုအား မြင့်တက်လာချိန်နှင့် ဩစတြေးလျနိုင်ငံ၏ မကြာသေးမီနှစ်များအတွင်း ကောင်းမွန်သောစိုက်ပျိုးမှုအခြေအနေများက ဩစတြေးလျလယ်သမားများအတွက်အခြေအနေကောင်းများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံတွင် ခြောက်သွေ့သော ရာသီဥတုကြောင့် ထုတ်လုပ်မှု နှောင့်နှေးနေချိန် ၂၀၁၃ ခုနှစ်၌ ကမ္ဘာ့ဂျုံဈေးများ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျ လယ်ယာစိုက်ပျိုးသူများက ယူကရိန်းအခြေအနေကို အနီးကပ်စောင့်ကြည့်နေသော်လည်း စိုက်ပျိုးမှုအခြေအနေကို ထိခိုက်စေမည်မဟုတ်ကြောင်း သိရှိရသည်။

Source: www.7news.com.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## ၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၁၃၁.၈ သန်းအထိထွက်ရှိနိုင်ရန် ဘရာဇီးလ်နိုင်ငံမျှော်မှန်းထား

ဘရာဇီးလ်နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုချက်များအရ ၂၀၂၂ ခုနှစ်တွင် ပဲပုတ်စေ့တန်ချိန် ၂၇၁.၉ သန်းခန့် စိုက်ပျိုးထုတ်လုပ်နိုင်ရန်မျှော်မှန်းထားကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်ထုတ်ပြန်သည့် Brazilian Institute of Geography and Statistics (IBGE)၏ သတင်းတွင်ဖော်ပြခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ပြန်ခဲ့သည့် စိုက်ပျိုးရေးသုတေသနအဖွဲ့၏ သီးနှံခန့်မှန်းချက်တွင် ဘရာဇီးလ်နိုင်ငံ၏သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့တန်ချိန် ၁၃၁ သန်း၊ ပြောင်းတန်ချိန် ၁၀၉.၉ သန်းနှင့် ဆန်တန်ချိန် ၁၁.၀ သန်းတို့ အသီးသီးထွက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ နှံစားသီးနှံ၊ ပဲတောင့်ရှည်နှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၂၇၁.၉၀ သန်းအထိ စံချိန်တင်ထွက်ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂၅၃.၂၀ သန်းထွက်ရှိခဲ့သဖြင့် ယခုနှစ်တွင် သီးနှံထွက်ရှိမှုသည် ၇.၄ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း စီးပွားရေးဌာန(IBGE)၏ သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် သီးနှံစိုက်ပျိုးမှုဧရိယာသည် ၆၈.၆ သန်းကျော်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၇၁.၂ သန်းအထိစိုက်ပျိုးနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်၏ သီးနှံစိုက်ပျိုးမှုအား ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပြောင်းစိုက်ဧရိယာတွင် ၅.၈ ရာခိုင်နှုန်း၊ ဝါစိုက်ဧရိယာတွင် ၇.၂ ရာခိုင်နှုန်းနှင့် ပဲပုတ်စေ့စိုက်ပျိုးဧရိယာတွင် ၃.၆ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်နိုင်ပြီး ဆန်စိုက်ပျိုးမှုတွင် ၀.၉ ရာခိုင်နှုန်းနှင့် ဂျုံစိုက်ပျိုးမှုတွင် ၁.၇ ရာခိုင်နှုန်းတို့လျော့ကျနိုင်ကြောင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုသုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

…………………………………………………………………………

## ဘရာဇီးလ်နိုင်ငံသို့ ဓာတ်မြေဩဇာရောင်းချပေးနိုင်ရေးအတွက် သမ္မတ Bolsonaro သည် ရုရှနိုင်ငံသို့ သွားရောက်တွေ့ဆုံဆွေးနွေး

ကမ္ဘာ့ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများ အများအပြားတင်ပို့လျက်ရှိသည့် ဘရာဇီးလ်နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းတွင်အရေးပေါ်အပ်လျက်ရှိသည့် ဓာတ်မြေဩဇာများ ဝယ်ယူခွင့်ရရှိနိုင်ရေးအတွက် ဘရာဇီးလ်သမ္မတ Jair Bolsonaro သည် တာဝန်ရှိသူများနှင့်

တွေ့ဆုံဆွေးနွေးရန် ရုရှနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် စတင်ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါ ခရီးစဉ်သို့ နိုင်ငံခြားရေးဝန်ကြီး Carlos Alberto França နှင့် ကာကွယ်ရေးဝန်ကြီး Walter Braga Netto တို့ လိုက်ပါသွားကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်သမ္မတသည် ခရီးစဉ်အတွင်း ရုရှသမ္မတ Vladimir Putin နှင့် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသွားရန်စီစဉ်ထားပြီး အဆိုပါဆွေးနွေးပွဲသို့ ရုရှနိုင်ငံရှိစီးပွားရေး လုပ်ငန်းရှင်များလည်း တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ရုရှအစိုးရက အမိုးနီးယမ်း နိုက်ထရိုတ် တင်ပို့ခွင့်များအား ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိ ပိတ်ပင်ထား ခဲ့သဖြင့် ဘရာဇီးလ် နိုင်ငံစိုက်ပျိုးရေးအတွက် အရေးပေါ်လိုအပ်နေသော ဓာတ်မြေဩဇာများ ဝယ်ယူတင်သွင်းခွင့်ရနိုင်ရေး အတွက်ညှိနှိုင်းဆွေးနွေးရန် သမ္မတ Bolsonaro သည် ရုရှနိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် Bolsonaro ၏ ခရီးစဉ်အတွင်း စွမ်းအင်ဆိုင်ရာများ၊ ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များအား ရုရှသမ္မတနှင့်ဆွေးနွေးသွားမည်ဖြစ် ကြောင်း အစိုးရ၏ထုတ်ပြန်ချက်ကိုကိုးကား၍ သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာများ ဝယ်ယူတင်သွင်းနိုင်ရန်အတွက် ရုရှနိုင်ငံနှင့်ဘီလာရုနိုင်ငံတို့အား မှီခိုအားထား ရလျက်ရှိနေကြောင်း ဘရာဇီးလ်သမ္မတက ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

ယူကရိန်းအရေးကိစ္စနှင့်ပတ်သက်၍ နယူကလီးယားလက်နက်များပိုင်ဆိုင်ကြသော ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံအပါအဝင် အနောက်ဥရောပနိုင်ငံများ အဖွဲ့(NATO)နှင့် ရုရှနိုင်ငံတို့၏ စစ်ရေးဆိုင်ရာသဘောထားတင်းမာမှုများပေါ်ပေါက်နေချိန်တွင် ရုရှနိုင်ငံသို့သွားရောက်သည့် ဘရာဇီးလ်သမ္မတ၏ခရီးစဉ်အပေါ် ဝေဖန်မှုများမြင့်တက်လျက်ရှိနေ ကြောင်း၊ သမ္မတ Bolsonaro အနေဖြင့် ခရီးစဉ်မသွားရောက်မီ လူသားအားလုံးအတွက် ငြိမ်းချမ်း သောကမ္ဘာကြီးဖြစ်စေရန် ဘုရားသခင်ထံတွင် ဆုမွန်ကောင်းတောင်းပါကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံနှင့်ရုရှနိုင်ငံတို့သည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တောင်အာဖရိကနိုင် ငံတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် BRICS အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသဖြင့် လတ်တလောဖြစ်ပေါ်နေ သည့်နိုင်ငံရေးအခြေအနေများနှင့် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များအား အဖွဲ့ဝင်နှစ် နိုင်ငံအကြား ညီညွတ်စွာဆွေးနွေးသွားသင့်ကြောင်း သမ္မတ Bolsonaro ၏ ပြောကြားချက်အား သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်သမ္မတ Bolsonaro သည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရုရှနိုင်ငံ၏ မြို့တော်ဖြစ်သည့် မော်စကိုမြို့တွင်တည်းခိုနေထိုင်၍ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းနောက် Hungary နိုင်ငံ၏မြို့တော် Budapest မြို့သို့သွားရောက်၍ Hungary ဝန်ကြီးချုပ် Viktor Orbán နှင့် တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားကြောင်း သတင်းတွင်ဖော်ပြ ထားသည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

………………………………………………………………………………………………

## ဘရာဇီးလ်နိုင်ငံ၏ ဇန်နဝါရီလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈.၈ ဘီလီယံ ရှိခဲ့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဘရာဇီးလ်နိုင်ငံ၏လယ်ယာထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈.၈၂ ဘီလီယံအထိရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၅.၆၀ ဘီလီယံရရှိခဲ့သဖြင့် နှိုင်းယှဉ်ကြည့်ပါက ၅၇.၅ ရာခိုင်နှုန်းပိုမိုတိုးတက်လာခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

လယ်ယာပို့ကုန်များ၏ ဈေးနှုန်းတိုးမြင့်ရရှိမှုတွင် ၁၉ ရာခိုင်နှုန်းနှင့် ပို့ကုန်ပမာဏတိုးတက်မှုတွင် ၃၂.၃ ရာခိုင်နှုန်းရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ လယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၃၂.၃ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာန (Secretariat of Trade and International Relations – SCRI)၏ အချက်အလက်များတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ကုန်သွယ်မှုပမာဏ၏ ၃၇.၅ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကုန်သွယ်မှုပမာဏ၏ ၄၄.၉ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ကုန်သွယ်မှုတွင် ပဲပုတ်စေ့နှင့် ပဲပုတ်စေ့ထွက်ကုန်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂.၁၂ ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၁.၆၄ ဘီလီယံရှိခဲ့ကြောင်း ကုန်သွယ်ရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာန၏ သတင်းတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့နှင့်ပဲပုတ်ထွက်ကုန်တန်ချိန် ၂.၄၅ သန်းအား စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် အသားစားသုံးမှုတိုးတက်လာသည်နှင့်အမျှ မွေးမြူရေးလုပ်ငန်းများတွင်လိုအပ်သည့် အစာကုန်ကြမ်းထုတ်လုပ်မှုအတွက် ကမ္ဘာ့သီးနှံဈေးကွက်တွင် ပဲပုတ်စေ့ဝယ်လိုအားများတိုးတက်လျက်ရှိနေကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွက် ပဲပုတ်စေ့တန်ချိန် သန်း ၁၀၀ ဝန်းကျင်အထိတင်သွင်းရန် မျှော်မှန်းထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဇန်နဝါရီလအတွင်း ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စေ့တင်ပို့မှုများတွင် အရှေ့တောင်အာရှနိုင်ငံများသို့ ပဲပုတ်စေ့တန်ချိန် ၁.၉၇ သန်း၊ တရုတ်နိုင်ငံသို့ ပဲပုတ်စေ့တန်ချိန် ၁၀၀,၀၀၀၊ ဥရောပနိုင်ငံများသို့ ပဲပုတ်စေ့တန်ချိန် ၁၅၉,၈၀၀ နှင့် ဗီယက်နမ်နိုင်ငံသို့ ပဲပုတ်စေ့တန်ချိန် ၁၃၆,၇၀၀ တို့အား အသီးသီးတင်ပို့ခဲ့ကြောင်း ဌာန၏သတင်းတွင် ဖော်ပြထားသည်။ ထို့အပြင် ပဲပုတ်စေ့ထွက်ကုန်တင်ပို့မှုတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် တန်ချိန် ၁.၀၃ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တန်ချိန် ၁.၄၉ သန်းအထိ တိုးတက်တင်ပို့ခဲ့ကြောင်း၊ ပဲပုတ်ဆီတင်ပို့မှုသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တန်ချိန် ၁.၇၀ သန်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁.၃၉ သန်း တင်ပို့ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ ဇန်နဝါရီလ လယ်ယာထွက်ကုန်တင်ပို့မှုတွင် အသားတင်ပို့မှုသည် ဒုတိယအများဆုံးဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁.၆၁ ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း၊ ၎င်းတို့အနက် အမဲသားတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၁.၀၆ သန်း၊ ကြက်သားတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၀၄.၈၉ သန်းနှင့် ဝက်သားတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၄ သန်း ရရှိခဲ့ကြောင်း၊ ဝက်သားတင်ပို့မှုတွင် တရုတ်နိုင်ငံသို့တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆၂.၈၅ သန်း တန်ဖိုးရှိခဲ့ကြောင်းနှင့် ဂျုံသီးနှံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၀.၉၃ သန်း၊ ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၉.၂၁ သန်းတို့ အသီးသီးရရှိခဲ့ကြောင်း ဌာန၏သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

……………………………………………………………………………………………

Agribusiness & Trade

## နိုင်ငံတွင်အရေးပေါ်လိုအပ်နေသော ယူရီးယားဓာတ်မြေဩဇာများဝယ်ယူရရှိနိုင်ရေးအတွက် အီရန်နိုင်ငံသို့

ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီး Tereza Cristina သည် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပေါ်လိုအပ်နေသည့် ယူရီးယားဓာတ်မြေဩဇာများ အမြန်ဝယ်ယူတင်သွင်းနိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် အီရန်နိုင်ငံသို့ရောက်ရှိနေကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့သတင်းတွင် ဖော်ပြထားသည်။

ဝန်ကြီး Cristina သည် ခရီးစဉ်ကာလအတွင်း အီရန်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနမှ ဝန်ကြီး Seyed Javad Sadati Nejadi နှင့် အီရန်နိုင်ငံလွှတ်တော်ရှိ လယ်ယာစိုက်ပျိုးရေးရာကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ အီရန်နိုင်ငံစိုက်ပျိုးရေးဒုတိယဝန်ကြီး Muhammad Askari တို့နှင့် သီးခြားစီတွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်သည့်အပြင် ဘရာဇီးလ် - အီရန်ကုန်သည်အသင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အီရန်နိုင်ငံတွင် ယူရီယားဓာတ်မြေဩဇာထုတ်လုပ်သည့် Shiraz Petrochemical သို့ သွားရောက် လည်ပတ်ခြင်းနှင့် ဘရာဇီးလ် - အီရန်စီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေးခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် ဘရာဇီးလ်နိုင်ငံသည် အီရန်နိုင်ငံသို့ အစားအသောက်များ အဓိက တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး အီရန်နိုင်ငံသည်ဘရာဇီးလ်နိုင်ငံသို့ ယူရီးယားဓာတ်မြေဩဇာ အဓိက တင်ပို့နေသည့်နိုင်ငံဖြစ်ကြောင်း၊ ဝန်ကြီး၏ ခရီးစဉ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိုပိုမိုတိုးတက်ခိုင်မြဲစေမည်ဖြစ်ကြောင်း၊ ထို့အပြင် နှစ်ဘက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးအခွင့်အလမ်းဆိုင်ရာများအား ဆွေးနွေးသွားရန်စီစဉ်ထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ် နှစ်နိုင်ငံကုန်သွယ်မှုတွင် ဘရာဇီးလ်နိုင်ငံမှအီရန်နိုင်ငံသို့ လယ်ယာပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံရှိခဲ့ကြောင်း၊ ပြောင်းစေ့တင်ပို့မှုသည် ပို့ကုန်တန်ဖိုး၏ ၆၄.၄ ရာခိုင်နှုန်းရှိပြီး ပဲပုပ်စေ့တင်ပို့မှုသည် ပို့ကုန်တန်ဖိုး၏ ၂၁.၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အပြန်အလှန်အားဖြင့် အီရန်နိုင်ငံမှဘရာဇီးလ်နိုင်ငံသို့ လယ်ယာပို့ကုန်တင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၂ သန်းတန်ဖိုးရှိခဲ့ကြောင်း၊ အီရန်နိုင်ငံမှ အစေ့အဆံအမျိုးမျိုးနှင့် စပျစ်ခြောက်တို့အား အဓိကတင်ပို့ခဲ့ပြီး ပြုပြင်ထုတ်လုပ်ထားသော သစ်သီးနှင့်ယိုအမျိုးမျိုးတို့အား တင်ပို့ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်အစိုးရသည် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပေါ်လိုအပ်လျက်ရှိနေသည့် ဓာတ်မြေဩဇာများအား အမြန်ဆုံးဝယ်ယူတင်သွင်းနိုင်ရေးအတွက် ရုရှနိုင်ငံ

အပါအဝင် ကုန်သွယ်မိတ်ဘက်နိုင်ငံများသို့ သွားရောက်ဆွေးနွေးလျက်ရှိနေကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများတွင်သုံးစွဲလျက်ရှိသည့် ဓာတ်မြေဩဇာ၏ ၈၀ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းရလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဘရာဇီးလ်နိုင်ငံမှနှစ်စဉ်ဝယ်ယူ တင်သွင်းနေသည့် အမိုးနီးယမ်းနိုက်ထရိတ်၏ ၉၀ ရာခိုင်နှုန်းနှင့် ပိုတက်ဆီယမ်ကလိုရိုက်၏ ၃၅ ရာခိုင်နှုန်းတို့ကို ရုရှနိုင်ငံမှဝယ်ယူတင်သွင်းရလျက်ရှိကြောင်း၊ နိုင်ငံတွင် အရေးပေါ်လိုအပ်နေသည့် ဓာတ်မြေဩဇာများ အမြန်ဝယ်ယူတင်သွင်းနိုင်ရန်အတွက် အစိုးရလုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ကြိုပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောအခြေအနေတွင် ကမ္ဘာ့ဈေးကွက်၌ ဓာတ်မြေဩဇာ ပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိနေပြီး ၂၀၂၃ ခုနှစ်သီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းများအပေါ် ထိခိုက်မှုများရှိလာနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ထို့အပြင် အစိုးရအနေဖြင့် ဘရာဇီးလ်နိုင်ငံအတွင်း ဓာတ်မြေဩဇာထုတ်လုပ်သည့် စက်ရုံများ ပိုမိုတိုးတက်များပြားလာရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စိုက်ပျိုးရေးဝန်ကြီး Cristina ၏ အီရန်နိုင်ငံခရီးစဉ်သို့ ဘရာဇီးလ်စီးပွားရေးလုပ်ငန်းရှင်များလည်း လိုက်ပါသွားကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

.................................................................................................................

## အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းအား ကန့်သတ်တင်သွင်းကုန်စည်အဖြစ် မူဝါဒပြောင်းလဲချမှတ်ခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား ၃၁-၃-၂၀၂၂ နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုလျက် ၎င်းနေ့ရက်မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှု လုပ်ငန်းများကို ၃၀-၆-၂၀၂၂ နေ့အထိ ဆောင်ရွက်ခွင့်ပြု မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၂၀-၁၂-၂၀၂၁ နေ့၌ ကြေညာချက်ထုတ်ပြန်ထားခဲ့ပါသည်။

ယခုအခါ ၁၉၉၂ ခုနှစ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးရေးနှင့် ကြီးကြပ်ရေး အက်ဥပဒေအရ အပ်နှင်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် HS Code 07133190 အောက်ရှိ ပဲတီစိမ်း (Moong [Beans of the SPP Vigna Radiata (L.) Wilczek]) တင်သွင်းခွင့်အား လွတ်လပ်စွာ

တင်သွင်းကုန်အဖြစ်မှ ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒပြင်ဆင်သတ်မှတ်လိုက်ကြောင်းနှင့် ကြေညာချက်ထုတ်ပြန်ချိန်မှ လက်ငင်းအကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်ကြောင်းဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. 624(E) ကို ၁၁-၂-၂၀၂၂ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ၉-၆-၂၀၂၁ နေ့တွင် ၂၀၂၁-၂၂ သီးနှံရာသီနှစ်၌ စိုက်ပျိုးထွက်ရှိသည့် ပဲတီစိမ်းများရောင်းဝယ်မှုအတွက် အစိုးရက အနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံရည်ညွှန်းဈေးနှုန်းကို ကုန်ချိန် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီးငွေ ၇၂၇၅/- နှုန်း သတ်မှတ်ခဲ့သည်။ သို့ရာတွင် Commodity Insights မှ ဖော်ပြသည့် ကိန်းဂဏန်းများအရ ရာဂျပ်စတန်ပြည်နယ်၌ ၁၂-၁-၂၀၂၂ နေ့တွင် ဖြစ်ပေါ်သော ပဲတီစိမ်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် အမြင့်ဆုံး ဈေးနှုန်း ရူပီးငွေ ၆၉၀၀/- နှင့် အနိမ့်ဆုံးဈေးနှုန်း ရူပီးငွေ ၂၁၀၀/- ရှိကြောင်း၊ အိန္ဒိယအစိုးရက တင်သွင်းခွင့်ကန့်သတ်သည့်အမိန့်အား ထုတ်ပြန်ခဲ့ပြီးနောက် ၁၂-၂-၂၀၂၂ နေ့၌ ၎င်းပြည်နယ်တွင် ပဲတီစိမ်း လက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် အမြင့်ဆုံးဈေးနှုန်း ရူပီးငွေ ၇၀၀၀/- နှင့် အနိမ့်ဆုံးဈေးနှုန်း ရူပီးငွေ ၅၃၀၀/- ရှိပြီး စံပျမ်းမျှဈေးနှုန်းသည် ရူပီး ၆၂၀၀/- ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၂၁-၂၂ ဘဏ္ဍာနှစ် အတွင်း ဧပြီလမှ ဒီဇင်ဘာလအထိ ပဲတီစိမ်း (HS Code 07133190) ကုန်ချိန် ၁၅၃၅၂၃ တန်အား တင်သွင်းထားပြီးဖြစ်ရာ ယခင်နှစ်ကာလတူ၌ ပဲတီစိမ်းတင်သွင်းမှု ၂၇၇၇၈ တန်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုမှာ ၄၅၂.၆၈% ရှိပါသည်။ အဆိုပါကာလအတွင်း အိန္ဒိယ၏ ပဲတီစိမ်းတင်သွင်းမှု အများဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ မိုဇမ်ဘစ် (တန်ချိန် ၅၉၄၀၀ ကျော်)၊ တန်ဇန်နီးယား (တန်ချိန် ၃၁၆၀၀ ကျော်) နှင့် ဘရာဇီး (တန်ချိန် ၁၄၃၀၀ ကျော်) တို့ဖြစ်ကြောင်း၊ နဝမမြောက်နေရာတွင်ရှိသော မြန်မာနိုင်ငံထံမှ ပဲတီစိမ်း ကုန်ချိန် ၄၀၂၃ တန်အား တင်သွင်းထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ပြည်ပမှတင်သွင်းမှုပမာဏ များပြားလာသည်နှင့်အမျှ ပြည်တွင်း၌ ဈေးနှုန်းများကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ပဲတီစိမ်းအား အခြေခံဈေးနှုန်း (MSP) အောက်၌သာ ရောင်းဝယ်မှုရှိခြင်းက အိန္ဒိယအစိုးရအတွက် ပြည်တွင်းလုပ်ငန်းရှင်များအား အကာအကွယ်ပေးနိုင်ရေး သွင်းကုန်မူဝါဒကို ပြောင်းလဲရန် စေ့ဆော်မှုဖြစ်ပေါ်စေသည်ဟု သုံးသပ်ရပါသည်။

ယခုကဲ့သို့ အိန္ဒိယအစိုးရ၏ မူဝါဒပြောင်းလဲမှုအပေါ် India Pulses and Grains Association မှ ဒုတိယဥက္ကဋ္ဌ Mr. Bimal Kothari ၏ ပြောဆိုမှုအရ အိန္ဒိယ ပဲတင်သွင်းသူများ

Agribusiness & Trade

သည် ပြည်ပကုန်သွယ်ဘက်များနှင့် ပဲတီစိမ်းဝယ်ယူမှု စာချုပ်များအားချုပ်ဆိုထားရှိပြီး အိန္ဒိယသို့ သယ်ယူပို့ဆောင်ဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်ဆဲ အခြေအနေ၌ရှိသောပဲတီစိမ်းများကို တင်သွင်းခွင့်မပြုပါက အိန္ဒိယကုမ္ပဏီများအတွက် ငွေကြေးပိုင်း နစ်နာဆုံးရှုံးမှုများကြုံတွေ့ရမည်ဖြစ်သကဲ့သို့ ဈေးကွက်တွင်လည်း ကစဉ့်ကလျားဖြင့် ပုံပျက်ယွင်းမှုဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် ယခုထုတ်ပြန်ခဲ့သော အမိန့်အား ပြန်လည်ရုပ်သိမ်းလျက်ဘဏ္ဍာနှစ်ကုန်အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုရန် ၎င်းတို့အသင်းမှ တောင်းဆိုထားကြောင်း သိရှိရပါသည်။

Source:1. Notification No: S.O. 624(E) dated 11th February 2022 of the Department of Commerce of India

2. Centre restricts import of moong beans, 13–2–2022, The Hindu Business Line

3. www.commodityinsightsx.com

4. Trade Statistics of the Department of Commerce of India

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

………………………………………………………………………………………………

## ဂျာမနီနိုင်ငံ၏ ထောပတ်သီးဈေးကွက်အားလေ့လာတင်ပြခြင်း

အီးယူဒေသသည် သစ်သီးဝလံစားသုံးမှုမြင့်မားလာသည်နှင့်အမျှ ထောပတ်သီးသည် ၂၀၁၈ ခုနှစ်ပိုင်းမှစ၍ ဝယ်လိုအားများစွာမြင့်တက်လာပြီး ဂျာမနီနိုင်ငံသည် ၂၀၂၀ခုနှစ်တွင် အီးယူဒေသ၌ ထောပတ်သီးစားသုံးမှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့သည်။ ထောပတ်သီး၏ သိပ္ပံအမည်မှာ *Persea americana* ဖြစ်ပြီး Guatemalan, Mexican, West Indian နှင့် hybrids ဟူ၍ မျိုးအုပ်စုများ ခွဲခြားထားရှိသည်။ တောင်အမေရိက၊ အာဖရိက၊ အာရှ၊ အရှေ့အလယ်ပိုင်း၊ အမေရိကနှင့်ဩစတြေးလျ နိုင်ငံများတို့တွင် စိုက်ပျိုးထွက်ရှိပါသည်။ ဈေးကွက်တွင် အဓိကရောင်းချနေသောအမျိုးအစားများမှာ Guatemala မှ Hass အမျိုး အစားဖြစ်ပြီး အခြား Lavi Hass, Lamb Hass နှင့် Gem Hass တို့လည်း ဈေးကွက်ဝင်ရောက် လျှက်ရှိသည်။ ဂျာမနီနိုင်ငံတွင် Fuerte နှင့် Hass အမျိုးအစားနှစ်မျိုးကို ကြိုက်နှစ်သက်ကြပြီး ယခုနောက်ပိုင်းတွင် Hass ကို ပိုမိုနှစ်သက်လာကြသည်။ ထောပတ်သီးတွင်ပါဝင်သော အမျှင်ဓာတ်၊ ဗိုက်တာမင်နှင့်

သတ္တုဓာတ်များ ပေါကြွယ်ဝမှုသည် ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုပါသည်။ ထောပတ်သီး လတ်ဆတ် သို့မဟုတ် အခြောက် နှစ်မျိုးလုံးအတွက် HS code 08044000 ကို အသုံးပြုသည်။ အီးယူဒေသသို့ အဓိကတင်ပို့နေသောနိုင်ငံများမှာ ပီရူးနှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်ကြပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသည့် ကာလအတွင်း ဈေးနှုန်းများကျဆင်းမှုက ဝယ်လိုအားတိုးတက်မှုကိုဖြစ်စေသည့်အတွက် ၂၀၂၀ခုနှစ်တွင် အီးယူနိုင်ငံများက တန်ချိန် ၇၀၀,၀၀၀ တင်သွင်းမှုရှိခဲ့ပြီး တန်ဘိုးအားဖြင့် ယူရို ၁.၇ ဘီလီယံ ခန့် ရှိခဲ့ပါသည်။

## ဈေးကွက်ဝင်ရောက်မှုအခြေအနေ

အီးယူဒေသတွင် နယ်သာလန်နိုင်ငံသည် အီးယူဒေသသို့ အဓိကတစ်ဆင့် ဖြန့်ဖြူးသူအနေနှင့်ဆောင်ရွက်ပြီး ပြင်သစ်နိုင်ငံသည် ထောပတ်သီးဈေးကွက်တွင် ဦးဆောင်သူအဖြစ် ရှိနေပါသည်။ နယ်သာလန် ကုန်သည်များသည် ထောပတ်သီးရင့်မှည့်မှု၊ ထုပ်ပိုးမှုနှင့်ထောက်ပံ့ပို့ဆောင်မှုတို့တွင် ကျွမ်းကျင်သူများဖြစ်လာပြီး ဥရောပ လက်လီဈေးကွက် လိုအပ်ချက်အမျိုးမျိုးကို သိရှိပံ့ပိုးပေးနိုင်ကြပါသည်။ ဂျာမနီ၊ အီတလီနှင့် အခြားအရှေ့ဥရောပနိုင်ငံများသည် နယ်သာလန်နိုင်ငံ သို့မဟုတ် စပိန်နိုင်ငံတို့မှတဆင့် ဝယ်ယူမှုများပြုလုပ်ကြပါသည်။ ဂျာမနီနိုင်ငံတွင် ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုမရှိဘဲ တင်သွင်းစားသုံးမှုကိုသာပြုလုပ်ပြီး အချို့ကို အခြားဥရောပနိုင်ငံများ (ဆွစ်ဇာလန်၊သြစတြီးယား၊ လူဇင်ဘတ်၊ဟန်ဂေရီ စသည်) သို့ ပြန်လည်တင်ပို့မှုပြုလုပ်ပါသည်။ ကျန်းမာရေးကောင်းမွန်မှုအတွက် ထောပတ်သီးစားသုံးမှု မြင့်တက်လာလျှက်ရှိပြီး တစ်နိုင်ငံလုံး တစ်နှစ်စားသုံးမှု ခန့်မှန်းတန်ချိန် (၁၀၄၄၅၂) မက်ထရစ်တန်ရှိပြီး လူတစ်ဦး ပျမ်းမျှစားသုံးမှုမှာ ၁.၂၆ ကီလိုဂရမ်ရှိပါသည်။ ကိုဗစ်ကပ်ရောဂါ ကာလအတွင်း လက်ကားဈေးကွက်လမ်းကြောင်းများတွင် အခက်အခဲများ ဖြစ်ပေါ်ရမှုများကြောင့် စူပါမားကက်များက ဝယ်လိုအားအခြေအနေကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း ဓာတုဓာတ်ကြွင်းပါဝင်မှုများကို တင်းကြပ်စွာ စစ်ဆေးဆောင်ရွက်မှု ရှိပါ သည်။

ဂျာမနီနိုင်ငံတွင် ထောပတ်သီးကို ဈေးနှုန်းသင့်တင့်မှုရှိခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သောသစ်သီးအနေဖြင့် စားသုံးကြခြင်းတို့ကြောင့် ၂၀၂၀ခုနှစ်အတွင်း အီးယူနှင့် အီးယူပြင်ပနိုင်ငံများမှစုစုပေါင်းတန်ချိန် (၁၁၉၀၀၀) တင်သွင်းမှုရှိခဲ့သည်။ ဂျာမနီနိုင်ငံတွင် ထောပတ်သီးတင်သွင်းမှုဈေးနှုန်းများမှာ ၂၀၁၉ခုနှစ်တွင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃.၅၉ ဖြစ်ပါသည်။ ၂၀၂၂ခုနှစ်အတွင်း ပြည်တွင်းလက်ကားဈေးကွက်တွင် ပျမ်းမျှတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄၅ ရှိပြီး တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃.၇၄ မှ ၃.၅၂ အတွင်း ရှိနေပါသည်။ အော်ဂဲနစ်

စားသောက်ကုန် ဈေးကွက်တိုးတက်လာသည်နှင့်အတူ အော်ဂဲနစ် ထောပတ်သီး ဈေးကွက်ဖွံ့ဖြိုးလာရန်လည်း ဆောင်ရွက်လျှက်ရှိပြီး Hass အမျိုးအစားကို ပိုမိုနှစ်သက်ကြပါသည်။

**ဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များ**

United Nations Economic Commission for Europe (UNECE) ၏ စံနှုန်းသတ်မှတ်ချက်အရ ထောပတ်သီးကို Extra Class (superior quality)၊ Class I (good quality) နှင့် Class II (satisfies minimum requirements)ဟူ၍ သုံးမျိုးခွဲခြားထားရှိပါသည်။ လတ်ဆတ်အသီးများသည်ပိုးမွှားကင်းစင်ခြင်း၊ အပူချိန်နှင့်စိုထိုင်းဆများကြောင့် ထိခိုက်ပျက်စီးမှုမရှိခြင်း၊ ရိုးတံအညှာသည် ၁၀မီလီမီတာထက်မကျော်စေခြင်းတို့ဖြစ်ရန် လိုအပ်ပါသည်။ labelling ၊ packaging နှင့် အရည်အသွေးပိုင်းဆိုင်ရာများအတွက် Codex Alimentarius Standard အရ ဆောင်ရွက်ပါသည်။ စားသောက်ကုန်လုံခြုံစိတ်ချမှုသည် အီးယူဈေးကွက်အတွက် အဓိကအရေးကြီးသည့် အပိုင်းဖြစ်ပြီး General Food Law ကို ပြဋ္ဌာန်းထားရှိကာ Regulation (EC) 178/2002 ကိုလေ့လာနိုင်ပါသည်။ EU food safety policy အရ ညစ်ညမ်းပစ္စည်းပါဝင်မှု (contaminant) အတွက် EU Regulation (EC) 1881/2006 နှင့် microbiological criteria အတွက် Regulation (EC) 2073/2005 တို့ကို ပြဋ္ဌာန်းထားရှိပါသည်။ ဂျာမနီနိုင်ငံတွင် အီးယူမှ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံအနေနှင့်ထပ်မံထုတ်ပြန်ချက်များလည်းရှိပြီး Maximum Residue Level (MRL)အတွက် လက်လီရောင်းဝယ်သူများက ဥပဒေပြဋ္ဌာန်းချက်၏ ၃၀ ရာခိုင်နှုန်းကိုသာ ခွင့်ပြုခြင်းများရှိပါသည်။ Non–legislative requirement အနေနှင့် အီးယူနှင့် ဂျာမနီဈေးကွက်က Global G.A.P ကို လိုအပ်မှုရှိပြီးစားသောက်ကုန်လုံခြုံစိတ်ချမှုပိုင်းအတွက် ISO22000 နှင့် IFS နှစ်မျိုးအနက် Union of German supermarket chains က ချမှတ်ဆောင်ရွက်သည့် IFS ကို ဂျာမန်စူပါ မားကက်များက ပိုမိုနှစ်သက်ကြပါသည်။

**Ripening facilities နှင့် ready to eat စားသုံးမှုပုံစံ**

ယခုအခါ ထောပတ်သီးစားသုံးမှုများသည် ရင့်မှည့်၍အရည် အသွေးကောင်းမွန်ပြီး လွယ်ကူအဆင်ပြေစွာ စားသုံးနိုင်သည့် 'ready to eat' ပုံစံစားသုံးမှုဆီသို့ တိုးတက် ပြောင်းလဲလာကြသည်။ စားသုံးသူများသည် လွယ်ကူစွာရွေးချယ်အသင့်စားသုံးနိုင်သည့် ထောပတ်သီးအမှည့်များအတွက် ပရီမီယံဈေးနှုန်းများပေး၍ ဝယ်ယူလိုကြပြီး တစ်ဖက်တွင်လည်း ပို့ကုန်တင်ပို့သူများအနေဖြင့် သင်္ဘောမတင်မီ အသီးရင့်မှည့်မှုအခြေအနေကို သေချာစွာ စစ်ဆေးမှုပြုလုပ်ရန် အထူးလိုအပ်ပါသည်။ ထိုကဲ့သို့ အသီးရင့်မှည့်မှုစစ်ဆေးနိုင်သည့် အတွေ့အကြုံနည်းလမ်းများ လျင်မြန်စွာတိုးတက်လာနေပြီး နည်းပညာများကိုလည်း ကောင်းစွာအသုံးချနိုင်ရန် ဆောင်ရွက်

လာနေကြပါသည်။ ကုမ္ပဏီများက အသီးရင့်မှည့်မှုကို ဝန်ဆောင်မှု တစ်ခုအနေဖြင့်ပြုလုပ်လာကြခြင်း သို့မဟုတ် ရောင်းဝယ်သူများက ရင့်မှည့်မှုဆိုင်ရာ လုပ်ငန်းသုံးပစ္စည်း အသုံးအဆောင်များ(ripening facilities)ကို ပြုလုပ်ဆောင်ရွက်လာကြသည်။ ready-to-eat စားသုံးမှုပုံစံသည် ယူနိုက်တက် ကင်းဒမ်းနှင့်နယ်သာလန်နိုင်ငံတို့တွင် များစွာရေပန်းစားပြီး အခြားဥရောပနိုင်ငံများတွင်လည်း စတင်နေကြပြီဖြစ်သည်။ နယ်သာလန်နိုင်ငံမှ Nature's Pride ၊ LBPနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ Ripenow ကုမ္ပဏီတို့သည် ripening ကို အထူးပြုဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည်။ ဂျာမနီနိုင်ငံတွင်လည်း စူပါမားကက်များက 'ready to eat' Hass အမျိုးအစားထောပတ်သီးကို ရောင်းချရန် ပိုမိုနှစ်သက်ကြသည်။ မကြာသေးမီက ဂျာမနီနိုင်ငံလက်လီအရောင်းဆိုင်လုပ်ငန်း Lidl က ဥရောပတွင် အကြီးဆုံး ripening facilities များအနက်တစ်ခုကို နယ်သာလန်နိုင်ငံတွင် တည်ထောင်လုပ်ကိုင်ခဲ့ပြီး ထောပတ်သီး၊ ငှက်ပျောသီးနှင့်သရက်သီးတို့အတွက် နယ်သာလန်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ ဖြန့်ဖြူးရေးစင်တာများသို့ဝန်ဆောင်မှုပေးဆောင်ရွက်ပါသည်။

## နည်းပညာပိုင်းတိုးတက်ဆောင်ရွက်မှု

ထောပတ်သီးအရည်အသွေးစစ်ဆေးခြင်းအတွက် နည်းပညာသစ်များ တိုးတက်လာရာတွင် Avos ဟု ခေါ်ဆိုသော အရည်အသွေးစစ်ဆေးပေးသည့်စက် (Artificial Intelligence- AI Device) သည် အသီးကိုထိခိုက် ပျက်စီးစေခြင်းမရှိဘဲ အရည်အသွေးစစ်ဆေး ကျွမ်းကျင်သူများအတွက် မြန်ဆန်ထိရောက်သောအချက်အလက်များကို ပံ့ပိုးပေးနိုင်ကာ အရည်အသွေးပိုင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်နိုင်မည်ဖြစ်ပါသည်။ Avos ကို အသုံးပြု၍ အသီးရင့်မှည့်ကာလနှင့် ပို့ဆောင်သင့်သည့်ဖောက်သည် စသည်တို့ကို ခန့်မှန်းတွက်ချက်နိုင်မည် ဖြစ်ပါသည်။ အဆိုပါနည်းပညာပိုင်း ပံ့ပိုးမှုများဖြင့် ready-to-eat စားသုံးမှုပုံစံကို များစွာအထောက်အပံ့ ဖြစ်လာစေပါသည်။ Avos Device က ထောပတ်သီး၏ တွန်းကန်အား၊ အရောင်အဆင်းနှင့် အရည်အသွေးတို့ကို စက္ကန့်ပိုင်းအတွင်း တိုင်းတာပေးပြီး ချိတ်ဆက်ထားသောကွန်ပြူတာတွင် အရည်အသွေးမှတ်တမ်းကိုကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးပါသည်။

## မြန်မာနိုင်ငံမှ ဈေးကွက်ဝင်ရောက်နိုင်မှုအခွင့်အလမ်းများ

မြန်မာနိုင်ငံအနေဖြင့် ထောပတ်သီးကို တရုတ်၊ ထိုင်း၊ ဟောင်ကောင်၊ ရုရှားအစရှိသည့်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ဂိတ်များမှတဆင့် တင်ပို့ရောင်းချနေမှုရှိပါသည်။ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်း

တည်ထောင်ထားရှိပြီးဖြစ်ကာ ဒေသမျိုးကိုင်းများနှင့် ပြည်ပမှတင်သွင်းလာသည့် Hass အမျိုးအစားမျိုးကိုင်းများကို စနစ်တကျပွားများ ဖြန့်ဖြူးထားနိုင်ပြီး ဈေးကွက်ဝင်အသီးများ ထွက်ရှိလာရေး ဆောင်ရွက်လျက်ရှိနေခြင်းကြောင့် Hass အမျိုးအစားကို ပိုမိုကြိုက်နှစ်သက်မှုရှိသည့် အီးယူနှင့် ဂျာမနီနိုင်ငံဈေးကွက်များသို့ ဈေးကွက်လိုအပ်ချက်များနှင့်အညီ အရည်အသွေးမီစွာ ဝင်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ဂျာမနီနိုင်ငံသည် နယ်သာလန်နိုင်ငံကဲ့သို့သော အီးယူနိုင်ငံများမှ တင်သွင်းခြင်းရှိသလို အီးယူပြင်ပနိုင်ငံများမှ တိုက်ရိုက်တင်သွင်းမှုများလည်း ရှိလာနေပြီဖြစ်ပါသည်။ ဈေးကွက်ဝင်ရောက်မှုအတွက် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် စီးပွားရေးချိတ်ဆက်ဆောင်ရွက်မှုများ ရရှိနိုင်မည်ဖြစ်ရာ ဘာလင်မြို့တွင်ကျင်းပသည့် Fruit Logistica ပြပွဲနှင့် နူရင်ဘတ်မြို့တွင် ကျင်းပသည့် Biofach အော်ဂဲနစ်ပြပွဲများသို့ လာရောက်ပြသရန် သင့်တော်ပါကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

Sources:

https://www.cbi.eu/market-information/fresh-fruit-vegetables/avocados/market-potential

https://www.experiencefruitquality.nl/

https://www.selinawamucii.com/insights/prices/germany/avocados/

https://www.importpromotiondesk.de/fileadmin/user_upload/Publikationen/factsheet/obst_gemuese/avocado-in-germany.pdf

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

---

## ဂျပန်နိုင်ငံမှ အဖျော်ယမကာကုမ္ပဏီ Kirin Holdings သည် မြန်မာနိုင်ငံမှ ထွက်ခွာရန် ပြင်ဆင်နေ

ဂျပန်အဖျော်ယမကာကုမ္ပဏီ Kirin Holdings သည် ၎င်း၏မိတ်ဖက်ကုမ္ပဏီ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို ရပ်စဲကာ မြန်မာနိုင်ငံမှထွက်ခွာရန်ဆုံးဖြတ်လိုက်ကြောင်း ဖေဖော်ဝါရီလ ၁၄ ရက်နေ့ (တနင်္လာနေ့) တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။

Kirin Holdings အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌ အရေးပေါ် အခြေအနေကြေငြာခဲ့ပြီးနောက် လုပ်ငန်းဆောင်ရွက်မှုရပ်စဲကာ ထွက်ခွာရန် ပြင်ဆင်နေသည့် ပထမဦးဆုံးသော ဂျပန်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

Kirin Holdings မှ အလုပ်အမှုဆောင်အရာရှိများသည် ၎င်းတို့အနေဖြင့် မြန်မာ့ဈေးကွက်တွင် တစ်နည်းတစ်ဖုံအားဖြင့် ဆက်လက်လုပ်ငန်းဆောင်ရွက်လိုကြောင်း ယခင်က ပြောကြားခဲ့သော်လည်း တစ်နှစ်ခန့်အကြာ စေ့စပ်ညှိနှိုင်းမှုများပြီးဆုံးပြီးနောက် နှစ်ဘက်စလုံးမှ ထိုဖက်စပ်လုပ်ငန်းကို ရပ်စဲကာ ဂျပန်ကုမ္ပဏီ Kirin Holdings ကို မြန်မာနိုင်ငံမှ ထွက်ခွာရန် သဘောတူခဲ့ကြပါသည်။

Kirin Holdings ၏ အလုပ်အမှုဆောင်အရာရှိချုပ် Yoshinori Isozaki က ယခု အငြင်းပွားမှုပြဿနာကို လာမည့်ဇွန်လကုန်တွင် အပြီးသတ် ဖြေရှင်းမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ငန်းဆောင်ရွက်မှုမှနုတ်ထွက်ခြင်းကြောင့် ယန်း ၄၆.၆ သန်း (အမေရိကန်ဒေါ်လာ ၄၀၄.၃၇ သန်း) ခန့်ဆုံးရှုံးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Kirin Holdings သည် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ လုပ်ငန်းခွဲ ၂ ခုဖြစ်သည့် Myanmar Brewery Ltd နှင့် Mandalay Brewery Ltd တို့၏ ရှယ်ယာများကို ရောင်းချရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ နုတ်ထွက်မှုသည် အဆိုပါလုပ်ငန်းခွဲ ၂ ခုတွင် လုပ်ကိုင်နေကြသည့် ဒေသခံဝန်ထမ်း ၁,၄၅၀ ဦးခန့်၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးကြီးလှကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါသည်။

မြန်မာဘီယာအပါအဝင် ဘီယာအမှတ်တံဆိပ် ၅ မျိုးခန့် ထုတ်လုပ်နေသော Myanmar Brewery Ltd ကို Kirin Holdings မှ ၅၁ % နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) မှ ၄၉% ဖြင့်ပိုင်ဆိုင်ထားပြီး မိတ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုရပ်တန့်ရန် Kirin Holdings အနေဖြင့် ယခု ဖေဖော်ဝါရီလ၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ရင်းမြစ်။ https://the-japan-news.com , https://asia.nikkei.com
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

……………………………………………………………………..

Agribusiness & Trade

## ဂျပန်နိုင်ငံရှိ အသက် ၂၅ နှစ်မှ ၃၄ နှစ်အရွယ်လူများအကြား ဝင်ငွေကွာဟချက်မြင့်မားလာကြောင်းသိရ

ဂျပန်နိုင်ငံရှိ အသက် ၂၅ နှစ်မှ ၃၄ နှစ်အရွယ်လူများအကြား ဝင်ငွေကွာဟချက်သည် ၎င်းအသက်အုပ်စုများအကြား ဝင်ငွေမညီမျှမှုကို တိုင်းတာသည့် Gini coefficient ညွှန်းကိန်းမြင့်တက်လာခြင်းကြောင့် ဖြစ်သည်ဟု ဂျပန်အစိုးရအဖွဲ့၏ (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်စီးပွားရေး အစီရင်ခံစာအရ သိရပါသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးအနေအထားကို အဓိကထားကာ လေ့လာသုံးသပ်သည့် ၎င်းအစီရင်ခံစာအရ အိမ်ထောင်ပြုပြီး သားသမီးမွေးဖွားရန် အလားအလာရှိသူများအား ဝင်ငွေတိုးမြင့်ပေးခြင်းသည် အိမ်ထောင်ပြုနောက်ကျပြီး သားသမီးမွေးဖွားနိုင်ချေနည်းပါးသောအနေအထားကို ဖြေရှင်းရန် အကောင်းဆုံး အစီအမံတစ်ခုဖြစ်ကြောင်း သုံးသပ်ထားပါသည်။

Gini coefficient အညွှန်းကိန်းသည် ကိန်းဂဏန်း (၀ နှင့် ၁) ကိုအသုံးပြုကာ ဝင်ငွေမညီမျှမှုကို တိုင်းတာသော အညွှန်းကိန်းတစ်ခုဖြစ်ပါသည်။ ဝင်ငွေကွာဟချက် ကြီးမားလေ၊ အညွှန်းကိန်းမှာ ကိန်းဂဏန်း ၁ နှင့် နီးကပ်လေဖြစ်ပါသည်။

အသက်အရွယ်အုပ်စုအလိုက် ၂၅ နှစ်မှ ၂၉ နှစ်အကြားလူများသည် ၂၀၀၂ ခုနှစ်တွင်ရှိခဲ့သည့် Gini coefficient အညွှန်းကိန်း ၀.၂၄ မှ ၂၀၁၇ ခုနှစ်တွင် ၀.၂၅ သို့လည်းကောင်း၊ အသက် ၃၀ မှ ၃၅ နှစ်အကြားလူများသည် Gini coefficient အညွှန်းကိန်း ၀. ၃၁၁ မှ ၀. ၃၁၈ သို့ ၎င်းကာလတူအတွင်း တိုးတက်လာခဲ့ပါသည်။

အစီရင်ခံစာအရ ထို့သို့တိုးတက်လာခြင်းမှာ ပုံမှန်သမားရိုးကျမဟုတ်သည့် ကန်ထရိုက်စာချုပ်ဖြင့် ဆောင်ရွက်ကြသော အမျိုးသားဦးရေတိုးတက်လာပြီးအလုပ်ချိန်မှာ နည်းပါးသောကြောင့် ဖြစ်သည်ဟုသိရပါသည်။ အခြားသောအသက်အုပ်စုများတွင် ယေဘုယျအားဖြင့် Gini coefficient အညွှန်းကိန်းမှာ တဖြည်းဖြည်းချင်း ကျဆင်းလာသည်ကို တွေ့ရပါသည်။

အသက် ၂၅ နှစ်မှ ၃၄ နှစ်အကြား လူများတွင် တကိုယ်ရေနေထိုင်သူ အိမ်ထောင်စုရာခိုင်နှုန်းမှာ မြင့်တက်လာပြီး သားသမီးမွေးဖွားသည့် ဇနီးမောင်နှံအိမ်ထောင်စုများမှာ လျော့နည်းကျဆင်းလာပါသည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်းမှ စာရင်းဇယားများကိုနှိုင်းယှဉ်ကြည့်ပါက နှစ်စဉ်ဝင်ငွေယန်း ၅ သန်းအောက်ရရှိပြီး သားသမီးရှိသည့် အိမ်ထောင်စုအရေအတွက်မှာ သိသိသာသာ လျော့ကျလာသည်ကို တွေ့ရပါသည်။ ဝင်ငွေနည်းပါးသည့် လူများအကြားတွင် အိမ်ထောင်ပြုပြီး သားသမီးမွေးဖွားရန်ဆုံးဖြတ်ချက်ချနိုင်ရေး အခက်အခဲများ များပြားလာကြောင်း အစီရင်ခံစာအရ သိရပါသည်။

ဂျပန်ဝန်ကြီးချုပ် Fumio Kishida သည် ယေဘုယျအားဖြင့် သားသမီးပြုစုပျိုးထောင်နေရသည့်မိသားစုများနှင့် လူငယ်များ၏ ဝင်ငွေကို မြှင့်တင်ခြင်းဖြင့် လူလတ်တန်းစားများ၏ လူနေမှုဘဝကို မြှင့်တင်ရန် လူမှုဖူလုံရေးစနစ်ပြုပြင်ပြောင်းလဲမှုအစီအမံများမှတစ်ဆင့် ကြိုပမ်းဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ရင်းမြစ်။ https://www.nippon.com/en
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

……………………………………………………………

## ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ စီးပွားရေးအခြေအနေ

### (က) ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၏ ယေဘုယျစီးပွားရေးအခြေအနေ

ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း စီးပွားရေးအခြေအနေသည် ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကူးစက်ပြန့်ပွားခဲ့မှုများ၏သက်ရောက်မှုကြောင့် ယခင် တိုးတက်မှုနှုန်းအနေအထားသို့ရောက်ရှိရန် အားနည်းနေဆဲဖြစ်သော်လည်း အတန်အသင့် ပြန်လည်နာလန်ထူလာသည်ကို တွေ့ရပါသည်။ ယေဘုယျအားဖြင့် ပုဂ္ဂလိကစားသုံးမှုအပိုင်းမှာ ပြန်လည်မြင့်တက်လာသည်ကိုတွေ့ရပါသည်။ စီးပွားရေးပိုင်းရင်းနှီးမြှုပ်နှံမှုမှာ ပြန်လည်မြင့်တက်လာသော်လည်းပို့ကုန်ကဏ္ဍမှာ ပုံမှန်အနေအထား၌သာရှိသည်ကို တွေ့ရပါသည်။ ကုန်ထုတ်လုပ်ငန်းမဟုတ်သည့် ဝန်ဆောင်မှုလုပ်ငန်းမှအမြတ်ဝင်ငွေရရှိမှုမှာ ကျဆင်းနေဆဲဖြစ်သော်လည်း စက်မှုကုန်ထုတ်ကဏ္ဍမှာ မြင့်တက်လာပြီး စီးပွားရေးလုပ်ငန်းမှ အမြတ်ဝင်ငွေရရှိမှုမှာလည်း တိုးတက်လာပါသည်။

လက်ရှိစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်မှုမှာ (အထူးသဖြင့်) ကုန်ထုတ်လုပ်မှုလုပ်ငန်းများမဟုတ်သည့် ဘဏ်များနှင့် အခြားသော ဝန်ဆောင်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများတွင် စောင့်ကြည့်အကဲဖြတ်နေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ထို့အပြင်ပြည်တွင်းရှိ အလုပ်အကိုင်အခြေအနေများမှာ ပုံမှန်နှုန်းဖြင့် တိုးတက်လာသော်လည်း ဗိုင်းရပ်စ်ကူးစက်မှုများ၏သက်ရောက်မှုကြောင့် အလုပ်ကမ်းလှမ်းမှုများမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ပါသည်။ စားသုံးကုန်ဈေးနှုန်းများမှာ ဖြည်းဖြည်းမှန်မှန် တိုးတက်လာသည်ကို တွေ့ရပါသည်။

ကာလတိုသုံးသပ်ချက်အနေဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အစိုးရ၏ ကူးစက်ရောဂါကာကွယ်တားဆီးရေးအစီအမံများ၊ ပြည်တွင်းစီးပွားရေး နာလန်ထူလာစေရေးအတွက် ပံ့ပိုးမှုအစီအမံများချမှတ်ဆောင်ရွက်ခဲ့ခြင်းနှင့် အခြားနိုင်ငံများ၏ စီးပွားရေးအခြေအနေများ ပြန်လည်

ကောင်းမွန်လာခြင်းကြောင့် နိုင်ငံ့စီးပွားရေးမှာတိုးတက်လာသည့် အနေအထားဟု သုံးသပ်ရပါသည်။ သို့သော် လတ်တလော ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် စတင်ပြန့်ပွားကူးစက်နေသည့် အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲ၏ သက်ရောက်မှုကြောင့် ဂျပန်နိုင်ငံ၏ အနာဂတ်စီးပွားရေး အလား အလာသည် မရေရာမှုများရှိနိုင်သည်ဟု ဂျပန်အစိုးရအဖွဲ့ရုံးမှ သတိပေးထားပါသည်။

## (ခ) ဂျပန်အစိုးရ၏ မူဝါဒပိုင်း ချမှတ်ပံ့ပိုးဆောင်ရွက်မှုများ

ဂျပန်အစိုးရသည် မကြာခဏဖြစ်ပွားတတ်သော ငလျင်ဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုဘေးကင်းလုံခြုံစေရန်၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ၏ သက်ရောက်မှုမှ တုန့်ပြန်နိုင်ရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန်၊ နိုင်ငံ၏ စီးပွားရေးထိခိုက်မှုနှင့် ငွေကြေးဈေးကွက်အခြေအနေတည်ငြိမ်စေရန်၊ ပြည်သူတို့၏ အလုပ်အကိုင်အခြေအနေများ တည်ငြိမ်ကောင်းမွန်စေရန်တို့ကို ရည်မှန်းချက်ထားကာ ခိုင်မာသောငွေကြေးမူဝါဒ၊ လိုက်လျောညီထွေရှိသော ဘဏ္ဍာရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများကိုချမှတ်ကာ အားထုတ်ကြိုးပမ်းဆောင်ရွက်နေပါသည်။

အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲသစ်ကူးစက်ပြန့်ပွားမှုမှ ထိန်းချုပ်နိုင်ရန် ဇန်နဝါရီလ ၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ စီရင်စု (၃) ခုအပေါ် ကူးစက်မှုကာကွယ်ရေးဦးစားပေးမှုအစီအမံများ ချမှတ်ခဲ့ပါသည်။ ၎င်းနောက် အိုမီခရွန်မျိုးကွဲသစ်ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးအတွက် မြို့တော်တိုကျိုအပါအဝင် စီရင်စု ၁၃ ခု တို့အား တစ်စိတ်တစ်ပိုင်းအရေးပေါ်အခြေအနေ (quasi-emergency status) ကို ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ အစိုးရသည် ထပ်မံကူးစက်လာနိုင်အန္တရာယ်ကို ကြိုတင်ရည်မှန်းကာ လိုအပ်သည်များ ပြင်ဆင်ခြင်း၊ ရောဂါပိုးထပ်မံကူးစက်မှုမြင့်တက်လာခြင်းမှ ရှောင်ရှားနိုင်ရန် ရောဂါပိုးရှာဖွေစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ မတ်လနောက်ပိုင်းတွင် အများပြည်သူတို့အတွက် တတိယအကြိမ် အားဖြည့်ကာကွယ်ဆေးထိုးနှံမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိရာ ပြည်သူများ၏နေ့စဉ်ဘဝနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များကို လူနေမှုပုံစံသစ်နှင့်အညီ အသားတကျနေထိုင်နိုင်ရေးကို ရှေ့ရှုဆောင်ရွက်နေပါသည်။ ပြည်တွင်းနှင့်ပြည်ပတွင် ကိုရိုနာကူးစက်ရောဂါပြန့်ပွားမှုအခြေနေများ၊ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများ၏ စီးပွားရေးအလားအလာများ၊ နိုင်ငံသားတို့အပေါ် အကျိုးသက်ရောက်မှုများ စသည်တို့ကို စနစ်တကျ ချင့်ချိန်သုံးသပ်၍ နှောင့်နှေးမှုမရှိစေရန်ကြိုးပမ်းနေပါသည်။

ဂျပန်ဗဟိုဘဏ်မှလည်း စီးပွားရေးလုပ်ငန်းများလည်ပတ်မှုအဆင်ပြေစေရန်နှင့် ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်မှုရှိစေရန် ငွေကြေးမူဝါဒများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးခြင်းဖြင့် ပံ့ပိုးပေးနေပါသည်။ အစိုးရမှလည်း ဂျပန်ဗဟိုဘဏ်အနေဖြင့် ကူးစက်ရောဂါ၏ နိုင်ငံ့စီးပွားရေးအပေါ်သက်ရောက်မှုများကို အလေးထားဆောင်ရွက်ရန်၊ သင့်လျော်သည့်ငွေကြေး မူဝါဒစီမံခန့်ခွဲမှုကိုကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းစီးပွားရေးဆောင်ရွက်ချက် အနေအထားအပေါ်မူတည်၍ ကုန်ဈေးနှုန်းတည်ငြိမ်မှုနှင့် ငွေကြေးဈေးကွက်အခြေအနေများကို တည်ငြိမ်မှုရှိစေရေး ကြိုးပမ်း ဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။

ထို့အပြင် ဂျပန်နိုင်ငံ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ကနဦးဘတ်ဂျက်အဖြစ် ယန်း ၁၀၇ ထရီလီယံ(အမေရိကန်ဒေါ်လာ ၉၅၀ ဘီလီယံ) ကျော်ထိ လျာထားခဲ့ပါသည်။ ၎င်းပမာဏသည် ၁၀ စုနှစ်တာကာလအတွင်း အမြင့်ဆုံးလျာထားချက်ဖြစ်ကြောင်း၊ လူမှုဖူလုံရေး၊ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် သုံးစွဲမည့်ကုန်ကျစရိတ်များကို ချင့်တွက်ကာ ယခုကဲ့သို့များပြားသည့်ဘတ်ဂျက်ငွေကို လျာထားခြင်းဖြစ်ပြီး အဆိုပါရန်ပုံငွေကို လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် မလိုအပ်ဘဲ အသုံးပြုနိုင်ရန် ဆုံးဖြတ်အတည်ပြုထားပါသည်။

(ဂ) **ပုဂ္ဂလိကစားသုံးမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများ**

စားသုံးသူများ၏ မိသားစုဝင်ငွေ၊ အသုံးစရိတ်စစ်တမ်းနှင့် ဝယ်လိုအားအခြေအနေတို့အပေါ်သုံးသပ်ရာတွင် ဇန်နဝါရီလ၏ စားသုံးမှုအခြေအနေသည် ယခင်ဒုတိယသုံးလပတ်ကထက် ၁.၂ % လျော့ကျခဲ့ကြောင်း၊ မြို့တော်တိုကျိုအပါအဝင် အခြားစီရင်စုမြို့တော်များတွင် ကူးစက်ရောဂါထိန်းချုပ်ရေးအစီအမံများ ကျင့်သုံးခြင်း၊ အရေးပေါ်အခြေအနေများကျင့်သုံးခြင်း၊ ခရီးသွားလာမှုကန့်သတ်ခြင်း၊ နေအိမ်အပြင်ထွက်စားသောက်မှုလျှော့ချခြင်း စသည်တို့ကြောင့် သုံးစွဲမှုကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

ကာလတိုသုံးသပ်ချက်အနေဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အစိုးရ၏ကူးစက်ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးအစီအမံများနှင့် ကာကွယ်ဆေးဝါးများ ကျယ်ပြန့်စွာထိုးနှံလာနိုင်ခြင်းများကြောင့် ကောင်းမွန်သည့် တိုးတက်မှုများရရှိနိုင်ကြောင်း မျှော်လင့်ရပါသည်။ စားသုံးမှုနောက်ခံအနေအထားကို သုံးသပ်ပါက လုပ်သားများ၏ အမှန်လုပ်ခလစာရရှိမှုများမှာ ရပ်တန့်နေကြောင်းတွေ့ရပါသည်။ သို့သော် စားသုံးသူများ၏ ယုံကြည်မှုအနေအထားမှာ လက်ရှိအနေအထား၌မြင့်တက်လာသော်လည်း အဆိုပါအခြေအနေများအပေါ် သုံးသပ်ချက်အရ ပုဂ္ဂလိကစားသုံးမှုများမှာ ဆက်လက်အားနည်းနေဆဲဖြစ်မည်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ဗိုင်းရပ်စ်ကူးစက်မှုအနေအထားများကို စနစ်တကျ စောင့်ကြည့်ရန် လိုအပ်ပါသည်။

Agribusiness & Trade

စီးပွားရေးလုပ်ငန်းပိုင်းရင်းနှီးမြှုပ်နှံမှုများမှာ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရပါသည်။ ဒုတိယသုံးလပတ်ကာလမှအစပြုကာ လုပ်ငန်းသုံးကုန်စည်များတင်ပို့မှုနှင့် တင်သွင်းမှုများမှာလည်း ၁.၂ % ခန့်ပြန်လည်မြင့်တက်လာကြောင်း တွေ့ရပါသည်။ ဂျပန်ဗဟိုဘဏ်၏ ကာလတိုစီးပွားရေးသုံးသပ်ချက်တန်းကန်းစစ်တမ်း (Tankan survey) အရ ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်ထုတ်လုပ်ငန်းများအားလုံးမှာ မြင့်တက်လာနိုင်ကြောင်းသိရပါသည်။ စီးပွားရေးလုပ်ငန်းများအပေါ် သုံးသပ်အကဲဖြတ်မှုနှင့်ပတ်သက်၍ အပိုပစ္စည်းပံ့ပိုးမှုတွင် ပြတ်လပ်မှုများရင်ဆိုင်ရသော်လည်း ကုန်ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာသည်ကို တွေ့ရပါသည်။

ကာလတိုသုံးသပ်ချက်အရ လတ်တလော ပြည်ပနိုင်ငံအများအပြား၌ အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲထပ်မံကူးစက်ပြန့်ပွားမှုကြောင့် အနာဂတ်တွင် မရေရာမှုများရှိနိုင်သော်လည်း စီးပွားရေးလုပ်ငန်းပိုင်းရင်းနှီးမြှုပ်နှံမှုသည် မြင့်တက်လာနေပြီး အထူးသဖြင့် စက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတွင် မြင့်တက်လာမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။ အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှာ လတ်တလော၌ အားနည်းနေဆဲဖြစ်သည်ကို တွေ့ရသော်လည်း ပြန်လည်တိုးတက်လာသည့်အနေအထား၌ ရှိနေပါသည်။

## (ဃ) **ကုန်သွယ်မှုအခြေအနေ**

လက်ရှိ၌ ပို့ကုန်ကဏ္ဍမှာ ဖြည်းဖြည်းနှင့်မှန်မှန် တိုးတက်လာနေပြီး သွင်းကုန်ကဏ္ဍမှာ ရပ်တန့်နေသည့်အတွက် ကုန်စည်နှင့်ဝန်ဆောင်မှု၏ balance မှာ လိုငွေပြနေပါသည်။ ပို့ကုန်တင်ပို့ရာဒေသများအနေဖြင့် အာရှတိုက်နှင့် ဥရောပဒေသနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုများမှာ ပုံမှန်အနေအထား တွေ့ရပါသည်။ အခြားကမ္ဘာ့နိုင်ငံများသို့ တင်ပို့မှုများလည်း ပုံမှန်သာရှိနေပါသည်။ ကမ္ဘာတစ်ဝှမ်း တစ်ပိုင်းလျှပ်ကူးပစ္စည်း ပြတ်လပ်မှုများနှင့် ရင်ဆိုင်ခဲ့ရသဖြင့်ပြည်တွင်းမှ မော်တော်ကားကုမ္ပဏီများသည် ထုတ်လုပ်မှုပမာဏများ လျှော့ချခဲ့ရပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မော်တော်ကားထုတ်လုပ်မှုကျဆင်းခြင်းနှင့် မော်တော်ကားထုတ်လုပ်မှုအတွက် ဆက်စပ်ပစ္စည်းထုတ်လုပ်တင်ပို့မှုများ ကျဆင်းခဲ့ခြင်းသည်လည်း အခြားသက်ရောက်စေသည့် အကြောင်းအရင်းများ ဖြစ်ကြပါသည်။

ကာလတိုသုံးသပ်ချက်အနေဖြင့် အခြားပင်လယ်ရပ်ခြားနိုင်ငံများ၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုများကြောင့် ဂျပန်၏ပို့ကုန်ကဏ္ဍမှာ ပြန်လည်မြင့်တက်လာနိုင်သော်လည်း အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ဗိုင်းရပ်မျိုးကွဲကူးစက်ပြန့်ပွားမှုများ၊ ကုန်ထုတ်လုပ်ငန်းသုံး အပိုပစ္စည်းပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများနှင့် ကုန်ကြမ်းပစ္စည်းပြတ်လပ်မှုအနေအထားများ

ကို အထူးသတိပြုရန်လိုပါသည်။ သွင်းကုန်ကဏ္ဍမှာ လတ်တလော ရပ်တန့်နေပြီး အထူးသဖြင့် အာရှတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ တင်သွင်းမှုများရပ်တန့်နေကာ ပြည်ပနိုင်ငံများ၏ စီးပွားရေးအတက်အကျအနေအထားနှင့် ထောက်ပံ့ပို့ဆောင်မှုကန့်သတ်ချက်များကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍအကျပ်အတည်းများ ဖြစ်ပေါ်လာနိုင်ခြင်းကို အထူးဂရုပြုရပါမည်။

သွင်းကုန်ကဏ္ဍမှာ ပုံမှန်ရှိနေပြီး အထူးသဖြင့် အာရှတိုက်နိုင်ငံများမှ သွင်းကုန်များအား နည်းနေသည်ကို တွေ့ရပါသည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့မှ သွင်းကုန်များမှာလည်း ပုံမှန်သာရှိနေပါသည်။ ကာလတိုသုံးသပ်ချက်အရ လက်ရှိပြန့်ပွားနေသည့် အိုမီခရွန်မိုင်းရပ်စ်ကူးစက်ရောဂါထိန်းချုပ်ရေးအစီအမံများကို ထိရောက်စွာဆောင်ရွက်ပြီး စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအစီအမံများကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏ စီးပွားရေးအခြေအနေသည် တဖြည်းဖြည်း ပြန်လည်တိုးတက်လာမည်ဟု သုံးသပ်ရပါသည်။

## (င) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် အလုပ်အကိုင်အခြေအနေများ

စက်မှုကုန်ထုတ်လုပ်ငန်းများမှာ လတ်တလောမြင့်တက်လာသည်ကို တွေ့ရပြီး အချို့ကုန်ထုတ်လုပ်မှုနယ်ပယ်များမှာ အားနည်းဆဲဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားအလိုက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာစက်ပစ္စည်းထုတ်လုပ်မှုမှာ အားနည်းဆဲဖြစ်ပါသည်။ စက်ပစ္စည်းထုတ်လုပ်မှုမှာ တိုးတက်လာပြီး လျှပ်စစ်ပစ္စည်းနှင့် ကိရိယာများထုတ်လုပ်မှုများမှာလည်း တိုးတက်လာပါသည်။ ကာလတိုသုံးသပ်ချက်အရ ကုန်ထုတ်လုပ်မှုအနေအထားမှာ ဒီဇင်ဘာလတွင်တိုးတက်ခဲ့သည့် ၁.၆% ထက်သာလွန်ကာ ဇန်နဝါရီလတွင် ၅.၀% ထိမြင့်တက်လာနိုင်ကြောင်း သိရပါသည်။ သို့သော် အပိုပစ္စည်းပံ့ပိုးမှုကွင်းဆက်တွင် အားနည်းချက်များနှင့် တစ်ဝက်တစ်ပျက်လျှပ်ကူးပစ္စည်း ပြတ်လပ်မှုများသည် ကမ္ဘာ့အခြားနိုင်ငံများ၏ စီးပွားရေးကို သက်ရောက်စေနိုင်သည့်အချက်ကို အထူးသတိပြုရန်လိုပါသည်။

စီးပွားရေးလုပ်ငန်းပိုင်းအမြတ်ရရှိမှုသည် ပြန်လည်မြင့်တက်လာသော်လည်း ကုန်ထုတ်လုပ်ငန်းမဟုတ်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှာ ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် အမြတ်ရရှိမှုတွင် အားနည်းချက်များရှိဆဲဖြစ်ပါသည်။ လက်ရှိစီးပွားရေးလုပ်ငန်းများ၏အနေအထားအပေါ်သုံးသပ်ချက်သည် အကောင်းမြင်မှုများ မြင့်တက်လာနေပါသည်။ သို့သော် အချို့စီးပွားရေးလုပ်ငန်းများမှာ ကျဆင်းနေဆဲအနေအထား၌ရှိသည်ကို တွေ့ရပါသည်။

ထို့အပြင် ဂျပန်ဗဟိုဘဏ်၏ ဒုတိယသုံးလပတ်တန်းကန်းစစ်တမ်း(Tankan survey)အရ ၂၀၂၂ ဘဏ္ဍာနှစ်၊ ဒုတိယနှစ်ဝက်တွင်လည်း ယခင်ကာလတူနှစ်ကထက် ၀.၇% မြင့်တက်ရရှိနိုင်

ကြောင်း ခန့်မှန်းထားပါသည်။ အဆိုပါတန်းကန်းစစ်တမ်းအရ လက်ရှိ စီးပွားရေးလုပ်ငန်းများ၏ ဆောင်ရွက်ချက်အပေါ် အကဲဖြတ်မှုမှာ လုပ်ငန်းအားလုံးနီးပါး မြင့်တက်လာကြောင်း၊ လာမည့် ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ်သုံးသပ်ချက်အရ ဆက်လက်မြင့်တက်လာနိုင်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ဖျက်သိမ်းခြင်းများမှာလည်း သိသိသာသာ လျော့ကျလာကြောင်း သိရှိရပါသည်။

အလုပ်အကိုင်အခြေအနေများမှာ ပုံမှန်အနေအထားဖြင့် ပြန်လည်မြင့်တက်လာကြောင်း၊ အလုပ်ကမ်းလှမ်းမှုများမှာ ကူးစက်ရောဂါ၏ သက်ရောက်မှုအခြေအနေကြောင့် သိသိသာသာ တိုးတက်လာခြင်းမရှိသေးကြောင်း၊ အလုပ်လုပ်ကိုင်နေသည့် လူဦးရေမှာလည်း ကျဆင်းဆဲဖြစ်ကြောင်း၊ အလုပ်မရှိသည့် လူဦးရေမှာလည်း များပြားဆဲဖြစ်သော်လည်း ကုန်ထုတ်လုပ်ငန်းများတွင် အချိန်ပိုကြေးပံ့ပိုးငွေမှာ မြင့်တက်လာသည်ကို တွေ့ရပါသည်။

ဗဟိုဘဏ်၏ တန်းကန်းစစ်တမ်း(Tankan survey) သုံးသပ်ချက်အရ လက်ရှိအလုပ်အကိုင်အခြေအနေများနှင့်ပတ်သက်၍ လုပ်သားအင်အားပြတ်လပ်မှုများ မြင့်မားဆဲဖြစ်သည်ကို တွေ့ရပါသည်။ သို့သော် အရေးပေါ်အခြေအနေရုတ်သိမ်းပြီးနောက် ပုဂ္ဂလိကကုမ္ပဏီများ၏ နေ့စဉ်နှင့်အမျှ အလုပ်အကိုင်ကမ်းလှမ်းမှုများ ပြန်လည်ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် အနာဂတ်တွင် အလုပ်အကိုင်များ ပြန်လည်တိုးတက်လာနိုင်ကြောင်း သုံးသပ်ရပါသည်။ ကာလတို သုံးသပ်ချက်အရ အလုပ်အကိုင်အခြေအနေနှင့်ပတ်သက်၍ လက်ရှိ၌ ကျဆင်းနေသည့် အနေအထားဖြစ်သော်လည်း အနာဂတ်၌ ပြန်လည်မြင့်တက်လာနိုင်ကြောင်း၊ သို့သော် အလုပ်အကိုင်အမျိုးအစားအပေါ် ပြန်လည်ချိန်ညှိမှုများနှင့် သတ်မှတ်ချက်များကြောင့် အလုပ်အကိုင်ရရှိမှုတွင် အားနည်းနိုင်မည်ဟု ယူဆရကြောင်း၊ ထို့အပြင် အနာဂတ်၌ လက်ရှိကမ္ဘာ့နိုင်ငံအချို့တွင်စတင်ကူးစက်နေသည့် ဗိုင်းရပ်စ်မျိုးကွဲသစ် အိုမီခရွန်၏ ပြန့်ပွားမှုအနေအထားကိုလည်း ထည့်သွင်း သုံးသပ်ရမည်ဖြစ် ကြောင်းသိရပါသည်။

(စ) **ဈေးနှုန်းများနှင့် ဘဏ္ဍာရေးဈေးကွက်အခြေအနေ**

ကုန်ထုတ်လုပ်မှုဈေးနှုန်းများမှာ တိုးတက်လာသကဲ့သို့ စားသုံးကုန်ဈေးနှုန်းများမှာလည်း မကြာသေးမီက ဖြည်းဖြည်းမှန်မှန် မြင့်တက်လာသည်ကို တွေ့ရပါသည်။ ကာလတိုသုံးသပ်ချက်အရ လတ်ဆတ်သော စားသောက်ကုန်ဈေးနှုန်းများနှင့် စွမ်းအင်ဈေးနှုန်းများမှအပ ကျန်သော စားသုံးကုန်ဈေးနှုန်းများမှာ အချိန်နှင့်အမျှ အနည်းငယ်စီ မြင့်တက်လာနိုင်ကြောင်း သိရပါသည်။ ယေဘုယျအားဖြင့် လတ်ဆတ်သောစားသောက်ကုန်နှင့် အသီးအနှံများ၊ စွမ်းအင်ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာပါသည်။

နစ်ကေးစတော့ရှယ်ယာဈေးနှုန်းများသည် ယန်း ၂၈၅၀၀ အဆင့်မှ ယန်း ၂၉၃၀၀ အဆင့်သို့မြင့်တက်လာပြီး ယန်း ၂၈၁၀၀ အဆင့်သို့ ပြန်လည်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၁၄ ယန်း မှ ၁၁၆ ယန်းနီးပါးသို့ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။

## (ဆ) သုံးသပ်တင်ပြချက်

ကမ္ဘာတစ်ဝှမ်း၌ ကိုရိုနာကူးစက်ရောဂါကာကွယ်ဆေးများ ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံလျက်ရှိကြသော်လည်း လတ်တလော၌ အိုမီခရွန် ဗိုင်းရပ်စ်မျိုးကွဲအသစ်ကူးစက် ပြန့်ပွားနေသဖြင့် ရောဂါပိုးအပြီးသတ်ပျောက်ကွယ်သွားမည့် အချိန်ကာလကို မည်သူမျှခန့်မှန်းနိုင်ခြင်း မရှိသေးသည့်အတွက် ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်ရမည့် အလားအလာများကြောင့် အချို့သော စီးပွားရေးလုပ်ငန်းများသည် အနာဂတ်အခြေအနေကို ချင့်တွက်၍ အပြောင်းအလဲများ ဆောင်ရွက်လာကြကြောင်းတွေ့ရပါသည်။

အဆိုပါအခြေအနေများမှ ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုဘဏ္ဍာနှစ် ၂၀၂၁ ခုနှစ်အကုန်တွင်ပြီးဆုံးမည့် စီးပွားရေးအစီအမံများအပြင် အခြားစီးပွားရေးပံ့ပိုးမှုအစီအမံများ ထပ်မံချမှတ်ဆောင်ရွက်သင့်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် အစီအမံများထက် ပိုမိုပြီးပြည့်စုံသည့် ပံ့ပိုးမှုများချမှတ်သင့်ပါကြောင်း၊ ကိုရိုနာကပ်ရောဂါပြန့်ပွားမှုအခြေအနေများနှင့် နိုင်ငံ၏စီးပွားရေးအခြေအနေအပေါ် သက်ရောက်နိုင်မှုများကို အခြေပြုကာ ဦးတည်ချက်နည်းနည်းနှင့် ထိထိရောက်ရောက် ပံ့ပိုးဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းသုံးသပ်ရပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန်ပွားမှုကြောင့် ပြည်သူတို့၏ စားသုံးနေထိုင်မှု ပုံစံပြောင်းလဲလာမှုကို တုံ့ပြန်ရန် လိုက်လျောညီထွေဖြစ်စေမည့် ဆောင်ရွက်ချက်များသည် စီးပွားရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် များစွာအကျိုးသက်ရောက်စေနိုင်မည် ဖြစ်ပါသည်။

ဂျပန်အစိုးရအနေဖြင့် လက်ရှိပြည်တွင်းစီးပွားရေးအနေအထားကို ထပ်မံကျဆင်းခြင်းမဖြစ်စေရန် ဘက်စုံမှပံ့ပိုးဆောင်ရွက်နေပြီး အကယ်၍ ရောဂါပိုးထပ်မံကူးစက်ပြန့်ပွားလာပါကလည်းပြည်သူများ၏ လူနေမှုဘဝများ၊ အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံ့စီးပွားရေးအခြေအနေစသည်တို့ကို ထပ်မံထိခိုက်ခြင်းမရှိရစေရန် အခိုင်အမာပံ့ပိုးသွားနိုင်ရေး ပြင်ဆင်ထားကြောင်းသိရပါသည်။ နိုင်ငံ၏ GDP အနေဖြင့် ၂၀၂၁ ဘဏ္ဍာနှစ်မကုန်မီ ကာလအတွင်း ကူးစက်ရောဂါမပြန့်ပွားမီအချိန်မှ တိုးတက်မှုနှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ရန် အစိုးရအနေဖြင့် ကြိုးပမ်းနေသော်လည်း ထပ်မံပြန့်ပွားလာနိုင်သည့် ဗိုင်းရပ်မျိုးကွဲသစ်များ ကူးစက်မှုကိုလည်း ကြိုတင်ချင့်တွက်ရမည်ဖြစ်ပါသည်။

Agribusiness & Trade

ကိုရိုနာကူးစက်ရောဂါသည် ဂျပန်နိုင်ငံ၏ အလုပ်အကိုင်ကဏ္ဍ၊ ဝင်ငွေကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍနှင့်အရင်းအနှီးဈေးကွက်များအပေါ် သက်ရောက်မှုများကြောင့် ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကဏ္ဍရပ်များဆိုင်ရာ အတက်အကျများကို အထူးအာရုံစိုက်လေ့လာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့တစ်ဝှမ်းတွင် ဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်ပြန့်ပွားနေဆဲဖြစ်သဖြင့် ဂျပန်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ဆက်လက်အားနည်းနေမှုများ၊ ခရီးသွားလုပ်ငန်း ဆက်လက်ကျဆင်းနေမှုများ၊ ဒေသတွင်းပထဝီနိုင်ငံရေးအပိုင်းတင်းမာနေမှုများ၊ ရုံဖန်ရံခါ ရင်ဆိုင်တွေ့ကြုံနေရသည့် သဘာဝဘေးအန္တရာယ်များ စသည်တို့ကြောင့် လက်ရှိဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း စီးပွားရေးအခြေအနေသည် ယခင်သုံးလပတ်ကာလများကထက် ပြန်လည်နလန်ထူကာ တိုးတက်လာသော်လည်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ဆက်လက်၍ အားနည်းနေဆဲဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကိုးကားချက် ။ ဂျပန်နိုင်ငံ၊ အစိုးရအဖွဲ့ရုံးမှထုတ်ပြန်သည့် Recent Economic Developments (January, 2022) ဆိုင်ရာအချက်အလက်များ

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

……………………………………………………………………………………………………

**မိုက်ခရိုချစ်ပ်အတွက် အာရှဒေသအပေါ်မှီခိုနေရမှုကို လျှော့ချနိုင်ရေး အီးယူက "Chips Act" အစီ အစဉ်ကို ကြေညာခဲ့ခြင်း**

အီးယူသည် မိုက်ခရိုချစ်ပ်များနှင့်ပတ်သက်၍ အာရှအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ရေးနှင့် အီးယူဒေသအား semiconductor အဓိကထုတ်လုပ်သည့်ဒေသဖြစ်လာစေရေးကို ရည်ရွယ်၍ ယူရို (၄၈) ဘီလျံတန်ဖိုးရှိသော "Chips Act" အမည်ရှိ အစီအစဉ်တစ်ရပ်ကို ကြေညာခဲ့ကြောင်း သိရပါသည်။ မိုက်ခရိုချစ်ပ်များသည် မော်တော်ကား၊ ဆေးရုံသုံးလေသန့်စင်စက်များမှသည် ဂိမ်းကစားသည့်ခလုပ်များအထိ ထုတ်လုပ်ရာတွင် လိုအပ်သည့်အစိတ်အပိုင်းများဖြစ်ပါသည်။

စွမ်းအင်တင်သွင်းမှုနှင့်ပတ်သက်၍လည်း အီးယူက ရုရှားနိုင်ငံအပေါ် မှီခိုနေရခြင်းနှင့် သဘာဝဓါတ်ငွေ့မလုံလောက်မှု ကိစ္စရပ်များသည် စီးပွားရေးအရအမှီအခိုမကင်းမှုကို မီးမောင်းထိုးပြနေကြောင်း၊ ထို့ကြောင့် အီးယူအနေဖြင့် ကုန်ထုတ်လုပ်မှု၌ အရေးပါသည့် semiconductor ကဏ္ဍတွင် စီးပွားရေးအရအမှီအခိုကင်းမှုကို မြှင့်တင်နိုင်ရေး "Chips Act" အစီအစဉ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

မိုက်ခရိုချစ်ပ်များသည် ကမ္ဘာ့နည်းပညာယှဉ်ပြိုင်မှုများတွင် အချက်အခြာဖြစ်နေပြီး၊ ခေတ်သစ်စီးပွားရေးပုံစံ၏ အခြေခံလည်းဖြစ်နေကြောင်း ဥရောပကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ Ursula von der Leyen က ပြောကြားပါသည်။ အီးယူ၏ "Chips Act" အစီအစဉ်ကို အီးယူ အဖွဲ့ဝင် (၂၇) နိုင်ငံနှင့် ဥရောပပါလီမန်တို့က ဆက်လက်အတည်ပြုရန် လိုအပ်မည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများသည် ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းမှ ပြန်လည်ရုန်းထွက်၍ စီးပွားရေးပြန်လည်ကောင်းမွန်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် semiconductor များ ထောက်ပံ့မှုလုပ်ငန်းကွင်းဆက်တွင် အဟန့်အတားများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရပါသည်။ ကပ်ရောဂါအကျပ်အတည်းသည် ကမ္ဘာ့ထောက်ပံ့ရေးလုပ်ငန်းကွင်းဆက်ကို ထိရှလွယ်သည့်အနေအထားသို့ ရောက်ရှိစေကြောင်း၊ ယင်းကြောင့် ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းကို ကြုံတွေ့ရကြောင်း၊ ဝယ်လိုအားတိုးတက်လာချိန်တွင် မိုက်ခရိုချစ်ပ်များ မလုံလောက်မှုကြောင့် လိုအပ်သလောက် မထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း Ursula von der Leyen က ဆိုသည်။

အီးယူ၏ "Chips Act" အစီအစဉ်သည် သုတေသန၊ ဒီဇိုင်းနှင့် စမ်းသပ်မှုလုပ်ငန်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ပြီး၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရင်းနှီးမြှုပ်နှံမှုအစီအစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိတွင် အီးယူအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ semiconductor ဈေးကွက်ဝေစု၏ (၉) ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုထားကြောင်း၊ ဥရောပ ကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen အနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါဈေးကွက်ဝေစုအား (၂၀) ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရေး ဆန္ဒရှိနေကြောင်း၊ "Chips Act" အစီအစဉ်အရ အီးယူဘတ်ဂျတ်မှ ယခင်ကတိကဝတ်ပြုထားသည့် ရန်ပုံငွေများအပြင် အစိုးရနှင့်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ယူရို (၁၅) ဘီလျံကို ထပ်တိုးသုံးစွဲသွားမည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ်- https://www.belgiumnews.net/news/272283402/europe-announces-scheme-to-end-dependency-on-asia-for-chips

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

..........................................................................................

## စွမ်းအင်စျေးနှုန်းမြင့်တက်မှုကြောင့် အီးယူ၏ စီးပွားရေးတိုးတက်မှုကို ဥရောပကော်မရှင်က လျှော့ချ ခန့်မှန်းခဲ့ခြင်း

၂၀၂၂ ခုနှစ်တွင် အီးယူ၏ စီးပွားရေးသည် ယခင်မျှော်မှန်းထားသည်ထက် လျော့နည်း၍ တိုးတက်မည်ဖြစ်ကြောင်း၊ စွမ်းအင်စျေးနှုန်းမြင့်မားခြင်း၊ ထောက်ပံ့ရေးကွင်းဆက်ပြဿနာများ ကငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေပြီး၊ ကပ်ရောဂါမှ စီးပွားရေးပြန်လည်နာလန်ထူမှုကို နှောင့်နှေးစေခြင်းတို့ကြောင့် ဥရောပကော်မရှင်က အီးယူ၏စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

အီးယူစီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် (၅.၃) ရာခိုင်နှုန်းဖြင့်တိုးတက်ခဲ့ပြီးနောက် ယခု ၂၀၂၂ ခုနှစ်တွင် အီးယူနှင့် ယူရိုဇုန်၏ စီးပွားရေးသည် ယခင်ခန့်မှန်းထားသည့် (၄.၃) ရာခိုင်နှုန်း ထက်လျော့နည်း၍ (၄) ရာခိုင်နှုန်းခန့်ဖြင့်သာ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ငွေကြေး ဖောင်းပွနှုန်းမှာမူ ၂၀၂၂ ခုနှစ်တွင် မျှော်မှန်းသည်ထက်ပို၍ မြင့်မားနိုင်ပြီး၊ (၃.၅) ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ပါသည်။

အီးယူ၏ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အချက်များစွာရှိနေ ကြောင်း၊ အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲ လျင်မြန်စွာကူးစက်ပျံ့နှံ့ခြင်း၊ စွမ်းအင်စျေးမြင့်မားမှုကြောင့် ငွေကြေးဖောင်းပွနှုန်း ထပ်မံမြင့်တက်စေခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်အဟန့်အတားများ ဆက်လက်ရှိနေခြင်း စသည့်အချက်များဖြစ်ကြောင်း အီးယူ၏ စီးပွားရေးကော်မရှင်နာဖြစ်သူ Paolo Gentiloni ကပြောကြားပါသည်။ ကုန်စျေးနှုန်းမြင့်တက်မှုများသည် ဥရောပ၏ နွေရာသီ ကာလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်းနှင့် ထောက်ပံ့ရေးကွင်းဆက် အဟန့်အတားများ ဖြေလျှော့လာနိုင်ပြီး၊ စွမ်းအင်စျေးနှုန်း အသင့်အတင့်ပြန်လည်ကျဆင်းပြီးနောက်တွင်မှ ငွေကြေး ဖောင်းပွမှုကျဆင်းမည်ဟု ခန့်မှန်းကြောင်း ၎င်းကဆိုသည်။

သို့ရာတွင် အရှေ့ဥရောပ၌ ပထဝီနိုင်ငံရေးတင်းမာမှုများ သိသိသာသာ အရှိန်ရလာခြင်း ကြောင့် စီးပွားရေးအပေါ် ခြိမ်းခြောက်မှုများရှိလာနိုင်ခြင်းနှင့်အတူ မသေချာမရေရာမှုများ ဆက် လက်မြင့်မားနေဆဲဖြစ်ကြောင်း၊ ရုရှားနှင့် ယူကရိန်းတို့အကြား တင်းမာမှုသည် အီးယူအတွက် ရုရှားနိုင်ငံမှ စွမ်းအင်ရောင်းချမှုအပေါ် မသေမချာဖြစ်စေနိုင်ကြောင်း၊ အီးယူရှိ စက်ရုံလုပ်ငန်းများ နှင့်အိမ်ထောင်စုများအတွက် လိုအပ်သည့်ဓါတ်ငွေ့တင်သွင်းမှု၏ (၄၀) ရာခိုင်နှုန်းခန့်ကို ရုရှား နိုင်ငံမှ ဝယ်ယူရခြင်းဖြစ်ကြောင်း သိရပါသည်။

စျေးနှုန်းမြင့်တက်နေစေကာမူ ရုရှားနိုင်ငံအနေဖြင့် လက်ရှိတွင် အီးယူသို့ ဓါတ်ငွေ့ /စွမ်း အင်တိုးမြှင့်ရောင်းချဖွယ်ရှိမည်မဟုတ်ဟု ဥရောပကော်မရှင်ဥက္ကဌဖြစ်သူ Ursula von der Leyen

Agribusiness & Trade

က ဘရပ်ဆဲလ်၌ပြုလုပ်သည့် စီးပွားရေးကွန်ဖရင့်တွင် ပြောကြားကြောင်း၊ အီးယူအနေဖြင့်ဓါတ်ငွေ့တင်သွင်းမှုအပေါ် မှီခိုနေရခြင်းကြောင့် ဈေးနှုန်းမြင့်တက်မှုနှင့်ပတ်သက်၍ အလွန်ထိရှလွယ်သည့်အခြေအနေဖြစ်သည်ဟု ၎င်းက ပြောကြားကြောင်း သိရပါသည်။

လာမည့် ၂၀၂၃ ခုနှစ်တွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဥရောပဗဟိုဘဏ်၏ (၂) ရာခိုင်နှုန်း ရည်မှန်းချက်အောက်ဖြစ်သည့် (၁.၇) ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ခြင်းနှင့်အတူ အီးယူ၏စီးပွားရေးသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု ဥရောပကော်မရှင်က ခန့်မှန်းထားပါသည်။

ရင်းမြစ် – https://www.euractiv.com/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

……………………………………………………………………………

## ဘယ်လ်ဂျီယံနိုင်ငံသည် အီးယူ၌ စီးပွားရေးတိုးတက်မှု အနှေးကွေးဆုံးဖြစ်မည်ဟု ဥရောပကော်မရှင် က ခန့်မှန်းထားခြင်း

ဥရောပကော်မရှင်က ၁၀-၂-၂၀၂၂ ရက်တွင် ထုတ်ပြန်သည့် ဆောင်းရာသီ စီးပွားရေးခန့်မှန်းချက်အရ ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ဥရောပ၌ စီးပွားရေးတိုးတက်မှု အနှေးကွေးဆုံးနိုင်ငံဖြစ်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၂ ခုနှစ်အတွက် အီးယူ၏ စီးပွားရေးတိုးတက်မှုသည် (၄) ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး၊ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် (၂.၇) ရာခိုင်နှုန်းခန့်သာ ရှိနိုင်ကြောင်းနှင့် တိုးတက်မှုအနှေးကွေးဆုံးဖြစ်နိုင်ကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွနှုန်းသည် ယူရိုဇုန်၏ ပျမ်းမျှ (၃.၅) ရာခိုင်နှုန်းထက်ကျော်လွန်၍ (၄.၃) ရာခိုင်နှုန်းရှိမည်ဟုလည်း ခန့်မှန်းထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်တွင် (၅.၇) ရာခိုင်နှုန်းဖြင့် ဆိုးရွားစွာကျဆင်းခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင်မှ စီးပွားရေး ပြန်လည်အားကောင်းလာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်ချက်များအား တဖြည်းဖြည်းချင်းဖြေလျှော့ပေးနိုင်မှုကြောင့် ပုဂ္ဂလိကသုံးစွဲမှုများ တိုးတက်လာခြင်းဖြင့် တတိယသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးမှာ ကပ်ရောဂါမတိုင်မီက အဆင့်ထက်ပင် ကျော်လွန်ခဲ့ကြောင်း ဥရောပကော်မရှင်၏ ဆောင်းရာသီစီးပွားရေးခန့်မှန်းချက်တွင် ဖော်ပြထားပါသည်။

သို့သော် ၂၀၂၁ ခုနှစ် အကုန်ပိုင်းတွင် ဗိုင်းဇစ်ကူးစက်မှုလှိုင်းအသစ် ကျရောက်ခြင်းနှင့် ကန့်သတ်ချက်များ ပြန်လည်ထားရှိရခြင်းတို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်နှေးကွေးခြင်း၊ ထောက်ပံ့ရေးလုပ်ငန်း၌ ကန့်သတ်ချက်များဖြစ်ပေါ်ခြင်းနှင့် ထုတ်ကုန်သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်အတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (Annual Growth Rate) မှာ (၆.၁) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် အစပိုင်းတွင် ကိုဗစ်ထိန်းချုပ်ရေး ကန့်သတ်ချက်များနှင့် ထောက်ပံ့ရေးပိုင်းအကန့်အသတ်များသည် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုရှိနေဆဲဖြစ်ကြောင်း သိရပါသည်။

ယင်းကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့သွားနိုင်မည်ဟု မျှော်မှန်းထားပြီး ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးသည် ဒုတိယသုံးလပတ်မှစတင်၍ နောက်ပိုင်းတွင် ပြန်လည်နာလန်ထူလာနိုင်မည်ဟု ခန့်မှန်းထားပါသည်။ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံအစိုးရအနေဖြင့် လျှပ်စစ်နှင့် ဓါတ်ငွေ့ဈေးနှုန်းမြင့်တက်မှုပြဿနာကို ဖြေရှင်းနိုင်ရေး အစီအမံများစွာကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်နှင့် ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်တို့တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ လျှပ်စစ်ဓါတ်အားနှင့် ဓါတ်ငွေ့ဈေးနှုန်းများ မကြုံစဖူးမြင့်တက်ခဲ့ပြီးနောက် အဆိုပါဈေးနှုန်းများမှာ အမြင့်ပိုင်းတွင် ဆက်လက်တည်မြဲနေနိုင်သော်လည်း တဖြည်းဖြည်းချင်း ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

ရင်းမြစ် – https://www.thebulletin.be/belgian-economy-slowest-growing-europe
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

………………………………………………………………

## နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ဆယ်စုနှစ် (၂) ခုအတွင်း အားအကောင်းဆုံးနှုန်းဖြင့် တိုးတက်ခဲ့ခြင်း

နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် (၄.၈) ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ပြီး၊ ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် အားအကောင်းဆုံးနှုန်းဖြင့် တိုးတက်မှုဖြစ်ခဲ့ကြောင်း သိရပါသည်။ နယ်သာလန်စာရင်းအင်းအဖွဲ့အစည်း (Statistics Netherlands-CBS) ၏ အချက်အလက်များအရ အိမ်ထောင်စုအလိုက် သုံးစွဲမှုသည် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ခုနှစ်ထက် တိုးတက်လာကြောင်း၊ အစိုးရ ပိုင်းမှသုံးစွဲမှုသည်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်ထိခိုက်မှုဆိုင်ရာ ပံ့ပိုးမှုအစီအမံများနှင့်

ကာကွယ် ဆေးထိုးနှံခြင်းအစီအစဉ်များနှင့်အတူ ၂၀၂၀ ခုနှစ်ထက် ပိုမိုရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ကြောင်းသိရပါသည်။

အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲကူးစက်မှုကြောင့် lockdown အစီအမံသစ်များ ချမှတ်ခဲ့ရသည့် တိုင်နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် အနည်းငယ်တိုးတက်မှုရှိခဲ့ကြောင်း၊ အဓိကအကြောင်းရင်းမှာ စက်မှုလုပ်ငန်းကဏ္ဍ မြန်ဆန်စွာချဲ့ထွင်ဆောင်ရွက်နိုင်မှုနှင့် အစိုးရပိုင်းမှ သုံးစွဲမှုများကြောင့် ဖြစ်ကြောင်း၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကဏ္ဍများသည် နယ်သာလန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ထည့်ဝင်အကျိုးပြုခဲ့ကြောင်း နယ်သာလန်စာရင်းအင်းအဖွဲ့အစည်း (Statistics Nether–lands–CBS) က ဆိုသည်။ ဗိုင်းရပ်စ်ထိန်းချုပ်ရေးကန့်သတ်ချက်အနေဖြင့် စားသောက်ဆိုင်လုပ်ငန်းများနှင့် Non–essential shop များ ပိတ်သိမ်းရမှုကြောင့် အိမ်ထောင်စုများ၏ ငွေကြေးသုံးစွဲမှုသည် ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ယခင်သုံးလပတ်ထက် အနည်းငယ်ကျဆင်းခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် နယ်သာလန်နိုင်ငံ၏ ဂျီဒီပီသည် တတိယသုံးလပတ်ကထက် (၀.၉) ရာခိုင်နှုန်း ပိုမိုမြင့်မားခဲ့ပါသည်။ နယ်သာလန်နိုင်ငံအနေဖြင့် အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်မှုကြောင့် စတုတ္ထသုံးလပတ်တွင် စီးပွားရေးကျုံ့နိုင်သည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားခဲ့ကြသော်လည်း စီးပွားရေးမှာ အနည်းငယ်တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ စီးပွားရေးတိုးတက်ခဲ့သည့် အဓိကအချက်မှာ ကုန်စည်အများအပြားတွင် ဝယ်လိုအား ပြန်လည်တိုးတက်လာခဲ့ပြီး၊ စက်မှုလုပ်ငန်းကုမ္ပဏီများ၏ ထုတ်လုပ်မှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်ပစ္စည်း၊ သတ္တု၊ ဓါတုလုပ်ငန်း စသည်တို့တွင် သိသာစွာတိုးတက်ခဲ့ကြောင်း သိရပါသည်။

သို့သော် ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းကဏ္ဍအားလုံး၌ အပြည့်အဝပြန်လည်ကောင်းမွန်လာခြင်း မရှိခဲ့ကြောင်း၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍသည်ကပ်ရောဂါအကျပ်အတည်းကြောင့် ထိခိုက်မှုအရှိဆုံးဖြစ်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်တွင် ရရှိခဲ့သောတိုးတက်မှု အချို့သည် ၂၀၂၀ ခုနှစ်၏ ဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးနိုင်ခြင်းမရှိခဲ့ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍသည်လည်း လွန်ခဲ့သည့် (၂)နှစ်က တိုးတက်မှုထက် များစွာနောက်ကျနေဆဲဖြစ်ကြောင်း၊ ခရီးသွားအေဂျင်စီလုပ်ငန်းသည် ၂၀၂၁ ခုနှစ်တွင် တိုးတက်မှုရှိခဲ့သော်လည်း ကပ်ရောဂါမတိုင်မီကအဆင့်သို့ မရောက်ရှိနိုင်သေးကြောင်း၊ ဖျော်ဖြေရေးယဉ်ကျေးမှုနှင့် အပန်းဖြေလုပ်ငန်းကဏ္ဍသည် ၂၀၂၀ ခုနှစ်တွင် သိသိသာသာကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီးနောက်

၂၀၂၁ ခုနှစ်တွင် လည်း အထိခိုက်ဆုံးလုပ်ငန်းကဏ္ဍဖြစ်ခဲ့ကာ (၃) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရပါသည်။

ရင်းမြစ် – https://nltimes.nl/2022/02/15/dutch-economy-saw-strongest-growth-two-decades

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘာရပ်ဆဲလ်

……………………………………………………………………………………………

**တရုတ်နိုင်ငံ၏ ကပ်ရောဂါ မူဝါဒကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအား ပိုမို ခြိမ်းခြောက်လျက်ရှိ**

ယနေ့ကမ္ဘာတွင် အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ် ပြန့်နှံ့ကူးစက်နေချိန်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံများက ဗိုင်းရပ်စ်နှင့်အတူယှဉ်တွဲနေထိုင်းရေးကို လေ့လာကျင့်သုံးလျက်ရှိကြသော်လည်းတရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်လုံးဝကင်းစင်ရေးဗျူဟာ ("zero-Covid strategy") ကြောင့် ကမ္ဘာ့ထောက်ပံ့မှု ကွင်းဆက်အား ထိခိုက်နေကြရသည့်သတင်းအား ၁၄-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

စီးပွားရေး ပြန်လည်အခြေလာသည့်နေရာတိုင်းတွင်းလိုလိုတွင် အိုမီခရွန်ဗိုင်းရပ်စ် ပြန့်နှံ့မှုမြင့်မားလာသဖြင့် လုပ်သားများ ဆေးကုသမှုခံယူနေရပြီး Quarantine နေကြရသည့်အတွက် စီးပွားရေးလုပ်ငန်းများ ထိခိုက်၊ နစ်နာမှုမြင့်မားလျက်ရှိကြောင်း၊ သို့သော် အိုမီခရွန်သည် ယခင်ကိုဗစ်မျိုးကွဲများထက် ရောဂါခံစားမှု ပျော့သည့်အတွက် ဥရောပနိုင်ငံများတွင် ဗိုင်းရပ်စ်ပြန့်နှံ့သည့်နေရာများတွင်လည်း ကန့်သတ်မှုများ ဖယ်ရှားခဲ့ကြောင်း၊ အမေရိကန်နိုင်ငံတွင်လည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထက် ဗိုင်းရပ်စ်ကူးစပ်သူ နှစ်ဆကူးစက်ခံရသဖြင့် အလုပ် မလုပ်နိုင်ကြသော်လည်း ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် အလုပ်အကိုင်တိုးတက်မှု မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်၊ နှစ်စတွင် အမေရိကန်နှင့် ဥရောပတွင် စီးပွားရေးတိုးတက်မှု နှေးကွေးသည်ဟု စီးပွားရေးစစ်တမ်းများနှင့် သုတေသနအချက်အလက်များက ဖော်ပြနေသော်လည်း စီးပွားရေးပညာရှင်များက အိုမီခရွန်ကြောင့် ထိခိုက်မှုသည် ယခင်ဗိုင်းရပ်စ်မျိုးကွဲများကြောင့် ထိခိုက်မှုထက်လျော့နည်းနိုင်သည်ဟု မျှော်လင့်ကြကြောင်း၊ ဗိုင်းရပ်စ်ကြောင့် ထိခိုက်မှု အန္တရာယ်ရှိနေသေးသည်ဟု သတိပေးထားကြသော်လည်း အမေရိကန်နှင့် ဥရောပတွင် ကန့်သတ်ချက်များ ဖယ်ရှားလိုက်ခြင်းသည် ဗိုင်းရပ်စ်နှင့် အတူယှဉ်တွဲနေထိုင်ရန် ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် တရုတ်

နိုင်ငံတွင် ကိုဗစ်လုံးဝကင်းစင်ရေး ဗျူဟာ (“zero-Covid” strategy) ကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး ဗိုင်းရပ်စ်ကူးစက် ပြန့်နှံ့သည့်နေရာများအား ကပ်ရောဂါကန့်သတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်ထုတ်လုပ်သည့်စက်ရုံများအတွက် စက်မှုကုန်ကြမ်းများကိုအဓိကထုတ်လုပ်ဖြန့်ဖြူးသည့် နိုင်ငံဖြစ်သည့်အတွက် ကပ်ရောဂါကန့်သတ်မှုများ ဆောင်ရွက်ခြင်းသည် အနောက်နိုင်ငံများ၏ တိုးတက်မှုကိုနှေးကွေးစေပြီး ငွေဖောင်းပွမှုကို မြင့်မားစေကြောင်း၊ ကပ်ရောဂါကန့်သတ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းသည် တရုတ်စီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်သော်လည်း ကမ္ဘာ့ရောင်းလိုအားကွင်းဆက်ကို ထိခိုက်စေကာ ကမ္ဘာ့စီးပွားရေးကို နောက်ကြောင်းပြန်စေပြီး ကမ္ဘာ့ငွေကြေးဖောင်းပွမှုကို မြင့်မားစေကြောင်း ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်တွင် ထောက်ပံ့ပို့ဆောင်ရေးအကြပ်အတည်းကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ၀.၅ မှ ၁ ရာခိုင်နှုန်းပွိုင့်ထိ ထိခိုက်ကျဆင်းခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ - IMF မှ ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၁ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ၆.၉ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း အမှန်တွင် ၅.၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လထိ တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်း အမေရိကန်ဒေါ်လာ ၃၅၄ ဘီလီယံဖိုးတင်ပို့ခဲ့ပြီး အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်း အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမဏီနှင့် အိန္ဒိယနိုင်ငံတို့မှလည်း ပမာဏများစွာတင်သွင်းလျက်ရှိ သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ယခုချိန်ခါတွင် “zero-Covid” strategy ကို ပယ်ဖျက်လိုက်ပါက ၎င်းအနေနှင့် ကပ်ရောဂါကြောင့် သေဆုံးမှုများ၊ ထိခိုက်မှုများ ကြုံရနိုင်ဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ လူဦးရေ ၈၆ ရာခိုင်နှုန်းခန့်သည် Sinopharm နှင့် Sinovac ကာကွယ်ဆေးထိုးပြီး ဖြစ်သော်လည်း အဆိုပါကာကွယ်ဆေးများသည် Moderna နှင့် Pfizer ကာကွယ်ဆေးများလောက် အိုမီခရွန်ဗိုင်းရပ်စ်ကို ကာကွယ်နိုင်မှုမရှိသောကြောင့် ထိခိုက်မှုကြီးမားနိုင်ကြောင်းလည်း ဖော်ပြထားပါသည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် ဗိုင်းရပ်စ်နှင့်အတူယှဉ်တွဲနေထိုင်ရေးကို ကျင့်သုံးကာ ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်ပြီး ကပ်ရောဂါကန့်သတ်မှုများ ပယ်ဖျက်ခဲ့ကြကြောင်း၊ တရုတ်တာဝန်ရှိသူများအနေနှင့်လည်း ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် “zero-Covid”

Agribusiness & Trade

မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အတိုး/အလျှော့လုပ်ကာ "zero-Covid" မူဝါဒကို စီမံဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်သည်ဟု Barclays Bank မှ စီးပွားရေးပညာရှင်များက ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/omicrons-threat-to-global-economy-increasingly-runs-through-china-11644764401

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

## ဇန်နဝါရီလတွင် လက်လီရောင်းချမှုသည် ၃.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ထုတ်လုပ်သူဈေးဆနှုန်းကိန်း ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ (အမေရိကန်)

အမေရိကန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုများ မြင့်တက်ခဲ့သည့်အတွက် ယခုနှစ်၊ ဇန်နဝါရီလတွင် လက်လီရောင်းချမှုသည် ၃.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၁၆-၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်လီရောင်းချမှုသည် ၁.၉ ရာခိုင်နှုန်း မြင့်တက်နိုင်သည်ဟု ကနဦး ခန့်မှန်းထားချက်အစား ၂.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထို့နောက် ဇန်နဝါရီလတွင် သိသိသာသာ ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ Bloomberg မှ စီးပွားရေးပညာရှင်များ၏ ၂ ရာခိုင်နှုန်း မြင့်တက်နိုင်သည်ဟု ခန့်မှန်းချက်ထက်လည်း ကျော်လွန်ခဲ့ကြောင်း ၁၆-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

လက်လီရောင်းချမှုများတွင် အွန်လိုင်းမှ လက်လီရောင်းချမှုသည် ၁၄.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ပရိဘောဂရောင်းချမှု ၇.၂ ရာခိုင်နှုန်းနှင့် မော်တော်ကားရောင်းချမှု ၅.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ဓာတ်ငွေ့ရောင်းချမှု ၁.၃ ရာခိုင်နှုန်းနှင့် စားသောက်ဆိုင်များ၊ ဘားများတွင် ရောင်းချမှု ၀.၉ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ယခင်က လက်လီရောင်းချမှု မြင့်တက်လာခြင်းသည် စီးပွားရေးကောင်းမွန်သည့်အတွက် အမေရိကန်နိုင်ငံသားများ ပိုမိုဝယ်ယူသုံးစွဲနိုင်သည်ဟု သုံးသပ်ခဲ့ကြသော်လည်း ယခုအခါနှစ်ပေါင်း ၄၀ တွင် အမြင့်ဆုံးငွေဖောင်းပွမှုကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာသည့်အတွက် ရောင်းချမှုပမာဏ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုသည် ဇန်နဝါရီလတွင် နှစ်စဉ်တိုးတက်မှုနှုန်း ၇.၅ ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စုများ

သည် အစားအစာ၊ အိမ်နေရာ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားသောအသုံးစရိတ်များကို ဈေးကြီးပေးဝယ်ယူသုံးစွဲနေကြရကြောင်း၊ ယမန်နှစ် ၂၀၂၁ ခုနှစ်တွင် မော်တော်ကားဟောင်းဈေးနှုန်းများသည် ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ ထောက်ပံ့ဖြန့်ဖြူးမှု အကြပ်အတည်းများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည့်အတွက် အိမ်ထောင်စုများအနေနှင့် ဆက်လက်၍ဈေးကြီးပေး၍ သုံးစွဲနေကြရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သူဈေးဆနှုန်းကိန်း (producer price index) သည် ယခုနှစ်၊ ဇန်နဝါရီလတွင် ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ယင်းကဲ့သို့မြင့်တက်ခဲ့ခြင်းသည် ယခုနှစ်အစတွင် အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ် ပြန့်နှံ့ကူးစက်မှုကြောင့် ထုတ်လုပ်၊ ရောင်းချမှုတွင် ခက်ခဲကာရောင်းလိုအား ကျဆင်းခဲ့ပြီး စားသုံးသူများ၏ ဝယ်လိုအားဆက်လက်ခိုင်မာလျက်ရှိသည်ကို ဖော်ပြခြင်းဖြစ်ကြောင်း အလုပ်သမားဌာနမှ ၁၅-၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

Source: [https://www.wsj.com/articles/producer-prices-inflation-january-2022-](https://www.wsj.com/articles/producer-prices-inflation-january-2022-11644876284)
11644876284
[https://www.washingtonpost.com/business/2022/02/16/gasoline-food-inflation/](https://www.washingtonpost.com/business/2022/02/16/gasoline-food-inflation/)

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

.................................................................................................................

**ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ**

**ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုပြင်းထန်နေသည့်အပြင် နယ်စပ်ဖြတ်ကျော်ကုန်တင်ကားမောင်းနှင်သည့် ယာဉ်မောင်းများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု တွေ့ရှိခဲ့ပြီးနောက် ဟင်းသီးဟင်းရွက်များ ပြတ်လပ်လျက်ရှိခြင်း**

ဟောင်ကောင်ဒေသမှနယ်စပ်ဖြတ်ကျော်ကုန်တင်ကားများမောင်းနှင်သည့် ယာဉ်မောင်း (၅) ဦး၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု တွေ့ရှိခဲ့ပြီး ဟောင်ကောင်၌ ဟင်းသီးဟင်းရွက်များ တင်သွင်းမှု နှေးကွေးလျော့ကျလာကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“ Vegetable shortage adds to Hong Kong's Covid woes, cross-border truckers infected” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါ သည်။

အဆိုပါ သတင်းဆောင်းပါးတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့သည့် ယာဉ်မောင်း (၅) ဦးမှ (၂) ဦးမှာ ဟောင်ကောင်ဒေသမှ ထွက်ခွာလာသူများဖြစ်ပြီး (၃) ဦးမှာ ရှန်းကျန့်ဒေသမှ ထွက်ခွာလာသူများဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကူးစက်မှုမှာ နေရာအနှံ့တွင်ပျံ့နှံ့လျက်ရှိပြီး ကူးစက်မှုပြင်းထန်လျက်ရှိကာ ပိုမိုဆိုးရွားလာသောကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် စတင်၍ ထိခိုက်လျက်ရှိကြောင်း၊ ကူးစက်မှုများ ရုတ်တရက် မြင့်တက်လာသောကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ အစရှိသည့် သွင်းကုန်ပစ္စည်းများ အပေါ်ရိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိပြီး ကုန်ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor ၏ အပတ်စဉ်သတင်း ရှင်းလင်းပြောကြားချက်တွင် ကုန်တင်ကားမောင်းနှင်သည့်ယာဉ်မောင်း (၅)ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေ့ရှိခဲ့သောကြောင့် နယ်စပ်ဖြတ်ကျော် ဟင်းသီးဟင်းရွက်များပို့ဆောင်မှု လျော့ကျခဲ့ကြောင်း ပြောကြားခဲ့သော်လည်း ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှုအတွက် ဖြေရှင်းချက်နှင့် ပြောကြားခဲ့ခြင်းမရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်မြို့ တစ်ဝန်းရှိ စူပါမားကတ်များ၏ အရောင်းစင်တာများတွင် ဟင်းသီးဟင်းရွက်များ ပြတ်လပ်သွားသော်လည်း အခြားသောအစားအစာများမှာ ဆက်လက်ရရှိဆဲဖြစ်ကြောင်း၊ Wan Chai ဈေးတွင် ဟင်းသီးဟင်းရွက်အရောင်းဆိုင်၌ ဟင်းသီးဟင်းရွက်များ ပြတ်လပ်သွားပြီဖြစ်သောကြောင့် ဝယ်သူများ ဝင်ရောက်မလာရန် အရောင်းဝန်ထမ်းမှပြောကြားခဲ့ရမှုများရှိကြောင်း၊ တရုတ်နိုင်ငံမှ တင်သွင်းသည့် ဟင်းသီးဟင်းရွက်များရောင်းချသည့် ဈေးဆိုင်အချို့၌ ဟင်းသီးဟင်းရွက်များ ပြတ်လပ်သွားပြီး ဆိုင်ပိတ်ခဲ့ကြပြီး အချို့ဆိုင်များမှာ ပုံမှန်ဈေးနှုန်းထက် ဈေး (၂) ဆ တင်၍ ရောင်းချခဲ့ကြကြောင်း၊ စားသုံးသူများမှာ ဟင်းသီးဟင်းရွက်များ ကြိုတင်၍ ဝယ်ယူထားကြခြင်း ဖြစ်နိုင်ကြောင်းနှင့် ထိုကဲ့သို့ ကြိုတင်ဝယ်ယူမှုအား လာမည့်ရက်အနည်းငယ်အတွင်းတွင် ဆက်လက်ဝယ်ယူနေကြမည်ဟု ယူဆရကြောင်း၊ ၇-၂-၂၀၂၂ ရက်နေ့တွင် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုမှာ ၆-၂-၂၀၂၂ ရက်နေ့က တင်သွင်းလာခြင်း၏ သုံးပုံတစ်ပုံသာရှိကြောင်း၊ သို့သော် ၈-၂-၂၀၂၂ ရက်နေ့မှစတင်၍ လတ်ဆတ် သောဟင်းသီးဟင်းရွက်များ တင်သွင်းလာသည့် ကုန်တင်ကားများ ရောက်ရှိလာသောကြောင့် မကြာမီ ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိနိုင်ကြောင်း၊ ကုန်တင်ကားမောင်းနှင်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုအား ၎င်းတို့ဘာသာ ချက်ချင်းပြုလုပ်နိုင်ရန် ဟောင်ကောင်ဒေသ အာဏာပိုင်များမှ Rapid Covid Testing Kits များ ထုတ်ပေးမည်ဖြစ်ကြောင်း၊ လေယာဉ်ပြေးဆွဲမှုများမှာ (၉၀) ရာခိုင်နှုန်း လျော့ကျခဲ့ပြီး၊ ကျောင်းများ၊ ကစားကွင်းများနှင့် အားကစားရုံများအား ပိတ်ထားကြကြောင်း၊ စားသောက်ဆိုင်များ ရောင်းချမှုအား ညနေ(၆) နာရီတွင် ပိတ်သိမ်းခိုင်းထားပြီး အစိုးရဝန်ထမ်း

Agribusiness & Trade

များမှာလည်း နေအိမ်များမှ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.............................................................

## ဟောင်ကောင်ဒေသ၌နေထိုင်သည့်ဒေသခံများ ထိုင်ဝမ်ဒေသ၌ အိမ်ခန်းများဝယ်ယူမှု မြင့်တက်လာခြင်း

ဟောင်ကောင်ဒေသ၌ နေထိုင်သည့်ဒေသခံများ ထိုင်ဝမ်ဒေသသို့ ပြောင်းရွှေ့သည့် အရေအတွက်များပြားလာခြင်းကြောင့် လာမည့်နှစ်တွင် ထိုင်ဝမ်ဒေသ၌ အိမ်ခန်းများဝယ်ယူမှုမြင့်တက်လာနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ထိုင်ဝမ်ဒေသ၌ နိုင်ငံခြားသားများအိမ်ဝယ်ယူမှု၏ သုံးပုံတစ်ပုံမှာ ဟောင်ကောင်ဒေသမှ ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Hongkongers boost housing demand in Taiwan” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တိုင်ပေ၌ ဒေသခံအဖြစ် နေထိုင်နိုင်ရန် ဟောင်ကောင်ဒေသမှ ၂၇,၈၄၄ ဦးအား အတည်ပြုပေးခဲ့ရာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း အတည်ပြုပေးခဲ့သည့် (၁၂,၂၂၀) ဦးနှင့် နှိုင်းယှဉ်လျှင် (၂) ဆ မြင့်တက်ခဲ့ကြောင်း၊ တိုင်ပေ၌ အမြဲတမ်းနေထိုင်ခွင့်ရရှိသူ အရေအတွက်မှာ ၂၀၁၆ ခုနှစ်ကတည်းက စတင်၍ မြင့်တက်ခဲ့ကြောင်း၊ တိုင်ပေသည် ဟောင်ကောင်ဒေသနှင့် ပထဝီအနေအထားအရ နီးကပ်စွာတည်ရှိပြီး ယဉ်ကျေးမှုအရလည်း တူညီမှုများရှိသောကြောင့် ဟောင်ကောင်ဒေသခံများ ပြောင်းရွှေ့နေထိုင်ရန် တိုင်ပေသည် လူကြိုက်များသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၌ အိမ်ခြံမြေအများဆုံး ဝယ်ယူသူများ သမိုင်းတွင် ဟောင်ကောင်ဒေသမှ ဝယ်ယူသူများပါဝင်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဒေသတွင်း အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပေါ်တူဂီနှင့် ဗြိတိန်နိုင်ငံတို့၌ အိမ်ခြံမြေဝယ်ယူမှုများ ရုတ်တရက်မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသမှ ဝယ်ယူသူများအနေဖြင့် ပြည်ပနိုင်ငံများတွင် အိမ်ခြံမြေဝယ်ယူရန် ရင်းနှီးမြှုပ်နှံခြင်းဖြင့်အခြားနိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံ၌ Fast-track residency scheme ဖြင့် British National (Overseas)

passport ကိုင်ဆောင်ထားသည့် ဟောင်ကောင်ဒေသခံ (၃၂၂,၄၀၀) ဦးသည် ၂၀၂၅ ခုနှစ်အတွင်း အိမ်ခြံမြေများ ပိုမိုဝယ်ယူနိုင်သည်ဟု ဗြိတိန်နိုင်ငံအစိုးရမှ ခန့်မှန်းထားကြောင်း ၂၀၁၉ ခုနှစ်မှစတင်၍ အစိုးရဆန့်ကျင်ဆန္ဒပြမှုများ၊ မတည်ငြိမ်မှုများ ဖြစ်ပွားပြီးနောက် တိုင်ပေ၌ ဟောင်ကောင်ဒေသခံများ အိမ်ခြံမြေဝယ်ယူမှုမှာ ၁၅၈,၆၁၄ စတုရန်း မီတာရှိပြီး နိုင်ငံခြားသားများဝယ်ယူမှုစုစုပေါင်း၏ (၄၁.၂) ရာခိုင်နှုန်းရှိကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရန်နယ်စပ်ဖြတ်ကျော်မှု ကန့်သတ်ချက်များကြောင့် ဟောင်ကောင်ဒေသခံများသည် တိုင်ပေ၌ ၆၀,၉၁၃ စတုရန်း မီတာသာ ဝယ်ယူနိုင်ခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..........................................................................

## ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါလှိုင်းအသစ် ကူးစက်မှုကြောင့် ဟောင်ကောင်ဒေသစီးပွားရေး လျော့ကျသွားကြောင်း PMI စစ်တမ်းကောက်ယူမှုမှ ပြသလျက်ရှိခြင်း

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါလှိုင်းအသစ် ကူးစက်ပျံ့နှံ့လာမှုအရ ဒေသအစိုးရမှ ကန့်သတ်ချက်အသစ်များ သတ်မှတ်ခဲ့မှုကြောင့် ဇန်နဝါရီလအတွင်း ဟောင်ကောင်ဒေသ၏ စီးပွားရေးလျော့ကျသွားကြောင်း ၈-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ “PMI survey show Hong Kong Economy contracted over fresh virus wave” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဒေသအစိုးရ၏ ကိုဗစ်-၁၉ ကူးစက်မှု လုံးဝကင်းစင်ရေး နည်းဗျူဟာအပေါ် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့သည့် ဖိအားများကြောင့် အာရှ၏ငွေကြေးအချက်အချာကျသည့် ဟောင်ကောင်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှု လုံးဝကင်းစင်ရေး နည်းဗျူဟာကြောင့် ကူးစက်မှုလျော့နည်းစေရန်တင်းကျပ်သည့် နယ်စပ်ဖြတ်ကျော်မှုများ ထိန်းချုပ်မှုများနှင့် ဒေသတွင်း အစီအမံများကြောင့် ဟောင်ကောင်ဒေသသည် နိုင်ငံအများအပြားနှင့် သီးခြားဖြစ်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမှာ ၇-၂-၂၀၂၂ ရက်နေ့မှ စတင်၍ ကူးစက်မှုအရေအတွက် အများအပြားရှိခဲ့ပြီး စံချိန်တင်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးလုပ်ငန်းများ အားထိခိုက်လျက်ရှိပြီး Purchasing Managers' Index မှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ တွင် (၅၀.၈) ရှိခဲ့ရာမှ (၄၈.၉)ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ရာ စံသတ်မှတ်ချက်၏ (၅၀) ရာခိုင်နှုန်းအောက်သို့ ရောက်ရှိသွားကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဆိုးရွားလာသောကြောင့် ဟောင်ကောင် ဒေသ၏ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများအတွက် ရုတ်တရက်လျော့ကျမှုများ ဖြစ်ပွားစေခဲ့ပြီး ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းကာလနှင့် နှိုင်းယှဉ်လျှင် ဝယ်လိုအားနှင့် ရောင်းလိုအား နှစ်ခုလုံး လျော့ကျလျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………………

## ဟောင်ကောင်ဒေသ၌ နယ်စပ်ဖြတ်ကျော် ဟင်းသီးဟင်းရွက် ကုန်တင်ကားမောင်းနှင်သည့် ယာဉ်မောင်း (၁၅) ရာခိုင်နှုန်း လုပ်ငန်းမှနုတ်ထွက်ရန် စီစဉ်လျက်ရှိခြင်း

ဟောင်ကောင်ဒေသနှင့် တရုတ်နိုင်ငံ ရှန်းကျန့်မြို့တို့အကြား နယ်စပ်ဖြတ်ကျော်ရန်လိုအပ်သည့် ကိုဗစ်-၁၉ စစ်ဆေးမှုများ တင်းကျပ်မှုများကြောင့် ဟင်းသီးဟင်းရွက်ကုန်တင်ကား မောင်းနှင်သည့် ယာဉ်မောင်း(၁၅) ရာခိုင်နှုန်းသည် လုပ်ငန်းမှနုတ်ထွက်ရန် စီစဉ်လျက်ရှိကြောင်း ၁၀-၂-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ "15 pc of truckers plan to quit" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ နယ်စပ်ဖြတ်ကျော် ဟင်းသီးဟင်းရွက် ကုန်တင်ကားများ မောင်းနှင်သည့် ယာဉ်မောင်းများ၌ ကိုဗစ်-၁၉ တွေ့ရှိခဲ့ပြီးနောက် ကုန်တင်ကားများအား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့မှုကြောင့် ကြန့်ကြာခဲ့သဖြင့် ဟောင်ကောင်သို့ ဟင်းသီးဟင်းရွက်များတင်သွင်းမှုအား ပြင်းထန်စွာ ရိုက်ခတ်ခဲ့ကြောင်း၊ တင်သွင်းမှုလျော့ကျခဲ့ခြင်းကြောင့် ကုန်ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ တရုတ်ဂေါ်ဖီစိမ်းထုပ်များမှာ ယခင်က တစ်ကီလိုဂရမ်လျှင်ဟောင်ကောင်ဒေါ်လာ (၆.၆၀) မှ ၇-၂-၂၀၂၂ ရက်နေ့တွင် ဟောင်ကောင်ဒေါ်လာ(၁၉.၄၀) သို့ မြင့်တက်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် (၁၉၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၉-၂-၂၀၂၂ ရက်နေ့တွင်လုပ်ငန်းများပုံမှန်လည်ပတ်လာနိုင်ပြီး တရုတ်ဂေါ်ဖီစိမ်းထုပ် တစ်ကီလိုဂရမ်လျှင် ဟောင်ကောင်ဒေါ်လာ (၁၄.၃၀) သို့လျော့ကျသွားကြောင်း၊ ဟောင်ကောင်ဒေသသို့ တင်သွင်းသည့် ဟင်းသီးဟင်းရွက်များ၏ (၉၂) ရာခိုင်နှုန်းမှာ တရုတ်ပြည်မကြီးမှဖြစ်ကြောင်း၊ ၇-၂-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင်နယ်

စပ်ဖြတ်ကျော် ယာဉ်မောင်း (၇) ဦး၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ပြီး ညနေပိုင်းတွင် လုပ်ငန်းများ ပြန်လည်၍ လည်ပတ်လုပ်ကိုင်နိုင်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မကြီး၌ နေထိုင်သည့် နယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သူများ အနေဖြင့်မိသားစုဖြင့် အတူနေထိုင်ခွင့်မပြုခြင်း (သို့မဟုတ်) လုပ်ငန်းတာဝန်ပြီးဆုံးလျှင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများ တင်းကျပ်မှုကြောင့် ခက်ခဲမှုများသဖြင့် နယ်စပ်ဖြတ်ကျော်ဟင်းသီးဟင်းရွက် ကုန်တင်ကားမောင်း နှင်သည့်ယာဉ်မောင်း(၃၀၀) ဦးခန့်ရှိရာမှ(၁၅) ရာခိုင်နှုန်းမှာ လုပ်ငန်းမှနုတ်ထွက်ရန် စီစဉ်လျက် ရှိကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့သော ယာဉ်မောင်းများနှင့် နီးကပ်စွာထိတွေ့ခဲ့သည့် ယာဉ်မောင်း (၃၀) ရာခိုင်နှုန်းခန့်မှာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စင်တာသို့ပို့ဆောင် ထားကြောင်း၊ အဆိုပါ ယာဉ်မောင်းများ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိလျှင် ၎င်းတို့နှင့် အနီးကပ် ထိတွေ့ခဲ့သည့် ယာဉ်မောင်းများအား အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ ပို့ဆောင်ပါ ကယာဉ်မောင်းဦးရေ ထပ်မံလျော့နည်းကာ လူစွမ်းအားများ လျော့ကျမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများ မြင့်တက်လာ မည်ဖြစ်ကြောင်း၊ ဒေသအစိုးရအနေဖြင့် ယာဉ်မောင်းများအား နေရာများစွာသို့သွား ရောက်ပို့ဆောင်ခြင်းအစား သတ်မှတ်ထားသော နေရာတစ်ခုမှ အခြားနေရာတစ်ခုသို့သာ ပစ္စည်း ပို့ဆောင်ရန် သတ်မှတ်ထားသင့်ကြောင်း၊ ကုန်ပစ္စည်းများတင်သွင်းမှုနှင့် ဈေးနှုန်းအကြားပွင့် လင်းမြင်သာမှုရှိစေရန် ဟောင်ကောင်ဒေသို့နေ့စဉ်တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်အရေအ တွက်ကို ဖော်ပြသင့်ကြောင်း၊တရုတ်ပြည်မကြီးမှ တင်သွင်းသည့် ဟင်းသီးဟင်းရွက်များမှာများ ပြားသော်လည်း ပို့ဆောင်မည့်ယာဉ်မောင်းမှာ အနည်းငယ်သာရှိကြောင်း၊ အချို့သော ဝယ်ယူသူ များမှာ အထိတ်တလန့် ဝယ်ယူလျက်ရှိသောကြောင့် ၎င်းတို့ပုံမှန်ဝယ်ယူသည့် ပမာဏထက် သုံးဆပိုမို ဝယ်ယူလျက်ရှိရာ ဟင်းသီးဟင်းရွက်များ ဖြည့်စွမ်းနိုင်မှုမှာ အကျဘက်သို့ဦးတည် လျက်ရှိမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

………………………………………………………………………

## ဟောင်ကောင်ဒေသ၌ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများ၏ လိုအပ်ချက်အား ပံ့ပိုးကူညီနိုင်ရန် ဒေသတွင်း ကုန်ဈေးနှုန်းမြင့်တက်မှု အချက်အလက်များသည်

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးကွဲ ကူးစက်ပျံ့နှံ့မှုအတွက်သာ စိုးရိမ်ပူပန်နေမှုမှာ လုံလောက်မှုမရှိဘဲ မကြာမီရက်သတ္တပတ်ကာလက ကုန်ဈေးနှုန်းမြင့်တက်လာ ခြင်းမှာလည်း စိုးရိမ်ပူပန်ဖွယ်ဖြစ်သည်ဟု သတိပေးလျက်ရှိကြောင်း ၁၁-၂-၂၀၂၂ ရက်နေ့ထုတ်

South China Morning Post သတင်းစာ၌ “How Hong Kong inflation data obscures the insight needed to help poorer families” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်၌ ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်းအသစ်ကူး စက်ပျံ့နှံ့ခဲ့ခြင်း၊ တရုတ်နှစ်သစ်ကူးကာလနှင့် ရှန်းကျန့်ဒေသ နယ်စပ်ဖြတ်ကျော် ဟင်းသီးဟင်း ရွက်ကုန်တင်ကားများ မောင်းနှင်သည့် ယာဉ်မောင်းများ၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ခြင်း အစရှိ သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် ကုန်ပစ္စည်းများ အထိတ်တလန့်ဝယ်ယူမှုကြောင့် ကုန်ဈေးနှုန်း များမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ကုန်ပစ္စည်းများ တင်သွင်းမှုအား အနှောင့်အယှက်ဖြစ်စေခြင်း မှာကုန်ဈေးနှုန်း ပိုမိုမြင့်တက်စေခြင်းကို ဖြစ်ပေါ်စေနိုင်မှုအား ဖော်ညွှန်းလျက်ရှိကြောင်း၊ အဆိုပါ အချက်မှာ ဟောင်ကောင်ဒေသ၏ ထူးခြားသည့် စားနပ်ရိက္ခာမဖူလုံခြင်းနှင့် လုံခြုံမှုမရှိခြင်းတို့ အား သတိပေးမှုသဖွယ်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသည် ဟင်းသီးဟင်းရွက်၊ ဝက်သားနှင့် အမဲသား တင်သွင်းမှု၏ (၉၀) ရာခိုင်နှုန်းကျော်မှာ တရုတ်ပြည်မကြီးအပေါ် မှီခိုလျက်ရှိကြောင်း၊ တရုတ်မုန်ညင်းများ၏ ပုံမှန်ဈေးနှုန်းမှာ ဖ၀ ကျပ်သား (per catty) လျှင် ဟောင်ကောင်ဒေါ်လာ (၂၀) ဒေါ်လာမှ ဟောင်ကောင်ဒေါ်လာ (၄၅) ဒေါ်လာ (အမေရိကန် ဒေါ်လာအားဖြင့် ၂.၅၀ မှ ၅.၈ ဒေါ်လာ) သို့ မြင့်တက်သွားခဲ့ကြောင်း၊ ဘရိုကိုလီ (ပန်းဂေါ်ဖီစိမ်း) ဈေးနှုန်းများမှာလည်း ယခင်က(၃) ပွင့်လျှင် ဟောင်ကောင်ဒေါ်လာ (၁၄) ဒေါ်လာမှ (၁) ပွင့်လျှင် ဟောင်ကောင် ဒေါ်လာ (၂၀) သို့ မြင့်တက်သွားကြောင်း၊ အချို့သော ဈေးနှုန်းအနည်းဆုံးဖြစ်သည့် ဟင်းချက်ဆီမှာလည်း(၅) လီ တာလျှင်ဟောင်ကောင်ဒေါ်လာ(၇၂) ဒေါ်လာမှဟောင်ကောင် ဒေါ်လာ (၁၁၅) ဒေါ်လာသို့ မြင့် တက်သွားကြောင်း၊ သာမန်အရွယ်အစားသေးငယ်သည့် ဆားထုပ်များမှာလည်း ယခင်လက တစ် ထုပ်လျှင် ဟောင်ကောင်ဒေါ်လာ(၂.၉၀) ဒေါ်လာမှ ဟောင်ကောင်ဒေါ်လာ(၄.၉၀) ဒေါ်လာသို့မြင့် တက်ခဲ့ကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်မှုများ ပြန်လည်ဖြစ်ပွားလျက်ရှိပြီး အဆိုပါကိစ္စရပ်နှင့် ပတ် သက်၍ ယာယီ (သို့မဟုတ်) ကာလကြာရှည်ဖြစ်ပွားနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်း တွင်လည်း ငြင်းခုံပြောကြားလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၌ ယခင်နှစ်က ဒေသအစိုးရမှ ပံ့ပိုးပေးသည့် သက်သာခွင့်အစီအစဉ် ကြောင့် ကုန်ဈေးနှုန်းညွှန်းကိန်းမှာ (၁.၄) ရာခိုင်နှုန်းမှ ယခုအခါ (၂.၄) ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ ကြောင်း၊ သို့သော်၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံ၏ ကုန်ဈေးနှုန်းညွှန်းကိန်း (၇.၅) ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံ (၅.၄) ရာခိုင်နှုန်းတို့နှင့် နှိုင်းယှဉ်လျှင် ဟောင်ကောင်ဒေသ၏ ကုန်ဈေး နှုန်းမြင့်တက်မှုမှာ အသင့်အတင့် ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအစိုးရ၏ စီးပွားရေးအစီရင်ခံ စာအရ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေဖိုးများ ကောက်ခံမှုမှာ (၅၄.၂၀) ရာ

ခိုင်နှုန်း ရုတ်တရက်မြင့်တက်ခဲ့ကြောင်း၊ အဝတ်အထည်များနှင့် ဖိနပ်များဈေးနှုန်းမှာ(၈.၇) ရာခိုင်နှုန်းနှင့် စားသောက်ကုန်ဈေးနှုန်းမှာ (၁.၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သို့သော် လိုအပ်သည့် သတင်းအချက်အလက်များရရှိရန် ပံ့ပိုးပေးနိုင်မှုမရှိကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်မှုအား စစ်တမ်းကောက်ယူရန် ရည်ရွယ်လျှင် လူမှုအဆင့်အတန်းအားလုံးအတွက် စစ်တမ်းကောက်ယူပါက ပျမ်းမျှအနေဖြင့်အားလုံးမှာ တူညီမှုရှိမည်ဖြစ်သော်လည်း အမှန်တစ်ကယ်စာရင်းအား တိကျစွာရရှိနိုင်ခြင်း မရှိကြောင်း၊ သို့ဖြစ်ရာ ဒေသရှိ ဝင်ငွေနည်းပါးသည့်အိမ်ထောင်စုများ ကြုံတွေ့နေမှုများအား သိရှိနိုင်ရန်နှင့် ပံ့ပိုးပေးနိုင်ရန်မှာ ရှင်းလင်းပြတ်သားသည့် သတင်းအချက်အလက်များ ရရှိရန် လိုအပ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဒေသအစိုးရ ပံ့ပိုးမှုပေးမည့် သက်သာခွင့်အစီအစဉ်နှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပြုလုပ်မည့် ဟောင်ကောင်ဘဏ္ဍာရေး အတွင်းဝန် (ဝန်ကြီး) Mr. Paul chan Mo-po က ရှင်းလင်းပြောကြားမည့် ဘဏ္ဍာရေးစီမံချက်တွင် ထည့်သွင်းပြောကြားရန်နှင့် ပတ်သက်၍ ဖိအားများဖြစ်ပေါ်လျက်ရှိကြောင်း၊ ဝိုင်၊ အမဲသားနှင့် Abalone အစရှိသည့် စားသောက်ကုန်များမှာ အားလပ်ရက်များအတွင်း စားသုံးသူညွှန်းကိန်း မြင့်တက်နိုင်သော်လည်း အဆိုပါစားသောက်ကုန်များမှာ ချမ်းသာကြွယ်ဝသူများသာ စားသုံးကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများ၏ ဝယ်ယူသုံးစွဲနိုင်မှုအပေါ် အဓိကထား၍ ညွှန်းကိန်းတွက်ချက်လျှင်ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်း မြင့်တက်မှုမှာ လူတိုင်းအတွက် တူညီစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ကုန်ပစ္စည်းစာရင်းမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီမှုမရှိကြကြောင်း၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတွင် ဓါတ်ဆီဈေးနှုန်းမှာ အဓိကဦးစားပေး ကုန်ပစ္စည်းဖြစ်ကြောင်း၊ မကြာမီကာလက ဆီဈေးနှုန်းမြင့်တက်မှုကြောင့် အိမ်ထောင်စုတိုင်း၏ အသုံးစရိတ်များ မြင့်တက်ခဲ့ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသ၌ အများပြည်သူသုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ အသုံးပြုသူများပြား၍ ကိုယ်ပိုင်မော်တော်ယာဉ် ပိုင်ဆိုင်သူနည်းပါးသောကြောင့် ဓါတ်ဆီဈေးနှုန်းမှာ မြင့်မားမှုမရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ အချို့သော မရှိမဖြစ်ကုန်ပစ္စည်းများပြတ်လပ်သွားလျှင် စူပါမားကတ်များမှ ၎င်းတို့ကိုယ်တိုင် ထုတ်လုပ်သည့် ကုန်အမှတ်တံဆိပ်ပစ္စည်းများဖြင့် အစားထိုး ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ငွေကြေး ချွေတာသုံးစွဲသည့် ဝင်ငွေနည်းပါးသည့် မိသားစုများမှ ဈေးဝယ်ယူသူများသည် ဈေးနှုန်းလျှော့နည်းသည့်ဆိုင်မှ ဝယ်ယူရန် Wellcome နှင့် Parknshop အစရှိသောဆိုင်များမှ ဈေးနှုန်းများကို နှိုင်းယှဉ်၍ သင့်တင့်သောဈေးနှုန်းဖြင့် ရရှိနိုင်မည့် ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူလျက်ရှိကြောင်း၊ ကုန်ဈေးနှုန်းညွှန်းကိန်းများရရှိနိုင်ရန် လစဉ်လတိုင်းတွင် တူညီသည့်ကုန်ပစ္စည်း အမျိုးအစားအပေါ် နောက်ကြောင်းလိုက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုအဆင့်အတန်း အားလုံးအတွက် စစ်တမ်းကောက်

Agribusiness & Trade

ယူပါက ပျမ်းမျှအနေဖြင့် အားလုံးမှာတူညီသည့် အချက်အလက်များအား စာရင်းကောက်ယူသူများထံမှ ရရှိမည် ဖြစ်သော်လည်း စာရင်းအမှန်များအား ရရှိရန်မှာ အချက်အလက်များအား ပျမ်းမျှတူညီစွာ ကောက်ယူခြင်းထက် ရွေးချယ်၍ ကောက်ယူသင့်ကြောင်း၊ သို့မှသာ အခြေခံလိုအပ်ချက်ပစ္စည်းများ ဝယ်ယူနိုင်ခြင်းမရှိသည့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ရရှိနိုင်မည်မဟုတ်ဘဲ ဒေသအစိုးရအနေဖြင့်လည်း ပံ့ပိုးပေးသည့်သက်သာခွင့် ရန်ပုံငွေများမှာ အချည်းနှီးသာ ဖြစ်နိုင်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..............................................................................

## ဟောင်ကောင်ဒေသ၌ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် လတ်ဆတ်သောကုန်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရန်နယ်စပ်ဂိတ် ရှန်းကျန့်မြို့မှ ထပ်မံသတ်မှတ်ပေးခဲ့ခြင်း

ဟောင်ကောင်ဒေသ၌ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာမှုကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရန် Wenjindu နယ်စပ်ဂိတ်အား အထူးအစီအစဉ်အနေဖြင့် ရှန်းကျန့်မြို့မှ သတ်မှတ်ပေးခဲ့ကြောင်း ၃-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Shenzhen designates border point for fresh goods as vegetable price rebounds” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းဆောင်းပါး၌ ကုန်ပစ္စည်းများယာယီဖလှယ်ရန် Wenjindu နယ်စပ်ဂိတ်နေရာမှာ သေးငယ်ပြီး တရုတ်ပြည်မကြီးမှ ယာဉ်မောင်း (၄၀၀) ဦးခန့်သာ Quarantine နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာကုန်ပစ္စည်းများဖလှယ်သည့်အစီအစဉ်အား ပယ်ဖျက်ပြီးကုန်ပစ္စည်းများအား တရုတ်ပြည်မကြီးမှ တိုက်ရိုက်သယ်ယူခွင့်ပြုသင့်ကြောင်း၊ တရုတ်ပြည်မကြီးမှ ယာဉ်မောင်းများမရရှိနိုင်မှုကြောင့် ဟင်းသီးဟင်းရွက်များနှင့် အေးခဲဝက်သားများအပေါ်သက်ရောက်မှုများရှိနေပြီး ဟောင်ကောင်ဒေသရှိ Wet Market များ၌ ၁၃-၂-၂၀၂၂ ရက်နေ့တွင် မုန်ညင်းရွက်ဈေးနှုန်းမှာ ၆၀ ကျပ်သား(Per catty) လျှင် ဟောင်ကောင် ဒေါ်လာ ၃၀ ဒေါ်လာဖြင့် ရောင်းချခဲ့ကြကြောင်း၊ ဟင်းသီးဟင်းရွက် ဈေးနှုန်းမှာ ၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဟင်းသီးဟင်းရွက်များ ဆက်လက်ဝယ်ယူရန် လိုအပ်လျက်ရှိသည်ဟု ဈေးဝယ်ယူသူများမှ ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟင်းသီးဟင်း ရွက်ရောင်းချသည့် ဆိုင်ရှင်မှပြောကြားရာတွင် ဟင်းသီးဟင်းရွက်အမျိုးအစားများ ဝယ်ယူရရှိနိုင်မှုမှာလည်း ယခင်နှင့်နှိုင်းယှဉ်လျှင် ထက်ဝက်ခန့်သာရှိကြောင်း၊ သို့သော် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များမှာ မြင့်တက်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသသို့ တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်များမှာ လုံလောက်မှုမရှိကြောင်း၊ သို့ဖြစ်ရာ Wenjindu နယ်စပ်ဂိတ်အား အထူးနယ်စပ်ဂိတ်အဖြစ်သတ်မှတ်ပြီး လတ်ဆတ်သောဟင်းသီး ဟင်းရွက်များပို့ဆောင်မည့်ကုန်ကားများ ဖြတ်သန်းရန် အဆင်ပြေချောမွေ့စေရေး ရှန်းကျန့်မြို့နယ်စပ်ဂိတ်ရုံးမှ သတ်မှတ်ပေးခဲ့ကြောင်း၊ အခြားသောပစ္စည်းပို့ဆောင်သည့် ကုန်ကားများမှာ အခြားနယ်စပ်ဂိတ်များမှ ဖြတ်ကျော်ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် တရုတ်ပြည်မကြီးမှ လတ်ဆတ်သော ဟင်းသီးဟင်းရွက် ပို့ဆောင်သည့် ကုန်ကားမောင်းနှင်သူများသည် ကုန်ပစ္စည်းဖလှယ်သည့်နေရာ၌ ဟောင်ကောင်ဒေသမှ နယ်စပ်ဖြတ်ကျော်ကုန်ကား မောင်းနှင်သူများသို့ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ ယခု ရက်ပိုင်းအတွင်းတွင် ယာဉ်မောင်းအချို့၌ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့ပြီးနောက် နယ်စပ်ဂိတ်များအား ပိုးသတ်ဆေးဖျန်းခြင်းများ လုပ်ဆောင်ခဲ့မှုကြောင့် ဟင်းသီးဟင်းရွက်များပို့ဆောင်မှုအား အနှောင့်အယှက်ဖြစ်ပေါ်စေခဲ့ကြောင်း၊ ရှန်းကျန့်ဒေသအစိုးရမှ ယာယီ ကုန်ပစ္စည်းဖလှယ်ရန်နေရာ ချက်ချင်းသတ်မှတ်ပေးခဲ့သော်လည်း ဟင်းသီးဟင်းရွက်များနှင့် အေးခဲဝက်သားများတင်သွင်းမှုအပေါ်သက်ရောက်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ ဟောင်ကောင် ဒေသအတွက်စားသောက်ကုန်များ သယ်ယူပို့ဆောင်ရေး သွက်လက်မြန်ဆန်စေရန်နှင့် ပုံမှန်အခြေအနေသို့ မြန်ဆန်စွာပြန်လည်စတင်နိုင်ရန် အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တရုတ်ပြည်မကြီးမှတာဝန်ရှိသူများနှင့် ဟောင်ကောင်ဒေသအစိုးရတို့ အကြားနီးကပ်စွာ အတူတကွလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သော ဟောင်ကောင်ဒေသခံများသည် regional lockdown သတ်မှတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိသောကြောင့် စူပါမားကတ်များသို့ သွားရောက်၍ ကုန်ပစ္စည်းများ ပိုမိုဝယ်ယူခဲ့ကြကြောင်း၊ သို့သော် တရုတ်ပြည်မကြီးမှ လတ်ဆတ်သော ကုန်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များအား မကြာမီ ပုံမှန်တင်သွင်းနိုင်မည် ဖြစ်သောကြောင့် စားသုံးသူများအထိတ်တလန့် မဝယ်ယူအောင် ချင့်ချိန်၍ ခွဲတမ်းစနစ်ဖြင့် ရောင်းချပေးရန် ဟောင်ကောင်ဒေသအစိုးရ စားသုံးသူရေးရာကောင်စီမှ လက်လီရောင်းချသည့် ဆိုင်ရှင်များအား ပြောကြားထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.........................................................................................................

Agribusiness & Trade

## ဆော်ဒီအာရေဗျနှင့် ကုန်သွယ်မှု(၂၀%) တိုးလာနိုင်ခြင်း (ထိုင်းနိုင်ငံ)

ထိုင်းနိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြားဆယ်စုနှစ်သုံးခုကျော်အတွင်းပထမဦးဆုံး အကြိမ်အဖြစ် သံတမန်ဆက်ဆံရေး အပြည့်အဝ ပြန်လည်ထူထောင်ရန်မကြာသေးမီက သဘော တူညီခဲ့ကြပြီးသည့်နောက် ယခုနှစ်တွင် ကုန်သွယ်မှုအနေဖြင့် (၂၀%) ခန့်တိုးလာနိုင်မည်ဟု ခန့် မှန်းထားကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လေ့လာဆန်းစစ် မှုတစ်ရပ်အရ သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်မှု မူဝါဒ နှင့်မဟာဗျူဟာဦးစီးဌာန(TPSO)၏ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat ကငင်း၏ TPSO ဌာနအနေဖြင့် ဆော်ဒီဈေးကွက်သို့ပို့ကုန်များတင်ပို့နိုင်ရေး လေ့လာဆန်းစစ်မှုကိုပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းဌာန၏လေ့လာဆန်းစစ်မှုများအရ ဆော်ဒီဈေးကွက်အနေဖြင့် ယခင် တည်းက ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ဈေးကွက်တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန် များမြှင့်တင်ရန် အလားအလာများစွာရှိနေသည်ကို တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ဆော်ဒီအာရေဗျနိုင်ငံ၏GDPမှာ အမေရိကန် ဒေါ်လာ(၇၀၀)ထရီလီယံရှိကြောင်း၊ တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာ၂၀၂၁ခုနှစ်တွင် အမေရိကန် ဒေါ်လာ(၄၆,၇၀၀) ရှိကြောင်း၊ ရေနံဈေးနှုန်းမြင့်တက်မှုများနှင့် ရေနံနှင့်မသက်ဆိုင်သည့်စီးပွား ရေးလုပ်ရှားမှုများကြောင့် ၂၀၂၂ ခုနှစ်အတွက် ဆော်ဒီအာရေဗျနိုင်ငံ၏ GDPတိုးတက်မှုမှာ (၄.၉%)နှင့် ၂၀၂၃ ခုနှစ်အတွက် GDP တိုးတက်မှုမှာ(၂.၃%) ရှိနိုင်သည်ဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။

အရှေ့အလယ်ပိုင်းတွင် တူရကီပြီးပါက ဆော်ဒီအာရေဗျနိုင်ငံသည် ထိုင်းနိုင်ငံ၏ ဒုတိယ အကြီးမားဆုံးဈေးကွက်ကြီးတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၂ခုနှစ်တွင် ထိုင်းနိုင်ငံ နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ဘတ်ငွေ(၂၈၀.၃၃) ဘီလီယံ ရှိနိုင်ကြောင်း ယခင်နှစ်ကထက်(၂၀.၃%) တိုးတက်လာနိုင်ကြောင်း၊ အဆိုပါစုစုပေါင်းပမာဏ တွင်ပို့ကုန်တင်ပို့မှုအနေဖြင့် ဘတ်ငွေ(၅၄.၆၇)ဘီလီယံခန့် ရှိနိုင်ပြီး(၆.၂%)ခန့် တိုးတက်နိုင် ကြောင်းနှင့် သွင်းကုန်တင်သွင်းမှုအနေဖြင့် ဘတ်ငွေ(၂၂၅.၆၅) ဘီလီယံခန့်ရှိနိုင်ပြီး(၂၄.၃%) ခန့် တိုးတက်နိုင်ကြောင်း ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာဦးစီးဌာန (TPSO) က ခန့်မှန်းထားပါ သည်။

ပို့ကုန်တင်ပို့မှု မြင့်မားစွာတိုးတက်နိုင်သည့်အလားအလာရှိသည့် အဓိကပို့ကုန်များ အနေဖြင့် မော်တော်ကားများ၊ ရာဘာထုတ်ကုန်များ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊

Agribusiness & Trade

စက်ကရိယာများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စည်သွပ်နှင့် ပြုပြင်ထားသော ပင်လယ်စာများ၊ လတ်ဆပ်၊ အေးခဲနှင့် အခြောက်ခံထားသောသစ်သီးဝလံများဖြစ်ကြောင်း သိရှိရပါသည်။

ဆော်ဒီအာရေဗျနိုင်ငံမှတင်သွင်းမည့် အဓိကသွင်းကုန်ပစ္စည်းများတွင် ရေနံစိမ်း၊ ဓါတုဗေဒပစ္စည်းများ၊ သန့်စင်ပြီးစက်သုံးဆီ၊ သတ္တုရိုင်းများနှင့်အပိုင်းအစများ၊ တွင်းထွက်ပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ အိမ်သုံးပရိဘောဂများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် စက်ကရိယာပစ္စည်းများဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အနေဖြင့်နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ဘတ်ငွေ(၂၄၁.၃၆)ဘီလီယံ (အမေရိကန်ဒေါ်လာ ၇.၃၀ဘီလီယံ) ရှိခဲ့ကြောင်း၊ ၎င်းတွင် ထိုင်းနိုင်ငံမှပို့ကုန်တင်ပို့မှုမှာ ဘတ်ငွေ(၅၃.၈၈) ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၆၃ ဘီလီယံ) ရှိခဲ့ပြီး သွင်းကုန်တင်သွင်းမှုမှာ ဘတ်ငွေ(၁၈၇.၁၂) ဘီလီယံ (အမေရိကန်ဒေါ်လာ၅.၆၆ ဘီလီယံ) ရှိခဲ့ကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## ပိုမိုကောင်းမွန်သောအနာဂတ်ကိုတည်ဆောက်ခြင်း (ထိုင်းနိုင်ငံ)

ဘဏ္ဍာရေးဝန်ကြီး အာခွန်းသည် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်စွမ်းအားကို မြှင့်တင်နိုင်ရန်အတွက် လာမည့်ဆယ်စုနှစ်အတွင်း ထိုင်းနိုင်ငံတွင်လုပ်ဆောင်ရန်လိုအပ်မည့် ကဏ္ဍရှစ်ခုကိုဖော်ပြခဲ့ကြောင်းသိရှိရပါသည်။ “ တိုးတက်မှု၏အနာဂတ် ထိုင်းနိုင်ငံ၏မျှော်မှန်းချက်၂၀၃၀ ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ကွန်ဖရင့်ဖွင့်ပွဲတွင်ပြောကြားခဲ့သည့်အဓိကမိန့်ခွန်း၌ မစ္စတာအာခွန်းက စီးပွားရေးဆုတ်ယုတ်မှုကိုရှောင်ရှားနိုင်ရန် တိုင်းပြည်အနေဖြင့်ယခုအချိန်တွင် လိုက်လျောညီထွေရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြုစုထားသည့် အပိုင်း(၅)ပိုင်းပါဝင်သည့် အနှစ်(၂၀) အမျိုးသားမဟာဗျူဟာရှိကြောင်း သိရှိရပါသည်။ ဝန်ကြီးက လာမည့်ဆယ်စုနှစ်အတွင်း ထိုင်းနိုင်ငံအနေဖြင့် အလုံးစုံယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရန် ကိုင်တွယ်ဆောင်ရွက်ရမည့် နယ်ပယ်ရှစ်ခုကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရပါသည်။

ပထမဦးဆုံးအချက်မှာ ရာသီဥတုပြောင်းလဲမှုဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအထောက်အကူဖြစ်စေမည့် မူဝါဒကို အစိုးရအနေဖြင့် ရေးဆွဲရန်ဖြစ်ကြောင်းနှင့် လျှပ်စစ်မော်တော်ကားများမှာ ၎င်း၏အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အခြားနယ်ပယ်တစ်ခုမှာ ဒီဂျစ်တယ်နည်းပညာမြှင့်တင်ရန်ဖြစ်ကြောင်း၊ ၎င်းမှာ အဓိက စက်မှုလုပ်ငန်း(၁၂) ခုအနက်တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်(၂)နှစ်အတွင်း ဒီဂျယ်တယ် ငွေပေးချေရေးစနစ်တွင် ဒီဂျစ်တယ်နည်းပညာမှာ အဓိကအခန်းမှပါဝင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် တီထွင်ဖန်တီးမှုများကို မြှင့်တင်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ထိုင်းဘဏ်နှင့်ငွေကြေးလဲလှယ်ကြီးကြပ်ရေးကော်မရှင် တို့အနေဖြင့် နိုင်ငံ၏ဘဏ္ဍာရေး တည်ငြိမ်မှုမထိခိုက်စေရန် ကြီးကြပ်ဆောင်ရွက်ပေးလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တတိယနယ်ပယ်မှာမူ ခိုင်မာအားကောင်းပြီး အလားအလာရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် SMEsများကိုမြှင့်တင်ရန်လိုအပ်ကြောင်း ဝန်ကြီးဌာနအနေဖြင့်ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းစတင်လုပ်ကိုင်မည့်သူများကိုမည်သို့ကူညီပေးနိုင်မည်ကို ထည့်သွင်းစဉ်းစားလျှက်ရှိကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ဂျီဒီပီ၏(၁၂%)ခန့်ရှိကြောင်း၊ ကပ်ရောဂါမဖြစ်မီက နှစ်စဉ်နိုင်ငံတကာခရီးသွားသန်း(၄၀) ခန့်လာရောက်လည်ပတ်ကြကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အရေအတွက်မှ အရည်အချင်းသို့ကူးပြောင်းရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်းက တိုင်းပြည်အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များကိုဆိုးကျိုးဖြစ်စေမည့် အစုလိုက်အပြုံလိုက်ခရီးသွားများကို မှီခိုအားထားနေခြင်းထက်ပိုမိုသုံးစွဲမည့် ခရီးသွားများကိုပိုမိုဆွဲဆောင်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ၎င်းက အခြေခံလူတန်းစားများအတွက် လူမှုဖူလုံရေးကွန်ယက်တစ်ခု ဖန်တီးပေးပြီး ၎င်းတို့၏ အနာဂတ်ဘဝလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် စုဆောင်းငွေများကို မြင့်တင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သက်ကြီးရွယ်အိုလူအဖွဲ့အစည်းမှာ စိန်ခေါ်မှုတစ်ခုအဖြစ်ရှိနေပြီး စနစ်တကျစီမံချက်ရေးဆွဲရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

Agribusiness & Trade

နောက်ဆုံးအချက်အနေဖြင့် မူဝါဒချမှတ်သူများအနေဖြင့် ဝင်ငွေကောက်ခံခြင်းနှင့် အခွန်အခြေခံများ တိုးချဲ့ခြင်းတို့တွင် ထိရောက်မှုကိုတိုးမြှင့်ခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာရေရှည် တည်တံ့မှုကိုသေချာစေရန် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

..............................................................................................................................

## ဩစတြေးလျနှင့် အိန္ဒိယနှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုမြှင့်တင်ဆောင်ရွက်ခြင်း

ဩစတြေးလျ- အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးမှ ၂၀၂၀ ပြည့်နှစ်တွင် မြှင့်တင်ထားသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတွင် ပညာရေး၊ လူမှုအသိုင်းအဝိုင်း၊ ခရီးသွား လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်မှုဆိုင်ရာ အစီအစဉ်အသစ်များကို ထပ်လောင်း ဖြည့်စွက်သွားခြင်းဖြင့် ဩစတြေးလျအစိုးရသည် အင်ဒို- ပစိဖိတ်ဒေသရှိ ဩစတြေးလျ၏ အရေး အပါဆုံး မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးပိုမိုခိုင်မာစေမည်ဖြစ် ကြောင်း အစိုးရ၏ ၁၄-၂-၂၀၂၂ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

မဲလ်ဘုန်းမြို့တွင်ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် အမျိုးသမီးရေးရာဝန်ကြီး၊ အထက် လွှတ်တော်အမတ် Hon Marise Payne နှင့် အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Dr S. Jaishankar တို့တွေ့ဆုံပြီးနောက် ဩစတြေးလျ- အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည့် Maitri (ချစ် ကြည်ရေး) အစီအစဉ်အနေဖြင့် တီထွင်ဖန်တီးမှု၊ နားလည်မှုနှင့် ဖလှယ်မှုစသည့် ပဏာမခြေလှမ်း ၃ ခုကို စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျဒေါ်လာ ၁၁.၂ သန်းတန်ဖိုးရှိ Maitri ပညာသင်ဆုအစီအစဉ်သည် ဩစတြေးလျတက္ကသိုလ်များတွင် ပညာသင်ကြားရန် အောင်မြင်လျက်ရှိသော အိန္ဒိယကျောင်း သားများကိုဆွဲဆောင်နိုင်ပြီး ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ယင်းပံ့ပိုးမှုက အထူးသဖြင့် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ဩစတြေးလျ၏ ကမ္ဘာကျော် ကျော်ကြားသော ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ဩစတြေးလျဒေါ်လာ ၃.၅ သန်းတန်ဖိုးရှိ Maitri ထောက်ပံ့ကြေးနှင့် ပညာသင် ဆုအစီအစဉ်သည် အနာဂတ်ခေါင်းဆောင်များကြား ချိတ်ဆက်မှုများကို တည်ဆောက်ပေးမည် ဖြစ်ပြီး၊ ဩစတြေးလျနှင့် အိန္ဒိယ အလယ်အလတ်အသက်မွေးဝမ်းကြောင်း ပညာရှင်များသည်

မဟာဗျူဟာမြောက် သုတေသနနှင့် မျှဝေဦးစားပေးမှုများတွင် ပူးပေါင်းလုပ်ဆောင်နိုင်ရန် ပံ့ပိုးပေးမည်ဖြစ်သည်။

ဩစတြေးလျဒေါ်လာ ၆.၁ သန်းတန်ဖိုးရှိ ဩစတြေးလျ- အိန္ဒိယ Maitri ယဉ်ကျေးမှု မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် စီးပွားရေးနှင့် ပြည်သူများနှင့် ဆက်ဆံမှုတွင် တီထွင်ဖန်တီးမှုဆိုင်ရာ လုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးမည်ဖြစ်သည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည်နှစ်နိုင်ငံလုံး၏ ကမ္ဘာ့အဆင့်မီရုပ်မြင်သံကြားနှင့် ဖျော်ဖြေရေးအနုပညာ၊ စာပေ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဂီတလုပ်ငန်းများတွင် အနုပညာစွမ်းရည်နှင့် ယဉ်ကျေးမှု ဖလှယ်ရေးတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Hon Dan Tehan MP နှင့်အိန္ဒိယနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal တို့ တွေ့ဆုံပြီးနောက် “ဩစတြေးလျ- အိန္ဒိယအခြေခံ အဆောက်အအုံဖိုရမ်” ကိုစတင်ခဲ့ပြီး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာလွှာ (MoU) ကို သက်တမ်းတိုးခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျနိုင်ငံက စီးပွားရေးခရီးသွားများအပါအဝင် ကာကွယ်ဆေးအပြည့်အဝ ထိုးနှံထားသော ဗီဇာကိုင်ဆောင်ထားသူအားလုံးအတွက် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ စတင်၍ နိုင်ငံတကာဝင်ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် ပြန်လည်သက်တမ်းတိုးထားသည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာလွှာသည် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအတွက် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။ နားလည်မှုစာလွှာအရ ဩစတြေးလျနှင့် အိန္ဒိယတို့သည် ဈေးကွက်နှစ်ခုကြား ခရီးသွားလာမှုကိုမြှင့်တင်ကာ ခရီးသွားမူဝါဒ၊ အချက်အလက်မျှဝေမှု၊ လေ့ကျင့်မှုနှင့် လုပ်ငန်းကဏ္ဍ ထိတွေ့ဆက်ဆံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်သည်။

ကပ်ရောဂါမတိုင်မီကာလက အိန္ဒိယနိုင်ငံသည် ဩစတြေးလျနိုင်ငံသို့ နိုင်ငံတကာဧည့်သည်များ လာရောက်လည်ပတ်မှုတွင် အလျင်မြန်ဆုံး ကြီးထွားလာနေသည့် ရင်းမြစ်နိုင်ငံဖြစ်ပြီး၊ ၂၀၁၉ ခုနှစ်တွင် အိန္ဒိယမှ ဧည့်သည် ၄၀၀,၀၀၀ နီးပါး ဩစတြေးလျသို့ လာရောက်လည်ပတ်ခဲ့ကာ စုစုပေါင်းဩစတြေးလျဒေါ်လာ ၁.၈ ဘီလီယံ သုံးစွဲခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျ- အိန္ဒိယ အခြေခံအဆောက်အအုံဖိုရမ်သည် အခြေခံအဆောက်အအုံအတွက် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန် အချက်အချာအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ နှစ်နိုင်ငံအကြားဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အတွက်

အိန္ဒိယနှင့် ညှိနှိုင်းနေဆဲဖြစ်ပြီး၊ ၎င်းသည် ပိုမိုကျယ်ပြန့်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။ ဩစတြေးလျဒေါ်လာ ၅.၈ သန်းတန်ဖိုးရှိ ဘင်္ဂလား ပင်လယ်အော်ချိတ်ဆက်မှု မိတ်ဖက်ဆက်ဆံရေးအသစ်သည် ဒေသတွင်းရှိ အခြားနိုင်ငံများသို့ တိုးချဲ့ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

Source: [www.trademinister.gov.au](http://www.trademinister.gov.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………

Agribusiness & Trade

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၈ / ၂၀၂၂)　　　　　၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄) ရက်

| ၂၄-၂-၂၀၂၂ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၁၉၉၉.၀ |
| စင်္ကာပူဒေါ်လာ | ၁၃၁၅.၁ |
| စတာလင်ပေါင် | ၂၃၉၅.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၀.၂ |
| တရုတ်ယွမ် | ၂၈၁.၁၅ |
| ဟောင်ကောင်ဒေါ်လာ | ၂၂၇.၇၁ |
| အိန္ဒိယရူပီး | ၂၃.၆၀၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၇.၇၅ |
| မလေးရှားရင်းဂစ် | ၄၂၂.၇၈ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၆၃၉ |
| ထိုင်းဘတ် | ၅၄.၇၂၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၈၆၃ |


ဈေးကွက်သတင်းဌာနစိ တ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ် (၁၅)
ဖုန်း- ၀၆၇-၃၄၁၀၀၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းဝယ်ယူရန် အီရန်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့

➢ ဘရာဇီးလ်နိုင်ငံ၊ Santa Catarina ပြည်နယ်တွင် မိုးခေါင်သည့်ရာသီဥတု ဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ၌ တန်ဖိုး ဟဲရာ ၃.၇ ဘီလီယံကျော် ဆုံးရှုံးနစ်နာခဲ့

➢ ပို့ကုန်မြှင့်တင်ရန်အတွက် ထိုင်းဆန်မျိုးကွဲသစ်များ တန်းစီထားခြင်း (ထိုင်းနိုင်ငံ)

➢ အိန္ဒိယနိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်း ဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန် ပဲနီလေးနှင့် စားအုန်းဆီအပေါ် သွင်းကုန်အခွန်လျှော့ချ

➢ ဩစတြေးလျ မက်မွန်သီးများကို ဆယ်စုနှစ်တစ်ခုအတွင်း ဗီယက်နမ်နိုင်ငံ ပထမဆုံးအကြိမ် ပြန်လည်တင်ပို့မည်

➢ ဩစတြေးလျသရက်သီး အမေရိကန်နိုင်ငံသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးထုတ်လုပ်သူများကို အစိုးရက အကူအညီများပေးခြင်း

- **အထွေထွေသတင်းများ**

➢ အမျိုးသားအမှတ်တံဆိပ်အသစ်နှင့် စာတန်း (**Tagline**) က ဩစတြေးလျကို ကမ္ဘာ့သို့ မြှင့်တင်ပေးမည်

➢ နိုင်ငံခြားသားအလုပ်သမားများအတွက် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး ဗီဇာကို တစ်နိုင်ငံလျှင် ၁၀၀၀ ဦးနှုန်းဖြင့် ကန့်သတ်နိုင်ခြင်း

- နိုင်ငံတကာဝင်ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်သော်လည်း ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာမှု နှေးကွေးနိုင်ခြင်း (ဩစတြေးလျ)
- ဩစတြေးလျ၏ အကြီးဆုံးသော ကျောက်မီးသွေးသုံးစွမ်းအင်စက်ရုံကို ၂၀၂၅ ခုနှစ်တွင် ပိတ်သိမ်းမည်
- ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ငွေကြေးဖောင်းပွမှုခန့်မှန်းချက်အား ၄.၉ ရာခိုင်နှုန်းမှ ၅.၆ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်း
- ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ
- အိန္ဒိယနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ ဘက်စုံစီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- စေ့စပ်ညှိနှိုင်းမှုအပေါ် ဌာနအနေဖြင့် တက်ကြွပျော်ရွှင်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)
- ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အနောက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများအရေးယူမှု၏ ဆိုးကျိုးများကို ရင်ဆိုင်လာရနိုင်

## ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းဝယ်ယူရန် အီရန်နိုင်ငံနှင့်သဘောတူညီမှုရရှိခဲ့

ဘရာဇီးလ်နိုင်ငံမှ ပြောင်းစေ့တန်ချိန် ၅ သန်းအားဝယ်ယူရန် အီရန်နိုင်ငံနှင့်သဘောတူညီမှု ရရှိခဲ့ပြီး အပြန်အလှန်အားဖြင့် ဘရာဇီးလ်နိုင်ငံက အီရန်ဓာတ်မြေဩဇာများကို ပြန်လည်ဝယ်ယူ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး၏ အီရန်ခရီးစဉ်အတွင်းတွင် အီရန် စိုက်ပျိုးရေးဒုတိယအတွင်းဝန်ဦးဆောင်သည့် ဓာတ်မြေဩဇာထုတ်လုပ်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် အဆိုပါသဘောတူညီချက်အားထုတ်ပြန်နိုင်ခဲ့ကြောင်း Mato Grosso ပြည်နယ်၏ ပဲပုတ် စေ့နှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သူများအသင်း(Aprosoja-MT) ဥက္ကဌ Fernando Cadore ကပြော ကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံနှင့်အီရန်နိုင်ငံအကြား ကုန်ပေးကုန်ယူစနစ်ဖြင့် ဘရာဇီးလ်ပြောင်းစေ့နှင့် အီရန်ဓာတ်မြေဩဇာတို့ကို တိုက်ရိုက်လဲလှယ်နိုင်မှုသည် ကုန်သွယ်မှုတွင် ဘရာဇီးလ်အစိုးရ၏ ဗျူရို ကရေစီလုပ်ငန်းစဉ်များအား ဖြေလျှော့ပေးမှုတစ်ရပ်အဖြစ်ရှုမြင်ရကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ် သူနှင့် ဓာတ်မြေဩဇာထုတ်လုပ်သူတို့ အချင်းချင်း ကုန်ပစ္စည်းတိုက်ရိုက်လဲလှယ်နိုင်မှုကြောင့် နှစ်ဦးနှစ်ဘက်တွင် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ဝန်ကြီး Teresa Cristina ၏ အီရန်နိုင်ငံခရီးစဉ် တွင် သက်ဆိုင်ရာဌာနများမှညွှန်ကြားရေးမှူးများလိုက်ပါသွားခဲ့ပြီး ဘရာဇီးလ်စိုက်ပျိုးထုတ်လုပ်သူ များ ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့သည့်အပြင် ဘရာဇီးလ် -အီရန် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး လုပ်ငန်းများကိုဆွေးနွေးနိုင်ခဲ့ကြောင်း အသင်းဥက္ကဌ Fernando Cadore က ပြောကြားခဲ့သည်။ ထို့အပြင် ဘရာဇီးလ်စိုက်ပျိုးရေးလုပ်ငန်းရှင်များ ရင်ဆိုင် နေရသည့် အခက်အခဲများသည် ဝန်ကြီး၏ခရီးစဉ်သွားရောက်ပြီးနောက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ခဲ့ကြောင်း၊ ဘရာဇီးလ်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ကုန်ထုတ်စွမ်းအား မြင့်မားစွာတည်ရှိနေမှုအပေါ် စွမ်းအားပြည့်ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် အီရန်နိုင်ငံသို့ ကျန်းမာ ရေးဘေးကင်းလုံခြုံမှုရှိသော စားသောက်ကုန်များ ပိုမိုတိုးတက်တင်ပို့နိုင်ရန်အတွက်လည်း အလေး ထားလုပ်ဆောင်သွားသင့်ကြောင်း Cadore က တိုက်တွန်းပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

…………………………………………………………………………………

## ဘရာဇီးလ်နိုင်ငံ၊ Santa Catarina ပြည်နယ်တွင် မိုးခေါင်သည့်ရာသီဥတုဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးရေး ကဏ္ဍ၌ တန်ဖိုး ဟဲရာ ၃.၇ ဘီလီယံ ကျော် ဆုံးရှုံးနစ်နာခဲ့

ဘရာဇီးလ်နိုင်ငံ၏ဒေသအချို့တွင် မိုးခေါင်မှုကြောင့် သီးနှံစိုက်ခင်းများပျက်စီးဆုံးရှုံးလျက်ရှိရာ Santa Catarina ပြည်နယ်တွင် ယခင်နှစ်ကတည်းက မိုးခေါင်မှုဒဏ်ခံစားခဲ့ရသဖြင့် ပြောင်း၊ ပဲပုတ်စေ့နှင့် ပဲသီးနှံစိုက်ခင်းများ အဓိကပျက်စီးဆုံးရှုံးခဲ့ပြီး တန်ဖိုး ၃.၇ ဘီလီယံကျော် ဆုံးရှုံးနစ်နာခဲ့ကြောင်း သုတေသနတွေ့ရှိချက်များအား ဘရာဇီးလ်နိုင်ငံ အသုံးချစီးပွားရေးသုတေသနဌာန (Epagri/ Cepa)က သတင်းထုတ်ပြန်ခဲ့သည်။

အသုံးချစီးပွားရေးသုတေသနဌာန၏ အချက်အလက်များအရ ပြည်နယ်အတွင်းရှိ ပဲပုတ်စေ့စိုက်ခင်းဧရိယာ၏ ၂၁.၆ ရာခိုင်နှုန်းပျက်ဆီးမှုကြောင့် ပဲပုတ်စေ့တန်ချိန် ၅၅၁,၆၀၀ တန်ခန့် ဆုံးရှုံးခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ဟဲရာ ၁.၅ ဘီလီယံပမာဏရှိကြောင်း၊ ပြည်နယ်၏ နှစ်စဉ်ပဲပုတ်စေ့ထွက်ရှိမှုမှာ တန်ချိန် ၂ သန်းကျော်ရှိကြောင်း သုတေသနပညာရှင် Haroldo Tavares Elias က ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် Santa Catarina ပြည်နယ်ရှိ ပြောင်းသီးနှံစိုက်ခင်းဧရိယာ၏ ၃၄.၅ ရာခိုင်နှုန်းပျက်ဆီးခဲ့ပြီး ပြောင်းတန်ချိန် ၉၃၆,၂၀၀ တန် ဆုံးရှုံးခဲ့သဖြင့် တန်ဖိုးဟဲရာ ၁.၄ ဘီလီယံ ကျော် ဆုံးရှုံးနစ်နာခဲ့ကြောင်း၊ ပြည်နယ်မှ နှစ်စဉ် ပြောင်းတန်ချိန် ၂.၇ သန်း စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း Haroldo ကပြောကြားခဲ့သည်။

ပြည်နယ်၏ ပြောင်းစေ့ထွက်ရှိမှုကျဆင်းခြင်းကြောင့် အစာကုန်ကြမ်းဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့ပြီး ပြည်နယ်အတွင်းရှိ ကြက်နှင့်ဝက်မွေးမြူရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ Santa Catarina ပြည်နယ်သည် စိုက်ပျိုးရေးအပြင် ကြက်သားနှင့် ဝက်သားများအား အဓိကထုတ်လုပ်တင်ပို့လျက်ရှိပြီး တိရိစ္ဆာန်အစာကုန်ကြမ်းထုတ်လုပ်မှုအတွက် ၁ နှစ်လျှင် ပြောင်းစေ့ ပျမ်းမျှတန်ချိန် ၇.၃ သန်းလိုအပ်ချက်ရှိကြောင်း၊ ပြည်နယ်တွင်းထုတ်လုပ်မှုနှင့် မလုံလောက်သဖြင့် အခြားပြည်နယ်များမှ ပုံမှန်ဝယ်ယူရလျက်ရှိကြောင်း Haroldo က ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် ပြည်နယ်ရှိနွားစားပြောင်းစိုက်ခင်းဧရိယာ၏ ၃၁.၈ ရာခိုင်နှုန်းပျက်စီးခဲ့ပြီး ပြောင်းတန်ချိန် ၂.၉ သန်း ဆုံးရှုံးခဲ့သဖြင့် တန်ဖိုး ၆၂၇,၅၀၀ ဟဲရာ နစ်နာဆုံးရှုံးခဲ့ ကြောင်း၊ ပဲစိုက်ခင်း ပျက်စီးမှုသည် စုစုပေါင်းဧရိယာ၏ ၂၂.၄ ရာခိုင်နှုန်းရှိခဲ့ပြီး ခန့်မှန်းပဲတန်ချိန် ၁၅,၃၀၀ တန် ပျက်ဆီး

ခဲ့သဖြင့် တန်ဖိုးဟဲရာ ၆၃ သန်း နစ်နာဆုံးရှုံးခဲ့ကြောင်း၊ ပြည်နယ်၏နှစ်စဉ် ပဲထုတ်လုပ်မှုသည် တန်ချိန် ၅၃,၁၀၀ တန် ရှိကြောင်း သုတေသနပညာရှင် Haroldo က ပြောကြားခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်ပါ အချက်အလက်များသည် ဇန်နဝါရီလတွင်ပြုလုပ်ခဲ့သည့် သုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပြီး မိုးခေါင်မှုဆက်လက်ဖြစ်ပွားမှုအပေါ်မူတည်၍ ဆုံးရှုံးနိုင်မည့်အချက်အလက်များ ပိုမိုမြင့်တက်လာနိုင်ကြောင်း Haroldo က ပြောကြားခဲ့သည်။ ထို့အပြင် မိုးခေါင်မှုအခြေအနေသည် ဖေဖော်ဝါရီလကုန်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ပြည်နယ်၏အနောက်ပိုင်းဒေသများတွင် ပိုမိုဆိုးရွားနိုင်ကြောင်း၊ မတ်လဆန်းမှစတင်၍ ပျမ်းမျှ မိုးရေချိန်အောက်မိုးရွာသွန်းနိုင်ပြီး နောက်အကျဆုံးမိုးခေါင်မှုကာလသည် ဧပြီလအထိဖြစ်ပေါ်နိုင်ကြောင်း ပြည်နယ်အစိုးရလက်အောက်ရှိ စိုက်ပျိုးရေးသုတေသနကုမ္ပဏီ(Agriculture Research and Extension Company– Epagri)၏ ခန့်မှန်းချက်အား သတင်းတွင်ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် သီးနှံစိုက်ခင်းပျက်စီးဆုံးရှုံးမှုများ လျှော့ကျစေရန်ရည်ရွယ်၍ the More Soil and Water Program အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ခင်းများအတွက်ရေသိုလှောင်ခြင်းနှင့် ရေသွယ်၍ရေသွင်းစိုက်ပျိုးခြင်းများ လုပ်ဆောင်နိုင်စေရန် ပြည်နယ်အစိုးရက ရန်ပုံငွေများစိုက်ထုတ်လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

Agribusiness & Trade

..............................................................................................

## ပို့ကုန်မြှင့်တင်ရန်အတွက်ထိုင်းဆန်မျိုးကွဲသစ်များတန်းစီထားခြင်း (ထိုင်းနိုင်ငံ)

ထိုင်းနိုင်ငံအနေဖြင့်၂၀၂၄ခုနှစ်တွင်ဆန်တင်ပို့မှု ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်နိုင်ရန်အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် ဆန်မျိုးကွဲသစ်(၁၂) မျိုးအား ဖွံ့ဖြိုးတိုးတက်စေရန်စီစဉ်နေကြောင်း သိရှိရပါသည်။

စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဆန်မျိုးကွဲသစ်များအား ဆုချီးမြှင့်သည့် အခမ်းအနား အပြီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ဝန်ကြီးဌာန

အနေဖြင့် ထိုင်းဆန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဈေးကွက်များနှင့် ဈေးကွက်သစ်များသို့ တင်ပို့မှုတိုးတက်စေရေးတို့အတွက် လုပ်ငန်းအဖွဲ့ကိုတည်ထောင်ထားကြောင်း ပြောကြားခဲ့ပါသည်။

ဆန်အမျိုးအစားသစ်(၁၂) မျိုးအနက်လေးမျိုးမှာ ဆန်မာအမျိုးအစားဖြစ်ကြောင်း၊ အခြားလေးမျိုးမှာ ဆန်ပျော့အမျိုးအစားနှင့် နှစ်မျိုးမှာ ထိုင်းဆန်မွှေးများဖြစ်ကြောင်း၊ ကျန်နှစ်မျိုးမှာမူ အာဟာရဓါတ်မြင့်မားသည့် ဆန်များဖြစ်ကြောင်း၊ အဆိုပါမျိုးကွဲသစ်များသည် ကမ္ဘာ့စားသုံးသူများ အကြားဝယ်လိုအားမြင့်မားသည့် ဆန်အမျိုးအစားများဖြစ်သည်ဟု ဝန်ကြီး မစ္စတာဂျူရင်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အရည်အသွေးမီဆန်များထုတ်လုပ်ရာတွင် ဦးဆောင်သူဖြစ်ရမည်ဟု ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။ မဟာဗျူဟာမှာပြဿနာနှစ်ခုကိုဖြေရှင်းရန် အဓိက ဖြစ်ကြောင်း၊ ထိုင်းဆန်အနေဖြင့်ရေရှည်အတွက် ဈေးနှုန်းမယှဉ်ပြိုင်နိုင်ခြင်းနှင့် ဆန်မျိုးကွဲအနည်း ငယ်သာရှိခြင်းဖြစ်ပါသည်။

အမျိုးသား ဆန်မဟာဗျူဟာတွင်ထုတ်လုပ်မှု ကုန်ကျစရိတ်အားယခုလက်ရှိ တစ်တန်လျှင် ဘတ် (၆,၀၀၀) ယခု(၅) နှစ်အတွင်း တစ်တန်လျှင်ပျမ်းမျှ ဘတ်(၃,၀၀၀)သို့ လျှော့ချရန်ဖြစ်ကြောင်း၊ အထွက်နှုန်းအားလက်ရှိမြေတစ်ရိုင်(Rai) လျှင်(၄၆၅) ကီလိုဂရမ်မှပျမ်းမျှ(၆၀၀) ကီလိုဂရမ်သို့ တိုးမြှင့်ရရှိနိုင်ရန်အတွက် တောင်းဆိုတိုက်တွန်းထားကြောင်း၊ အကယ်၍ ထိုကဲ့သို့ရရှိခဲ့ပါလျှင် ကမ္ဘာ့ဈေးကွက်တွင် တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ပြည်ပသို့ဆန်တန်ချိန်(၆.၁၁)သန်း တင်ပို့ခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ ခုနှစ်တွင် တင်ပို့ခဲ့သောဆန်တန်ချိန်(၅.၇၃) သန်းထက် (၆,၆၈%) ပိုမိုတိုးတက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပို့ကုန်တန်ဖိုးအားဖြင့်ဆိုပါက ဘတ်ငွေ(၁၀၈)ဘီလီယံရှိပြီး ၎င်းမှာ၂၀၂၀ခုနှစ်တွင်ရရှိခဲ့သော တန်ဖိုးငွေဘတ်(၁၁၆) ဘီလီယံထက်(၇.၁၄%) နည်းပါးသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယမန်နှစ်က တင်ပို့ခဲ့သောဆန်များတွင် ဆန်ဖြူတန်ချိန်(၂.၃၅) သန်း(+၁၈.၉%)၊ ထိုင်းဟုမ်းမလိဆန်တန်ချိန်(၁.၄) သန်း(–၁.၇%)၊ ပေါင်းဆန်တန်ချိန်(၁.၄)သန်း(+၁.၆%)၊ ထိုင်းဆန်မွှေးတန်ချိန်(၅၅၀,၅၇၄)(၄.၁%)၊ ကောက်ညှင်းဆန်တန်ချိန်(၃၁၀,၈၇၈)(+၁၂.၄%) တို့ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထိုင်း ပြည်ပဆန် တင်ပို့သူများအသင်းအနေဖြင့် ရေလုံလောက်စွာရရှိခဲ့မှုကြောင့် ယခုနှစ်အတွက် ပြည်ပဆန်တင်ပို့မှု(၁၄.၈%) တိုးတက်နိုင်ပြီး တန်ချိန်(၇)သန်း ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကြောင့် ဝယ်လိုအားတိုးတက်လာမည်ဟု ခန့်မှန်းရကြောင်း၊ ကောင်းမွန်သောငွေလဲနှုန်းက အထောက်အကူဖြစ်စေသင့်ကြောင်း ထိုင်း ပြည်ပဆန်တင်ပို့သူများအသင်းက ဆိုပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

..............................................................................................................................

## အိန္ဒိယနိုင်ငံ၌ စားသောက်ကုန် ဈေးနှုန်းဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန် ပဲနီလေးနှင့် စားအုန်းဆီအပေါ် သွင်းကုန်အခွန်လျှော့ချ

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းစားသောက်ကုန်ဈေးနှုန်းများ ဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ ပဲနီလေးနှင့် စားအုန်းဆီ တင်သွင်းမှုအပေါ်ကောက်ခံလျက်ရှိသော အခွန်နှုန်းထားများအား လျှော့ချသည့် အမိန့်ကြော်ငြာစာများကို အိန္ဒိယအစိုးရက ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း၌ ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယအခွန်ဦးစီးဌာန၏ ၁၂-၂-၂၀၂၂ နေ့ အမိန့်ကြော်ငြာစာအမှတ် 16/2022-Customs ဖြင့် ထုတ်ပြန်ချက်အရ ၁၃-၂-၂၀၂၂ နေ့မှစတင်၍ ဩစတေးလျနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းလာသည့် ပဲနီလေးများအပေါ် အကောက်ခွန် သုညရာခိုင်နှုန်းဖြင့် အခွန်ကင်းလွတ်ခွင့်ပြုခဲ့ပြီး ပင်ရင်းဒေသအဖြစ် အမေရိကန်နိုင်ငံမှ ပဲနီလေး တင်သွင်းခြင်းဖြစ်ပါက ယခင်အကောက်ခွန်နှုန်း ၃၀% မှ ယခု ၂၂% သာ ပေးဆောင်ရမည်ဖြစ်သည်။

အလားတူ စားအုန်းဆီကြမ်း တင်သွင်းမှုအပေါ် စိုက်ပျိုးရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု ထပ်ဆောင်းအခွန် (AIDC) ကိုလည်း လက်ရှိ ၇.၅% ကောက်ခံလျက်ရှိရာမှ ၁၃-၂-၂၀၂၂ နေ့မှစ၍ ၅% သို့ လျှော့ချမည်ဖြစ်ကြောင်း အဆိုပါအမိန့်စာ၌ ဖော်ပြခဲ့သည်။ သို့ဖြစ်ရာ အခြားထပ်ဆောင်းအခွန်များ အပါအဝင် စားအုန်းဆီကြမ်း၏ ဆိပ်ကမ်းအရောက် CIF တန်ဖိုးအပေါ် ယခင်က အခွန်စုစုပေါင်း ၈.၂၅% ကျသင့်ရာမှ ယခု ၅.၅% သာ ပေးဆောင်ရတော့မည်ဖြစ်သည်။ ထို့အပြင် အိန္ဒိယအစိုးရသည် စားအုန်းဆီကြမ်း၊ ပဲပုတ်ဆီကြမ်းနှင့် နေကြာဆီကြမ်းတို့ တင်သွင်းမှုအပေါ်

အခြေခံအကောက်ခွန်နှုန်းထားအား ၃၁-၃-၂၀၂၂ နေ့အထိ သုညရာခိုင်နှုန်းဖြင့် ကင်းလွတ်ခွင့်ပြုထားခြင်းကို ၃၀-၉-၂၀၂၂ နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း ၎င်းအမိန့်ကြော်ငြာစာ၌ ထည့်သွင်း ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ၂၀၂၁ ခုနှစ် နိုဝင်ဘာလခန့်မှစ၍ အနည်းငယ်ကျဆင်းနေခဲ့သော စားသုံးဆီဈေးနှုန်းများမှာ ပြန်လည်မြင့်တက်လာခဲ့ရာ မုံညင်းဆီဈေးနှုန်းသည် လက်ကားဈေးကွက်၌ ယခင်အမြင့်ဆုံးနှုန်းထား ဖြစ်သော ၁ ကီလိုဂရမ်လျှင် ၁၇၅ ရူပီးသို့ ရောက်ရှိခဲ့သည်။ ယခုကဲ့သို့ အစိုးရ၏ အခွန်လျှော့ချပေးမှုက ပြည်တွင်းရှိ စားသုံးဆီပြန်လည်သန့်စင်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ၆၀% ခန့် တိုးတက်လာစေဖွယ်ရာရှိသည်။

ပြည်တွင်းဈေးကွက်၌ ပဲနီလေးဈေးနှုန်းများမှာ အစိုးရက သတ်မှတ်ထားသည့် အနိမ့်ဆုံးထားရှိ ဝယ်ယူပေးမည့် အခြေခံရည်ညွှန်း ဈေးနှုန်းဖြစ်သော ၁ ကီလိုဂရမ်လျှင် ၆၄ ရူပီးနှုန်းထက် ပိုမိုလျက် ၁ ကီလိုဂရမ်လျှင် ရူပီး ၇၀ မှ ၇၃ ရူပီးအထိ ဖြစ်ပေါ်လျက်ရှိသည်။ ပဲနီလေး အဓိကတင်ပို့သော ဩစတေးလျနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများအတွက် နှစ်သက်လိုလားဖွယ်ရာဖြစ်သော်လည်း ပြည်တွင်း ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ မကြာမီ ပဲနီလေးများထွက်ပေါ်လာမည့် အချိန်၌ သွင်းကုန်အပေါ် အစိုးရ၏ အခွန်နှုန်းထားလျှော့ချမှုသည် ကုန်သည်များအတွက် အံ့အားသင့်ဖွယ်ရာ ဖြစ်စေခဲ့သည်။

Source: 1. Centre cuts import duty on lentils, palm oil cess to tame food inflation, 15–2–2022, Economic Times

2. Centre reduces agri–cess for Crude Palm Oil (CPO) from 7.5% to 5% with effect from 12th February, 2022, 14–2–2022, Press Information Bureau of India

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

…………………………………………………………………………………………….

Agribusiness & Trade

## သြစတြေးလျ မက်မွန်သီးများကို ဆယ်စုနှစ်တစ်ခုအတွင်း ဗီယက်နမ်နိုင်ငံ ပထမဆုံးအကြိမ် ပြန်လည်တင်ပို့မည်

သြစတြေးလျ မက်မွန်သီးများကို ဆယ်စုနှစ်တစ်ခုအတွင်း ဗီယက်နမ်နိုင်ငံသို့ ပထမဆုံး အကြိမ် ပြန်လည်တင်ပို့တော့မည်ဖြစ်ကြောင်း ABC သတင်းကရေးသားဖော်ပြထားသည်။ ဗီယက်နမ်အာဏာပိုင်များသည် နိုင်ငံတွင်းသို့ပိုးမွှားနှင့် ရောဂါများဝင်ရောက်ခြင်းမှကာကွယ်ရန် အပင်ပိုးမွှားသဘောတူညီချက် (photosanitary protocol) လိုအပ်ကြောင်း ဆုံးဖြတ်ပြီးနောက် သြစတြေးလျနွေရာသီ သစ်သီးစိုက်ပျိုးသူများသည် လွန်ခဲ့သည့် (၁၀) နှစ်က ဗီယက်နမ်နိုင်ငံ ဈေးကွက်ဝင်ရောက်ခွင့် ဆုံးရှုံးခဲ့ရသည်။

နွေရာသီသစ်သီးဖွံ့ဖြိုးတိုးတက်ရေး ဥက္ကဋ္ဌ Ian McAlister က ဈေးကွက်ပြန်လည် ဖွင့်လှစ်ခြင်းသည်လုပ်ငန်းကဏ္ဍအတွက် ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်ကြောင်းနှင့် သြစတြေးလျနှင့် ဗီယက်နမ်နိုင်ငံအစိုးရများအကြား သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားသော်လည်း လုပ်ငန်းအစီအစဉ် အသေးစိတ်မပြီးမချင်း မက်မွန်သီးများကို တင်ပို့၍မရနိုင်ကြောင်း၊ မတ်လနှင့်ဧပြီလများတွင် ကုန်သွယ်မှုပမာဏ အနည်းငယ်ရှိနိုင်သော်လည်း လာမည့်နှစ်အစောပိုင်းတွင် တင်ပို့မှုအများအပြားရှိလာနိုင်ကြောင်း Mr McAlister က ပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးဝန်ကြီး David Littleproud က လာမည့်လများအတွင်း အစမ်းတင်ပို့မှုများပြုလုပ်နိုင်ရန် လုပ်ငန်းကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗီယက်နမ်သည် သြစတြေးလျအဆင့်မြင့် ထုတ်ကုန်များအတွက် ဦးစားပေးဈေးကွက်ဖြစ်ပြီး နည်းပညာဆိုင်ရာညှိနှိုင်းမှုများပြီးမြောက်ပါက မက်မွန်သီးများသည် တန်ဖိုးရှိသော ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ သြစတြေးလျအစိုးရ၏ လယ်ယာထွက်ကုန် တိုးချဲ့မှုအစီအစဉ်သည် ဗီယက်နမ်တွင် ဈေးကွက်ရရှိရေး ရလဒ်များကို အရှိန်မြှင့်တင်ရန် ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးပေးနိုင်ခဲ့သော်လည်း လုပ်ငန်းကဏ္ဍကိုယ်စားလှယ်များက မျက်နှာချင်းဆိုင်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါက လုပ်ငန်းများပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ နည်းပညာဆိုင်ရာ ကိုယ်စားလှယ်များ သြစတြေးလျသို့ မလာရောက်မီ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအစည်းအဝေးတွင် ကုန်သွယ်မှု ပြန်လည်စတင်နိုင်ရန်အတွက် အစီအစဉ်များကို အပြီးသတ်ရန်ရှိခဲ့သော်လည်း ယင်းအစား ဆွေးနွေးညှိနှိုင်းမှုများကို Video Conferencing ဖြင့်

ပြုလုပ်ခဲ့ရကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံနှင့် ဆောင်ရွက်မည့် သဘောတူညီချက်သည် တရုတ်ဈေးကွက်အတွက် ချမှတ်ထားသည့်အရာနှင့် တူညီကြောင်းနှင့် သဘောတူညီချက်တွင် ဆီးသီးနှင့်တရုတ်ဆီးသီး(apricots) တင်ပို့မှုများ အကျုံးမဝင်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………

## ဩစတြေးလျသရက်သီး အမေရိကန်နိုင်ငံသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးထုတ်လုပ်သူများကို အစိုးရက အကူအညီများပေးခြင်း

ဩစတြေးလျအစိုးရ၏ ဩစတြေးလျဒေါ်လာ ၇၂.၇ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန် တိုးချဲ့မှုအစီအစဉ်ဖြင့်ဩစတြေးလျနိုင်ငံရှိ သရက်သီးစိုက်ပျိုးထုတ်လုပ်သူများထဲမှ တစ်ဦးသည် အမေရိကန်နိုင်ငံသို့ သရက်သီးများတင်ပို့နိုင်မည့် သဘောတူညီချက်အသစ်တစ်ရပ် ရရှိခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ဩစတြေးလျမြောက်ပိုင်း စိုက်ပျိုးထုတ်လုပ်သူ Manbulloo Ltd နှင့် လက်လီရောင်းချသည့် ကုမ္ပဏီကြီး Walmart's Sam's Club တို့အကြားသဘောတူညီချက်တစ်ခုသည် အမေရိကန်နိုင်ငံရှိ နေရာအနှံ့အပြားတွင် သရက်သီးများ ရရှိတော့မည်ဖြစ်ပြီး၊ ယင်းသဘောတူညီချက်သည် ပြည်တွင်း အလုပ်အကိုင်များနှင့် နိုင်ငံစီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးသည့် သဘောတူညီချက် တစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။

ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan က လယ်ယာစီးပွားရေးတိုးချဲ့မှုအစီအစဉ်သည် အလုပ်ကြိုးစားသော ဩစတြေးလျလယ်သမားများ၊ ငါးဖမ်းသူများ၊ သစ်တော၊ စားနပ်ရိက္ခာနှင့် အဖျော်ယမကာ ထုတ်လုပ်သူများအတွက် မြင်သာထင်သာ ရှိသောအကူအညီများပေးလျက်ရှိကြောင်း၊ ဩစတြေးလျ လယ်ယာစီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာဝယ်လက်များနှင့် ချိတ်ဆက်ကာ ဈေးကွက်အသစ်များရှာဖွေရန် ကူညီပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

Agribusiness & Trade

Manbulloo Ltd သည် COVID-19 ကြောင့် စိန်ခေါ်မှုများရှိနေသော်လည်း ခံနိုင်ရည်ရှိနေဆဲဖြစ်သော ဩစတြေးလျစီးပွားရေးလုပ်ငန်း၏ အကောင်းဆုံးဥပမာတစ်ခုဖြစ်ပြီး၊ ကပ်ရောဂါဖြစ်ပွားနေသော်လည်း လွန်ခဲ့သည့်ငါးနှစ်အတွင်း ၎င်းတို့သည် အမေရိကန်သို့ သရက်သီးတင်ပို့သည့်အရေအတွက်ကို နှစ်ဆတိုး၍ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။ လောလောဆယ် တွင် Manbulloo သည်အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်သို့ အရည်အသွေးမြင့် ဩစတြေးလျသရက်သီးတန်ရာနှင့် ချီတင်ပို့နေသော်လည်း ယင်းအရေအတွက်သည် လာမည့်နှစ်များတွင် ထောင်ပေါင်းများစွာအထိတိုးလာမည်ဟု မျှော်လင့်ထားသည်။ Sam's Club သည် အမေရိကန်နိုင်ငံရှိ ပြည်နယ် (၄၄) ခုတွင် Walmart မှ ပိုင်ဆိုင်ပြီး လည်ပတ်နေသော လက်လီကိုဒေါင် အသင်းအဖွဲ့များ၏ ကွင်းဆက်တစ်ခုဖြစ်သည်။

Manbulloo ကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီးကတည်းက Manbulloo သည် မြောက်ပိုင်းနယ်မြေ နှင့်ကွင်းစလန်တွင် စိုက်ခင်း (၇) ခုအထိ စိုက်ပျိုးခဲ့ပြီး၊ စိုက်ပျိုးဧရိယာပေါ်မူတည်၍ စက်တင်ဘာလလယ်မှမတ်လအထိ သရက်သီးများကို ခူးဆွတ်ရိတ်သိမ်းခဲ့သည်။ Manbulloo သည် ယခုရာသီတွင် Sam's Club သို့ R2E2 သရက်သီးတန်ချိန်များစွာကို တင်ပို့ခဲ့ပြီး၊ လာမည့်ရာသီတွင် ပမာဏတိုးလာမည်ဟု မျှော်မှန်းထားသည်။ ပြည်တွင်းရောင်းချမှု အားကောင်းမှုနှင့်အတူ၊ ယခုအခါ Manbulloo သည် အမေရိကန်၊ ကနေဒါ၊ အာရှနှင့် နယူးဇီလန် နိုင်ငံတစ်ဝှမ်းရှိသုံးစွဲသူများအတွက် အရည်အသွေးမြင့်ဩစတြေးလျ သရက်သီးများကို ထောက်ပံ့ပေးလျက်ရှိသည်။

ဩစတြေးလျကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Austrade) သည် လယ်ယာစီးပွားရေးတိုးချဲ့မှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယင်း၏ဝန်ဆောင်မှုများကို လျင်မြန်စွာတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဒစ်ဂျစ်တယ်ဈေးကွက်ဝန်ဆောင်မှုများကို ဝင်ရောက်လုပ်ကိုင်နေသော အစားအစာနှင့် လယ်ယာစီးပွားရေးလုပ်ငန်းပေါင်း ၅,၀၀၀ ကျော်အတွက် ဝန်ဆောင်မှုများတိုးမြှင့်ဆောင်ရွက်ပေးခြင်းကြောင့် ယခုနှစ်တွင် ပို့ကုန်ရောင်းရငွေ ဩစတြေးလျဒေါ်လာ ၃၆၅ သန်းရရှိခဲ့ကြောင်း သိရှိရသည်။ Austrade သည် ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းများအတွက် အကူအညီများစွာပေးခြင်းဖြင့် လုပ်ငန်းများဆက်လက်ရပ်တည်နိုင်ပြီး၊ ကွဲပြားသောဈေးကွက်သစ်များ ရရှိစေကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## အမျိုးသား အမှတ်တံဆိပ်အသစ်နှင့် စာတန်း (Tagline) က ဩစတြေးလျကို ကမ္ဘာ့သို့ မြှင့်တင်ပေးမည်

ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရန်နှင့် ဩစတြေးလျနိုင်ငံ၏ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို နိုင်ငံရပ်ခြားတွင် ပိုမိုမြှင့်တင်နိုင်ရန် အမျိုးသားအမှတ်တံဆိပ်အသစ်နှင့် Taglineအောက်တွင် ဈေးကွက်ရှာဖွေရေးရင်းမြစ် ၃၀၀ကျော်ကို ဩစတြေးလျ စီးပွားရေးလုပ်ငန်းများအတွက်အခမဲ့ရရှိနိုင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

၁၅-၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဩစတြေးလျနိုင်ငံ၏ အမျိုးသားအမှတ်တံဆိပ်နှင့် Tagline (Australia's Nation Brand and Tagline) သည် ယှဉ်ပြိုင်နိုင်သော နိုင်ငံတကာဈေးကွက်တွင် ဩစတြေးလျနိုင်ငံ၏ အရည်အသွေးမြင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ဂုဏ်သတင်းကိုချဲ့ထွင်ရန်နှင့် ကြီးထွားစေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရှိရသည်။ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းသည် ဩစတြေးလျကို ကိုယ်စားပြုရန်အတွက် ခိုင်မာပြီး၊ တသမတ်တည်းရှိသော နိုင်ငံအမှတ်တံဆိပ်ကိုလိုချင်သောကြောင့် အမျိုးသားအမှတ်တံဆိပ်နှင့် Tagline ကို တီထွင်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျ အမျိုးသားအမှတ်တံဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များပါဝင်သည့် ဩစတြေးလျ အမျိုးသားအမှတ်တံဆိပ်အကြံပေးကောင်စီ (Australia's Nation Brand Advisory Council) မှ ဦးဆောင်ခဲ့ပြီး၊ ကောင်စီကို ဩစတြေးလျနိုင်ငံ၏ထိပ်တန်းဈေးကွက်ရှာဖွေရေးနှင့် အမှတ်တံဆိပ်ထုတ်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သည့်အမှတ်တံဆိပ်ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့မှ ပံ့ပိုးကူညီထားကြောင်း သိရှိရသည်။

ဗဟိုအစိုးရ၊ ပြည်နယ်နှင့်နယ်မြေအစိုးရများအပြင် အကြီးတန်းစက်မှုလုပ်ငန်းကိုယ်စားလှယ် ၄၈၀ ကျော်သည် အမှတ်တံဆိပ်ဖွံ့ဖြိုးတိုးတက်မှုတစ်လျှောက်လုံး ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး၊ ဩစတြေးလျနှင့် နိုင်ငံရပ်ခြားရှိ လူပေါင်း ၂၂,၀၀၀ ကျော်သည် ဈေးကွက်စမ်းသပ်မှုတွင် ပါဝင်ခဲ့ကြသည်။ အမျိုးသားအမှတ်တံဆိပ် Logo အသစ်တွင် 'Australia' (ဩစတြေးလျ) ဟူသော စကားလုံးအပေါ်တွင် သားပိုက်ကောင်တစ်ခုပုံ ပါရှိပြီး၊ နိုင်ငံတကာနှင့် ပြည်တွင်း သုတေသနပြုချက်များအရ ဤ Logo သည် ခေတ်မီပြီး၊ စွမ်းရည်ပြည့်ဝသော နိုင်ငံတစ်ခု၏ ကိုယ်စားပြုအဖြစ်သတ်မှတ်ခံထားရသည့်အပြင် စီးပွားရေးနှင့် စက်မှုလုပ်ငန်း၏ ကျောထောက်နောက်ခံ ပါရှိကြောင်းနှင့် Logo နှင့်

Agribusiness & Trade

တွဲဖက်အသုံးပြုနိုင်သည့် "Only in Australia" (ဩစတြေးလျတွင်သာ) ဟူသော စာတန်းဖြင့်ဖြည့်စွက်ထားကြောင်း သိရှိရသည်။

ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan က ခိုင်မာသောအမှတ်တံဆိပ်တစ်ခုသည် ဩစတြေးလျစီးပွားရေးလုပ်ငန်းများအားလုံး ယင်းတို့၏ထုတ်ကုန်များကို ရောင်းချနိုင်စေရန်၊ ဒေသတွင်းအလုပ်အကိုင်များနှင့် စီးပွားရေးကို ပံ့ပိုးကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ခိုင်မာသော အမျိုးသားအမှတ်တံဆိပ်နှင့် tagline သည် ဩစတြေးလျနိုင်ငံကို နိုင်ငံတကာပြိုင်ဆိုင်မှုရှိသော ရင်းနှီးမြှုပ်နှံရန်နေရာတစ်ခု၊ လည်ပတ်ရန်ကောင်းမွန်သောနေရာတစ်ခု၊ အရည်အသွေးပြည့်ဝသောပညာရေးပံ့ပိုးပေးသူနှင့် အရည်အသွေးမြင့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ယုံကြည်စိတ်ချရသော တင်ပို့သူအဖြစ် ဂုဏ်သတင်းများကို အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

အမှတ်တံဆိပ်အကြံပေးကောင်စီဥက္ကဋ္ဌက ခိုင်မာသော အမျိုးသားအမှတ်တံဆိပ်သည် တန်ဖိုးကြီးသော ပိုင်ဆိုင်မှုတစ်ခုဖြစ်ပြီး၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ကာ ပို့ကုန်အတွက် တန်ဖိုးတိုးစေပြီး၊ ခရီးသွားများနှင့် ကျွမ်းကျင်သော ရွှေ့ပြောင်းလုပ်သားများကို သယ်ဆောင်လာနိုင်စေမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် ဩစတြေးလျစီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် အစိုးရတို့ အတူတကွပူးပေါင်းပြီး၊ အားလုံးအတွက် ကမ်းလှမ်းမှုမြှင့်တင်ရန် အချိန်ဖြစ်ကြောင်း၊ ပိုမိုချိတ်ဆက်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတကာဈေးကွက်တွင် ထူးခြားသော ဩစတြေးလျဇာတ်ကောင်ကိုစုစည်းပြီး၊ ခိုင်မာသော အမျိုးသားအမှတ်တံဆိပ် ဖြင့်ထုတ်ပိုးခြင်းနှင့် "Only in Australia" ဟူသောစာတန်းသည် အရည်အသွေး၊ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုတို့အတွက် ဩစတြေးလျ၏ဂုဏ်သတင်းကို ချဲ့ထွင်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………………

## နိုင်ငံခြားသားအလုပ်သမားများအတွက် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးဗီဇာကို တစ်နိုင်ငံလျှင် ၁၀၀၀ ဦးနှုန်းဖြင့် ကန့်သတ်နိုင်ခြင်း

ဩစတြေးလျနိုင်ငံ၏ ဗီဇာအစီအစဉ်အသစ်တစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးဗီဇာသည် ကနဦးတွင် တစ်နိုင်ငံလျှင် လူဦးရေ ၁၀၀၀ ဖြင့် ကန့်သတ်ထားနိုင်သော်လည်း နောင်တွင် ယင်းအရေအတွက်၏ ၁၀ ဆခန့်ခေါ်ယူနိုင်ရန်မျှော်မှန်းထားကြောင်း ABC သတင်းကရေးသားဖော်ပြထားသည်။

ဩစတြေးလျနှင့် ဗြိတိန်နှစ်နိုင်ငံအကြားကုန်သွယ်မှုသဘောတူစာချုပ် စေ့စပ်ညှိနှိုင်းရာတွင်ဗြိတိန်မှ ဩစတြေးလျလယ်ယာခြံမြေများတွင် လာရောက်လုပ်ကိုင်သည့် Backpacker များအတွက် ဗီဇာသက်တမ်းတိုးရန် လိုအပ်ချက်ကိုဖယ်ရှားရန် တောင်းဆိုပြီးနောက် ယခုစိုက်ပျိုးမွေးမြူရေးဗီဇာအစီအစဉ်အသစ်ကို ဩစတြေးလျအစိုးရက ကတိပြုခဲ့ခြင်းဖြစ်သည်။ ကပ်ရောဂါမဖြစ်ပွားမီ ဩစတြေးလျလယ်သမားများသည် နှစ်စဉ် ဗြိတိန်မှ Backpacker ၁၀,၀၀၀ ဦး၏လုပ်အားကို မှီခိုနေရလျက်ရှိပြီး၊ စိုက်ပျိုးရေးဝန်ကြီး David Littleproud က မည်သည့် အစီအစဉ်အသစ်မဆိုလုပ်သားအင်အားအစားထိုးနိုင်မှုကို သေချာစေရမည်ဟု ပြောကြားခဲ့သည်။

သို့သော် ယခုအချိန်ထိ ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဗီဇာအစီအစဉ်တွင် ပါဝင်ရန် မည်သည့်နိုင်ငံမှ လက်မှတ်ရေးထိုးထားခြင်းမရှိသေးကြောင်း သိရှိရသည်။ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (Department of Foreign Affairs and Trade–DFAT) မှ တာဝန်ရှိသူများက ဗီဇာအစီအစဉ်တွင် ပါဝင်ရန် အင်ဒိုနီးရှားနိုင်ငံနှင့် နှစ်ဖက်ညှိနှိုင်းမှုများ လုပ်ဆောင်နေပြီး၊ မကြာမီ အပြီးသတ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအစိုးရ၏ ဦးစားပေးမှာလက်ရှိ ပစိဖိတ်-ဩစတြေးလျ လုပ်သားရွှေ့ပြောင်းမှု (Pacific Australia Labour Mobility –PALM) အစီအစဉ်အရ လယ်ယာလုပ်သားများ ခေါ်ယူရန်ဖြစ်သည်။ ပစိဖိတ်လုပ်သားအစီအစဉ်သည် ဦးစားပေးအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး၊ ယခုစိုက်ပျိုးမွေးမြူရေးဗီဇာ အစီအစဉ်အသစ်အရ ကန့်သတ်ချက်ဖြင့် ခေါ်ယူမည့်အရေအတွက်မှာ လုပ်သား ၂၀,၀၀၀ ကျော်ရှိ PALM အစီအစဉ်အရခေါ်ယူသည့် အရေအတွက်အောက် လျော့နည်းမည်ဖြစ်ကြောင်းသိရှိရသည်။

အစိုးရသည် စိုက်ပျိုးမွေးမြူရေးဗီဇာကို အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကနဦးအနေဖြင့် ဝန်ထမ်းအစုအဝေးငယ်တစ်စုကို

Agribusiness & Trade

ခေါ်ယူနိုင်ရန် အလုပ်ရှင်အဖွဲ့တစ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်အတွင်း ဗီဇာအစီအစဉ်ကို မတိုးချဲ့မီစနစ်နှင့် လုပ်ငန်းစဉ်များကို စမ်းသပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဗီဇာအစီအစဉ်တွင် ပါဝင်မည့်အလုပ်ရှင်များအတွက် အရည်အချင်းပြည့်မီမှု စံသတ်မှတ်ချက်များကို ဧပြီလတွင် ဆုံးဖြတ်မည်ဟု မျှော်မှန်းထားသည်။ အလုပ်ရှင်များ အတည်ပြုပြီးသည်နှင့် ၎င်းတို့သည် အလုပ်သမားအတွက် ဗီဇာနှင့် ခရီးသွားလာခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အတည်ပြု (DFAT-approved) နေရာထိုင်ခင်းကို ကမ်းလှမ်းရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

စိုက်ပျိုးမွေးမြူရေးဗီဇာသည် ပန်းမန်လ်၊ နို့ထွက်ပစ္စည်း၊ သိုးမွေး၊ အစေ့အဆံများ၊ ငါးဖမ်းလုပ်ငန်း၊ သစ်တောနှင့် အသားထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ အကျုံးဝင်မည်ဖြစ်သည်။ ဗီဇာအစီအစဉ်တွင် ကျွမ်းကျင်မှုရှိသော၊ ကျွမ်းကျင်မှုတစ်ဝက်တစ်ပျက်သာရှိသော၊ ကျွမ်းကျင်မှုနည်းသောအလုပ်သမားများ အကျုံးဝင်မည်ဖြစ်သော်လည်း ကျွမ်းကျင်မှု လိုအပ်ချက်နည်းသော အလုပ်အကိုင်များဖြင့် စတင်မည်ဖြစ်ကြောင်းနှင့် (၃) နှစ်အကြာတွင် အမြဲတမ်းနေထိုင်ခွင့်ကို ပါ ကမ်းလှမ်းမည်ဖြစ်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.......................................................................................

## နိုင်ငံတကာဝင်ထွက်ပေါက်များပြန်လည်ဖွင့်လှစ်သော်လည်း ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာမှုနှေးကွေးနိုင်ခြင်း (သြစတြေးလျ)

နိုင်ငံကို (၂) နှစ်အကြာပိတ်ထားခဲ့ပြီးနောက် နိုင်ငံတကာဝင်ထွက်ပေါက်များကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်းကို နဂိုအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရန် လ(သို့)နှစ် အကြာအချိန်ယူနိုင်ကြောင်း ကွင်းစလန်ပြည်နယ်ရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ခန့်မှန်းထားသည်။ ၂၁-၂-၂၀၂၂ ရက်နေ့မှစတင်၍ ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသော ခရီးသွားများသည် ခရီးသွားကင်းလွတ်ခွင့် (သို့) သီးခြားနေထိုင်ခွင့် သတ်မှတ်ချက်များမရှိဘဲ သြစတြေးလျနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်သည်။

နိုင်ငံတကာဝင်ထွက်ပေါက်များကို ပြန်လည်ဖွင့်လှစ်ခြင်းကရုန်းကန်နေရသော ခရီးသွားကဏ္ဍအတွက် အလွန်မျှော်လင့်ထားသော အလှည့်အပြောင်းတစ်ခုဖြစ်သော်လည်း လုပ်ငန်းကဏ္ဍအချို့က ကွင်းစလန်ပြည်နယ်ခရီးသွားအမှတ်တံဆိပ်ကို ကြာရှည်စွာထိခိုက်မည်ကို စိုးရိမ်လျက်ရှိကြသည်။ ဗဟိုအစိုးရ၏ တိရစ္ဆာန်ရုံနှင့် ငါးပြတိုက် ထောက်ပံ့ရေးအစီအစဉ်များက တိရိစ္ဆာန်များကို ကျန်းမာအောင် ကျွေးမွေးစောင့်ရှောက်ထားသော်လည်း လာရောက်ကြည့်ရှုသည့် ခရီးသွားဧည့်သည်များ ကင်းမဲ့လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံအတွင်းသို့ဝင်ရောက်လာမည့် ခရီးသွားဧည့်သည့် အရေအတွက်မှာ ယခုနှစ်နှောင်းပိုင်း (သို့) နောက်နှစ်ဦးပိုင်းအထိ ယခင်ကိုဗစ်မတိုင်မီအဆင့်သို့ ပြန်လည်ရောက်ရှိနိုင်ရန် မလွယ်ကူကြောင်း ခန့်မှန်းထားသည်။ ဩစတြေးလျသည် ကပ်ရောဂါကာလအတွင်း ခရီးသွားနှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာလုပ်ငန်းကဏ္ဍရှိ အလုပ်အကိုင်ပေါင်း ၅၀,၀၀၀ ခန့်ကို လျှော့ချခဲ့သည်။ လွန်ခဲ့သည့် (၂) နှစ်အတွင်း စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းခရီးသွား ဈေးကွက်ကိုသာ အာရုံစိုက်ခဲ့ပြီး၊ ယခုကဲ့သို့ နိုင်ငံတကာခရီးသွားများ ပြန်လည်ဝင်ရောက်လာခြင်းမှ အခွင့်အလမ်းများ ရရှိနိုင်ရန်မျှော်မှန်းထားကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.......................................................................................

## ဩစတြေးလျ၏ အကြီးဆုံးသော ကျောက်မီးသွေးသုံးစွမ်းအင်စက်ရုံကို ၂၀၂၅ ခုနှစ်တွင် ပိတ်သိမ်းမည်

ဩစတြေးလျ စွမ်းအင်ထောက်ပံ့သူများအနက် တစ်ဦးဖြစ်သည့် Origin Energy သည် နယူးဆောက်ဝေးလ်ပြည်နယ်၊ Hunter ဒေသရှိ ဩစတြေးလျ၏ အကြီးဆုံးကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို ယခင်ရည်မှန်းထားသည်ထက်(၇) နှစ် စောစီးစွာ ၂၀၂၅ခုနှစ်၊ ဩဂုတ်လတွင်ပိတ်ရန် ခွင့်ပြုချက်တောင်းခံထားကြောင်း ABC သတင်းက ရေးသားဖော်ပြထားသည်။ လိုအပ်သောသုံးနှစ်ခွဲကြာ သတိပေးချက်ကာလပြီးနောက် ကုမ္ပဏီသည် စောစီးစွာပိတ်သိမ်းနိုင်ချေရှိသည့် သတိပေးအကြောင်းကြားစာကို စွမ်းအင်အာဏာပိုင်ဖြစ်သည့် Australian Energy Market Operator (AEMO) သို့တင်သွင်းခဲ့ကြောင်း သိရှိရသည်။

Eraing သည် အမျိုးသားစွမ်းအင်ဈေးကွက်(National Energy Market–NEM)ကို ထောက်ပံ့ပေးနေသည့်ကျန်ရှိနေသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ၁၆ ရုံအနက် အကြီးဆုံးစက်ရုံဖြစ်ပြီး၊ ၎င်းတို့အနက် ၇ ရုံကို ၂၀၃၅ ခုနှစ်တွင် ပိတ်သိမ်းရန် စီစဉ်ထားကာ ကျန်ရှိနေသည့်စက်ရုံအားလုံးကို ၂၀၅၁ ခုနှစ်တွင် နောက်ဆုံးထားပိတ်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ Origin ဓာတ်အားပေးစက်ရုံတွင် ဝန်ထမ်း ၂၄၀ ရှိပြီး၊ ကန်ထရိုက်တာများက ထိုနေရာတွင် ဝန်ထမ်းစုစုပေါင်း ၄၀၀ ခန့်ကို မြှင့်တင်ပေးထားသည်။

ကျောက်မီးသွေးမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားသည် အမျိုးသားစွမ်းအင် ဈေးကွက်တွင် ဓာတ်အား ၆၀ % ကို ပံ့ပိုးပေးနေဆဲဖြစ်သော်လည်း ၂၀၀၆ ခုနှစ် မှတ်တမ်းများ စတင်ခဲ့သည့်အချိန်မှ ၈၇ % လျော့နည်းသွားခြင်းဖြစ်ပါသည်။ Eraring သည် Origin စွမ်းအင်ကုမ္ပဏီ၏ တစ်ခုတည်းသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံဖြစ်ပြီး၊ ကုမ္ပဏီသည် ပြန်လည်ပြည့်ဖြိုးမြဲနှင့် သဘာဝဓာတ်ငွေ့ပေါင်းစပ်မှုမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဖြစ်သည်။ ကုမ္ပဏီက ကမ္ဘာ့တောင်ဖက်အခြမ်းတွင်အကြီးဆုံးဖြစ်လာသည့် ၇၀၀ မဂ္ဂါဝပ် ဘက်ထရီကြီးကို တပ်ဆင်ရန် ရည်ရွယ်ထားပြီး၊ သုံးစွဲသူများသည် လက်ရှိထက်ထောက်ပံ့မှုထက် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သို့သော်ယခုကဲ့သို့ ၂၈၈၀ မဂ္ဂါဝပ် ဂျင်နရေတာအား ရုတ်တရက် စောစီးစွာပိတ်သိမ်းရန် ရည်ရွယ်ခြင်းသည် အမျိုးသားစွမ်းအင်ဈေးကွက်ရှိ နယူးဆောက်ဝေးလ်ပြည်နယ်စွမ်းအင် ထွက်ရှိမှု၏ ၂၀ % ကျော်ရှိသည့် လျှပ်စစ်ဓာတ်အား သိသိသာသာ ကွာဟချက်ဖြစ်ပေါ်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

Agribusiness & Trade

## ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ငွေကြေးဖောင်းပွမှုခန့်မှန်းချက်အား ၄.၉ ရာ ခိုင်နှုန်းမှ ၅.၆ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်း

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သည့် ဘရာဇီးလ် အသုံးချစီးပွားရေးသုတေသနဌာန(Institute of Applied Economic Research – Ipea)၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဘရာဇီလ်နိုင်ငံ၏ စားသုံးသူဆနှုန်းကိန်း(Broad Consumer Price Index – IPCA)အား ၄.၉ ရာ

ခိုင်နှုန်းအထိဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းခဲ့သော်လည်း ပြည်တွင်းငွေတန်ဖိုးကျဆင်းနေမှုအခြေနေများအရ စားသုံးသူဆနှုန်းကိန်းအား ၅.၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်မှန်းခဲ့သဖြင့် အစိုးရငွေကြေးကောင်စီက အမြင့်ဆုံးဖြစ်ပေါ်ရန်မျှော်မှန်းထားသည့် ၅ ရာခိုင်နှုန်းအမှတ်အား ကျော်လွန်သွားခဲ့ကြောင်း ဘရာဇီးလ် အသုံးချစီးပွားရေးသုတေသနဌာန(Institute of Applied Economic Research – Ipea)၏ ဖေဖော်ဝါရီလ ၂၂ ရက်နေ့သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်း၊ ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် အခက်အခဲအတားအဆီးများဖြစ်ပေါ်နေခြင်း၊ ကုန်ထုတ်လုပ်နိုင်မှုပမာဏကျဆင်းခြင်းနှင့် စိုက်ပျိုးရေးအဓိကလုပ်ကိုင်သည့် ပြည်နယ်အချို့တွင် ရာသီဥတုဖောက်ပြန်မှုအခြေအနေများ ဖြစ်ပေါ်နေမှုတို့ကြောင့် ၂၀၂၂ ခုနှစ်အတွက် စားသုံးသူဆနှုန်းကိန်းသည် တိုးမြှင့်ခန့်မှန်းထားသည့်အမှတ်သို့ ရောက်ရှိနိုင်ကြောင်း Ipea ၏သတင်းတွင် ဖော်ပြထားသည်။

အိမ်ထောင်စုများအတွက်မရှိမဖြစ်လိုအပ်သည့် အခြေခံစားသောက်ကုန်နှင့် အစိုးရမှအခမဲ့ဖြန့်ဝေပေးလျက်ရှိသည့် စားသုံးကုန်ပစ္စည်းဈေးနှုန်းများအပေါ် သုတေသနပြုလေ့လာသုံးသပ်ချက်အရ စားသုံးသူဆနှုန်းကိန်းသည် ၄.၅ ရာခိုင်နှုန်း၊ ၅.၄ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်းတို့အထိ မြင့်တက်လာနိုင်ကြောင်း ငွေကြေးဆိုင်ရာသုတေသနအဖွဲ့များက ခန့်မှန်းချက်များထုတ်ပြန်ထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

အစိုးရက အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည့် ပညာရေးနှင့်အခြားဝန်ဆောင်မှုကဏ္ဍများတွင် စားသုံးသူဆနှုန်းကိန်းသည် မူလခန့်မှန်းချက်များဖြစ်သည့် ၅.၂ ရာခိုင်နှုန်းနှင့် ၇.၉ ရာခိုင်နှုန်းတို့တွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းကဏ္ဍများတွင် ပြည်တွင်းစားသုံးမှုဖူလုံလျက်ရှိနေကြောင်း၊ ထို့အပြင် နိုင်ငံအတွင်းအလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့တွင် တိုးတက်မှုများရှိနေကြောင်း Ipea ၏သတင်းတွင် ဖော်ပြထားသည်။

အမျိုးသားစားသုံးသူဆနှုန်းကိန်းခန့်မှန်းချက်သည် ၄.၆ ရာခိုင်နှုန်းမှ ၅.၅ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း Ipea က ခန့်မှန်းထားသည်။ ပြည်သူများအတွက် အခြေခံစားသောက်ကုန်နှင့် စက်မှုထုတ်ကုန်များတွင် စားသုံးသူဆနှုန်းကိန်းသည် ၄.၅ ရာခိုင်နှုန်း၊ ၄.၉ ရာခိုင်နှုန်းနှင့် ၆.၄ ရာခိုင်နှုန်းတို့အထိဖြစ်ပေါ်နိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ငွေကြေးဖောင်းပွမှုဆက်လက်ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်နှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် မတ်လ ကာလအတွင်း စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း Ipea ၏ သတင်းတွင် ဖော်ပြ ထားသည်။

Agribusiness & Trade

လတ်တလောကာလသည် ရုရှနိုင်ငံနှင့်ယူကရိန်းနိုင်ငံအကြားတွင် နိုင်ငံရေးတင်းမာမှုများ ပြင်းထံစွာဖြစ်ပေါ်နေမှုကြောင့် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အပြင် ဘရာဇီးလ်အစိုးရ၏ ပြည်တွင်းအခွန်အကောက်မူဝါဒမတည်ငြိမ်မှုနှင့် အစိုးရရွေးကောက်ပွဲကျင်းပမည့်ကာလတို့နှင့် တိုက်ဆိုင်လျက်ရှိနေသဖြင့် ပြည်တွင်းငွေကြေးဈေးကွက်အပေါ်တွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်နေကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

.........................................................................................................

## ဟောင်ကောင်ဒေသဆိုင်ရာ စီးပွားရေးသတင်းများ

## ဟောင်ကောင်ဒေသနှင့် ရှန်းကျန့်မြို့နယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သူ များတွင် ကိုဗစ်–၁၉ ရောဂါတွေ့ရှိမှုများ မြင့်တက်ခဲ့ခြင်း

ဟောင်ကောင်ဒေသနှင့် ရှန်းကျန့်မြို့နယ်စပ်ဖြတ်ကျော် ဟင်းသီးဟင်းရွက် ကုန်တင်ကားမောင်းနှင်သူ အနည်းဆုံး(၆) ဦးကျော်တွင် ကိုဗစ်–၁၉ ရောဂါတွေ့ရှိခဲ့မှုကြောင့် ဟောင်ကောင်ဒေသသို့ ဟင်းသီးဟင်းရွက်များ၊ အသားနှင့်ငါးများ အစရှိသည်တို့ပါဝင်သည့် လတ်ဆတ်သော ကုန်ပစ္စည်းများ တင်သွင်းလာသည့် Man Kam Tam နယ်စပ်ဂိတ်အား ယာယီပိတ်ထားခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းများပြုလုပ်ခဲ့ကြရာ ဟောင်ကောင်ဒေသသို့ တင်သွင်းသည့် ဟင်းသီးဟင်းရွက်များ လျော့ကျခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ ယခုလအတွင်းတွင် ယာဉ်မောင်း (၂၃) ဦးတွင် ကိုဗစ်– ၁၉ ရောဂါတွေ့ရှိခဲ့သဖြင့် နယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သူများတွင် ကိုဗစ်–၁၉ ရောဂါတွေ့ရှိမှုများ မြင့်တက်ခဲ့ကြောင်း ၁၄–၂–၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “ Rise In Positive Tests By Cross–Border Truckers” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းဆောင်းပါး၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကာလအတွင်း ယာဉ်မောင်း အနည်းငယ်သာ လုပ်ငန်းခွင်သို့ ဝင်ရောက်လိုသောကြောင့် လာမည့်ရက်များ အတွင်းလတ်ဆတ်သောကုန်ပစ္စည်းများ တင်သွင်းမှုမှာ လျော့နည်းလျက်ရှိမည်ဖြစ်ကြောင်း၊ လတ်ဆတ်သော ကုန်ပစ္စည်းများတင်သွင်းမှု အဆင်ပြေချောမွေ့စေရေး လတ်ဆတ်သော ကုန်ပစ္စည်းများဖလှယ်ရန် နယ်စပ်ဂိတ်

Agribusiness Trade

အသစ်အား ရှန်းကျန့်ဒေသအစိုးရမှ ထပ်မံသတ်မှတ်ပေးခဲ့သော်လည်း လတ်ဆတ်သောဟင်းသီးဟင်းရွက်များနှင့် အေးခဲကြက်သားများ တင်သွင်းမှုအပေါ် သက်ရောက်မှုများ ရှိနေမည်ဖြစ်ကြောင်း၊ ယခုလအစောပိုင်းတွင် တရုတ်ဂေါ်ဖီစိမ်း တစ်ကီလိုဂရမ်လျှင် ဟောင်ကောင်ဒေါ်လာ(၆.၆၀) ဒေါ်လာဖြင့် ရောင်းချခဲ့ရာမှ ဟောင်ကောင်ဒေါ်လာ (၂၁.၇၀) ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်း၊ ယခင်က ဟောင်ကောင်သို့ နေ့စဉ်ကုန်တင်ကားစီးရေ (၁၀၀) စီးမှ (၂၀၀) စီးခန့် ဝင်ရောက်ခဲ့ပြီး ယခုလက်ရှိတွင် ဟင်းသီးဟင်းရွက်ကုန်တင်ကား (၃၀) စီးမှ (၄၀) စီးသာ ဝင်ရောက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အချိန်ပိုင်းမောင်းနှင်မည့် ကုန်တင်ကားမောင်းနှင်သူများ ငှားရမ်းရန်ခက်ခဲလျက်ရှိကြောင်း၊ အချိန်ပိုင်း ယာဉ်မောင်းများအား တစ်ရက်လျှင် ဟောင်ကောင်ဒေါ်လာ(၂,၀၀၀) အောက်သာပေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက Quarantine နေထိုင်စဉ်ကာလအတွင်းတွင် ဝင်ငွေမရှိမည်ကို စိုးရိမ်သောကြောင့် တစ်ရက်လျှင် ဟောင်ကောင်ဒေါ်လာ (၁၅,၀၀၀) ခန့်ကိုအချို့သော ယာဉ်မောင်းများမှ တောင်းဆိုလျက်ရှိကြောင်း၊ Container Transportation Employees General Union ၏ Chiarman ဖြစ်သူ Mr.Chan Dik-sau က ပြောကြားခဲ့ရာတွင် နယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သည့် ယာဉ်မောင်းများအား ပံ့ပိုးကူညီပေးသည့် တရုတ်ပြည်မကြီးမှ ယာဉ်မောင်း (၃၀၀) ဦးခန့်မှာ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသူများနှင့် နီးကပ်စွာထိတွေ့ခဲ့မှုကြောင့် Quarantine နေထိုင်ရလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့ချိန်မှစတင်၍ ဟောင်ကောင်ဒေသမှ ကုန်တင်ကားမောင်းနှင်သူများမှာ ရှန်းကျန့်မြို့ရှိ ဟင်းသီးဟင်းရွက် လက်ကားဈေးများသို့ တိုက်ရိုက်သွားရောက်ရန်တားမြစ်ခံခဲ့ရပြီး ကုန်ပစ္စည်းဖလှယ်သည့် သတ်မှတ်နေရာသို့သာ သွားရောက်နိုင်ကြောင်း၊ သို့သော် အဆိုပါအစီအစဉ်မှာ တရုတ်ပြည်မကြီးမှ ကုန်တင်ကားမောင်းနှင်သူများတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ပြီးနောက် ပြောင်းလဲသွားခဲ့ကြောင်း၊ တရုတ်ပြည်မကြီးမှ တာဝန်ရှိသူများမှ ဟောင်ကောင်ဒေသမှ ယာဉ်မောင်းများအား ဟင်းသီးဟင်းရွက်လက်ကားဈေးများသို့ လွတ်လပ်စွာတိုက်ရိုက်သွားရောက်နိုင်ရန် သတ်မှတ်ချက်အား ဖြေလျှော့ပေးလိုသော်လည်း လက်ကားဈေးများ၏ နောက်ဆုံးအခြေအနေများကို သိရှိနိုင်ခြင်း မရှိသောကြောင့် ဟောင်ကောင်ဒေသမှ ကုန်တင်ကားမောင်းနှင်သူများလက်ကားဈေးများသို့ တိုက်ရိုက်သွားမှုကို ကန့်သတ်ထားဆဲဖြစ်ကြောင်း၊ ကုန်တင်ကားမောင်းနှင်သူများ နေထိုင်သည့် အိမ်ရာအဆောက်အအုံများတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့ပါက Quarantine မနေထိုင်ခဲ့လျှင် (၂၁) ရက်အတွင်း နယ်စပ်ဖြတ်ကျော် သွားလာမှုကို ယခုလက်ရှိတွင် ကန့်သတ်ထားကြောင်း၊ လူစွမ်းအားအရင်းအမြစ်များ ပြတ်လပ်မှုလျော့နည်းစေရန် Quarantine

ကာလကို (၁၄) ရက်သို့ လျှော့ချပေးသင့်သည်ဟု Container Transportation Employees General Union ၏ Chiarman ဖြစ်သူ Mr.Chan Dik-sau ကဒေသအစိုးရအား တိုက်တွန်းပြောကြားထား ကြောင်း၊ ဟောင်ကောင်ဒေသ၌ လူမှုအသိုက်အဝန်းအတွင်း ခပ်ခွာခွာနေထိုင်ရန်ကန့်သတ်မှုများနှင့် ညပိုင်းတွင် စားသောက်ဆိုင်များ ရောင်းချမှုအား တားမြစ်ကန့်သတ်ထားသောကြောင့် ရောင်းချမှု များလျော့နည်းလျက်ရှိရာ ဟင်းသီးဟင်းရွက်များ တင်သွင်းမှုနှင့် ပတ်သက်၍ အဓိကပြဿနာ မဟုတ်သော်လည်း စားသောက်ကုန်လုပ်ငန်းကဏ္ဍအတွက် ထပ်မံကြုံတွေ့နိုင်သည့် အခက်အခဲတစ် ခုဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………

## ဟောင်ကောင်ဒေသ၌ အချို့သော ဆန်ခေါက်ဆွဲခြောက်ထုပ်များတွင် ကင်ဆာ ဖြစ်ပွားစေနိုင်သောပစ္စည်း အနည်းငယ် ပါဝင်လျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌အချို့သော ဆန်ခေါက်ဆွဲခြောက်ထုပ်သုံးပုံတစ်ပုံတွင် ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သော ပစ္စည်းအနည်းငယ် ပါဝင်လျက်ရှိသည်ကို ဟောင်ကောင် စားသုံးသူရေးရာ ကောင်စီမှ တွေ့ရှိခဲ့ကြောင်း ၁၆-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Dash of Carcinogen in some package rice noodles” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဆန်ခေါက်ဆွဲခြောက်များဖြစ်သည့် ကြာဇံ၊ ဆန်ခေါက်ဆွဲ ခြောက်အပြား၊ တရုတ် ဆန်ခေါက်ဆွဲခြောက်၊ ထိုင်းဆန်ခေါက်ဆွဲခြောက်၊ ကိုရီးယား ဆန်ခေါက်ဆွဲ ခြောက်နှင့် လတ်ဆတ်သော ဆန်ခေါက်ဆွဲနမူနာ (၂၀) မှ (၃၀) ခု အကြား စစ်တမ်းကောက်ယူခဲ့ရာ (၈၀) ရာခိုင်နှုန်းကျော်တွင် သတ္တုပစ္စည်းများ တွေ့ရှိခဲ့ကြောင်း၊ စစ်တမ်းကောက်ယူခဲ့သည့် ဆန် ခေါက်ဆွဲနမူနာ (၉) ခုတွင် ကင်ဆာဖြစ်ပွားစေ နိုင်သော inorganic arsenic ကိုလည်းကောင်း၊ နမူ နာ (၂၄) ခုတွင် သံဖြူကဲ့သို့ ပြာလဲ့လဲ့ အဖြူရောင်ရှိသော ဓါတုဒြပ်စင် (Cadmium) ကိုလည်းကောင်း နှင့် နမူနာ (၁၄) ခုတွင် ခရိုမီယံဓါတ်သတ္တု(Chromium) ကိုလည်းကောင်းအသီးသီးတွေ့ရှိခဲ့ကြောင်း၊ သတ္တုဒြပ်စင်များ ပါဝင်သည့်မြေတွင် စိုက်ပျိုးထားသောဆန်အား အသုံးပြု၍ ထုတ်လုပ်ထားသော ခေါက်ဆွဲများတွင် သတ္တုဒြပ်စင်များ ပါဝင်မှု မြင့်မားမည်ဖြစ်ကြောင်း၊ ဆန်ခေါက်ဆွဲနမူနာ (၁၇) ထုပ် တွင် ကုန်ပစ္စည်းတွင် ပါဝင်သည့် အာဟာရဓါတ်အညွှန်းများ ရေးသားခြင်းနှင့် ပတ်သက်၍ Centre

for Food Safety’s အဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း၊ ဆန်ခေါက်ဆွဲနမူနာ (၂) ခုတွင် Gluten အား တွေ့ရှိခဲ့ပြီး ခံနိုင်ရည်မရှိသောသူများ စားသုံးမိပါက အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ လည်ချောင်းနာခြင်းနှင့် နှင်းခူရောဂါတို့ ဖြစ်ပွားစေနိုင်ကြောင်း၊ သို့ဖြစ်ရာ ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့ကုန်ပစ္စည်းများတွင် ပါဝင်သည့် ပစ္စည်းများ၏ အာဟာရဓါတ်ဆိုင်ရာ အချက်အလက်များကို ပုံမှန်စစ်ဆေးသင့်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဆန်အမျိုးအစား မတူညီခြင်း၊ စိုက်ပျိုးသည့် ပင်ရင်းဒေသနှင့် ရာသီဥတု အစရှိသည့် မတူညီသည့် အချက်များမှလည်း ဆန်ခေါက်ဆွဲများတွင် အဓိကပါဝင်သည့် အာဟာရဓါတ်ပမာဏ အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်ရာ ဆန်ခေါက်ဆွဲထုတ်လုပ်သူအနေဖြင့် ၎င်းထုတ်လုပ်ရန် အသုံးပြုသည့်ဆန်ကုန်ကြမ်း စိုက်ပျိုးရာ ပင်ရင်းဒေသ (သို့မဟုတ်) ရာသီဥတုပြောင်းလဲမှု ပြင်းထန်သည်ကို သိရှိပါက အဟာရဓါတ် ပါဝင်မှုအညွှန်း ဖော်ပြနိုင်ရန် စစ်ဆေးမှုများမကြာခဏ ပြုလုပ်သင့်ကြောင်း၊ စားသုံးသူများအနေဖြင့်လည်း ဆန်ခေါက်ဆွဲများတွင် ဆိုဒီယံပါဝင်မှုကို သတိထားသင့်ကြောင်း၊ အရွယ်ရောက်လူတစ်ဦးအတွက် တစ်နေ့လျှင် ဆိုဒီယံ (၂,၀၀၀) မီလီဂရမ်အောက်သာစားသုံးသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြု ထုတ်ပြန်ထားကြောင်း၊ ဆန်ခေါက်ဆွဲနမူနာ (၂၈) ခုတွင် ဆားပါဝင်မှုအား ဖော်ပြထားခြင်းမရှိကြောင်း၊ ဆန်ခေါက်ဆွဲနမူနာ (၃) ခုတွင် ဆားပါဝင်မှုမှာ (၂၁၅)မီလီဂရမ်မှ (၄၂၂) မီလီဂရမ် အကြားပါရှိရာ ဆားပါဝင်မှု မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စားသုံးသူများအနေဖြင့် ဆန်ခေါက်ဆွဲ ခြောက်ထုပ်များတွင် ဖော်ပြထားသည့်ပါဝင်ပစ္စည်းများ စာရင်းနှင့် အာဟာရဓါတ်ဆိုင်ရာ အညွှန်းစာများကို စစ်ဆေးသင့်ကြောင်း၊ အစာချေဖျက်သည့်စနစ် အားနည်းသူများအနေဖြင့် ကစီဓါတ်မပါဝင်သည့် ဆန်ခေါက်ဆွဲများကိုရွေးချယ်စားသုံးသင့်ကြောင်း၊ ဆိုဒီယံဓါတ် အများအပြားစားသုံးမှုမှ ရှောင်ရှားနိုင်ရန် ခေါက်ဆွဲပြုတ်စားသုံးရာတွင် ဟင်းခတ်အမွှေးအကြိုင်များ၊ အချဉ်များနှင့် စွပ်ပြုတ်များ သောက်သုံးခြင်းများကို ရှောင်ရှားသင့်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………

Agribusiness & Trade

## ဟောင်ကောင်ဒေသအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိသောကြောင့် ပင်လယ်အပျော်စီးသင်္ဘောများအား Quarantine နေထိုင်ရန် အသုံးပြုသင့်ကြောင်း

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ရုတ်တရက်မြင့်တက်မှုမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် လတ်တလောတွင် အသုံးပြုခြင်းမရှိသော ပင်လယ်အပျော်စီးသင်္ဘောများအား ယာယီအားဖြင့် Quarantine နေထိုင်ရန် အသုံးပြုသင့်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနေဖြင့် တရုတ်ပြည်မကြီးသို့ သွားရောက်၍ ဆေးကုသရန် ဆန္ဒရှိပါက ခွင့်ပြုပေးသင့်ကြောင်း ၁၇-၂-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ "Hong Kong could use cruise ships for quarantine" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ နယ်စပ်ဖြတ်ကျော် ဟင်းသီးဟင်းရွက်ကုန်တင်ကားများ မောင်းနှင်သူများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုအား နှောင့်နှေးစေလျက်ရှိရာ လိုအပ်သည့် ကုန်ပစ္စည်းများအား မီးရထား (သို့မဟုတ်) Drones အစရှိသည်တို့ကို အသုံးပြု၍ ပို့ဆောင်ပေးသင့်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ၁၆-၂-၂၀၂၂ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအသစ်(၄,၂၀၀) ဦးကျော် တွေ့ရှိခဲ့ကြောင်း၊ ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ် Mrs. Carie Lam Cheng Yueyt-ngor မှ ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ ကုသရန်နေရာအား လူနေအိမ်ရာ အဆောက်အအုံများနှင့် ဟိုတယ်များကို အသုံးပြုသင့်ကြောင်း၊ ဥပဒေ ပြဋ္ဌာန်းမှုဆိုင်ရာ ဥပဒေပြုကောင်စီကိုယ်စားလှယ်အချို့မှ လတ်တလောတွင် အသုံးပြုခြင်းမရှိသည့် ပင်လယ်အပျော်စီးသင်္ဘောများအား ယာယီအားဖြင့် Quarantine နေထိုင်ရန် အသုံးပြုသင့်သည်ဟု အကြံပြုပြောကြားထားကြောင်း၊ သည့်အပြင် ကူးစက်ခံရသူများ၏ ဆန္ဒကို မူတည်၍ ကုသမှုခံယူရန် တရုတ်ပြည်မကြီးဘက်သို့ ပို့ဆောင်ပေးရန်လည်း အကြံပြုမှုများရှိသည်ဟု ရေးသားဖော်ပြထားပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်း အများအပြားမှလည်း ဒေသအစိုးရမှ ပံ့ပိုးပေးမည့် သက်သာခွင့်ရန်ပုံငွေအား တောင်းဆိုလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ ခရီးသွားလုပ်ငန်းမှာလည်း အခက်အခဲများအကြားမှ ရှန်းကန်လှုပ်ရှားလျက်ရှိပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုအား ပြင်းထန်စွာ ခံစားရလျက်ရှိကြောင်း၊ ဟိုတယ်များအားလည်း ပြည်ပမှ ဝင်ရောက်လာသူများအတွက် Quarantine နေထိုင်ရန်အတွက် အသုံးပြုထားရကြောင်း၊ တရုတ်ပြည်မကြီးမှ ဟောင်ကောင်ဒေသသို့ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် ကုန်ပစ္စည်းများတင်သွင်းမှုမှာ(၉၂) ရာခိုင်နှုန်းခန့်ရှိရာ ယခင်ရက်သတ္တပတ်က ဟောင်ကောင်ဒေသ၌ ပြင်းထန်သည့် သက်ရောက်မှုများ ခံခဲ့ရကြောင်း၊

သို့ဖြစ်ရာ ဟောင်ကောင်ဒေသ အစိုးရအနေဖြင့် ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်နိုင်ရေး စူးစမ်းလေ့လာလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ဥပဒေပြုကောင်စီ ကိုယ်စားလှယ် Mr. Steve Ho Chun-yin မှလည်း ကုန်ပစ္စည်းများပို့ဆောင်နိုင်ရေးမီးရထားနှင့် Drones များကို အသုံးပြုရန် အကြံပြုပြောကြားထားကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………………………

## ဟောင်ကောင်ဒေသမှ လူငယ် (၁,၁၀၀) ဦး အလုပ်အကိုင်ရရှိရန် မဟာပင်လယ်ကွေ့ဒေသရှိ ကုမ္ပဏီများမှ ငှားရမ်းခဲ့ခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသမှ စတင်ဆောင်ရွက်ခဲ့သည့် Greater Bay Area Youth Employment Scheme မှတစ်ဆင့် ဟောင်ကောင်ဒေသမှ လူငယ်(၁,၁၀၀) ဦး အလုပ်အကိုင်ရရှိရန် မဟာပင်လယ်ကွေ့ဒေသရှိ ကုမ္ပဏီများမှ ငှားရမ်းခဲ့ကြောင်း၊ အဆိုပါအစီအစဉ်မှာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မဟာပင်လယ်ကွေ့ဒေသရှိ ကုမ္ပဏီများအနေဖြင့် ဟောင်ကောင်တက္ကသိုလ်မှာ ဘွဲ့ရထားသူများအား ငှားရမ်း၍ တရုတ်ပြည်မကြီးရှိ မြို့ကြီးများ၌ အလုပ်အကိုင်များခန့်ထားနိုင်ရန် တိုက်တွန်းပြောကြားထားကြောင်း၊ အဆိုပါ အစီအစဉ်တွင် အလုပ်အကိုင်နေရာ (၂,၀၀၀) အတွက် ကမ်းလှမ်းထားပြီး ဟောင်ကောင်တက္ကသိုလ်မှ ၂၀၁၉ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်အတွင်း ဘွဲ့ရထားသူများအား ခန့်ထားရန်ဖြစ်ကြောင်း ၁၇-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Greater Bay jobs lure 1,100" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ Greater Bay Area Youth Employment Scheme တွင်ပါဝင်မည့်ကုမ္ပဏီများသည် လုပ်ခလစာအနေဖြင့် လစဉ်အနည်းဆုံး ဟောင်ကောင်ဒေါ်လာ (၁၈,၀၀၀) ပေးရမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်အောက်တွင် ဟောင်ကောင်ဒေသအစိုးရမှ ကုမ္ပဏီအား ထောက်ပံ့ငွေပေးအပ်သည့်အနေဖြင့် ကုမ္ပဏီများသည် ဟောင်ကောင်တက္ကသိုလ်မှ ဘွဲ့ရသူများ ငှားရမ်းလျှင် ဘွဲ့ရလူငယ်(၁) ဦးချင်းစီအတွက် ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀)နှုန်းဖြင့်ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဘွဲ့ရလူငယ်များအနေဖြင့်လည်း အဆိုပါ ငှားရမ်းသည့်ကုမ္ပဏီ၌ အများဆုံးကာလအနေဖြင့် (၁၈) လကြာ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်သို့ပါဝင်ရန် လုပ်ငန်း (၄၁၇) ခုမှ စိတ်ပါဝင်

စားမှုရှိပြီး အလုပ်အကိုင်နေရာ (၃,၅၀၀) အတွက် ကမ်းလှမ်းခဲ့ကြရာ ထက်ဝက်ခန့်မှာ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာကဏ္ဍအတွက်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်အတွက် အလုပ်အကိုင်လျှောက်ထားမှု (၂၀,၀၀၀) ကျော်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် အလုပ်သမားဈေးကွက်အခြေအနေ၊ ခရီးသွားလာမှုကန့်သတ်ချက်များနှင့် Quarantine နေထိုင်ရန်စီစဉ်မှုများ အစရှိသည့် အချက်များကြောင့် ဘွဲ့ရခါစလူငယ်များအား ပုံမှန်အလုပ်ခန့်ထားရမည့် အရေအတွက်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည့်အတွက် Greater Bay Area Youth Employment Scheme အားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ အလုပ်သမားနှင့် လူမှုဖူလုံရေးဗျူရိုနှင့် အလုပ်သမားဌာနတို့မှ အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ ကုမ္ပဏီများ၏ ပါဝင်ဆောင်ရွက်မှုများ၊ တရုတ်ပြည်မကြီး၌ ဝန်ထမ်းများနေထိုင်ရန် အခြေအနေများနှင့် အလုပ်အကိုင်ရရှိလိုသည့် ရည်မှန်းချက်များနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူလျက်ရှိကြောင်း၊ အဆိုပါ စစ်တမ်းကောက်ယူမှုမှာ ယခုနှစ်၊ ၂၀၂၂ ခုနှစ် နှစ်ကုန်တွင်ပြီးပြည့်စုံရန် မျှော်လင့်ထားပြီး အနာဂတ်ရေ့လုပ်ငန်းစဉ်အတွက် အခြေခံ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

................................................................................................................

## အိန္ဒိယနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ ဘက်စုံစီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

အိန္ဒိယနိုင်ငံမှ ဝန်ကြီးချုပ်နာရင်ဒရာမိုဒီနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ အိမ်ရှေ့မင်းသား ရှိတ်မိုဟာမက်ဘင်ဇေယက်အယ်လ်နာဟရန် တို့တက်ရောက်သည့် နှစ်နိုင်ငံအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညီလာခံဆွေးနွေးပွဲကို ၁၈-၂-၂၀၂၂ နေ့၌ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပမှုနှင့်အတူ နှစ်နိုင်ငံ ဘက်စုံစီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက် (India – UAE Comprehensive Economic Partnership Agreement) ကို အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု စီးပွားရေးဝန်ကြီး အဘ်ဒူလာဘင်တော့အယ်လ်မာရီ တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါညီလာခံဆွေးနွေးပွဲ၌ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက နှစ်နိုင်ငံ ဘက်စုံစီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု (CEPA) လက်မှတ်ရေးထိုးနိုင်မှုအပေါ် ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့် သဘောတူညီချက်အား အချိန် ၃ လထက်မပိုပဲ အပြီးသတ်ညှိနှိုင်းဆောင်ရွက်နိုင်မှုမှာ မှတ်တမ်းတင်ထိုက်သည့် အချက်ဖြစ်ကြောင်း၊ သာမန်အားဖြင့် ဘက်စုံစီးပွားရေး သဘောတူညီချက်များအတွက် အပြီးသတ်ညှိနှိုင်းမှုမှာ နှစ်ကာလကြာမြင့်လေ့ ရှိကြောင်း၊ ယခု CEPA သည် နှစ်နိုင်ငံ အကြားရှိ ယုံကြည်မှု၊ သဘောထားအမြင်ချင်း မျှဝေမှုနှင့် လေးနက်သည့် ချစ်ကြည်ရင်းနှီးမှုတို့ကို ထင်ဟပ်လျက်ရှိကြောင်း၊ ၎င်းအနေဖြင့် ဤသဘောတူညီချက်သည် နှစ်နိုင်ငံအကြား စီးပွားရေး ဆက်ဆံမှု ခေတ်သစ်ကို ဆောင်ကြဉ်းလျက် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံမှ ရှေ့လာမည့် ၅ နှစ်တာ ကာလအတွင်း ဒေါ်လာ ၁၀၀ ဘီလီယံအထိ တိုးတက်မှု ရရှိစေမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

၁၉-၂-၂၀၂၂ နေ့ မွန်ဘိုင်းမြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အိန္ဒိယဝန်ကြီး ပီယွတ် ဂိုယယ်က စာမျက်နှာ ၈၈၀ ပါ သဘောတူညီချက်အား ၈၈ ရက်အတွင်း အပြီးသတ်ညှိနှိုင်း၍ လက်မှတ်ရေးထိုးနိုင်မှုသည် နှစ်နိုင်ငံလုံးအတွက် ကြီးမားသည့် စွမ်းဆောင်ချက်ပင်ဖြစ်ကြောင်း၊ ၎င်း CEPA သည် ဟန်ချက်ညီပြီး သင့်တင့်မျှတမှုရှိသော ဘက်စုံစီးပွားရေး သဘောတူညီချက်တစ်ရပ်ဖြစ်ကြောင်း၊ အိန္ဒိယ၏ ကုန်စည်နှင့်ဝန်ဆောင်မှု ထုတ်ကုန်များ ဈေးကွက်ဝင်ရောက်မှုကို တိုးတက် ကောင်းမွန်စေမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံသားများအတွက် ကဏ္ဍစုံ၌ အလုပ်အကိုင်ပေါင်း အနည်းဆုံး ၁၀ သိန်းကို ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် လုပ်သားအင်အား အခြေပြုသည့် အထည်အလိပ်၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ၊ ဆေးဝါး၊ လယ်ယာထွက်ကုန်များ၊ ခြေနင်းအသုံးအဆောင်ပစ္စည်းများ၊ သားရေထည်၊ အားကစားပစ္စည်းများ၊ အင်ဂျင်နီယာထုတ်ကုန်များ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် ပလတ်စတစ်ပစ္စည်းများအား ထုတ်လုပ်သည့် လုပ်ငန်းများသည် အကျိုးခံစားရမည်ဖြစ်ကြောင်း၊ စာချုပ်စတင်အသက်ဝင်ချိန်၌ ယူအေအီးဘက်မှ အကောက်ခွန်လိုင်းပေါင်း ၈၀% ကို သုညရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံဘက်မှ တင်ပို့လျက်ရှိသော ကုန်စည်များ၏ ၉၀% ခန့် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၏ ကုန်သွယ်ရေးဗဟိုအချက်အချာကျမှုအရ ယခုသဘောတူညီချက်သည် အာဖရိကဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပဒေသများသို့ အိန္ဒိယပို့ကုန်များ၏ ဈေးကွက်ဝင်ရောက်မှုကိုလည်း အထောက်အပံ့ပြုမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

Agribusiness & Trade

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရအိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အဆိုပါ CEPA သဘောတူညီချက်တွင် မည်သည့်ကုန်စည်အမျိုးအမည်ကိုမဆို ရုတ်တရက် သွင်းကုန်ပမာဏ မြင့်တက်ခြင်းအားကိုင်တွယ်ဖြေရှင်းရန်အတွက် နှစ်နိုင်ငံအမြဲတမ်း အကာအကွယ်ပေးရေးစနစ်ကို ထည့်သွင်းထားကြောင်း၊ ထို့အပြင် ပို့ကုန်၏ ပင်ရင်းဒေသစည်းမျဉ်းနှင့်ပတ်သက်၍ သာမန်အားဖြင့် တင်ပို့သည့်နိုင်ငံမှ ထပ်ဆင့်တန်ဖိုးမြှင့်ပါဝင်မှုမှာ ၃၀% မှ ၃၅% အထိသာ သတ်မှတ်လေ့ရှိသော်လည်း ယခုစာချုပ်၌ ၄၀% ရှိရမည်ဟု သဘောတူသတ်မှတ်ထားကြောင်း၊ သို့ရာတွင် အချို့သော တန်ဖိုးမြင့်မားသည့်ကုန်စည်များကိုမူ ထိုကဲ့သို့ ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာ လိုအပ်ချက်၌ ပါဝင်ခြင်းမရှိစေပဲ ချန်လှပ်ထားရှိကြောင်း သိရှိရသည်။

စီးပွားရေးယခုလက်မှတ်ရေးထိုးခဲ့သော ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုစာချုပ်အား စတင်အကောင်အထည်ဖော်ချိန်တွင် အိန္ဒိယဘက်မှ အကောက်ခွန်လိုင်းများ၏ ၆၅% ကို သွင်းကုန်အခွန်သုညရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း၊ ထို့အပြင် ယူအေအီးနိုင်ငံထံမှ ရွှေထည်ပစ္စည်းတင် သွင်းမှုအပေါ် ၁ နှစ်လျှင် တန်ချိန် ၂၀၀ အထိကို အကောက်ခွန် ၁% ဖြင့် နှစ်စဉ် ခွင့်ပြုမည်ဖြစ် ကြောင်း၊ ရှေ့လာမည့် ၅ နှစ်အတွင်း ယူအေအီးနိုင်ငံဘက်မှ အကောက်ခွန်လိုင်းပေါင်း ၉၇% ကို ဖယ်ရှားပေးမည်ဖြစ်ပြီး အိန္ဒိယဘက်ကမူ ၁၀ နှစ်အတွင်း အကောက်ခွန်လိုင်းပေါင်း ၉၀% အထိကို အခွန် သုညရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်း၊ သစ်သီးဝလံ နှင့် ဟင်းသီးဟင်းရွက်၊ နံ့စားသီးနှံများ၊ မော်တော်ယာဉ်နှင့် စက်အစိတ်အပိုင်းများ၊ ကျောက်မီးသွေး၊ ဆိုးဆေး၊ ဆပ်ပြာ၊ ပြုပြင်ပြီးအစားအစာ၊ ကလေးကစားစရာ၊ သဘာဝရော်ဘာ၊ မော်တော်ယာဉ်တာယာ၊ ခြေနင်းအသုံးအဆောင်၊ ပလတ်စတစ်ကုန်ချော၊ ဆေးပစ္စည်းကိရိယာနှင့် ကြေးနီစသည်တို့အပါအဝင် အခွန်လိုင်းပေါင်း ၁၀% ကို ပြည်တွင်းစီးပွားရေးနှင့် လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုမှ ကာကွယ်ရန်အတွက် ထိခိုက်လွယ်သည့် ကုန်စည်များအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အတွင်းဝန် Mr. B V R Subrahmanyam က၁၉-၂-၂၀၂၂နေ့၌သတင်းထောက်များသို့ပြောကြားပါသည်။

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် ဘက်စုံစီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ် အိန္ဒိယကုန်သည်လုပ်ငန်းရှင်များက ကြိုဆိုခဲ့ကြပြီး နိုင်ငံ၏ ပို့ကုန်မြှင့်တင်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိကြသည်။ အိန္ဒိယနိုင်ငံ အထည်အလိပ် ပို့ကုန်မြှင့်တင်ရေးကောင်စီ (AEPC) ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Narendra Goenka က ယူအေအီးနိုင်ငံ၏ အထည်အလိပ်တင်သွင်းမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၁၇ သန်း

Agribusiness & Trade

အနက် အိန္ဒိယမှ တင်ပို့မှုသည် ဒေါ်လာ ၁၅၁၅ သန်းဖြင့် ၄၃% အထိ ပါဝင်လျက်ရှိကြောင်း၊ ယခု သဘောတူစာချုပ်အရ အိန္ဒိယ၏ အသင့်ချုပ်ပြီး အဝတ်အထည်များအား ယူအေအီးသို့ တင်ပို့ရာတွင် သွင်းကုန်အခွန် ၅% သက်သာမှုရရှိတော့မည်ဖြစ်ရာ ၎င်းဈေးကွက်၌ အိန္ဒိယထုတ်ကုန်များ၏ နေရာယူလွှမ်းမိုးမှုကို ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆော်ဒီအာရေဘီးယား၊ ကူဝိတ်၊ ဘာရိန်း၊ အိုမန်နှင့် ဖြိတိန်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကိုလည်း ယူအေအီးသို့ တင်ပို့မှုမှတစ်ဆင့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။ လက်ရှိကာလ၌ ယူအေအီး အထည်အလိပ်ဈေးကွက်သို့ တင်ပို့ရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ အထည်ချုပ်လုပ်ငန်းများသည် အကောက်ခွန်သုညရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ရရှိထားရာ CEPA သဘောတူညီချက် စတင်သက်ရောက်ချိန်၌ အိန္ဒိယလုပ်ငန်းရှင်များ၏ အဆိုပါနိုင်ငံများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုမှာ ခိုင်မာအားကောင်းလာမည်ဖြစ်ပါသည်။

အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ် (FIEO) ၏ ဥက္ကဋ္ဌ Mr. A Sakthivel ကလည်း ယူအေအီးနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများ များစွာနေထိုင်လျက်ရှိမှုနှင့်အတူ ၎င်းဈေးကွက်၌ အိန္ဒိယနိုင်ငံထွက် ကောက်ပဲသီးနှံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင် အစရှိသော လယ်ယာထွက်ကုန်များအား ပမာဏအများအပြား စားသုံးမှုရှိရာ ယခုနှစ်နိုင်ငံသဘောတူစာချုပ်က လုပ်သားအင်အား အခြေပြုဆောင်ရွက်ရသည့် အိန္ဒိယ လယ်ယာနှင့် ပြုပြင်ပြီးစားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍတို့ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာမှု၊ သယ်ယူပို့ဆောင်မှုနှင့် အိုင်တီနည်းပညာနှင့် အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အိန္ဒိယကုမ္ပဏီများ၏ ယူအေအီးဈေးကွက်၌ ဝန်ဆောင်မှုများသည်လည်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

လက်ရှိကာလ၌ အိန္ဒိယနိုင်ငံသည် ပလတ်စတစ်ကုန်ကြမ်းများအား အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် နှစ်စဉ်တင်သွင်းလျက်ရှိရာ ယူအေအီးထံမှ ဝယ်ယူတင်သွင်းမှုမှာ ဒေါ်လာသန်း ၈၀၀ ခန့်ရှိကြောင်း၊ CEPA စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းက အိန္ဒိယ၏ ပလတ်စတစ်အခြေခံလုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင် ၂ သိန်းခန့် ဖန်တီးမှုနှင့်အတူ နှစ်နိုင်ငံအကြား ပလတ်စပစ္စည်းကုန်သွယ်မှုကို အဆများစွာ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများအား ဈေးနှုန်းသက်သာစွာ ရရှိစေခြင်းက အထူးသဖြင့် အိန္ဒိယအသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများအတွက်ဈေးကွက်ဝင်ရောက်နိုင်စွမ်းမြင့်တင်လျက် အကျိုးခံစားရရှိစေမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ပလတ်စတစ်ကုန်ချောထုတ်ကုန်များအား ယူအေအီးဈေးကွက်သို့ အကောက်ခွန်သက်သာစွာ တင်ပို့နိုင်မှုမှ တစ်

Agribusiness & Trade

ဆင့် WANA region ခေါ် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် လွတ်လပ်သော ဓနသဟာယအဖွဲ့နိုင်ငံများရှိ ဈေးကွက်များသို့လည်း တိုးချဲ့ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ရှေ့လာမည့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ခန့်တွင် အိန္ဒိယ၏ ပလတ်စတစ်ပစ္စည်း ပြည်ပတင်ပို့မှုသည် ၃၀၀% ခန့်အထိ တိုးတက်လာမည်ဟု မျှော်မှန်းရကြောင်းဖြင့် အိန္ဒိယပလတ်စတစ်ပို့ကုန် မြှင့်တင်ရေးကောင်စီမှ ဥက္ကဋ္ဌ Mr. Arvind Goenka က ပြောကြားပါသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) သည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ နောက်တွင် အိန္ဒိယ၏ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ရေနံထွက်ကုန်များ အဓိက ဝယ်ယူတင်သွင်းရာ နိုင်ငံလည်း ဖြစ်ပါသည်။ အိန္ဒိယနှင့် ယူအေအီး နှစ်နိုင်ငံကုန်သွယ်မှုမှာ Covid-19 ကပ်ရောဂါ မတိုင်မီ ၂၀၁၉-၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံခန့်ရှိပြီး ၂၀၂၀-၂၁ ခုနှစ်တွင်မူ ဒေါ်လာ ၄၃ ဘီလီယံသို့ ကျဆင်းခဲ့ပါသည်။ သို့ရာတွင် စီးပွားရေးအခြေအနေ ပြန်လည် နာလန်ထူထောင်မှုရှိလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည်လည်း ပြန်လည် တိုးတက်လာခဲ့ရာ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်၌ ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံကျော် ရရှိထားပြီဖြစ်ပါသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ အဆိုပါကာလအတွင်း ယူအေအီးနိုင်ငံနှင့် ကုန်သွယ်မှုမှာ ပို့ကုန်၌ အမေရိကန် ဒေါ်လာ ၂၀.၀၅ ဘီလီယံနှင့် သွင်းကုန်တွင် အမေရိကန် ဒေါ်လာ ၃၂.၇၁ ဘီလီယံရှိကြောင်း တွေ့ရှိရပါသည်။

နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သော ဘက်စုံစီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက်အား စတင်အကောင်အထည်ဖော်ဆောင်နိုင်ရေး ယူအေအီးနိုင်ငံဘက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းရပ်များကို ဆောင်ရွက်ရန် ကျန်ရှိနေပြီး ရက်ပေါင်း ၆၀ အတွင်း ပြီးစီးဖွယ်ရာရှိပါသည်။ ANI သတင်းဌာန၏ မေးမြန်းချက်အပေါ် အဆိုပါ CEPA သဘောတူညီချက်သည် ရှေ့လာမည့်မေလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်နိုင်ဖွယ်ရှိသည်ဟု အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: 1. India and UAE sign the historic CEPA aimed at boosting goods trade to US$ 100 billion over next five years, 18-2-2022, Press Information Bureau of India

2. India UAE CEPA ushers in a new dawn, will create a minimum of 10 lakh jobs for Indian citizens, 19-2-2022, Press Information Bureau of India

Agribusiness & Trade

3. India–UAE CEPA: Import duties on 90 per cent of Indian products to be immediately eliminated, 19–2–2022, The Hindu Business Line

4. India–UAE trade pact to boost apparel exports, employment, say exporters, 19–2–2022, Economic Times

5. India–UAE trade pact CEPA may come into effect from May 1, says Piyush Goyal, 19–2–2022, Business Today

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

.......................................................................................................................

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

## ၂၀၂၁ ခုနှစ် GDP အချက်အလက်များအပေါ် အခြေခံသည့် တရုတ်နိုင်ငံ၏ အဖွံ့ဖြိုးဆုံးပြည်နယ်များနှင့် မြို့များ

၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ယွမ်ငွေ (၁၁၄.၄) ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ထရီလီယံ) ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၈.၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရို၏ အချက်အလက်များအရ သိရပါသည်။

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ ပြည်နယ်အများစု၏ စီးပွားရေးစွမ်းဆောင်ချက်များမှာ အနေအထားအသစ်တစ်ရပ်ဖြစ်ပေါ်ခဲ့ပြီး၊ ကွမ်တုန်းပြည်နယ်၏ GDP မှာ မူလခန့်မှန်းထားသည့်ယွမ်ငွေ (၁၂.၄၄) ထရီလီယံထက် ယွမ်ငွေ (၁၂) သန်းကျော်သွားသည်အထိ ဖြစ်ခဲ့ပါသည်။ ကွမ်တုန်းပြည်နယ်၏ GDP တိုးတက်မှုနှုန်းမှာ ယခင်နှစ်ကထက် (၈) ရာခိုင်နှုန်းကျော် ပိုမိုတိုးတက်ခဲ့ပြီး၊ (၃၃)နှစ်ဆက်တိုက် GDP အမြင့်ဆုံးပြည်နယ်အဖြစ် ဆက်လက်ရပ်တည်နေပါသည်။ ကွမ်တုန်းပြည်နယ်၏ GDP မှာ အီတလီ (အမေရိကန်ဒေါ်လာ ၁.၉ ထရီလီယံ)၊ ကနေဒါ (အမေရိကန်ဒေါ်လာ ၁.၆၄ ထရီလီယံ)နှင့် တောင်ကိုရီးယားနိုင်ငံ (အမေရိကန်ဒေါ်လာ ၁.၆၄ ထရီလီယံ)တို့ထက် ပိုမိုမြင့်မားပါသည်။

အလားတူကာလတွင် ကျင်းစုပြည်နယ်၏ GDP မှာ ယွမ်ငွေ (၁၁) ထရီလီယံသို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်ကထက် (၁.၃၇) ထရီလီယံခန့် ပိုမိုခဲ့ပြီး ဒုတိယမြောက် အများဆုံးနေရာတွင် ရှိခဲ့ပါသည်။ ရှန်တုန်းပြည်နယ်၏ GDP မှာ ယွမ်ငွေ (၈.၃၁) ထရီလီယံဖြင့် တတိယနေရာတွင်လည်းကောင်း၊ ကျဲ့ကျန်းပြည်နယ်၏ GDP မှာ ယွမ်ငွေ (၇) ထရီလီယံကျော်ဖြင့် စတုတ္ထ

Agribusiness Trade

နေရာတွင်လည်းကောင်း၊ ဟာနန်ပြည်နယ်၏ GDP မှာ ယွမ်ငွေ (၆) ဘီလီယံဖြင့် ပဉ္စမနေရာတွင်လည်းကောင်း အသီးသီးရှိခဲ့ပါသည်။ စီချွမ်းနှင့် ဟူပေပြည်နယ်တို့၏ GDP များမှာ ပထမဆုံးအကြိမ်အဖြစ် ယွမ်ငွေ (၅)ထရီလီယံကျော် ရှိခဲ့ပါသည်။ ရှန်ဟိုင်း၊ အန်းဝေ၊ ဟာပေနှင့်ပေကျင်းတို့၏ GDP များမှာ ယွမ်ငွေ (၄) ထရီလီယံကျော်ရှိခဲ့ကာ၊ ရှန်းရှီးနှင့် အတွင်းမွန်ဂိုလီးယားတို့၏ GDP များမှာယွမ်ငွေ (၂) ထရီလီယံ ကျော်ခဲ့ပါသည်။ စုစုပေါင်းအားဖြင့် ၂၀၂၁ ခုနှစ်အတွင်း GDP တန်ဖိုး ယွမ်ငွေ (၁) ထရီလီယံ ကျော်ရှိခဲ့သည့်တရုတ်နိုင်ငံ၏ ပြည်နယ်ပေါင်း (၂၇) ပြည်နယ် ရှိခဲ့ပါသည်။

ဟူပေပြည်နယ်၏ GDP မှာ ဖွံ့ဖြိုးမှုအမြန်ဆုံးဖြစ်ခဲ့ပြီး၊ စီးပွားရေးနာလန်ထ ဖွံ့ဖြိုးမှုတွင် ဦးဆောင်လျက်ရှိပါသည်။ ဟိုင်နန်ပြည်နယ်၏ နှစ်နှစ်ပျမ်းမျှ GDP ဖွံ့ဖြိုးမှုနှုန်းမှာ ပထမနေရာတွင်ရှိခဲ့ပြီး၊ ကမ္ဘာပေါ်တွင် လွှမ်းမိုးမှုကြီးမားသည့် လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းတည်ဆောက်ရန် တရုတ်အစိုးရ၏ အားထုတ်ကြိုးပမ်းနေမှုကြောင့်လည်း ပါဝင်ပါသည်။ ဟိုင်နန်ပြည်နယ်မှာ လာမည့်နှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံ၏သမိုင်း၌ အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်သည့်အခြေအနေသို့ ရောက်ရှိသွားနိုင်ပါသည်။

၂၀၂၁ ခုနှစ်တွင် တရုတ်တစ်နိုင်ငံလုံး၏ GDP တိုးတက်မှုနှုန်းမှာ (၈.၁) ရာခိုင်နှုန်းရှိခဲ့ပြီး၊ ကျန်းရှီးပြည်နယ်၏ GDP တိုးတက်မှုနှုန်းမှာ (၈.၈) ရာခိုင်နှုန်း၊ ကျင်းစုပြည်နယ်၏ GDP တိုးတက်မှုနှုန်းမှာ (၈.၆) ရာခိုင်နှုန်း၊ ပေကျင်း၏ GDP မှာ (၈.၅) ရာခိုင်နှုန်း၊ ကျဲ့ကျန်း ပြည်နယ်၏ GDP မှာ (၈.၅) ရာခိုင်နှုန်း၊ ရှန်တုန်းပြည်နယ်၏ GDP မှာ (၈.၃) ရာခိုင်နှုန်း၊ အန်းဝေပြည်နယ်နှင့် ချုံချင်းပြည်နယ်တို့၏ GDP မှာ (၈.၃) ရာခိုင်နှုန်း၊ စီချွမ်းပြည်နယ်၏ GDP မှာ (၈.၂) ရာခိုင်နှုန်းရှိခဲ့ပါသည်။ ရှန်ဟိုင်းနှင့် ကွေ့ကျိုးတို့၏ GDP မှာ နိုင်ငံအဆင့်အတိုင်း (၈.၁) ရာခိုင်နှုန်း ရှိခဲ့ပါသည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိပြည်နယ်များမှာ မြောက်ပိုင်းရှိပြည်နယ်များထက် စီးပွားရေးစွမ်းဆောင်ချက် ပိုမိုကောင်းမွန်ခဲ့ပါသည်။ GDP ဖြင့်အဆင့်ခွဲခြားထားသည့် ထိပ်တန်းပြည်နယ် (၁၀)ခုအနက် ရှန်တုန်းနှင့် ဟာနန် (၂)ပြည်နယ်ကသာ မြောက်ပိုင်းဒေသမှဖြစ်ပြီး၊ ကျန် (၈)ပြည်နယ်မှာ တောင်ပိုင်းဒေသမှဖြစ်ပါသည်။ မြောက်ပိုင်းဒေသရှိ ရှန်းရှီးပြည်နယ်မှာ စီးပွားရေးဖွံ့ဖြိုးမှု အလျင်မြန်ဆုံးဖြစ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်အတွင်း စွမ်းအင်နှင့် ဆက်စပ်သည့်ဈေးနှုန်းများကြောင့် စီးပွားရေး ဆိုးဆိုးဝါးဝါးထိခိုက်ခဲ့သည်ကို တွေ့ရပါသည်။

တရုတ်နိုင်ငံအလယ်ပိုင်းမှ ပြည်နယ် (၆) ပြည်နယ်ဖြစ်သည့် ဟာနန်၊ ဟူပေ၊ ဟူနန်၊ အန်းဝေ၊ ကျန်းရှီးနှင့် ရှန်းစီးတို့မှာ GDP မြင့်မားသည့် ထိပ်တန်းစာရင်း၌ ပါဝင်ခဲ့ပါသည်။

Agribusiness & Trade

**လူတစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ (၁၀,၀၀၀) ကျော်လွန်ခဲ့**

ပြည်နယ်များ၏ လူတစ်ဦးချင်း GDP အားဖြင့် ပေကျင်းမှာ ယွမ်ငွေ (၁၈၈၃,၉၀၀) (အမေရိကန်ဒေါ်လာ ၂၅,၅၁၂ ခန့်) ရှိခဲ့ပြီး အမြင့်ဆုံးအဆင့်၌ ဆက်လက်ရပ်တည်ခဲ့ပါသည်။ ရှန်ဟိုင်း၏ လူတစ်ဦးချင်း GDP မှာ ယွမ်ငွေ (၁၇၃,၈၀၀) (အမေရိကန်ဒေါ်လာ ၂၆,၉၄၆) ရှိခဲ့ပြီး၊ ဒုတိယနေရာတွင်ရပ်တည်ခဲ့ပါသည်။ ၎င်း၏နောက်တွင် ကျင်းစု (ယွမ်ငွေ ၁၃၇,၃၀၀)၊ ဖူးကျန့် (ယွမ်ငွေ ၁၁၇,၅၀၀)၊ ကျဲ့ကျန်း (ယွမ်ငွေ ၁၁၃,၉၀၀)နှင့် တီရန်ကျန်း (ယွမ်ငွေ ၁၁၃,၂၀၀)တို့က အသီးသီး နေရာယူထားပါသည်။

**ကုန်ထုတ်လုပ်မှုအမျိုးအစားဖြင့် တရုတ်ပြည်နယ်များ၏ GDP ကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း**

**အခြေခံလုပ်ငန်းများ**

ရှန်တုန်းပြည်နယ်တွင် တန်ဖိုးမြင့်ကုန်ထုတ်လုပ်သည့် အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရှိပြီး၊ ၂၀၂၁ ခုနှစ်တွင် တန်ဖိုးအားဖြင့် ယွမ်ငွေ (၆၀၂.၉) ဘီလီယံ (အမေရိကန် ဒေါ်လာ ၉၃.၅ ဘီလီယံခန့်)ရှိပါသည်။ ၎င်းအနေအထားအရ ရှန်တုန်းပြည်နယ်မှာ အားကောင်းသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာပြည်နယ်အဖြစ် ဆက်လက်ပေါင်းစည်းရပ်တည်နေသည်ကို တွေ့ရပါသည်။ ရှန်တုန်းပြည်နယ်ကဲ့သို့ပင် စီချွမ်းနှင့် ဟာနန်ပြည်နယ်များမှာလည်း ထိပ်တန်းလယ်ယာစိုက်ပျိုးရေးဆိုင်ရာပြည်နယ်များ ဖြစ်ကြပါသည်။

အလားတူကာလအတွင်း ကွမ်တုန်းပြည်နယ်၏ တန်ဖိုးမြင့်အခြေခံထုတ်ကုန် တန်ဖိုးမှာ ယွမ်ငွေဘီလီယံ (၅၀၀) ကျော်ရှိခဲ့ပြီး၊ ပထမဆုံးအကြိမ်အဖြစ် ယင်းပမာဏသို့ ရောက်ရှိလာခြင်းဖြစ်ကာ အဆင့်(၄)နေရာသို့ တက်လာခဲ့ပါသည်။ ဟာပေနှင့် ကွမ်ရှီးတို့တွင်လည်း ပထမဆုံးအကြိမ်အဖြစ် တန်ဖိုးဘီလီယံ (၄၀၀)ကျော်ရှိခဲ့ကာ အဆင့် (၈)နှင့် (၉) တွင် အသီးသီးနေရာရခဲ့ပါသည်။

**ကုန်ချောထုတ်လုပ်မှု ဆောင်ရွက်သည့် ဒုတိယအဆင့်စက်မှုလုပ်ငန်းများ (Secondary industry)**

ကုန်ချောထုတ်လုပ်သည့် ဒုတိယအဆင့်စက်မှုလုပ်ငန်းများမှ တန်ဖိုးဖြည့်ကုန်ထုတ်လုပ်မှုများတွင် ကျင်းစုနှင့် ကွမ်တုန်းပြည်နယ်နှစ်ခုလုံးမှ ၂၀၂၁ ခုနှစ်အတွင်း ယွမ်ငွေ (၅) ထရီလီယံစီရှိခဲ့ကာ အနေအထားအသစ်တစ်ရပ်သို့ ရောက်ရှိခဲ့ပါသည်။ ကျင်းစု ပြည်နယ်မှ တန်ဖိုးမှာ ယွမ်ငွေ (၅.၁၈) ထရီလီယံရှိခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ၎င်းပမာဏသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ကွမ်တုန်းပြည်နယ်ကမူ ယွမ်ငွေ (၅.၀၂) ထရီလီယံ ရှိခဲ့ကာ ဒုတိယနေရာတွင် ရှိခဲ့ပါသည်။ ကျင်းစုနှင့်

Agribusiness & Trade

ကွမ်တုန်းပြည်နယ် (၂)ပြည်နယ်မှာ အင်အားကောင်းသည့် ဒုတိယအဆင့် စက်မှုကုန်ထုတ်လုပ်ရာ ပြည်နယ်များအဖြစ် ထပ်မံပေါင်းစည်းဆောင်ရွက်နေသည်ကို ပြသနေပါသည်။

ရှန်တုန်းနှင့် ကျဲ့ကျန်းပြည်နယ်နှစ်ခုရှိ ကုန်ချောထုတ်လုပ်သည့် ဒုတိယအဆင့် စက်မှုလုပ်ငန်းများမှ တန်ဖိုးဖြည့်ကုန်ထုတ်လုပ်မှုများမှာ ယွမ်ငွေ (၃) ထရီလီယံကျော် (အမေရိကန် ဒေါ်လာ ဝ.၄၇ ထရီလီယံခန့်) အသီးသီးရှိခဲ့ပြီး၊ တတိယနှင့် စတုတ္ထ နေရာများ၌ ရပ်တည်ခဲ့ပါသည်။ ရှန်းရှီး၊ ချုံချင်း၊ လျောင်းနင်ပြည်နယ်များရှိ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများမှာ ယွမ်ငွေ (၁) ထရီလီယံစီ အသီးသီးရှိခဲ့ပါသည်။

ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးမှုနှုန်းတွင် ပေကျင်း၏ ဖွံ့ဖြိုးမှုနှုန်းမှာ (၂၃.၂) ရာခိုင်နှုန်းရှိခဲ့ကာ၊ ဟူပေ၊ ကျဲ့ကျန်း၊ ရှန်းရှီးနှင့် ကျင်းစုပြည်နယ်များမှာ (၁၀)ရာခိုင် နှုန်းကျော်စီ အသီးသီးဖွံ့ဖြိုးခဲ့ပါသည်။

**အပြီးသတ်ကုန်ချောထုတ်လုပ်မှုဆောင်ရွက်သည့် တတိယအဆင့်လုပ်ငန်းများ (Tertiary industry)**

အပြီးသတ်ကုန်ချောထုတ်လုပ်မှုဆောင်ရွက်သည့် တတိယအဆင့် လုပ်ငန်းများအနေဖြင့် ကွမ်တုန်းပြည်နယ်ရှိ လုပ်ငန်းများမှ တန်ဖိုးဖြည့်ထုတ်လုပ်မှုမှာ ယွမ်ငွေ (၆.၉၁) ထရီလီယံ (အမေရိကန်ဒေါ်လာ ၁.၀၇ ထရီလီယံ) ခန့်ရှိခဲ့ပြီး ဦးဆောင်နေသည့် ပြည်နယ်ဖြစ်ပါသည်။ ကွမ်တုန်းပြည်နယ်ပြီးနောက် ကျင်းစုပြည်နယ်ရှိ လုပ်ငန်းများမှ ထုတ်လုပ်မှုမှာလည်း ယွမ်ငွေ (၅.၉၉) ထရီလီယံခန့် ရှိပါသည်။

အခြားပြည်နယ်များမှ တန်ဖိုးဖြည့်ထုတ်လုပ်သည့် တတိယအဆင့် လုပ်ငန်းများ၏ ပထမဆုံး အကြိမ် အများဆုံးရောက်ရှိခဲ့သည့် ပမာဏများမှာ ရှန်တုန်းနှင့် ကျဲ့ကျန်းပြည်နယ်များမှ ယွမ်ငွေ (၄) ထရီလီယံကျော်၊ ရှန်ဟိုင်းမှ ယွမ်ငွေ (၃) ထရီလီယံကျော်၊ အန်းဝေပြည်နယ်မှ ယွမ်ငွေ (၂) ထရီလီယံကျော်၊ ရှန်းရှီးမှ ယွမ်ငွေ (၁) ထရီလီယံကျော် အသီးသီးဖြစ်ကြပါသည်။

၂၀၂၁ ခုနှစ်အတွင်း တတိယအဆင့်လုပ်ငန်းများ၏ ဖွံ့ဖြိုးမှုနှုန်းများအနေဖြင့် ဟိုင်နန်တွင် (၁၅.၃) ရာခိုင်နှုန်း၊ ဟူပေတွင် (၁၂.၆) ရာခိုင်နှုန်းနှင့် ကျင်းရှီး၊ ရှန်တုန်းနှင့် ချုံချင်းတို့တွင် (၉)ရာခိုင်နှုန်းကျော်စီ ရှိခဲ့ပါသည်။

Agribusiness & Trade

## GDP ယွမ်ငွေ (၁) ထရီလီယံကျော်ရှိခဲ့သည့် တရုတ်မြို့ (၂၄)မြို့

၂၀၂၁ ခုနှစ်အတွင်း GDP ယွမ်ငွေ (၁) ထရီလီယံကျော်ရှိခဲ့သည့် တရုတ်မြို့ (၂၄) မြို့ ရှိခဲ့ပါသည်။ ရှန်ဟိုင်းနှင့် ပေကျင်းတို့၏ GDP မှာ ယွမ်ငွေ (၄) ထရီလီယံကျော်ရှိခဲ့ပြီး၊ ရှန်ဟိုင်းတွင် စွမ်းအင်အသစ်သုံး မော်တော်ယာဉ်ထုတ်လုပ်ရေးကဲ့သို့ မဟာဗျူဟာမြောက် ပေါ်ထွန်းလာသည့် လုပ်ငန်းများကြောင့် စီးပွားရေး လျင်မြန်စွာ ပြန်လည်နာလန်ထူလျက်ရှိပါသည်။ ပေကျင်းတွင် သတ်မှတ်ထားသော အရွယ်အစားအထက် လုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးလာခြင်းနှင့် အိမ်နီးချင်းပြည်နယ်များသို့ မတည်ငွေရင်းမဟုတ်သော လုပ်ငန်းဆောင်တာများ ခွဲဝေထားပြီးနောက် အကျိုးကျေးဇူးရှိသည့် ထုတ်လုပ်မှုများ စတင်တပ်ဖြန့် ထုတ်လုပ်နေပြီဖြစ်ခြင်းတို့ကြောင့် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးလာခြင်းဖြစ်ပါသည်။ တုန်းကွမ်တွင်မူ တရုတ်နိုင်ငံခြားကုန်သွယ်ရေး လျင်မြန်စွာ ဖွံ့ဖြိုးလာသောကြောင့် ၎င်း၏ GDP မှာ ယွမ်ငွေ (၁.၀၉) ထရီလီယံသို့ ရောက်ရှိခဲ့ပါသည်။

ပြည်နယ်များ၏ တည်ရှိမှုအားဖြင့်ကြည့်လျှင် ထရီလီယံအဆင့်မြို့ (၂၄)မြို့ အနက် (၁၈) မြို့မှာ တရုတ်နိုင်ငံတောင်ပိုင်းမှဖြစ်ပြီး၊ (၆)မြို့မှာ မြောက်ပိုင်းမှ ဖြစ်ပါသည်။ ကွမ်တုန်းပြည်နယ်ရှိ ရှန်းကျန့်၊ ကွမ်ကျိုး၊ ဖော်ဆန်းနှင့် တုန်းကွမ်မြို့ (၄)မြို့မှာ ထရီလီယံ အဆင့်မြို့များ ဖြစ်လာကြပါသည်။ အလားတူပင် ကျင်းစုပြည်နယ်ရှိ စူးကျိုး၊ နန်ကျင်း၊ ဝူရှီနှင့် နန်းတုန်မြို့များမှာလည်း ထရီလီယံအဆင့်မြို့များ ဖြစ်ကြပါသည်။

## ၂၀၂၂ ခုနှစ်အတွက် စောင့်ကြည့်ရမည့်အချက်များ

၂၀၂၂ ခုနှစ်တွင် ယခင်နှစ်ကကဲ့သို့ စီးပွားရေးဆောင်ရွက်မှုများ အားကောင်းနေဦးမည်ဟု မျှော်မှန်းထားသော်လည်း၊ လက်ရှိရင်ဆိုင်နေရသည့် အိမ်ခြံမြေကဏ္ဍ ကျဆင်းလာမှု၊ ဝယ်လိုအား ကျုံ့လာမှုနှင့် ပို့ကုန်များမှ ထောက်ကန်ပေးမှု လျော့ကျလာမှုတို့ကြောင့် မသေချာမှုများ ဖြစ်ပေါ်နေပါသည်။

ထို့ကြောင့် ပြည်နယ်အစိုးရများကလည်း GDP ဖွံ့ဖြိုးမှုခန့်မှန်းချက်ကို လက်တွေ့ကျကျပင် ချမှတ်ထားကြောင်းနှင့် ဟိုင်နန်အတွက် (၉) ရာခိုင်နှုန်းဝန်းကျင်၊ ဟူပေ၊ ကျင်းရှီး၊ အန်းဝေ၊ နင်းရှနှင့် ဟာနန်တို့အတွက် (၇) ရာခိုင်နှုန်းဝန်းကျင်၊ ကျန်ပြည်နယ်များအတွက် (၅)ရာခိုင်နှုန်းမှ (၆.၅) ရာခိုင်နှုန်းဝန်းကျင်ခန့်သာ မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ China Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

Agribusiness & Trade

## ရပ်ဝန်းနှင့်ပိုးလမ်းမ အပတ်စဉ် ရင်းနှီးမြှုပ်နှံသူသတင်း (တရုတ်နိုင်ငံ)

ယခုတလောတွင် တရုတ်နှင့် ရုရှားတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသတင်း များစွာကို ကြားသိနေရပြီး၊ ဥရောပသမဂ္ဂ၊ အာရှအလယ်ပိုင်းနှင့် တရုတ်တို့အကြား ဆက်သွယ်မှု ဆက်သွယ်ရေး စီမံကိန်းများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း သိသာထင်ရှားစွာ မြင်တွေ့နေရပါသည်။

ရုရှားသမ္မတကလည်း အနာဂတ်တွင် တရုတ်နှင့် ရုရှား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားမည်ဟု တရုတ်နိုင်ငံပြည်သူများထံ သတင်းစကားပါးထားပါသည်။ ယူကရိန်းနှင့် ထိုင်ဝမ်အရေးကိစ္စများ တင်းမာနေသော်လည်း တရုတ်နှင့် ရုရှား ကုန်သွယ်မှု အလားအလာများကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တရုတ်နှင့် ရုရှားတို့သည် အီရန်လေဆိပ်များကို အဆင့်မြှင့်တင် တည်ဆောက်သွားရန် ညှိနှိုင်း ဆွေးနွေးနေကြပါသည်။ ၎င်းနှစ်နိုင်ငံက အီရန် အမျိုးသားသယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ပူးတွဲ၍ ပြန်လည်ဖွံ့ဖြိုးသွားရန် ရည်ရွယ်နေကြပါသည်။

အီရတ်နိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းရန်ပုံငွေများကို အမေရိကန်ဒေါ်လာ (၁၀.၅) ဘီလီယံခန့် အများဆုံးရရှိထားသည်ဟု ရိုက်တာသတင်းဌာနက ပြောကြားသော်လည်း အမှန် တကယ်ရရှိခြင်းမရှိဟု Asia Investment Research က ထောက်ပြပြောကြား ထားပါသည်။ အီရတ်နိုင်ငံရှိ နိုင်ငံရေးသမားများနှင့် စီးပွားရေးသမားများကြား၌ US B3W လမ်းကြောင်းကို နှစ်ခြိုက်သူများ နှင့် တရုတ် BRI စီမံကိန်းကို နှစ်ခြိုက်သူများဟူ၍ နှစ်ဖွဲ့ကွဲနေပါသည်။ တရုတ် စီမံကိန်းကို သဘောကျသည့် တက်ကြွလှုပ်ရှားသူများက ဘက်ကတွင် အမေရိကန်ကို ဆန့်ကျင်သည့် ဆန္ဒပြမှုများအား ကျင်းပနေသော်လည်း အနောက်မီဒီယာများတွင် များစွာဖော်ပြခြင်း မရှိလှပေ။

ဂျော်ဂျီယာနိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆောင်ရွက်မှုအနေဖြင့် Hualing လွတ်လပ် သောစက်မှုဇုန်၌ ဥရောပနှင့် မြောက်အမေရိက ဈေးကွက်များအတွက် ဦးတည်သည့် အာရှကုန်စည် များအား တန်ဖိုးဖြည့်ထုတ်လုပ်နိုင်ရေး အထောက်အကူပြုထားရာ ဥရောပနှင့် အာရှအလယ်ပိုင်း တို့၏ ကုန်သွယ်ရေးကို အရှိန်မြင့်တက်လာစေပါသည်။

အာရှတိုက်အလယ်ပိုင်းရှိ ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည့် Turkmenistan ၏ တစ်ဆင့်ခံ ကုန်သေတ္တာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တရုတ်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံ သွားရန်ရှိကြောင်း သိရပါသည်။ ၎င်းနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက် ကုန်သွယ်မှုများကို

Agribusiness & Trade

တံခါးဖွင့်ပေးထားပြီး၊ အရှေ့နှင့် အနောက်ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသည့် တစ်ဆင့်ခံနေရာတစ်ခု ဖြစ်ပါသည်။

Uzbekistan နိုင်ငံရှိ Samarkand လေဆိပ် ပြန်လည်ဖွံ့ဖြိုးရေးနှင့်အတူ ၎င်းနိုင်ငံမှာ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်အတွင်း ဥရောပသမဂ္ဂနှင့် ကာဇက်စတန်တို့၏ ကုန်သွယ်ရေးမှာ (၂၅.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ အာရှအလယ်ပိုင်းမှတစ်ဆင့် အရှေ့နှင့်အနောက် ကုန်သွယ်ရေးမှာ တစ်ဖန်ပြန်လည်မြင့်တက် လာခဲ့ပါသည်။ Kyrgyzstan နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေး ဝင်ငွေမှာလည်း (၁၉.၅) ရာခိုင်နှုန်း မြင့်တက်လာပြီး၊ သေးငယ်သည့်နိုင်ငံအတွက် ကြီးမားသည့်ရလဒ်ဖြစ်ပါသည်။ ရုရှားနှင့် ဥစဘက်ကစ္စတန်နိုင်ငံတို့၏ နှစ်နိုင်ငံ ကုန်သွယ်ရေးမှာလည်း တိုးတက်လာရာ၊ အရှေ့အာရှနှင့် ဥရောပသမဂ္ဂ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ရှေ့ပြေးလက္ခဏာများ ဖြစ်လာပါသည်။ ရုရှားနှင့် အာရှအလယ်ပိုင်း နိုင်ငံများ၏ ကုန်သွယ်ရေးမှာလည်း ပြန်လည်မြင့်တက်လာပါသည်။

ရုရှားနိုင်ငံ၏ E-Commerce အွန်လိုင်းရောင်းချမှုများမှာ (၄၀)ရာခိုင်နှုန်း မြင့်တက်လာပြီး၊ ကမ္ဘာ့ E-Commerce ဈေးကွက်တွင် နဝမမြောက်နေရာတွင်ရှိနေကာ ဆက်လက်ဖွံ့ဖြိုး ဆောင်ရွက်နိုင်မည့် အနေအထားလည်း များစွာရှိနေပါသည်။ ရုရှားနိုင်ငံ၏ ရူဘယ်ငွေကြေးအား ရှိသင့်တန်ဖိုးအောက် (၇၀) ရာခိုင်နှုန်းကျော် နှိမ့်ချထားရာ၊ ကမ္ဘာပေါ်တွင် အများဆုံးနှိမ့်ချထားသည့် ငွေကြေးလည်းဖြစ်ပါသည်။ ထိုကဲ့သို့ ငွေကြေးတန်ဖိုး နှိမ့်ချထားမှုများကို ဆောင်ရွက်ရာတွင် ၎င်းနိုင်ငံအတွင်း၌ ဝယ်ယူသည့်စွမ်းအား၊ ရောင်းလိုအား၊ ဝယ်လိုအား တို့အားကောင်းမှသာ ဆောင်ရွက်နိုင်ရာ ရုရှားနိုင်ငံ၏ စီးပွားရေး အားကောင်းနေသည်ဟု ယူဆနိုင်ပါသည်။ ယခုအခါ ရုရှားနိုင်ငံသားများသည် ဥရောပ ရုရှား အခွင့်အလမ်းများဖြစ်သည့် လွတ်လပ်သောအာတိတ်မြေနေရာ တစ်နေရာအား တောင်းဆိုနိုင်ပြီ ဖြစ်ပါသည်။

အီဂျစ်နိုင်ငံသည် တရုတ်နှင့် ရုရှားတို့နှင့် မိတ်ဖက်ပြု ဆောင်ရွက်မှုအောက်တွင် ပို့ကုန်တင်ပို့မှုများ တိုးမြင့်လာပြီး၊ အနောက်နိုင်ငံများဆီမှ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကျေနပ်နှစ်သက်မှုမရှိ ဖြစ်နေပါသည်။

Agribusiness & Trade

အဇာဘိုင်ဂျန်နိုင်ငံ၊ Caspian ပင်လယ်ပြင်ရှိ Baku ဆိပ်ကမ်းမှ ဝင်ငွေမှာ (၁၄.၆) ရာခိုင်နှုန်း တိုးတက်လာပြီး၊ ၎င်းပင်လယ်ပြင်မှာ အရှေ့နှင့် အနောက်ကြား ပင်လယ်ဝင်/ ထွက်ပေါက်တစ်ခု အဖြစ် အရှိန်ရလာနေပါသည်။

ထိုင်းနိုင်ငံ Laem Chabang ရေနက်ပင်လယ်ဆိပ်ကမ်း၏ အဆင့်(၃) တိုးချဲ့မှုကိုလည်း စတင် တော့မည်ဖြစ်ပါသည်။ ၎င်းမှာ ရပ်ဝန်းနှင့်ပိုးလမ်းမ၏ အဓိကစီမံကိန်း တစ်ခုဖြစ်ပြီး၊ အဆင့် (၃) တိုးချဲ့မှုမှာ အရွယ်အစားအလွန်ကြီးမားသည့် ဖွံ့ဖြိုးမှုဆီသို့ ဆက်လက်ရွေ့လျား ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံက ၎င်း၏ လေကြောင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ကန့်သတ်ထိန်းချုပ်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။ ၎င်းသတင်းမှာ အာရှလေကြောင်း ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် သတင်းကောင်း ဖြစ်ပါသည်။

အာဂျင်တီးနားနိုင်ငံက တရုတ်၏ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းသို့ ဝင်ရောက်လာပြီး၊ လက်တင်အမေရိက၏ အခြေခံနိုင်ငံတစ်နိုင်ငံကို စီမံကိန်းသို့ ဝင်ရောက်လာစေရန် တရုတ်နိုင်ငံက အလေးအနက် ဆောင်ရွက်လိုက်ခြင်း ဖြစ်ပါသည်။ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းသို့ ဝင်ရောက်လာ ပြီးနောက် အာဂျင်တီးနားက ရုရှားနှင့် ပိုမိုနီးကပ်လာရာ မကြာမီအချိန်အတွင်း တောင်အမေရိက ဒေသများနှင့် တရုတ်နှင့် ရုရှားတို့၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေး တိုးတက်လာမည့် သတင်းများ ထွက်ပေါ်လာနိုင်မည်ဟု မျှော်လင့်ထားကြပါသည်။

ရုရှားသမ္မတသည် ဘရာဇီးလ်သမ္မတ Bolsonaro နှင့် ဖေဖော်ဝါရီလ (၃)ရက်နေ့က တွေ့ဆုံခဲ့ကာ ဘရာဇီးလ်နိုင်ငံအား တောင်အမေရိကတွင် တရုတ်-ရုရှား ဩဇာလွှမ်းမိုးသည့် နိုင်ငံသစ်အဖြစ် ထည့်သွင်းလိုက်ပါသည်။

ရုရှားနိုင်ငံ၏ Sovcom ဘဏ်သည် တရုတ်နိုင်ငံ၏ UnionPay နှင့် မိတ်ဖက်ပြုဆောင်ရွက် လိုက်ပြီး၊ ကမ္ဘာသုံး SWIFT ကွန်ရက်အား အသုံးပြုနေရမှုကို နောက်ပိုင်းတွင် ရှောင်ရှားနိုင်ရန်မိတ် ဖက်ပြုဆောင်ရွက်မှုလည်း ဖြစ်နိုင်ပါသည်။

ရင်းမြစ်၊ China Briefing

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

Agribusiness & Trade

## ကပ်ရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်နေသော်ငြားလည်း အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေသည့် ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများ ပုံမှန်ဆင်းသက်မှုကို နှစ်နှစ်ကျော်ကြာမျှပိတ်ထားခဲ့ရာမှ ယခုနှစ် မတ်လနှောင်းပိုင်းတွင် ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေပါသည်။ ထိုသို့ပြန်လည်ဖွင့်လှစ်ရာတွင် နေရာအားလုံးမှ လေယာဉ်များကို အပြန်အလှန် ပြေးဆွဲရန် စီစဉ်နေပြီး၊ တစ်ဖက်နိုင်ငံမှ ကပ်ရောဂါကာကွယ်ရေး လိုအပ်ချက်များနှင့် ညီညွတ်စေရန်အတွက် ကြိုတင်စီစဉ်၍ အတည်ပြုချက်ရယူရန် လိုမည်ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံမှ လက်ခံမည်ဟု အကြောင်းပြန်ကြားလာပါက ဗီယက်နမ်နှင့် အသွားအပြန် ခရီးသည်များသယ်ဆောင်ပေးမည့် ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများအတွက် ပျံသန်းခွင့်ပေးမည်ဖြစ်ကြောင်း ဗီယက်နမ်မြို့ပြ လေကြောင်းစီမံခန့်ခွဲရေးဌာနက ပြောကြားထားပါသည်။

ယခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် ဘန်ကောက်၊ ပေကျင်း (သို့မဟုတ်) ကွမ်ကျိုး၊ ဖနောင်ပင်၊ ဆန်ဖရန်စစ္စကို၊ စင်ကာပူ၊ ဆိုးလ်၊ တိုင်ပေ၊ တိုကျိုနှင့် ဗီယန်ကျင်းတို့မှ ပုံမှန်လေကြောင်းလိုင်းများ စတင်ပြေးဆွဲရန် အစိုးရက ခွင့်ပြုခဲ့ပါသည်။ ထိုသို့ခွင့်ပြုခဲ့သော်လည်း တရုတ်နိုင်ငံ၏ zero-Covid မူဝါဒကြောင့် ဗီယက်နမ်သို့ ပုံမှန်လေကြောင်းလိုင်းများ စတင်ပြေးဆွဲရန် သဘောတူခြင်း မရှိသေးကြောင်း သိရပါသည်။

ပြီးခဲ့သည့်လအတွင်း ဗီယက်နမ်နိုင်ငံမှ ဩစတြေးလျနှင့် ဥရောပသို့ လေယာဉ်ပျံသန်းပြေးဆွဲမှုများကို ပြန်လည်စတင်ခဲ့ပြီး၊ တရုတ်နှစ်သစ်ကူးကာလအတွင်း ပြည်ပရောက် ဗီယက်နမ်လူမျိုးထောင်ပေါင်းများစွာကို ဗီယက်နမ်သို့ ပြန်လာနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။ လေကြောင်းကန့်သတ်ချက်များကို ဖယ်ရှားလိုက်ပြီးနောက် ဗီယက်နမ် လေကြောင်းပို့ဆောင်ရေး လုပ်ငန်းများကလည်း ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်များကို ပြန်လည်စတင်မည့် အစီအမံများကို စတင်ကြေညာလာကြပါသည်။

လက်ရှိပြည်ဝင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးသူများနှင့် Covid-19 ရောဂါမှ ပြန်လည်နာလန်ထူလာပြီးသူများသည် ဗီယက်နမ်သို့ ရောက်ရှိချိန်တွင် (၃) ရက်သာ သီးခြားနေထိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

အသက်(၂)နှစ်အောက်ကလေးများမှအပ ဗီယက်နမ်သို့လာရောက်မည့် ခရီးသည်အားလုံးတို့သည် လေယာဉ်မထွက်ခွာမီ (၇၂)နာရီအတွင်း PCR နည်းလမ်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ကို စစ်ဆေး

Agribusiness & Trade

ပြီး၊ ရောဂါကင်းရှင်းကြောင်းလက်မှတ်ပြသရမည် ဖြစ်ပါသည်။ နိုင်ငံခြားခရီးသည်များ အနေဖြင့် ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးသည့် ပတ်စ်ပို့ (သို့မဟုတ်) အခြားအထောက်အထားများကို ပြသနိုင်ကြောင်း သိရပါသည်။

ယခုကဲ့သို့ လေကြောင်းလိုင်းများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဟု စီမံထားသော်လည်း ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်လူနာအသစ်များ ပိုမိုများပြားလာပြီး၊ ဖေဖော်ဝါရီလ (၁၅) ရက်တစ်နေ့တည်းမှာပင် ရောဂါဖြစ်ပွားသူ (၃၁,၇၈၇) ဦးကို တွေ့ရှိခဲ့ပါသည်။ အဆိုပါနှုန်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဖြစ်ပွားမှုနှုန်းထက် (၂)ဆတက်လာခြင်း ဖြစ်ပါသည်။ ၎င်းနေ့တွင် သေဆုံးသူဦးရေ (၈၅) ဦးရှိခဲ့ကာ၊ ကိုဗစ်ရောဂါကြောင့် တစ်နိုင်ငံလုံးတွင် စုစုပေါင်းသေဆုံးသူဦးရေ (၃၉,၁၂၅) ဦးရှိလာခဲ့ပြီဖြစ်ပါသည်။

ရောဂါဖြစ်ပွားရာဒေသများအနက် ဟန်ွိုင်းတွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး၊ မြောက်ပိုင်းဒေသများဖြစ်သည့် Hai Duong နှင့် Hai Phong တို့တွင် ဒုတိယမြောက်နှင့် တတိယမြောက်ဖြစ်ပွားမှုအများဆုံးဖြစ်ပါသည်။

ဗီယက်နမ်၏ လူဦးရေ (၉၆)သန်းအနက် (၇၄.၇)သန်းကျော်မှာ ကာကွယ်ဆေး (၂) ကြိမ်ထိုးနှံထားပြီးဖြစ်ကာ၊ လူဦးရေ (၃၂.၄)သန်းကျော်မှာ တတိယမြောက်ကာကွယ်ဆေး ထိုးနှံထားပြီးဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ထားသဖြင့် ယခုနှစ်တွင် အသွားအလာကန့်သတ်မှုများ၊ ပိတ်ထားမှုများ၊ ထုတ်လုပ်မှုရပ်နားထားမှုများကို မပြုလုပ်ဘဲ ခွင့်ပြုထားကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို (၆) ရာခိုင်နှုန်းမှ (၆.၅) ရာခိုင်နှုန်းရရှိရန် အစိုးရကရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ vnexpress
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………….

## တရုတ်နိုင်ငံ၏ ကိုဗစ်ကန့်သတ်ချက်များကြောင့် တရုတ်-ဗီယက်နမ်နယ်စပ်တွင် ကုန်တင်ယာဉ် အစီးနှစ်ထောင်ခန့် စုပုံနေ

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း တရုတ်နိုင်ငံနှင့် နယ်စပ်မြို့ဖြစ်သည့် Lang Son ရှိ နယ်စပ်ဂိတ် (၃)ပေါက်တွင် ဗီယက်နမ်ဘက်မှ ကုန်စည်များကို တင်ဆောင်ထားသည့် ကုန်တင်ယာဉ်စီးရေ နှစ်ထောင်ခန့် တန်းစီနေရဆဲဖြစ်ပြီး၊ ၎င်းယာဉ်များ၏ (၈၀) ရာခိုင်နှုန်းမှာ လတ်ဆတ်လယ်ယာစိုက် ပျိုးရေးထွက်ကုန်များကို တင်ဆောင်ထားကြောင်း သိရပါသည်။

တရုတ်နိုင်ငံမှ တင်းကြပ်သည့် Covid-19 စီမံဆောင်ရွက်မှုများကို ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သဖြင့် ကုန်တင်ယာဉ်တစ်စီးဖြတ်သန်းသွားရန် (၁၀)ရက်မှ (၁၅) ရက်ကြား ကြာမြင့်နေကြောင်း၊ Lang Son ဒေသအာဏာပိုင်များက နယ်စပ်မှ ကုန်တင်ယာဉ်များ ဖြတ်သန်းရာတွင် ထိတွေ့မှုမရှိစေ ရန် ကုန်တင်ယာဉ်တံခါးများကို ချိပ်ပိတ်ပြီးမှ ဖြတ်သန်းမည်ဖြစ်ကြောင်း တရုတ်ဒေသအာဏာ ပိုင်များထံ အဆိုပြုထားရာ တရုတ်အာဏာပိုင်များက စဉ်းစားနေကြောင်း သိရပါသည်။ Lang Son ဒေသအာဏာပိုင်များက ဖေဖော်ဝါရီလ (၂၅) ရက်နေ့အထိ လတ်ဆတ်သစ်သီးဝလံများ တင်ဆောင် လာသည့်ယာဉ်များ ဖြတ်သန်းခွင့်ကို ရပ်နားထားပါသည်။

တရုတ်နိုင်ငံမှ ဗီယက်နမ်မှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ၊ သစ်တောထွက်ကုန်များနှင့် ရေထွက်ကုန်များကို ဒုတိယအများဆုံးတင်ပို့နေသည့် ဈေးကွက်ကြီးဖြစ်ပြီး၊ ယခင်နှစ် ပထမ (၁၁) လအတွင်း ၎င်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၈.၄) ဘီလီယံ ရရှိခဲ့ကာ၊ ဗီယက်နမ်၏ စုစုပေါင်း လယ်ယာစိုက်ပျိုးရေးထွက်ကုန်တင်ပို့မှု၏ (၁၉.၂) ရာခိုင်နှုန်းခန့်ရှိကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ vnexpress

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..................................................................................................................

## စေ့စပ်ညှိနှိုင်းမှုအပေါ် ဌာနအနေဖြင့် တက်ကြွပျော်ရွှင်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဦးစီးဌာနအနေဖြင့် ယခုနှစ်တွင်အီးယူနှင့် လွတ်လပ် သောကုန်သွယ်ရေး သဘောတူညီချက်ဆိုင်ရာစေ့စပ်ညှိနှိုင်းရေးမူဘောင်ကို နိဂုံးချုပ်အဆုံးသတ်ရန် နှင့် တူရကီ၊ ပါကစ္စတန်တို့နှင့်FTA ဆိုင်ရာစေ့စပ်ညှိနှိုင်းမှုများကို အပြီးသတ်ရန် ပစ်မှတ်ထားလျှက် ရှိကြောင်းသိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဦးစီးဌာနအနေဖြင့် ယခုလာမည့်လတွင် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း European Free Trade Association(Efta) နှင့် အဆိုပြုထားသော FTA ဆိုင်ရာ အချက်အလက်စာတမ်းကိုအပြီးသတ်ရန် ရည်မှန်းထားကြောင်း၊ အဆိုပါ (Efta)တွင်အိုက်စ်လန်( Iceland)၊ Liechtenstein၊ နော်ဝေ(Norway)နှင့် ဆွစ်ဇာလန် (Switzerland) တို့ပါဝင်ကြောင်းသိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Auromon Supthaweethum ၏အဆိုအရ အဆိုပါ FTA အချက်အလက်စာတမ်းကို ယခုနှစ် ပထမ(၃)လပတ်အတွင်း (သို့မဟုတ်) ဒုတိယ(၃) လပတ်အစောပိုင်းတွင် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဦးစီးဌာနအနေဖြင့်အစိုးရအဖွဲ့သို့တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိနေကြောင်း သိရှိရပါသည်။

European Free Trade Association (Efta) သည်ထိုင်းနိုင်ငံ၏(၁၂) ခုမြောက်အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့် (Efta) တို့အကြား နှစ်ဖက်ကုန်သွယ်မှုသည် ၂၀၂၀ ခုနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ(၁၀.၄) ဘီလီယံရှိခဲ့ကြောင်း၊ ပို့ကုန်မှာအမေရိကန်ဒေါ်လာ (၇.၈)ဘီလီယံနှင့် သွင်းကုန်မှာ အမေရိကန်ဒေါ်လာ (၂.၆၅) ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

ထိုင်းနှင့်(Efta) တို့အနေဖြင့်၂၀၂၁ ခုနှစ်တွင်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၇.၅၁) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းမှာထိုင်းနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှု၏ (၁.၃၉%) ရှိကြောင်း၊ ထိုင်းနိုင်ငံမှ ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ(၁.၇)ဘီလီယံရှိခဲ့ပြီး သွင်းကုန်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ (၅.၈၁) ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံမှ အဓိကတင်ပို့သောပို့ကုန်များမှာ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ နာရီနှင့် အစိတ်အပိုင်းများ၊ မော်တော်ကားများနှင့်အစိတ်အပိုင်းများဖြစ်ကြပြီး ထိုင်းနိုင်ငံမှ (Efta) သို့တင်ပို့သည့် ပို့ကုန်များအနက် ထင်ရှားလှသည့်ပို့ကုန်များတွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ ငွေချောင်းများ၊ ရွှေနှင့်စက်ပစ္စည်းကရိယာများပါဝင်ကြောင်း သိရှိရပါသည်။

ညွှန်ကြားရေးမှူးချုပ် Mrs. Auroman ၏ အဆိုအရ ထိုင်းနှင့် အီးယူအကြား FTA ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများသည် စီစဉ်ထားသည့်အတိုင်း တိုးတက်လျှက်ရှိနေကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဦးစီးဌာနအနေဖြင့် တူရကီ၊ ပါကစ္စတန်တို့နှင့် FTA ဆိုင်ရာစေ့စပ်ညှိနှိုင်းမှုများကို အရှိန်မြှင့်တင် ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထိုင်းနိုင်ငံအနေဖြင့် မတ်လနှင့် ဧပြီလများတွင် တူရကီနှင့် အဌမအကြိမ်မြောက် FTA ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားရန် ပြင်ဆင်ဆောင်ရွက်လျှက်ရှိနေကြောင်း၊ အဓိက ဆွေးနွေးမည့်အကြောင်းအရာများတွင် ထိုင်းထုတ်များအတွက် ဈေးကွက်ဝင်ရောက်မှုနှင့် သဘောတူညီချက်၏ ဆိုင်းငံ့ထားသော အခန်းများပါဝင်ကြောင်း၊ ရည်ရွယ်ချက်မှာ ယခုနှစ်တွင် တူရကီနှင့် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများ အပြီးသတ်နိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ပါကစ္စတန်နှင့် FTA ဆိုင်ရာစေ့စပ်ညှိနှိုင်းမှုများမှာ နှစ်ဖက်ဆွေးနွေးဖက်များ အနေဖြင့် ဈေးကွက်ဝင်ရောက်မှုမှလွဲ၍ ကျန်အခန်းအတော်များများကို ပြေလည်အောင် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Mrs. Auroman ကပြောကြားချက်အရ သိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဦးစီးဌာနအနေဖြင့် ဆိုင်းငံ့ထားသောကိစ္စရပ်များကိုဖြေရှင်းရန်အတွက် ပါကစ္စတန်နှင့် နောက်တစ်ကြိမ်ဆွေးနွေးပွဲများကို အမြန်ဆုံးဆောင်ရွက်နိုင်ရန် ချိန်းဆိုထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဦးစီးဌာန၏ လေ့လာဆန်းစစ်မှုအရ ပါကစ္စတန်–ထိုင်း FTA သဘောတူညီချက်သည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ( ၀.၁၈–၀.၃၂%) (သို့မဟုတ်) တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း(၂၀၀–၈၀၀) အထိ မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ အဆိုပါ FTA သဘောတူညီချက်အရ ပါကစ္စတန်နိုင်ငံကို ထုတ်လုပ်မှုအခြေခံနှင့် တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် တရုတ်နိုင်ငံဈေးကွက်များအတွက် ပါကစ္စတန်ကိုအသုံးချနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

..................................................................................................

## ရုရှား– ယူကရိန်း ပဋိပက္ခကြောင့် အနောက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ အရေးယူမှု၏ ဆိုးကျိုးများကို ရင်ဆိုင်လာရနိုင်

ယူကရိန်းနိုင်ငံမှ ခွဲထွက်သည့်ဒေသနှစ်ခုသို့ ရုရှားက အသိအမှတ်ပြုပြီး ငြိမ်းတပ်ဖွဲ့များ စေလွှတ်ပြီးနောက် အမေရိကန်၊ ယူကေနှင့် အနောက်မဟာမိတ်နိုင်ငံတစ်ချို့မှ ရုရှားနှင့် ယူကရိန်း ခွဲထွက်ဒေသနှစ်ခုအပေါ် အရေးယူမှုများ ဆောင်ရွက်လာကြသည့်အတွက် ရုရှားနှင့် ယူကရိန်းနိုင်ငံ

Agribusiness & Trade

တို့တွင် စီးပွားရေးဆောင်ရွက်လျက်ရှိသည့် အနောက်နိုင်ငံများ၏ ကုမ္ပဏီကြီးများသည် အဆိုပါ အရေးယူမှုများ၏ ဆိုးကျိုး၊ သက်ရောက်မှုကို ကြုံတွေ့လာရမည့်အခြေအနေအား ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း ၂၃-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်ဥရောပနိုင်ငံများသည် ၂၂-၂-၂၀၂၂ ရက်နေ့တွင် ရုရှားနိုင်ငံအပေါ် အရေးယူမှုများ ဆောင်ရွက်ခဲ့ကြကြောင်း၊ နောင်တွင် ရုရှား၏ ကုမ္ပဏီကြီးများနှင့် စီးပွားရေးလုပ်ငန်းများအပေါ်လည်း အရေးယူမှုများ ချမှတ်လာနိုင်ကြောင်း၊ ယင်းကဲ့သို့ အရေးယူဆောင်ရွက်မှုများသည် ရုရှားကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံစုံပါဝင်သည့် ကုမ္ပဏီကြီးများနှင့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ရှုပ်ထွေးလာနိုင်ကြောင်း၊ ရုရှားနိုင်ငံတွင် BP PLC, Exxon Mobil Corp. နှင့် Shell PLC အပါအဝင် လောင်စာဆီကုမ္ပဏီကြီးများ၊ Carlsberg CABGY အပါအဝင် အဖျော်၊ ယမကာကုမ္ပဏီကြီး များနှင့် Renault SA RNO အပါအဝင် မော်တော်ယာဉ်ထုတ်ထုပ်သည့် ကုမ္ပဏီကြီးများ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြကြောင်း၊ Jeep၊ Dodge နှင့် Peugeot အမှတ်တံဆိပ်ဖြင့် မော်တော်ကားများ ထုတ်လုပ်လျက်ရှိသည့် Stella-ntis STLA ၏ အမှုဆောင်အရာရှိချုပ်က အနောက်နိုင်ငံများ၏ စီးပွားရေးရေးအရေးယူမှုကြောင့် ၎င်းတို့လုပ်ငန်းများ ထိခိုက်လာပါက ရုရှားနိုင်ငံတွင် ၎င်းတို့၏ မော်တော်ကားထုတ်လုပ်မှုကို အကန့်အသတ်ဖြင့်သာ လျှော့ချထုတ်လုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Citigroup Inc. နှင့် JPMorgan Chase & Co., အပါအဝင် အနောက်ဥရောပနိုင်ငံများ၏ ဘဏ်များ ရုရှားနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဘဏ်များမှ ချေးငွေရယူထားသည့်လုပ်ငန်းများ၊ လုပ်ငန်းများ၊ လုပုဂ္ဂိုလ်များကို အရေးယူပါက အဆိုပါဘဏ်များအနေနှင့် အရေးယူခံရသည့် လုပ်ငန်းများ၊ လူပုဂ္ဂိုလ်များနှင့် ဆက်ဆံရေး အလျင်အမြန် ဖြတ်တောက်သွားရမည်ဖြစ်၍ ထိခိုက်နစ်နာမှုရှိမည်ဖြစ်ကြောင်း၊ ယခုချိန်ခါထိ အမေရိကန်၊ ယူကေနှင့် ဥရောပနိုင်ငံများ၏ အရေးယူမှုများသည် ရုရှားဘဏ်သေးများနှင့် လူပုဂ္ဂိုလ်အနည်းငယ်ကိုကာ အကန့်အသတ်ဖြင့် အရေးယူခဲ့ကြောင်း ဖော်ပြထားပါသည်။

ယူကရိန်းနိုင်ငံတွင် နိုင်ငံ၏အကြီးဆုံး သံမဏိစက်ရုံဖြစ်သည့် ArcelorMittal တွင်လုပ်သားနှင့် ကန်ထရိုက်ဆောင်ရွက်သူ ၂၆,၀၀၀ ဦးဖြင့် လည်ပတ်လျက်ရှိကြောင်း၊ လက်ရှိတွင် စက်ရုံတိုးတက်စေရန် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ယခုလအစောပိုင်းက ArcelorMittal အနေဖြင့် ယူကရိန်းတွင် အခြေအနေပိုဆိုးလာပါက အရေးပေါ်အစီအစဉ်အား ပြောင်း

လဲဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့ပြင် ယူကရိန်းတွင် French food and drink giant Danone SA မှ စက်ရုံ (၂) ရုံ၊ British American Tobacco PLC မှ စက်ရုံတစ်ရုံ၊ CRH PLC စသည့် ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်သည့်ကုမ္ပဏီကြီးမှ စက်ရုံ (၅) ရုံတို့ ရင်းနှီး၊ လည်ပတ်လျက်ရှိကြောင်း၊ ထို့ပြင် အခြားသော နယူးယောက်အခြေစိုက် အစုရှယ်ယာလုပ်ငန်းများ၊ စိုက်ပျိုးရေးကုမ္ပဏီများလည်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းဆောင်ရွက်လျက်ရှိကြသည့် ကုမ္ပဏီကြီးများ၊ လုပ်ငန်းအများစုသည် ရုရှားနှင့် ယူကရိန်းအခြေအနေ နှင့်စပ်လျဥ်း၍ တစ်စုံတစ်ရာ မှတ်ချက်ပြုခြင်းကို ငြင်းဆိုလျက်ရှိကာ အခြေအနေပိုမို တင်းမာလာပါက ၎င်းတို့ထုတ်လုပ်မှုအား ကန့်သတ်၊ လျှော့ချခြင်းသော်လည်းကောင်း၊ အခြားစက်ရုံသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းသော်လည်းကောင်း ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ကြုံတွေ့လာရနိုင်သည့် အခြေအနေအတွက် ပြင်ဆင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/ukraine-crisis-has-big-western-businesses-girding-for-fallout-from-sanctions-11645619447?mod=business_lead_pos1

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

……………………………………………………………………………………………………

Agribusiness & Trade